# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၂၀)   ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်   ၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် ၊ ကြာသပတေး၊ (ဩဂုတ် ၄ ၊ ၂၀၁၁)




■မြို့ပတ်ရထားများသည် ထွက်ချိန်မမှန်ခြင်း၊ သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် လိုက်ပါစီးနင်းသူလူတန်းစားတစ်ရပ်သာရှိပြီး အကယ်၍ ပုဂ္ဂလိကပြောင်းပြီးပါက လက်မှတ်ခများ မြင့်တက်သွားဖွယ်ရှိနေသည်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မြို့ပတ်ရထားကိုလစဉ်ကျပ်သန်း ၂၀၀ ကျော် အရှုံးခံပြေးဆွဲနေ

## မြို့ပတ်ရထားလုပ်ငန်း ပုဂ္ဂလိကသို့ လွှဲပြောင်းရန် စီစဉ်ရာတွင် လုပ်ငန်းရှင် ၅၀ ကျော်က လုပ်ကိုင်လိုကြောင်း အဆိုပြုလွှာတင်သွင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင်- ၂၇**

ပုဂ္ဂလိကလုပ်ငန်းရှင်များကို လွှဲပြောင်းပေးရန် ကြေညာချက်ထုတ်ပြန်ထားသော ရန်ကုန် မြို့ပတ်ရထားလုပ်ငန်းအား နိုင်ငံတော်က လစဉ်ကျပ်သန်းပေါင်း ၂၂၀ ခန့် အရှုံးခံ ပြေးဆွဲပေးနေကြောင်း မြန်မာ့မီးရထား (နေပြည်တော်)မှ သတင်းရရှိသည်။

**စာ(၁၂)သို့**

# မိုးစပါးဈေးငွေ နှစ်ဆတိုးမြှင့်ပေးမည်

**ထူးသန့်၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၅**

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်ရေးအတွက်နိုင်ငံတော်မှရင်းနှီးမြှုပ်နှံမှု တိုးမြှင့်သည့်အနေဖြင့် မိုးစပါးသီးနှံဈေးငွေကို ယခင်ထက် နှစ်ဆတိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ယနေ့ ကျင်းပသော အစည်းအဝေးတွင် ပြောကြားသည်။

**စာ(၃၀)သို့**

# ငါးမွေးမြူသူများ အရှုံးပေါ်

**အားမာန်**

**ရန်ကုန်၊ ဇူလိုင်- ၃၁**

ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုး ကျဆင်းခြင်းနှင့်ပြည်ပဝယ်လိုအား လျော့နည်းသွားခြင်းတို့ကြောင့် ရေချိုငါးမွေးမြူထုတ်လုပ်သူအချို့မှာ အရှုံးပေါ်ပြီး အကြွေးပြန်မဆပ်နိုင်၍ ငါးမွေးကန်များ အသိမ်းခံရသည့်ဖြစ်စဉ်အချို့ ယခုလပိုင်းအတွင်း စတင်ဖြစ်ပွားနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

**စာ(၁၂)သို့**

# အမေရိကန်ဒေါ်လာ၏အနာဂတ် မြန်မာလုပ်ငန်းရှင်များ စောင့်ကြည့်နေ

**အားမာန်**

**ရန်ကုန်၊ ဩဂုတ် - ၁**

အမေရိကန်ဒေါ်လာ၏ အနာဂတ်နှင့်ပတ်သက်၍ အရေးကြီးသော အလှည့်အပြောင်းဖြစ်စေသည့် အမေရိကန်လွှတ်တော်အတွင်း ကြွေးမြီပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးငြင်းခုံနေမှုများကို မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက စိတ်ဝင်တစားစောင့်ကြည့်နေကြကြောင်း သတင်းရရှိသည်။

ကမ္ဘာသုံးငွေကြေးဖြစ်သော အမေရိကန်ဒေါ်လာမှာ အမေရိကန်နိုင်ငံ၏ ကြွေးမြီပေးဆပ်ရန် ပမာဏကန့်သတ်ချက်သတ်မှတ်ခြင်းနှင့် အစိုးရအသုံးစရိတ်လျှော့ချရန် အစီအစဉ်တို့နှင့်ပတ်သက်၍ လွှတ်တော်အတွင်းလပေါင်းများစွာ ဆွေးနွေးငြင်းခုံပြီး သဘောတူညီမှုမရရှိသည့်အခြေအနေကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး တဖြည်းဖြည်းကျဆင်းလာသည်။

**စာ(၁၂)သို့**

**ပြည့်ပမိုးကုန်** ဆန်ဈေးကွက်

# ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်ဈေးမြင့်တက်လာ


**ပြည်သိမ်း၊ အောင်သူရ**


**ရန်ကုန်၊ ဩဂုတ်-၁**

ကမ္ဘာ့ဈေးကွက်တွင်မြန်မာ့ဆန်သည်တစ်တန်လျှင် ကန်ဒေါ်လာ ၄၂ ဒေါ်လာအထိ ဈေးမြင့်တက်လာကြောင်း ပြည်ပသို့ ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်ကြီးများထံမှ စုံစမ်းသိရသည်။

ယင်းသို့ ဈေးနှုန်းမြင့်တက်လာရခြင်းသည် ကမ္ဘာပေါ်ရှိ ဆန်ထုတ်လုပ်သည့် တိုင်းပြည်များ၌ ရာသီဥတုဆိုးရွားမှုကြောင့် ဆန်ထုတ်လုပ်မှုကျဆင်းလာခြင်း၊

**စာ(၈)သို့**



7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011




# ဩဂုတ်လဆန်းတွင် ဒေသအချို့၌ မိုး ရက်ဆက်ရွာသွန်းဖွယ်ရှိ

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၂၇**

မြန်မာနိုင်ငံ နေရာအချို့တွင် ဩဂုတ်လဆန်းမှစ၍ လေးငါးရက်ခန့် ရက်ဆက် မိုးရွာသွန်းနိုင်သောအခြေအနေပြန်လည်တွေ့ရှိနေကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ဇူလိုင် ၂၇ ရက် ညနေက ခန့်မှန်းပြောကြားသည်။

"တောင်တရုတ်မှာဖြစ်နေတဲ့ Nock-Ten မုန်တိုင်းက အခုအတိုင်းပုံစံမပျက် ဗီယက်နမ်ကမ်းခြေကို ဒီလကုန်မှာဖြတ်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ရှမ်းပြည်နယ်၊ မြန်မာနိုင်ငံအလယ်ပိုင်း၊ မြေလတ်ပိုင်းတွေမှာ မိုးသုံးလေးရက် ဆက်တိုက်ရွာဖို့ရှိတယ်။ လဆန်း ၄ ရက်ကစပြီး"ဟု ဦးထွန်းလွင်က ခန့်မှန်းပြောဆိုသည်။

တောင်တရုတ်ပင်လယ်တွင်ဖြစ်ပေါ်သော မုန်တိုင်းသည် ဗီယက်နမ်ကမ်းခြေကို လတ္တီတွဒ် ၂၀ ဒီဂရီ N အောက်နိမ့်သော လတ္တီတွဒ်မှ ဖြတ်ပြီး အနောက်ဘက်သို့ဆက်လက်ရွေ့လျားပါက ရွေ့လျားလာမည့်တိုင်းဖွန်းမုန်တိုင်း အနွယ်ဝင်များကြောင့် မြန်မာနိုင်ငံကို မိုးသုံးဆင့်ရွာစေခြင်းဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် ကမ်းခြေကိုဖြတ်ဖြတ်ချင်းပဲမြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများကို မိုးရွာစေသည်။ ဒုတိယအဆင့် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားသည့်တိမ်တိုက်များက ကမ်းကိုဖြတ်ပြီး နောက် ၂နာရီကနေ ၃ နာရီခန့်အကြာတွင် မြန်မာနိုင်ငံတွင်းကိုဖြတ်သန်းဝင်ရောက်လာသည့်အခါဖြတ်သန်းသွားသော နေရာတစ်လျှောက်မိုးများရွာသွန်းစေနိုင်သည်။

တတိယအဆင့်အနေဖြင့် ယင်းမုန်တိုင်းအကြွင်း အကျန်လေပွေလှိုင်းသည် အားမကုန်ဘဲ ဘင်္ဂလားပင်လယ်အော်ထဲ ဆင်းသွားခဲ့လျှင် ဘင်္ဂလားပင်လယ်အော်ထဲမှ မုတ်သုံလေကို အားပြန်ပျိုးလာစေနိုင်သည်။ ပင်လယ်အော်ထဲရောက်လာသော လေဖိအားနည်းရပ်ဝန်းနှင့် တစ်ခါတစ်ရံ မုန်တိုင်းငယ်စသဖြင့် ဖြစ်သွားတတ်သည်။ ထိုသို့ဖြစ်ပေါ်လာပါက မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် သာမက မြန်မာတစ်နိုင်ငံလုံးလိုလို မိုးကောင်းလာစေတတ်သည်။

ပြီးခဲ့သည့်ရက်ရေကြီးမှုတွင်လည်း သုံးရက်ခန့် မိုး ဆက်တိုက်ရွာသွန်းရာ၌ နေရာအချို့တွင် ရေကြီးခဲ့ခြင်းဖြစ်သည်။

# အစိုးရဝန်ထမ်း လစာများ ငွေအကြွေသစ်များဖြင့် စတင်ထုတ်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်-၃၀**

အစိုးရဝန်ထမ်းများ၏ လစာများကို ငွေအကြွေအသစ်များဖြင့်ထုတ်ပေးလိုက်ခြင်းကြောင့် ပြည်တွင်းငွေကြေးလည်ပတ်မှုအတွက် အထောက်အကူဖြစ်လာကြောင်း စီးပွားရေးပညာရှင်အချို့က သုံးသပ်ပြောကြားသည်။


ဇူလိုင်လကုန်မှစတင်ကာ အစိုးရဝန်ထမ်းအားလုံး၏ လစာငွေများကို ငါးဆယ်ကျပ်တန်၊ တစ်ရာကျပ်တန်နှင့် နှစ်ရာကျပ်တန်အစရှိသည့် ငွေအကြွေအသစ်များဖြင့် ထုတ်ပေးလိုက်သော်လည်း ထိုငွေများသည် ပြည်တွင်းငွေကြေးဈေးကွက်အတွင်း ပုံမှန်လည်ပတ်မှုရရှိနေရန်အရေးကြီးကြောင်း အထက်ပါ စီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားသည်။

ငွေစက္ကူများကိုကိုင်သုံးကြသူများအနေဖြင့် အသစ်ချပ်ချွတ် ပိုက်ဆံများကို သိမ်းထားခြင်းဖြင့်လည်းကောင်း၊ အလှူခံပုံးများတွင် လှူဒါန်းခြင်းဖြင့်လည်းကောင်း အသုံးပြုနေကြခြင်းများရှိနေပြီး ထိုကဲ့သို့အလေ့အထများရှိနေပါက ပြည်တွင်းငွေကြေးစီးဆင်းမှုနှုန်းကို မြန်ဆန်စေမည်မဟုတ်ကြောင်းလည်း ရန်ကုန်အခြေစိုက်စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ပြောကြားသည်။

"အခုလို အစိုးရအနေနဲ့ ငွေစက္ကူအသစ်တွေ ထုတ်ပေးလိုက်တာ အရမ်းကောင်းတဲ့အချက်ပါပဲ။ ဒီလိုဖြစ်သင့်တာကြာပါပြီ။ နောက်တစ်ချက်ပြောချင်တာက ဒီနိုင်ငံရဲ့ ငွေကိုင်တဲ့စနစ်ကိုသဘောမကျဘူး။ အရင်ကတော့လူတွေက ငွေအကြွေကရှားတော့ အသစ်ဆိုကိုင်ထားကြတာများတယ်။ ဒီတော့ငွေကအပြင်ကိုရောက်ရမှာမရောက်တော့ဘူး။ ပြီးရင်လုပ်ငန်းရှင်ကြီးတွေရဲ့ ငွေအသုံးပြုမှုပုံစံကိုလည်းသိပ်သဘောမကျဘူး။ ငွေတွေက ဈေးကွက်အတွင်းပုံမှန်လည်ပတ်နေဖို့ အရေးကြီးတယ်"ဟုစီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

"လစာထုတ်ပေးတာ အကုန်အကြွေတွေချည်းပဲ။ ငါးဆယ်တန်၊ တစ်ရာတန်နဲ့နှစ်ရာတန်တွေကိုရောပြီးပေးတာ။ ကျွန်မတို့က အကြွေတွေချည်းပဲဆိုတော့လည်း အဆင်မပြေတော့ အနီးအနားက ဈေးဆိုင်လေးတွေမှာ အရွက်ကြီးတွေနဲ့သွားလဲလိုက်တယ်။ ကိုယ့်ဆီမှာလည်းအကြွေချန်ထားတယ်။ ဈေးဆိုင်တွေအတွက်လည်း တော်တော်အဆင်ပြေသွားတယ်"ဟု အသက် ၅၀နှစ်အရွယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးကြီးတစ်ဦးကဆိုသည်။

ဇူလိုင်လ ၂၉ရက်တွင် လစာရရှိခဲ့ကြသည့် အစိုးရဝန်ထမ်းများ၏ ငွေစက္ကူအကြွေသစ်များကြောင့် ငွေအကြွေပြန်အမ်းခြင်းပြဿနာများကို တစ်စုံတစ်ရာ အထောက်အကူဖြစ်စေကြောင်း အထက်ပါလုပ်ငန်းရှင်များ၊ ဝန်ထမ်းများထံမှသိရသည်။



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

**မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော ငွေအကြွေအများစုမှာ ဖာထေးပြုပြင်ကာ လည်ပတ်နေကြရခြင်းဖြစ်သည်**

# ပို့ကုန်၊ သွင်းကုန် ကုမ္ပဏီအချို့ ဝန်ထမ်းအင်အားလျှော့ချရန် စီစဉ်နေ

**အားမာန်**

**ရန်ကုန်၊ ဇူလိုင်-၃၁**

ပို့ကုန်၊ သွင်းကုန်ကုမ္ပဏီအချို့မှာ ပို့ကုန်ရငွေနှင့် ဒေါ်လာတန်ဖိုးကျဆင်းပြီးလုပ်ငန်းမကောင်း၍ ဝန်ထမ်းလျှော့ချရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

"ပို့ကုန်၊ သွင်းကုန်ကုမ္ပဏီ တော်တော်များများကလုပ်ငန်းတွေပြန်ကောင်းလာမလားဆိုပြီး စောင့်ကြည့်နေတာ နှစ်လလောက်ရှိပြီ။ သုံးလလောက်စောင့်ကြည့်မယ်လို့စိတ်ကူးတဲ့သူများတယ်။ သုံးလလောက်ထိမှ ပြန်မကောင်းရင် ဝန်ထမ်းတွေ လျှော့ကြလိမ့်မယ်"ဟု ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပို့ကုန်လုပ်ငန်းများမှာဇွန်လဆန်းမှစတင်၍ ပို့ကုန်ရငွေတန်ဖိုးများ ပြုတ်ကျခဲ့ခြင်းနှင့် ကြုံတွေ့ရပြီး၊ စီးပွားရေးအရ ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်။ ထိုနောက်ပိုင်းတွင် ပို့ကုန်ရငွေတန်ဖိုးအနည်းငယ် ပြန်တက်သော်လည်း ဇူလိုင်တတိယပတ်မှစ၍ ပြန်ကျနေသည်။ ထို့ကြောင့် ပို့ကုန်ကုမ္ပဏီအချို့မှာပြည်ပတင်ပို့မှုမပြုလုပ်ဘဲ အချို့မှာ လုပ်ငန်းလည်ပတ်ရုံ မေး၍ လုပ်ကိုင်နေကြသည်။ နိုင်ငံတော်မှ ပို့ကုန်လုပ်ငန်းများ အဆင်ပြေရန် ဇူလိုင်၁ ရက်မှ စ၍ ပို့ကုန်ပေါ်မှ အခွန်ကောက်ခံမှု သုံးရာခိုင်နှုန်းလျှော့ချပေးခဲ့သော်လည်း ထိုအခြေအနေကို ဆက်လက်ကြုံတွေ့နေခြင်းဖြစ်သည်။

လုပ်ငန်းများ ဆက်လက် အဆင်မပြေပါက အရှုံးသက်သာစေရန် ဝန်ထမ်းလျှော့သည့် နည်းလမ်းကိုသာကျင့်သုံးရမည်ဖြစ်ကြောင်းလုပ်ငန်းရှင်အချို့ကပြောသည်။

ပို့ကုန် ရငွေမှာ ဇူလိုင် ၁၆ရက်မှစတင်၍ တစ်ယူနစ်လျှင် ကျပ်၈၀၀အောက်ထိတန်ဖိုးကျခဲ့ရာ မှ ဇူလိုင် ၂၆ ရက်တွင် အနည်းငယ်ပြန်တက်ကာ ၈၀၅ ကျပ်ဖြစ်လာပြီး ဇူလိုင် ၂၉ရက်တွင် ၈၁၀ကျပ်ဝန်းကျင်ဈေးရှိလာသည်။

ယခုလပိုင်းအတွင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် ဝန်ထမ်းခေါ်ယူမှု ပုံမှန်ထက် နည်းပါးနေသည်။ သို့သော် ဇူလိုင်လဆန်းတွင် နေပြည်တော်ရှိ အစိုးရဆောက်လုပ်ရေးစီမံကိန်းများ ရပ်နားခဲ့သဖြင့် ဆောက်လုပ်ရေးလုပ်သားအများစုအလုပ်လက်မဲ့ဖြစ်ခဲ့သည်။

ပို့ကုန်လုပ်ငန်းတစ်ခုတည်းသာ လုပ်ကိုင်သော ကုမ္ပဏီများမှာ ဒေါ်လာနှင့်ပို့ကုန်ရငွေ ကျဆင်းခြင်းကြောင့် ပိုအထိနာပြီး အခြားလုပ်ငန်းများ တွဲဖက်လုပ်ကိုင်သူများမှာ အရှိန်မပျက် လုပ်ကိုင်နိုင်ကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။ ရေချိုငါးမွေးမြူထုတ်လုပ်ပြည်ပတင်ပို့သူများမှာလည်း ပို့ကုန်ရငွေ ကျဆင်းမှုနှင့် ဆက်စပ်၍ ဆုံးရှုံးမှုများနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

# သရဲ၊ တစေ၊ ဝိညာဉ်ဇာတ်ကားများ ရိုက်ကူးခြင်းကို ခွင့်ပြုထားခြင်းမရှိဟုဆို

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်- ၂၈**

စိတ်ချောက်ခြားဖွယ် သရဲ၊ တစ္ဆေ၊ ဝိညာဉ်ဇာတ်ကားများကို ရိုက်ကူးခွင့်ပြုထားခြင်းမရှိကြောင်း မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဗီဒီယိုဆင်ဆာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့ရာတွင်ယခုဇူလိုင်လဆန်းပိုင်းက 'သစ်စုန်း' အမည်ဖြင့် မြန်မာဗီဒီယိုဇာတ်ကားတစ်ကား ထွက်ရှိလာခဲ့ရာ ယင်းဇာတ်ကား ကြည့်ရှုရသူတိုင်းက ယင်းဇာတ်ကားကိုမြန်မာသရဲကားအဖြစ်သာ သတ်မှတ်ကြပြီး မြန်မာဗီဒီယိုဈေးကွက်တွင် ယခင်လွန်ခဲ့သည့် သုံးနှစ်ဝန်းကျင်ခန့်ကကဲ့သို့ မြန်မာသရဲကားများ ပြန်လည်ကြည့်ရှုနိုင်ပြီဟု ထင်မြင်နေကြခြင်းဖြစ်သည်။

ယင်းဇာတ်ကားနှင့်ပတ်သက်၍ အထက်ပါတာဝန်ရှိသူအား မေးမြန်းရာ "ဒီသစ်စုန်းကားက ဆင်ဆာခွင့်ပြုထားတဲ့ဇာတ်ကားပါ။ သရဲတစ္ဆေဇာတ်လမ်းမဟုတ်လို့ ပေးထားတဲ့ဇာတ်ကားပါ။ သရဲတစ္ဆေဇာတ်ကားတွေကို ရိုက်ကူးဖို့ ခွင့်ပြုထားခြင်းမရှိပါဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။

ယင်း'သစ်စုန်း'ဇာတ်ကားတွင် ရွာတစ်ရွာရှိ သစ်ပင်တစ်ပင်၌ အစောင့်အဖြစ်နေထိုင်သော စုန်းအသွင် မိန်းမတစ်ဦးအဖြစ် စပယ်မိုးက သရုပ်ဆောင်ထားပြီး

စာ(၁၂)သို့

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပွင့်လင်းမြင်သာမှုအရှိဆုံး ပုဂ္ဂလိကပိုင်ပြုလုပ်မှုစတင်

**အားမာန်**

**ရန်ကုန်၊ ဇူလိုင် - ၂၇**

နိုင်ငံတော်ကလုပ်ကိုင်ဆောင်ရွက်နေသောလုပ်ငန်းများ ပုဂ္ဂလိကသို့လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုရာတွင် ပွင့်လင်းမြင်သာမှုအရှိဆုံး ပုဂ္ဂလိကပိုင်ပြုခြင်းကို လုပ်ငန်းရှင်များ စတင်ကြုံတွေ့နေကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်က သိမ်းဆည်းထားသောကားများကို ၂၀၀၇-၀၈ ခုနှစ်များတွင် ပုဂ္ဂလိကသို့ရောင်းချသည်မှစကာ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ နိုင်ငံပိုင်အိမ်၊ခြံ၊မြေနှင့် အဆောက်အအုံများ၊ စက်သုံးဆီရောင်းချခြင်းလုပ်ငန်း၊ ဆိပ်ကမ်းလုပ်ငန်းစသော လုပ်ငန်းများစွာကို ယခုနောက်ပိုင်းနှစ်များ၌ ဆက်တိုက် ပုဂ္ဂလိကပိုင်ပြုခဲ့သည်။ ယခုနောက်ဆုံး ဇူလိုင်လ ၂၀ရက်မှ စတင်ကာနိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ကြော်ငြာ၍ ရန်ကုန်မြို့ပတ်ရထားလုပ်ငန်းကိုပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ရန် ဆောင်ရွက်နေခြင်းမှာ ယခင် ပုဂ္ဂလိကပိုင်ပြုခြင်းများနှင့် မတူဘဲ ထူးခြားစွာပင်ပွင့်လင်းမြင်သာမှုရှိနေကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

"ပုဂ္ဂလိကပိုင်ပြုခဲ့တဲ့ လုပ်ငန်းတွေအားလုံးမှာ ပွင့်လင်းမြင်သာမှုအရှိဆုံးပဲ"ဟု ဇူလိုင်လ ၂၆ ရက်က နေပြည်တော်တွင်ပြုလုပ်ခဲ့သော ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ပတ်ရထားလုပ်ငန်း လုပ်ကိုင်ရန်စိတ်ဝင်စားသော လုပ်ငန်းရှင်များတွေ့ဆုံပွဲတက်ရောက်ခဲ့သည့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်ကြီးတစ်ဦးကပြောသည်။

စိတ်ဝင်စားသူ လုပ်ငန်းရှင်နှင့် သတင်းထောက်စုစုပေါင်း ၁၀၀ဝန်းကျင်တက်ရောက်ခဲ့သော ထိုတွေ့ဆုံပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရန်ကုန်မြို့ပတ်ရထားလုပ်ငန်းအကြောင်း အပွင့်လင်းဆုံးရှင်းပြကာ လွှဲပြောင်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများကို စာရင်းပေးသွင်းစေခဲ့ကြောင်း အစည်းအဝေးတက်ရောက်သူအချို့ကပြောသည်။ ရန်ကုန်မြို့ပတ်ရထားလုပ်ငန်းမှာ လစဉ် ကုန်ကျစရိတ်ကျပ်သန်း ၂၆၁ သန်းကျော်ရှိပြီး ဝင်ငွေမှာ ၄၂ သန်းကျော်ရှိသဖြင့် လစဉ်နိုင်ငံတော်မှ ကျပ်ငွေသန်း ၂၂၀ ဝန်းကျင်ရှုံးနေသည်။

ရန်ကုန်တွင် မြို့ပတ်ရထားစီးခအဖြစ် ခရီးစဉ် ၁၅ မိုင်အထိ တစ်ဦးလျှင် ၁၀ ကျပ်၊ ၁၅ မိုင်အထက် ခရီးစဉ်များအတွက် တစ်ဦးလျှင် ၂၀ ကျပ်ဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂလိကမှ လွှဲပြောင်းလုပ်ကိုင်ပါက လက်ရှိဈေးထက် တိုးယူရမည်ဖြစ်သော်လည်း ခရီးသည်များအတွက် သက်သာစေလို၍ မိမိတို့ လုပ်ကိုင်နိုင်သောဈေးဖြင့် အဆိုပြုနိုင်ကြောင်းတာဝန်ရှိသူက ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်ဟု အစည်းအဝေးတက်ရောက်သူအချို့ကပြောသည်။

ထိုသို့တွေ့ဆုံဆွေးနွေးပွဲတွင်လုပ်ငန်းရှင်၉၀ကျော်မှာလုပ်ကိုင်ရန်စိတ်ဝင်စားကြောင်း စာရင်းပေးသွင်းခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်သော ကုမ္ပဏီများတွင် IGE ၊ ရွှေတောင်စသော ကုမ္ပဏီကြီးများလည်း ပါဝင်သည်။



လေလံစာရင်းတွင်ပါဝင်သည့် ကျိုက်ထိုဟိုတယ်

# လေလံပစ်မည့် အဆောက်အအုံစာရင်းတွင် ဟိုတယ်သုံးလုံး ထပ်ပါနေ

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၉**

လေလံပစ်ရန် စီစဉ်ထားသော အဆောက်အအုံများစာရင်းတွင် ဟိုတယ်သုံးလုံး ထပ်မံပါရှိလာကြောင်း လေလံလုပ်ငန်းလုပ်ကိုင်သူများထံမှသိရသည်။

"ရန်ကုန် ယောမင်းကြီးလမ်းထဲက Imperial Jade ၊ ပဲခူးက ရွှေဝါထွန်း၊ ကျိုက်ထီးရိုးက ကျိုက်ထိုဟိုတယ်တွေပါလာတယ်" ဟု လေလံစီးပွားလုပ်ကိုင်သူတစ်ဦးကဆိုသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့သည့် လေလံပွဲ၌ အင်းလေးခေါင်တိုင်ဟိုတယ်နှင့်Imperial Jade ဟိုတယ်တို့ပါဝင်ခဲ့သော်လည်း အင်းလေးခေါင်တိုင် ဟိုတယ်သာ လေလံအောင်ခဲ့သည်။

အစိုးရသစ်လက်ထက်တွင် ထပ်မံပြုလုပ်မည့် လေလံပွဲ၌ မြေနှင့်အဆောက်အအုံ ၁၀၀ကျော်ပါဝင်ပြီး ယခုနှစ်မကုန်ခင် ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

CRIME CORNER

## ရေမြောင်းအတွင်း ရေဆင်းကစားရာမှ ကလေးငယ်တစ်ဦး ရေနစ်သေဆုံး



**အိဖြူလွင်၊ ဒဲနစ်အောင်အောင်**

**ရန်ကုန်၊ ဇူလိုင်- ၂၇**

ယနေ့ နေ့လယ် သုံးနာရီခန့်အချိန်တွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ ဦးအာရိယဘုန်းကြီးကျောင်းတိုက်ဝင်းအတွင်း ယာယီနေထိုင်သော ဈေးသည်မိသားစုမှ အသက်ဆယ်နှစ်အရွယ်အမျိုးသမီးငယ်သည် မိုးရွာ၍ ရေတက်နေစဉ် ကျောင်းတိုက်အတွင်း ဖြတ်သန်းစီးဆင်းသော မြောင်းအတွင်းရေဆင်းကစားရာမှ ရေနစ်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

မခိုင်ရတနာမှာ ဗဟန်းမြို့နယ် အ. လ. က (၄)မှ စတုတ္ထတန်းကျောင်းသူတစ်ဦးဖြစ်ပြီး ကျောင်းမှအပြန် မိသားစုသုံး ယာယီတဲငယ်အတွင်း အဝတ်အစားဝင်ရောက်လဲလှယ်ကာ ရေဆင်းကူးရာမှ ထိုကဲ့သို့ရေနစ်သေဆုံးရခြင်းဖြစ်သည်။

ရေနစ်သော အဆိုပါ မြောင်းမှာ မိုးရွာချိန်တွင် ရေများ ချက်ချင်းလျှံတက်လာလေ့ရှိပြီး နာရီပိုင်းအတွင်း ပြန်လည်ကျသွားလေ့ရှိပြီး အမြဲပုံသေစီးဆင်းနေသည့် မြောင်းမျိုးမဟုတ်သည့်အတွက်ဖြတ်သန်းစီးဆင်းလာသော မြောင်းတစ်လျှောက်ရှိ နေအိမ်၊ ဈေးဆိုင်များမှ စွန့်ပစ်လေ့ရှိသော အမှိုက်များက မြောင်းအတွင်း အပြည့်အလျှံဖြစ်လေ့ရှိသည်။ ထိုသို့ အမှိုက်များ များပြားခြင်းကြောင့် ရေလျှံမှုများဖြစ်ကာ အမှိုက်များနှင့် ရောထွေးပြီး အဆိုပါကလေးငယ်အား ရှာဖွေရန် ပိုမိုခက်နေကြောင်း အနီးအနားရပ်ကွက်မှ ကယ်ဆယ်ရေးကူညီလုပ်ကိုင်ပေးခဲ့သူတစ်ဦးက 7 Day Newsသို့ပြောသည်။

ထိုကဲ့သို့ အမှိုက်များပိတ်ဆို့၍ ရေလျှံကာ မြောင်းပေါက်များ ဖုံးအုပ်နေ၍ လမ်းသွားလမ်းလာများ မမြင်ဖြစ်ကာ မြောင်းအတွင်း ပြုတ်ကျခြင်းများ ယခင်ကလည်း မကြာခဏဖြစ်လေ့ရှိကြောင်း ရပ်ကွက်အတွင်း နေထိုင်သူများထံမှ သိရသည်။

"အရင်တစ်ခေါက်က ဘုရားလာဖူးတဲ့အဒေါ်ကြီးတစ်ယောက် ဗဟန်း(၂)လမ်းထဲကမြောင်းပေါက်ထဲကျသွားတာ။ ဒါပေမဲ့အကြောင်း သိတဲ့လူတွေက လမ်းထိပ်မှာ တာပိတ်ဖမ်းတော့ အသက်ရှင်လျက်ပြန်ရတယ်။ အဝတ်အစားတွေ တော့ ပါမလာတော့ဘူး"ဟု ရပ်ကွက်အတွင်း နေထိုင်သူတစ်ဦးက ပြောကြားသည်။

## ရခိုင်ရိုးမတစ်ဝိုက် ဆင်မှဆိုးများ သောင်းကျန်းလာ

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်- ၂၆**

ရခိုင်ရိုးမဆင်ဘေးမဲ့တောအနီးတစ်ဝိုက်ရှိ ပြောင်လိုက်မုဆိုးများသည်ယခုနောက်ပိုင်းတွင် ဆင်များကို ပစ်ခတ်လာကြောင်း ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်သိန်းဖေကပြောသည်။

ယင်းမုဆိုးများသည် ဧရာဝတီတိုင်းဒေသကြီးရှိ တောင်ပေါ်တောများမှ မုဆိုးများဖြစ်ကြကြောင်း ယင်းမုဆိုးများသည် ပြောင်များကို အဓိကပစ်မှတ်ထားလိုက်ရာမှ ဈေးကောင်းရသော ဆင်များကိုပါပစ်မှတ်ထားလာကြကြောင်း ဦးမောင်မောင်သိန်းဖေက ပြောသည်။

ဆင်ထွက်ပစ္စည်းများကို ငွ-ငါးသိုင်းချောင်းမှ ရန်ကုန်မြို့သို့ သွားရာလမ်းတစ်လျှောက်တွင် မကြာခဏ ဖမ်းဆီးရမိလျက်ရှိသည်။ ဇူလိုင် ၁၇ ရက်တွင် ကြပ်တိုက်ထားသည့် ဆင်သားရေများအား ပိန်အိတ်၁၀အိတ်ဖြင့်ပဲဒါဂိတ်၌ ဖမ်းဆီးရမိခဲ့ပြီး ဆင်စွယ်နှစ်ချောင်းကို ဘုရင့်နောင်ကားဂိတ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"အရင်တုန်းကတော့ မုဆိုးတွေက ပြောင်ကို အမဲလိုက်ကြတာပေါ့။ ပြောင်ဆိုတဲ့ အမျိုးက ဆင်အုပ်ရဲ့နောက်မှာ အမြဲရှိတတ်တာကိုး။ ပြောင်ထက် ဆင်ကပိုက်ဆံပိုရတော့ဆင်ကိုပြောင်းပြီး လိုက်ကြတာ။ အခုလို ဖမ်းမိတဲ့ဟာရှိသလို ဖမ်းမမိတဲ့ဟာတွေလည်း ရှိဦးမှာပဲ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရခိုင်ရိုးမ ဆင်ဘေးမဲ့တောသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော ဆင်ဘေးမဲ့တောဖြစ်သည်။

## ဆိပ်ကမ်းရောက်ကွန်တိန်နာများကို X-ray အသုံးပြုစစ်ဆေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင်- ၂၆**

သွင်းကုန်ပစ္စည်းများ ထုတ်ယူရာတွင် ပစ္စည်းအချို့ကိုသာ ဖွင့်ကာလူဖြင့်စစ်ဆေးသည့်စနစ် မဟုတ်တော့ဘဲX-rayဖြတ်၍ စစ်ဆေးပြီးမှသာ ထုတ်ယူနိုင်တော့ကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကပြောသည်။

"အရင်က ကွန်တိန်နာရွှေ့ပြီးလို့ပစ္စည်းတွေကိုစစ်ဖို့အတွက် နာရီဝက်လောက်ပဲ အချိန်ပေးရတယ်။ အခု X-ray ဖြတ်ဖို့အတွက် နေ့တစ်ဝက်ကျော်တစ်ရက်နီးပါး အချိန်ကုန်တယ်။ ဆိပ်ကမ်းရောက်နေတဲ့ပစ္စည်းတွေ ထုတ်ယူဖို့ အချိန်ကြန့်ကြာမှုတွေ ဖြစ်နေတယ်"ဟု သွင်းကုန်ပစ္စည်းများ အချိန်စောင့်ဆိုင်းထုတ်ယူနေရသူတစ်ဦးကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ကွန်တိန်နာတွင်းရှိပစ္စည်းများအား စာရင်းပြထားသည့်အတိုင်း အမှန်တကယ်ဟုတ်၊မဟုတ်ကို စစ်ဆေးခြင်းဖြစ်သည်**

ယခင်က သွင်းကုန်ပစ္စည်းများကို စစ်ဆေးရာတွင် ကွန်တိန်နာအလုံးတိုင်း X-ray ဖြတ်စရာမလိုဘဲ ပစ္စည်းအမျိုးအစားနှင့် မသင်္ကာသော ကွန်တိန်နာပုံးများကိုသာ X-ray ဖြတ်စေကြောင်း သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုကဲ့သို့ သွင်းကုန်ပစ္စည်းကွန်တိန်နာအားလုံး X-ray ဖြတ်စေသည့်စနစ်သို့ ပြောင်းလဲသွားခြင်းမှာ ပြီးခဲ့သည့်အပတ်က တစ်ရှူးများ တင်သွင်းလာသည်ဟု စာရင်းပြထားသော ကွန်တိန်နာအား စစ်ဆေးရာတွင် အချိုရည်နှင့် ကားအစီးလိုက်တွေ့ရှိခဲ့ရခြင်းကြောင့် ဖြစ်သည်ဟု အကောက်ခွန်ပစ္စည်းစစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူတစ်ဦးက ပြောသည်။

သို့သော် ဆိပ်ကမ်းများတွင် ကွန်တိန်နာများကို စစ်ဆေးနိုင်သော X-ray စက်အရေအတွက်နည်းခြင်းကြောင့် ပစ္စည်းထုတ်ယူသော ကွန်တိန်နာအားလုံးကို စစ်ဆေးနိုင်ခြင်း မရှိကြောင်း သိရသည်။

"ပုံးအားလုံး X-ray ဖြတ်ရတယ်ဆိုပေမယ့် ကွန်တိန်နာအရေအတွက်ကများတော့ X-ray စက်ရဲ့စစ်နိုင်တဲ့ အရေအတွက်ကျော်သွားရင် ကျန်တဲ့ပုံးတွေက ဒီအတိုင်းထုတ်ယူလို့ရတယ်။အချိန်တွေ ပိုကုန်တာပဲရှိတယ်"ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခင်က ဆိပ်ကမ်းများတွင် ကွန်တိန်နာစစ်ဆေးရာ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ပါဝင်သော ကွန်တိန်နာစစ်ဆေးရေးပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးလေ့ရှိသည်။ အဆိုပါအဖွဲ့ကို ဇူလိုင် ၁ ရက်မှစ၍ ဖျက်သိမ်းလိုက်ပြီဖြစ်၍ ယခုနောက်ပိုင်းတွင် ကွန်တိန်နာများကိုစစ်ဆေးရာတွင်အကောက်ခွန်ဦးစီးဌာနတစ်ခုတည်းကသာ တိုက်ရိုက် ကိုင်တွယ်နေပြီဖြစ်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

# ပုဂ္ဂလိကကျောင်းများနှင့်ယှဉ်ပြိုင်နိုင်ရေး အစိုးရကျောင်းများပြင်ဆင်သင့်ပြီဟု ဒုသမတပြောကြား



အစိုးရကျောင်းများ ပညာရေးနှင့် ပတ်သက်ပြီး အစိုးရသစ်လက်ထက် သိသာထင်ရှားသည့် ပြောင်းလဲမှုတစ်ရပ်မှာ ကျောင်းဖွင့်ချိန် ကျောင်းအပ်ခ အပိုကြေးများအပေါ် တင်းကျပ်လိုက်ခြင်းပင်ဖြစ်သည်။

**သီဟ**

**ရန်ကုန်၊ ဇူလိုင် – ၂၅**

နောင်တွင် ပုဂ္ဂလိကကျောင်းများပေါ်ထွန်းလာဖွယ်ရှိသဖြင့် အစိုးရကျောင်းများအနေဖြင့် ပုဂ္ဂလိကကျောင်းများနှင့် ယှဉ်ပြိုင်ကာသင်ကြားနိုင်ရန်အတွက် ယခုကပင်ပြင်ဆင်ကြိုးစားရန်လိုအပ်သည်ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကပြောသည်။

ဒေါက်တာစိုင်းမောက်ခမ်းက ယခုလ ၂၇ ရက်က မန္တလေးမြို့ရှိအခြေခံပညာအထက်တန်းကျောင်းနှစ်ကျောင်းသို့လှည့်လည်ကြည့်ရှုရာတွင်အထက်ပါအတိုင်းမှာကြားခဲ့ခြင်းဖြစ်သည်ဟု ယနေ့ထုတ်နိုင်ငံပိုင် သတင်းစာများတွင်ဖော်ပြထားသည်။

နိုင်ငံတော်က ပုဂ္ဂလိကကျောင်းများပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ရှေ့ပြေးစမ်းသပ်အစီအစဉ်အဖြစ်ပုဂ္ဂလိကကျောင်း(၁၁)ကျောင်းအားဖွင့်လှစ်ခွင့်ပြုထားကြောင်းသိရသည်။

ပုဂ္ဂလိက ပညာရေးကဏ္ဍ၊ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုတွင် ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရပ်ဆိုင်ရာ ကိုယ်ပိုင်သင်တန်းဖြစ်သည့်ကျူရှင်များအတွက်သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုသမ္မတက မေလက ကျင်းပခဲ့သည့် ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့်ပညာသင်နှစ်၌ ပဉ္စမတန်းမှ နဝမတန်းအထိ ကျောင်းသားများ စစ်ဆေးအတန်းတင်ခွင့်ကို ရန်ကုန်နှင့် နယ်မြို့များရှိ နာမည်ကြီးဘော်ဒါဆောင်အချို့အား ဆောင်ရွက်စေခဲ့ကြောင်း ဘော်ဒါဆောင်ပိုင်ရှင်အချို့ထံမှ စုံစမ်းသိရှိရသည်။

# ရေမြုပ်ဒေသအချို့တွင် သုံးလသက်တမ်းရှိ စပါးမျိုးများ စိုက်ပျိုးရန်ပြင်ဆင်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်– ၂၇**

ရေမြုပ်သွားသော ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ လယ်မြေများတွင် သုံးလသက်တမ်းရှိ စပါးမျိုးများစိုက်ပျိုးရန်ပြင်ဆင်နေကြကြောင်း ဒေသခံတောင်သူကြီးများကပြောသည်။

"မြုပ်သွားတဲ့ စပါးခင်းတွေကို ပြန်မစိုက်တော့ဘူး။ ဩဂုတ်လကုန်မှာ သုံးလသက်တမ်းရှိတဲ့ ရတနာတိုးနဲ့ ရတနာ(၁)တို့စိုက်ဖို့အတွက်ပဲ လုပ်တော့မယ်" ဟု ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အခြေစိုက် အထူးပြုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးရှိဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်များတွင်လည်း သုံးလသက်တမ်းရှိ ရတနာတိုးစပါး စိုက်ပျိုးရန်စီစဉ်နေကြောင်း ဒေသခံတောင်သူများက ဆိုသည်။

"ရေကိုစိတ်မချလို့။ ဩဂုတ်လကုန်ဆိုရင် စိတ်ချရပြီ။ သက်တမ်းသုံးလဆိုတော့ ဒီဇင်ဘာမှာ ရိတ်ရမယ်။ ပဲကိုလည်း သက်တမ်းတိုတဲ့ ပဲစိုက်ဖို့စဉ်းစားထားတယ်" ဟု ပဲခူးဒေသခံတောင်သူတစ်ဦးကဆိုသည်။

ရေဆင်း ၁၁ မျိုးဖြစ်သည့် ပဲတီရွှေဝါမှာ နှစ်လသက်တမ်းကျော်သာရှိသဖြင့် တောင်သူများအဆင်ပြေနိုင်ကြောင်း စိုက်ပျိုးရေးလေ့လာသူ တောင်သူတစ်ဦးကပြောသည်။

သို့သော် ဒီဇင်ဘာ စပါးရိတ်သိမ်းချိန်တွင် မုန်တိုင်းမိုးများ ရွာသွန်းမည်ကို တောင်သူများစိုးရိမ်နေကြကြောင်း သုံးလသက်တမ်းရှိသက်တမ်းတိုစပါးစိုက်ရန် စီစဉ်နေသူတောင်သူတချို့ကပြောသည်။

## မီးလောင်ခဲ့သော မင်္ဂလာဈေးမှ ဆိုင်ခန်းအားလုံး မူလနေရာအတိုင်း ပြန်ဖွင့်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် – ၂၈**

မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သော မင်္ဂလာဈေးရှိ ဆိုင်ခန်းအားလုံး ဩဂုတ်လ ၁ ရက်မှစကာ မူလနေရာများအတိုင်းပြန်လည်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း မင်္ဂလာဈေးရှိ ဈေးကော်မတီ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဇူလိုင် ၃၀ရက်မှာ မူလဆိုင်နေရာတွေမှာ ချထားပေးမယ်။ ရောင်းနေကြပြီလို့ပြောလို့ရတယ်။ အခုမဖွင့်သေးတဲ့ စတုတ္ထထပ်က အလှကုန်နဲ့ ဆေးဝါးရောင်းဝယ်ရေးရယ်၊ ခေါင်မိုးထပ်က စားသောက်ခန်းတွေပါ ပြန်ဖွင့်ပေးမှာပါ" ဟုရင်းကပြောသည်။ ယခုကဲ့သို့ဆိုင်ခန်းများ မူလနေရာတွင် ပြန်လည်ရောင်းချနိုင်ရန် ငွေကြေးတစ်စုံတစ်ရာပေးရန်မလိုကြောင်း သိရသည်။

အဆိုပါ မင်္ဂလာဈေးမှာ ၂၀၁၀ပြည့်နှစ် မေလက မီးလောင်မှုဖြစ်ပွားခဲ့ပြီး တစ်နှစ်ကျော်အကြာတွင် ဆိုင်ခန်းအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

# ကျင်းပမည့်လွှတ်တော်အစည်းအဝေးများတွင် ဥပဒေပြုရေးဆိုင်ရာများ ပိုမိုဆွေးနွေးခွင့်ရရန် ကိုယ်စားလှယ်များ မျှော်လင့်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်-၁**

အစိုးရသစ်က ပထမဆုံးအကြိမ် ခေါ်ယူမည့် လွှတ်တော်ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးများကို ဩဂုတ် ၂၂ ရက်တွင် ကျင်းပတော့မည်ဖြစ်ရာ ယခုအကြိမ် လွှတ်တော်အတွင်း မေးခွန်းမေးခြင်း၊ အဆိုတင်သွင်းခြင်းဥပဒေပြုရေးကိစ္စများကို ပိုမိုအလေးပေး ဆွေးနွေးနိုင်ရန် မျှော်လင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

ယခုအစည်းအဝေးသည် ပထမအကြိမ်အစည်းအဝေးအပြီး လေးလအကြာတွင် ခေါ်ယူခြင်းဖြစ်သည့်အတွက် ပထမအကြိမ်ထက် ပိုထူးခြားလာနိုင်ကြောင်း ပြည်သူလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က ပြောကြားသည်။

ထို့အပြင် ယခုလွှတ်တော်အစည်းအဝေးတွင် ပြုပြင်စရာရှိသည့် ဥပဒေများ၊ အသစ်ရေးဆွဲမည့် ဥပဒေများနှင့် ဘတ်ဂျက်ကိစ္စများကို ဆွေးနွေးမည်ဟု မျှော်လင့်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းကပြောသည်။

အစည်းအဝေးတွင် မည်သည့်ကိစ္စများကို ဦးစားပေးဆွေးနွေးမည်ဆိုသည်ကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကြိုတင်မသိရှိသကဲ့သို့ မိမိတို့တင်ပြသည့် အကြောင်းအရာများကိုလည်း ဒီမိုကရေစီစနစ်အရ မထောက်ခံပါက မည်သို့မှ မတတ်နိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

မဲဆန္ဒရှင်များကိုပေးခဲ့သော ကတိများနှင့် ဒေသဆိုင်ရာ အခက်အခဲများကို အစိုးရအဖွဲ့သို့ တင်ပြရန်အတွက် လွှတ်တော်အစည်းအဝေး ပြင်ပတွင်လည်း လုပ်ဆောင်နေပြီး မိမိတို့ဘာတွေလုပ်နေသည်ကိုပြည်သူသိစေရန်သာ အဓိကရည်ရွယ်ကြောင်း ဦးရဲထွန်းကပြောသည်။

ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးများကို ဩဂုတ် ၂၂ ရက်တွင် စတင်မည်ဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများ၌ ကြေညာချက်ထုတ်ပြန်ထားသည်။ လွှတ်တော်ကိုယ်စားလှယ်များထံ အကြောင်းကြားစာများမှာမူ မရောက်ရှိသေးကြောင်း သိရသည်။

# ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံရာတွင် တစ်ပါတီလျှင် ဆွေးနွေးခွင့် နှစ်မိနစ်စီရ

**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင်- ၃၀**

အသစ်ပြန်လည်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်က အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံရေးပါတီများနှင့် ယခုလ ၂၇ ရက်၌ စုစုပေါင်း အချိန် ၃ နာရီကျော်ကြာအောင် တွေ့ဆုံခဲ့ပြီး နိုင်ငံရေးပါတီတစ်ပါတီချင်းစီကို ဆွေးနွေးခွင့် ၂ မိနစ်စီပေးခဲ့ကြောင်း တွေ့ဆုံပွဲသို့သွားရောက်ခဲ့သူ နိုင်ငံရေးပါတီခေါင်းဆောင်များက ပြောကြားသည်။

နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့သောအချက်များတွင် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ကိစ္စများ ကြိုတင်မဲကိစ္စများနှင့် မဲဆွယ်စည်းရုံးကာလအတွင်း ဟောပြောမှုကိစ္စများ၊ မဲဆန္ဒရှင်အားလုံး မဲပေးနိုင်ခွင့်ရှိရန်စသည့်အချက်များကို ဦးစားပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်မိန့်ခွန်း ပြောကြားပြီးပါတီများက ၂ မိနစ်စီတင်ပြခဲ့ကြောင်း ကော်မရှင်အဖွဲ့ဝင်ဦးမြင့်နိုင်ကနိုင်ငံရေးပါတီများ တင်ပြခဲ့သည့် အချက်များထဲမှ ၄ ချက်ကို ပြန်လည်ရှင်းလင်းခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကပြောကြားခဲ့သည့် အချက်များထဲတွင် နိုင်ငံရေးပါတီ ၉ ပါတီမှ စုပေါင်းတင်ပြထားသည့် အချက်များကို အသေးစိတ်လေ့လာပြီးနောက်ပြုပြင်သင့်သည်များကို ပြုပြင်သွားမည်ဟု ပြောကြားသွားကြောင်းသိရသည်။

ယခုတွေ့ဆုံပွဲတွင် နိုင်ငံရေးပါတီများက ၂ မိနစ်သာ ဆွေးနွေးခွင့်ရမည်ကို ကြိုတင်မသိရှိခဲ့ရသဖြင့် ပြင်ဆင်မှုများ မလုပ်နိုင်ခဲ့ကြောင်း ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောကြားခဲ့သည်။

ပထမအကြိမ်လွှတ်တော်အစည်းအဝေးများ ပြီးဆုံးပြီးနောက် အစိုးရသစ်လက်ထက်တွင်ပြန်လည်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများကိုဩဂုတ်လ ၂၂ ရက်တွင်ပြန်လည်ကျင်းပမည်ဟု သက်ဆိုင်ရာမှ ကြေညာလိုက်ပြီဖြစ်သည်။

# အမွေဆက်ခံခွင့် အမှုဖြစ်နေသော မင်းသိခ်ခြံတွင် နေထိုင်သူများ ခြံကိုစွန့်ခွာမည်ဟုဆို

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၁**

စာရေးဆရာ၊ ဗေဒင်ပညာရှင် မင်းသိခ်နေထိုင်ခဲ့သည့် မှော်ဘီမြို့နယ်ရှိ မရမ်းတလင်းခြံတွင် နေထိုင်လျက်ရှိသော မင်းသိခ်၏ တပည့်များသည် ယခုလ ၅ ရက် နောက်ဆုံးထား၍ အမွေဆက်ခံခွင့်အမှုခင်းဖြစ်ပွားလျက်ရှိသော ခြံအား စွန့်ခွာတော့မည်ဖြစ်ကြောင်း ယင်းခြံ၌နေထိုင်သူများက ပြောကြားသည်။

မင်းသိခ်ကွယ်လွန်ပြီး သုံးနှစ်အကြာတွင် မရမ်းတလင်းခြံ၌ နောက်ဆုံးနေထိုင်ကျန်ရစ် သူ ၁၅ ဦးရှိပြီး ခြံမှအပြီး ထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

"အဘဆုံးပြီးတော့ဒီမှာနေတာ အယောက် ၇၀ လောက်ရှိတယ်။ အခုတဖြည်းဖြည်းနဲ့လျော့လာတာ ၁၅ ယောက်ပဲကျန်တယ်။ တချို့မိဘမဲ့ကလေးရှိတယ်။ သွားစရာမရှိတဲ့သူတွေ ရှိတယ်။ ဒီမှာနေတဲ့ ရည်ရွယ်ချက်က ဒီခြံကြီးမပျောက်ပျက်အောင်ရယ်၊ ချုံနွယ်ရှင်းလင်းမယ်၊ အဘတပည့်တွေအလည်လာတဲ့အခါ အမှတ်တရနဲ့ အဆင်ပြေအောင်ပါ" ဟု ခြံအားဦးစီးနေသော ဖိုးသူတော်(ခ) သိုးကောင်းကပြောသည်။

မရမ်းတလင်းခြံသည်ယခင်နှစ်အောက်ကို ဘာမှစတင်၍ ခေတ္တတားဝရမ်းထုတ် ခံထားရပြီးကွယ်လွန်သူ ဦးအောင်ထွန်း (ခ)မင်းသိခ်ကျန်ရစ်သည့် ပစ္စည်းအရပ်ရပ်အား ခြံအတွင်းနေ အခြားမည်သူတစ်စုံတစ်ဦးကမျှ ဖြုန်းတီးခြင်း၊ ပျက်စီးယိုယွင်းစေခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ရွှေ့ပြောင်းခြင်းများမပြုလုပ်ကြရန် တရားဥပဒေအရ ကန့်သတ်ထားသည်။



**မင်းသိခ်သက်ရှိထင်ရှားရှိစဉ်က ပရိသတ်များအားတွေ့ဆုံ ယတြာပေးလေ့ရှိသည့် လုမ္ဗနီခန်းမအားတွေ့ရစဉ်**
ဓာတ်ပုံ - နေလင်းထွန်း

တားဝရမ်းထုတ်ခံထားရသဖြင့် အဆောက်အအုံများ ထိန်းသိမ်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ စာအုပ်စာတမ်းများထိန်းသိမ်းခြင်း စသည်တို့နှင့်ပတ်သက်၍ အခက်အခဲများ ဖြစ်ပေါ်နေကြောင်း မင်းသိခ်တပည့်များက ပြောသည်။

"စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်တယ်။ ဒီဝရမ်းရှိတဲ့အခါကျတော့ ထိရင်၊ ကိုင်ရင် တရားစွဲမယ်ဆိုတော့ ပျက်နေတာကို ထိုင်မကြည့်နိုင်တော့လို့ ပြန်တာပါ။ ဒါတွေကို ထိန်းသိမ်းပြုပြင်ရမယ်ဆိုရင် တစ်ဘဝလုံးရင်းပြီး နေဖို့ရည်ရွယ်ချက်ရှိတယ်။

ဘာဆက်လုပ်မယ်ဆိုတာမသိသေးပါဘူး။ ၁၂ နှစ်သားတည်းက နေလာတာဖြစ်တော့ မိဘဆီပြန်မယ်စိတ်ကူးတယ်" ဟုအသက် ၂၉ နှစ်အရွယ်ရှိတပည့်တစ်ဦးက ပြောသည်။

မရမ်းတလင်းခြံသည် ၁၃ ဧကကျော် ကျယ်ဝန်းပြီး ၁၉၉၈ ခုနှစ်တွင် မင်းသိခ်သည် ခုနစ်ရက်သားသမီးများအတွက် ရည်ရွယ်၍ အကြွေးစနစ်ဖြင့် ကျပ် ၄၅ သိန်းပေးဝယ်ခဲ့ခြင်းဖြစ်ကြောင်း ဖိုးသူတော်ကပြောသည်။ မင်းသိခ်ကွယ်လွန်ချိန်မှစတင်၍ အမွေဆက်လက်ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ အမှုအခင်းဖြစ်ပွားနေပြီး မရမ်းတလင်းခြံတွင် နေထိုင်လျက်ရှိသူများ ထွက်ခွာနေကြခြင်းဖြစ်သည်။

အမြန်အလိုရှိသည်

# မြန်မာ့စာပို့တိုက်လုပ်ငန်း တစ်နှစ်ကျပ်သန်းထောင်ကျော် အရှုံးခံဝန်ဆောင်မှုပေး

## အနာဂတ်တွင် စာပို့တိုက်လုပ်ငန်းကို ပုဂ္ဂလိကများမှ လာနိုင်ဖွယ်ရှိ


ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗဟိုစာတိုက်ကြီးအဆောက်အအုံကိုတွေ့ရစဉ်

**ရန်ကုန်၊ ဇူလိုင် - ၂၉**

မြန်မာ့စာပို့တိုက်လုပ်ငန်း၏ ဝန်ဆောင်မှုများအတွက်တစ်နှစ်လျှင် ကျပ်သန်း ပေါင်း ၂,၅၀၀ ကျော် အကုန်အကျခံ(Subsidize)အရှုံးခံ၍ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာပို့တိုက်လုပ်ငန်းက ပြည်တွင်းရိုးရိုးစာတစ်စောင်၏ စာပို့ခကို နှစ်ကျပ်သတ်မှတ်ထားပြီး၊ ထိုအတွက် အမှန်တကယ် ကုန်ကျစရိတ်မှာ ၆၀ ကျပ်ခန့်ဖြစ်၍ ရိုးရိုးစာတစ်စောင်လျှင် ၅၈ ကျပ် အရှုံးပေါ်သည်ဟုဆိုသည်။ ထို့အပြင် ပြည်တွင်း အမြန်ချောပို့နှုန်းထားမှာလည်း အိမ်နီးချင်းနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံများထက် နည်းပါးသည်ဟုဆိုသည်။

ကုန်ကျစရိတ်များတွင် ဝန်ထမ်းလစာစရိတ်၊ စာကို သယ်ယူပို့ဆောင်သော ကား၊ ရထား၊ လေယာဉ်၊ သင်္ဘော အစရှိသော ချောသယ်စရိတ်၊ ရုံးခန်းများ ပြုပြင်ထိန်းသိမ်းခြင်းစရိတ်၊ စာရွက်စာတမ်းစရိတ် စသော စရိတ်များ ပါဝင်သည်။

မြန်မာနိုင်ငံ၏ စာပို့တိုက်လုပ်ငန်းမှာ ၁၈၂၇ ခုနှစ်တွင် စစ်တွေစာတိုက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး၊ ယခုအခါ တစ်နိုင်ငံလုံးတွင် စာတိုက်ပေါင်း ၁,၃၉၀ ရှိသည်။ ပြည်တွင်းအမြန်ချောပို့ လုပ်ငန်းကို ၁၉၉၂ ခုနှစ် ဧပြီလမှစတင် ဝန်ဆောင်မှုပေးပြီး၊ အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်း(EMS International) ကိုလည်း ၂၀၀၆ခုနှစ် ဧပြီလမှစ၍ ဝန်ဆောင်မှုပေးခဲ့သည်။ ယခုအခါ နိုင်ငံပေါင်း ၁၀၂နိုင်ငံ နှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ ပြည်တွင်းအမြန်ငွေပို့လွှာလုပ်ငန်းကို ၁၉၈၅ ခုနှစ် ဇွန်လ၃ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးနေသည်ဟု တာဝန်ရှိသူက ပြောသည်။

နိုင်ငံတော်က အရှုံးခံ၍ စာပို့လုပ်ငန်းကိုလုပ်ကိုင်ပေးနေသည့်အတွက် အခြားသောဝန်ကြီးဌာနများကဲ့သို့ အနာဂတ်တွင် ထိုလုပ်ငန်းအား ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းမှာလည်း ဖြစ်လာနိုင်ပြီး ထိုသို့ စာပို့တိုက်လုပ်ငန်းကို ပုဂ္ဂလိကများမှ လွှဲပြောင်းလုပ်ကိုင်ခွင့်ရရှိပါက ဝန်ဆောင်ခနှုန်းထားများမှာ ယခုထက်ပို၍ များလာနိုင်ဖွယ်ရှိသည်။

ထိုလုပ်ငန်းက ပြည်သူများ၏ စာနှင့် ပါဆယ်များကို ဝန်ဆောင်မှုပေးရုံသာမက အစိုးရဌာနများ၏ အမိန့်နှင့် ညွှန်ကြားချက်များကို နယ်စွန်နယ်ဖျား၊ မြို့နယ်ခွဲများရှိ ရုံး၊ ဌာနများသို့ပေးပို့ဆောင်ရွက်ပေးနေသည်ဟုဆိုသည်။

"တစ်နည်းအားဖြင့်ဆိုရရင် နယ်စွန်နယ်ဖျားများအထိ နိုင်ငံတော်၏အမိန့်အာဏာသက်ရောက်မှုမှာ စာပို့တိုက်လုပ်ငန်းကလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနေတာပါ"ဟု တာဝန်ရှိသူကပြောသည်။

ထိုလုပ်ငန်းက အိမ်တိုင်ရာရောက် ပို့ပေးသည့်ဝန်ဆောင်မှုကိုလည်းဆောင်ရွက်ပေးပြီး ပြည်တွင်း၊ ပြည်ပ အမြန်ချောပစ္စည်းတစ်ခုချင်းစီအတွက် အွန်လိုင်းစနစ်ဖြင့် Track & Trace Service ကိုလည်း ထပ်ဆောင်းဝန်ဆောင်မှုပေးလျက်ရှိကြောင်း တာဝန်ရှိသူက ပြောသည်။

**ရိုးရိုးစာပို့ဝန်ဆောင်ခနှိုင်းယှဉ်ချက်**

| နိုင်ငံ | ပြည်တွင်း | ပြည်ပ |
|---|---|---|
| မြန်မာ | ၂ | ၃၀ |
| လာအို | ၁၀၀ | ၃၆၀ |
| ထိုင်း | ၂၇၁ | ၅၇၂ |
| အမေရိကန် | ၈၀၀ | ၉၀၀ |
| တရုတ် | ၁၁၇ | ၂,၀၅၀ |

**ယူနစ်မှာ ကျပ်ငွေဖြစ်ပြီး အထက်ပါနိုင်ငံများ၏ ဝန်ဆောင်ခကို တစ်ဒေါ်လာလျှင် ၈၅၀ ဖြင့် တွက်ချက်ထားခြင်းဖြစ်သည်။ ကိုးကား-အင်တာနက်**

**အမြန်ချောပို့ဝန်ဆောင်ခနှိုင်းယှဉ်ချက်**

| နိုင်ငံ | ဒေါ်လာ | ကျပ် |
|---|---|---|
| မြန်မာ | ၀ ဒသမ ၅၉ | ၅၀၀ |
| ထိုင်း | ၀ ဒသမ ၉၉ | ၈၄၄ |
| စင်ကာပူ | ၁ ဒသမ ၁၉ | ၁,၀၁၁ |
| တရုတ် | ၁၃ ဒသမ ၇၅၉ | ၁၁,၆၉၅ |
| အမေရိကန် | ၁၈ ဒသမ ၃ | ၁၅,၅၅၅ |

**အထက်ပါနိုင်ငံများ၏ ဝန်ဆောင်ခကို တစ်ဒေါ်လာလျှင် ၈၅၀ ဖြင့် တွက်ချက်ထားခြင်းဖြစ်သည်။ ကိုးကား-အင်တာနက်**



7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

## ၂၀၁၁ ခုနှစ် ဩဂုတ်၃ရက်မှ ၉ ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေနေ**

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်နိုင်ခြေ မရှိပါ။

**မုတ်သုံလေအခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင်မုတ်သုံလေအား အသင့်အတင့်ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပြီးခဲ့သည့် ဇူလိုင်လ ဒုတိယဆယ်ရက်ပတ်အတွင်း မိုးကောင်းခဲ့သော်လည်း၊ဇူလိုင်လတတိယဆယ်ရက်ပတ်အတွင်းတွင် ကမ်းရိုးတန်းဒေသများမှလွဲ၍ မိုးအားလျော့နည်းခဲ့ပါတယ်။ အထူးသဖြင့် အလယ်ပိုင်းဒေသများမှာ မိုးဆက်လက်လျော့နည်းနေခဲ့ပါတယ်။ ဩဂုတ်လ ပထမဆယ်ရက်ပတ်အတွင်းမှာတော့ မြန်မာနိုင်ငံ အရှေ့ပိုင်း၊ အလယ်ပိုင်းနဲ့တောင်ပိုင်းဒေသများ မိုးကောင်းနိုင်ပြီး၊ မြောက်ပိုင်းဒေသများမှာမိုးအသင့်အတင့်နဲ့ ကျန်ဒေသတွေမှာ မိုးလျော့နည်းနေနိုင်ပါတယ်။ အထူးသဖြင့် ဇူလိုင်လကုန်ကတည်းက အရှေ့ဘက်ရှိ တောင်တရုတ် ပင်လယ်ပြင်အတွင်းမှာဖြစ်ပေါ်နေခဲ့ပြီး၊ ဗီယက်နမ်ကမ်းခြေကို ဖြတ်ကျော်လာခဲ့တဲ့ Nock Ten မုန်တိုင်းဟာ ဩဂုတ်လဆန်းပိုင်းမှာ ကမ်းကိုဖြတ်ကျော်ပြီးတဲ့နောက် အနောက်ဘက်ကို ရွေ့လာနေတဲ့အတွက် မုန်တိုင်းရဲ့အရှိန်နဲ့ မြန်မာနိုင်ငံမှာ မိုးတွေရွာသွန်းနိုင်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအရှေ့ပိုင်း၊ အလယ်ပိုင်းဒေသတွေမှာ မိုးကောင်းနိုင်ပါတယ်။ နေရာကွက် မိုးကြီးမှုတွေဖြစ်နိုင်ပါတယ်။ မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသတွေမှာ မွန်းလွဲညနေပိုင်းတွေမှာ မိုးတိမ်တောင်တွေ ဖြစ်ထွန်းနိုင်ပြီး၊ မိုးထစ်ချုန်းရွာသွန်းနိုင်ပါတယ်။ မိုးရွာသွန်းမှုအနေနဲ့ ကတော့ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာ (၆)ရက်ခန့်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်တွေမှာ (၅)ရက်ခန့်၊ အလယ်ပိုင်းဒေသတွေမှာ (၃)ရက်မှ (၄)ရက်ခန့် မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များအနေနဲ့ကတော့ တစ်ပြည်လုံးမှာနေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့တွင် လက်ရှိရေအမှတ်များအထက် အနည်းငယ်တက်လာနိုင်ပြီး ချင်းတွင်းမြစ်၊ ငဝန်မြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်တို့တွင် စိုးရိမ်ရေအမှတ်များအထက်တွင် ဆက်လက်တည်ရှိနေဖွယ်ရာရှိပြီး၊ အခြားသောမြစ်များတို့တွင် ရေများ ဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တိုင်ဖွန်းမုန်တိုင်း Nock-Ten သည် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ပြီး အနောက်ဘက်ကို ဆက်လက်ရွေ့နေသဖြင့် မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှုတွေတိုးလာနိုင်ပါတယ်။

MCCW

## လူတစ်ဦးတစ်လတစ်ထောင် ထည့်ဝင်မှုဖြင့် လူမှုရေးထောက်ပံ့မည့် အစီအစဉ်စတင်လှုပ်ရှား

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၃**

လူတစ်ဦးလျှင် တစ်လကျပ်တစ်ထောင်ထည့်ဝင်လှူဒါန်းခြင်းဖြင့် လူမှုရေးထောက်ပံ့မှုအစီအစဉ်များစတင်ဆောင်ရွက်မည့်အခမ်းအနားကို စီးတီးစတားဟိုတယ်၌ ကျင်းပခဲ့သည်။

၎င်းအစီအစဉ်ကို One More ဟုအမည်ပေးထားပြီး လူတစ်ယောက်၊ တစ်လလျှင် ကျပ်တစ်ထောင်စီစု၍ ကရုဏာနှင့် မေတ္တာငံ့လင့်နေသူများထံ စုဆောင်းရသမျှကို လစဉ်အလှည့်ကျပို့ဆောင်ပေးရန် စီမံထားကြောင်း အစီအစဉ်တွင် ပါဝင်လှုပ်ရှားနေသော စာရေးဆရာမောင်သာချိုကပြောသည်။

အစားအသောက်၊ အနေအထိုင်၊ အဝတ်အစား၊ ပညာသင်ကြားရန်နှင့် ဆေးဝါးကုသရန် အခက်အခဲရှိသူများကို ကူညီပံ့ပိုးမည်ဖြစ်ပြီး ဘုန်းတော်ကြီးသင်ပရဟိတကျောင်းများ၊ သီလရှင်ဦးဆောင်ပရဟိတကျောင်းများ၊မိဘမဲ့ဂေဟာများ စသည့်နေရာများကို လှူဒါန်းသွားမည်ဟု သိရသည်။

နီးစပ်ခင်မင်ရာမိတ်ဆွေများမှတစ်ဆင့် ၎င်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လာကြရန်နှင့် လူတန်းစားမျိုးစုံပါဝင်လှုပ်ရှားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

၎င်းအခမ်းအနားသို့ ဆရာကြည်မင်း၊ ဆရာမောင်သာချို၊ ဆရာအော်ပီကျယ် စသည့်စာပေပညာရှင်များ၊ ဆောင်းဦးလှိုင်၊ အနဂ္ဂ၊ တင်မိုးလွင်စသည့် အနုပညာရှင်များနှင့် စာပေ၊ ဂီတနှင့် ရုပ်ရှင်နယ်မှ ညွှန့်သည်များတက်ရောက်ခဲ့ကြပြီး အစီအစဉ်အတွက် ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

## ငါးပုစွန်အအေးခန်းစက်ရုံ မီးလောင်၊ မီးသတ်ယာဉ် ၃၂ စီးဖြင့် ငြိမ်းသတ်

**အိဖြူလွင်၊ ဝေယံ**

**ရန်ကုန်၊**

**ဇူလိုင်-၃၁**

ဒဂုံဆိပ်ကမ်းမြို့နယ်၊စက်မှုဇုန်-၁ ရှိ Advace Sea Food ငါးပုစွန်အအေးခန်းစက်ရုံတွင် ဇူလိုင် ၃၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အဆောက်အအုံအနည်းငယ်ပျက်စီးခဲ့ပြီး မီးသတ်ယာဉ် ၃၂စီးဖြင့်ငြိမ်းသတ်ခဲ့ရသည်ဟု ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှသိရသည်။

စက်ရုံသည် ပေ ၁၀၀ ပတ်လည်ရှိ သွပ်မိုး၊ သံမဏိ၊ သံပေါင်ကာ၊ ကွန်ကရစ်ခင်း စက်ရုံအမျိုးအစားဖြစ်ပြီး စက္ကူကတ်ထူပုံးများထပ်ထားရာနံရံပေါ်တွင်မီးချောင်းထွန်းထားရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။



**အအေးခန်း စက်ရုံကို မီးငြိမ်းသတ်နေသော မီးသတ်ယာဉ်များကိုတွေ့ရစဉ်။** ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

မီးလောင်ကျွမ်းမှုမှာ မွန်းလွဲ ၂နာရီ၄၅မိနစ်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ၃ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု သိရသည်။

မီးလောင်မှုကိုမီးသတ်ယာဉ်များအပြင် အထောက်အကူပြုယာဉ် ၄စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၃၁ယောက်တို့ဖြင့် ငြိမ်းသတ်ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှသိရသည်။

အဆိုပါမီးလောင်မှုကြောင့် တာဝန်ရှိသူ မန်နေဂျာကို ဒဂုံဆိပ်ကမ်းမြို့နယ်ရဲစခန်းမှပ-၂၅၇/၁၁၊ ပုဒ်မ ၂၈၅ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## မျက်နှာဖုံး – ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်ဈေးမြင့်တက်လာ မှ


အာရှတွင် ဆန်အများဆုံးထုတ်လုပ်သည့်ထိုင်းနိုင်ငံမှ ၂၅မှတ်ဆန်ကို တစ်တန်လျှင် (ဘတ်၁၅၀၀၀) ကန်ဒေါ်လာ ၅၀၀ ဝန်းကျင်သတ်မှတ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဆန်လုပ်ငန်းရှင်ကြီးများက ဆိုသည်။

"ဒီရက်ပိုင်းမှာ ဈေးက တက်လာတာ တစ်တန်ကိုဒေါ်လာ ၂၀ ကနေ ၃၀လောက်ထိ ဈေးတက်လာတယ်"ဟုပြည်ပသို့ဆန်အဓိကတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။

ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်သည် ယခုနှစ်စပိုင်းမှ စတင်ပြီး တစ်တန်ကိုကန်ဒေါ်လာ ၃၈၀ နှင့် ၃၉၀ကြားတွင် ငြိမ်နေသည်။ ဧပြီလနောက်ပိုင်းတွင် ကန်ဒေါ်လာလဲလှယ်မှုနှုန်း ပြည်ပပို့ကုန်ရငွေတန်ဖိုးများ ကျဆင်းခဲ့သဖြင့် ပြည်ပသို့ တင်ပို့နိုင်မှု ကျဆင်းခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းကလည်း ပြည်ပသို့ တင်ပို့မှုကို တစ်လလျှင် တန်လေးသောင်းခွင့်ပြုသော်လည်း မေ၊ဇွန်၊ ဇူလိုင်သုံးလတွင် ခွင့်ပြုတန်ချိန်၏ ထက်ဝက်နီးပါးသာ တင်ပို့နိုင်ခဲ့သည်။ အကျိုးဆက်မှာ ပြည်တွင်းဆန်ဈေး၊ စပါးဈေးများကျဆင်းခဲ့ရသည်။ စပါးဈေးမှာ တင်းတစ်ရာလျှင် ၃၅၀,၀၀၀ ကျပ်မှ ၃၀၀,၀၀၀ ကျပ်ဝန်းကျင်ထိ ကျဆင်းခဲ့ရကြောင်း သိရသည်။

ယခုကဲ့သို့ ပြည်ပဈေးကွက်တွင် ဆန်ဈေးအနည်းငယ်မြင့်တက်သဖြင့်ပြည်တွင်းဆန်ဈေးမှာလည်း တစ်အိတ်လျှင် ကျပ် ၃၀၀မှ ၅၀၀ ကြားဈေးတက်လာသည်။ စပါးဈေးမှာမူ တင်းတစ်ရာလျှင် ၃၀,၀၀၀မှ ၃၅၀,၀၀၀ကြား အမျိုးအစားအလိုက် ဈေးပေးရကြောင်း သိရသည်။





Life
7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မရိုးနိုင်သော အငှားယာဉ်ပုံပြင်များ

ယုဇနကိုကို

အချိန် နီးကပ်မှသိလိုက်ရသည့် အရေးပေါ်အစည်းအဝေးတစ်ခုသို့ အချိန်မီသွားရောက်ရန်အတွက် သူမတစ်ယောက် ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ်ရှိ လှည်းတန်းကားမှတ်တိုင်းအနီးတွင်ရပ်ကာလမ်းမပေါ် မောင်းနှင်လာကြသည့် အငှားယာဉ်များကို လက်ပြအချက်ပေးကာငှားရမ်းနေသည်။

အင်းစိန်ဘက်မှအရှိန်ဖြင့် မောင်းနှင်လာသည့် သပ်သပ်ရပ်ရပ်အဖြူရောင် တက္ကစီတစ်စီးက သူမ၏အရှေ့သို့ အလိုက်သင့်ထိုးရပ်လိုက်သည်။အငှားယာဉ်မောင်းနှင်သူက အသက်သုံးဆယ်ဝန်းကျင်ရှိ အမျိုးသားတစ်ဦးဖြစ်သည်။

"ဆူးလေက ဆာကူရာတာဝါကိုသွားချင်တယ်"ဟုသူမပြောအပြီး "နှစ်ထောင့်ငါးရာကျမယ်" ဟု မျက်နှာထားတင်းတင်းနှင့် ယာဉ်မောင်းကဈေးဆိုသည်။

အလုပ်ကိစ္စ အရေးတကြီးသွားရမည်ဖြစ်သော်လည်း ပုံမှန်ငှားရမ်းခ ၂,၀၀၀ ကျပ်သာရှိသည့်အတွက် သူမက ထပ်မံဈေးဆစ်လိုက်သည်။ "နှစ်ထောင်ပဲရှိပါတယ်အစ်ကိုရယ်။ဘုရားလမ်းမှတ်တိုင်ကတောင်မြို့ထဲကိုနှစ်ထောင့်ငါးရာပဲရှိတာဆိုတော့. . . . .။ နှစ်ထောင်ရရင်လိုက်မယ်"ဟု အချိုသာဆုံးပြောကာဈေးဆစ်လိုက်သည်။

အနည်းငယ်စဉ်းစားလိုက်ရသည့် အငှားယာဉ်မောင်းဖြစ်သူက " ကဲကဲ တက်တက်" ဟူပြီး ပြောလာသဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေသွားသည်ဟု တွေးလာခဲ့သည်။

ယာဉ်စထွက်၍ မကြာလိုက်ပါ။ယာဉ်မောင်းကဘေးမှဖြတ်သန်းမောင်းနှင်သွားသည့် အခြားအငှားယာဉ်တစ်စီးကိုစကားတစ်ခွန်းအော် ပြောလိုက်သည်။ သို့သော် ကားမောင်းနေခြင်းဖြစ်သည့်အတွက်လေတိုးသံဖြင့် ဒရိုင်ဘာဖြစ်သူ ဘာပြောလိုက်သည်ကို သူမသေချာ မကြားလိုက်။

စိုက်ပျိုးရေးမှတ်တိုင်ကျော် ခါစ ရန်ကုန်-ပြည်လမ်းမတစ်နေရာတွင် သူမစီးလာသောကားက တုံ့ခနဲရပ်တန့်သွားသည်။ သူမစီးနင်းလာသည့် တက္ကစီဘေးသို့ အခြားအငှားယာဉ်တစ်စီးက ကျွီခနဲမြည်အောင်ထိုးရပ်လိုက်သည်။

ထိုဖြစ်ရပ်ကို တဒင်္ဂအချိန်အတွင်းသူမနားမလည်နိုင်ဖြစ်နေစဉ်မှာပင်တက္ကစီဒရိုင်ဘာဖြစ်သူက "ဟိုဘက်ကားကိုပြောင်းစီးလိုက်ပါ။ ကျွန်တော်ဆီ ဖြည့်ရဦးမှာမို့လို့ပါ" ဟူပြီးဆိုလာခဲ့သည်။

ဆီဖြည့်ရဦးမှာဆိုသည့် စကားသံအနေအထား မှုမမှန်ဖြစ်နေခြင်းကို သူမရိပ်မိလိုက်သော်လည်းပြန်လည်ပြောဆိုရန် အချိန်မရနိုင်တော့သည့်အခြေအနေဖြစ်နေသဖြင့် ထိုသူပြောသော ဘေးကအခြားကားထဲသို့ သူမအလိုအလျောက်ဝင်ထိုင်မိသွားဖြစ်သွားသည်။

ထင်မှတ်မထားဘဲ ရုတ်တရက်ဖြစ်ပေါ်ခဲ့သည့် ထိုဖြစ်ရပ်ကိုကြုံဖူးနေကြဖြစ်ဟန်တူသည့် ပြောင်းစီးလိုက်ရသောတစ်ဖက်တက္ကစီမှ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိ အငှားယာဉ်မောင်းကြီးက "ဟိုဘက်ကားနဲ့ဘာဖြစ်လဲသမီး" ဟူပြီးမေးလာသည်။

သူမက "ဘာမှမဖြစ်ပါဘူး။ သမီးက လှည်းတန်းကနေ ဆာကူရာတာဝါကို သူနှစ်ထောင့်ငါးရာဆိုတာကိုနှစ်ထောင်ဆစ်ပြီးလိုက်လာတာပါ" ဟူပြီးပြန်လည်ဖြေကြားလိုက်ခြင်း၏ နောက်ဆက်တွဲတွင် အငှားယာဉ်မောင်းလုပ်သက် ရှစ်နှစ်ကျော်လာပြီဟုဆိုသည့် ထိုတက္ကစီဒရိုင်ဘာကြီး၏ မျက်နှာတွင် ပြုံးရိပ်သန်းသွားသည်။

"သူက သမီးကိုတင်ပြီးမှ မတန်ဘူးထင်ပြီး အဘကားပေါ်ပြောင်းပေးလိုက်တာ။ ဒီလောကက ဒီလိုလူမျိုးတွေလည်းရှိတယ်။ ဒါခရီးသည်ကို ဝန်ဆောင်မှုပေးတာမဟုတ်တော့ဘူး" ဟု သူ၏ တက္ကစီမောင်းလာသည့် အတွေ့အကြုံများထဲမှ အငှားယာဉ်မောင်းများ ခရီးသည်ကိုပြုမူဆက်ဆံလေ့ရှိသည့် အလေ့အထတစ်ခုနှင့်ပတ်သက်ပြီးပြောလာသည်။

သူမဆိုသည်မှာ အသက် ၂၈ နှစ်ရှိပြီဖြစ်သည့် ပုဂ္ဂလိကမိုဘိုင်းကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသည့် မနေခြည်ဖြစ်သည်။

မနေခြည်ကဲ့သို့ အလားတူဖြစ်ရပ်မျိုးကို ညဘက်အချိန်တွင်ကြုံခဲ့ရသူတစ်ဦးရှိသေးသည်။ သူမက အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်သည့် မီဒီယာကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသူအမျိုးသမီးတစ်ဦးဖြစ်သည်။


စာ(၁၁)သို့

## ဈေးဝယ်ထွက်မယ် ဂျင်းအဝတ်အထည် ဒီဇိုင်းစုံတဲ့နေရာ


အိဖြူလွင်


ဖက်ရှင်ရေစီးက ဘယ်လိုပဲစီးဆင်းလို့ ခေတ်တွေဘယ်လိုပင် ပြောင်းလဲပါစေ၊ လူငယ်တွေကြားမှာ မရိုးနိုင်တဲ့ ဖက်ရှင်ကတော့ဂျင်းဖက်ရှင်ပဲဖြစ်ပါတယ်။

ဥရောပက ကောင်းဘွိုင်တွေရဲ့ ဝတ်စုံကနေ စီးမျောခဲ့တဲ့ ဂျင်းဖက်ရှင်က ၂၁ ရာစုအထိ လန်းဆန်းနေသလို ဘယ်တော့မှ ဟောင်းမသွားနိုင်တဲ့ ဖက်ရှင်တစ်ခုဖြစ်တာကြောင့် ဈေးဝယ်ထွက်မယ့် ပရိသတ်ကိုလည်း နေရာစုံ ဝတ်လို့ရတဲ့ ဂျင်းဝတ်စုံတွေချည်းပဲ သီးသန့်ရနိုင်မယ့်နေရာကို လမ်းညွှန်ပေးချင်ပါတယ်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)





အမျိုးသား၊ အမျိုးသမီး ဂျင်းဘောင်းဘီပုံစံမျိုးစုံ အရောင်မျိုးစုံကို ဒီဆိုင်မှာရနိုင်ပါတယ်။

ဒီဇိုင်းပိုင်းမှာဆိုရင်မိန်းကလေးတွေအတွက် အခုနောက်ဆုံးထွက်နေတဲ့ ရှေ့ကြယ်သီးများများနဲ့ ဒီဇိုင်းလှလှ ဂျင်းဘောင်းဘီတွေ ပုံစံဒီဇိုင်းစုံ အရောင်စုံရှိပြီး အရှည်အတိုပုံစံမျိုးစုံရှိနေတာပါ။ ခါးဆိုဒ်အတွက် စိတ်ညစ်ရသူတွေပိန်းလွန်းသူကနေ အဝလွန်သူတွေအထိ ဆိုဒ်သေးကနေ အိုဗာဆိုဒ်ဖြစ်သွားတဲ့ ခါးဆိုဒ် ၄၂ အထိ ဂျင်းဘောင်းဘီတွေကို ရနိုင်တာဖြစ်တယ်လို့သိရပါတယ်။

ဂျင်းဖက်ရှင်ဆိုတဲ့ အတိုင်း ဘောင်းဘီတွေတင်မကဘဲ စကပ်တွေကပါ အတိုအရှည်ပုံစံမျိုးစုံ ရှိနေပါသေးတယ်။ ဒီဆိုင်မှာရှိတဲ့ ဂျင်းပစ္စည်းအားလုံးက ထိုင်းနိုင်ငံက တင်သွင်းတာကြောင့် ပစ္စည်းအရည်အသွေးကိုစိတ်ချနိုင်သလို ဈေးနှုန်းတွေကလည်းဂျင်းဘောင်းဘီအတိုဆိုရင်၆,၅၀၀ကျပ်၊ ကွာတားဆို ၇,၅၀၀ ကျပ်၊ အရှည်က ၈,၅၀၀မှ ၁၂,၀၀၀ကျပ်အထိရှိတာမို့လို့သင့်တင့်တဲ့ဈေးနှုန်းလို့လည်း ပြောနိုင်ပါသေးတယ်။

လူငယ်အကြိုက် နောက်ဆုံးထွက်ဒီဇိုင်းနဲ့ ဂျင်းဘောင်းဘီပုံစံစုံရနိုင်တဲ့ ဒီဆိုင်ကိုဈေးဝယ်ထွက်ချင်တယ်ဆိုရင်တော့ လှည်းတန်း ဦးထွန်းလင်းခြံလမ်းထဲက အမှတ် (၁)ဘီမှာရှိတဲ့ DJ Jeans Wear ကိုသာ သွားကြည့်ဖို့ တိုက်တွန်းပါရစေ။



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

### ဘုံလုံသီးပုစွန်အစာသွတ်




ပြီးခဲ့တဲ့တစ်ပတ်က ကြက်အူထုံးမဆလာဟင်းချက်ပြီးတာ အားမရသေးလို့ဒီတစ်ပတ်လည်းအလုပ်နည်းနည်းရှုပ်တဲ့ဟင်းတစ်ခွက်ချက်ပြုတ်ထားပါသေးတယ်။ ဘုံလုံသီးပုစွန်အစာသွတ်ဟင်းပဲဖြစ်ပါတယ်။

ဒီဟင်းချက်ဖို့က လတ်ဆတ်ပြီးနုနေတဲ့ ဘုံလုံသီးတစ်တောင့်၊ ကျော့ပုစွန် ၃၀ကျပ်သားပဲလိုပါတယ်။ ပုစွန်ကို ပထမဆုံးအခွံနွှာပြီး သန့်အောင်သေချာဆေးပါမယ်။ ပြီးရင်တော့စဉ့်တီတုံးပေါ်တင်ပြီး ဓားနဲ့နုတ်နုတ်စင်းပါ။ စင်းပြီးသွားတဲ့ပုစွန်စင်းကောကို ဟင်းခတ်မှုန့်၊ ဆား၊ နနွင်းမှုန့်တို့နဲ့သေချာနယ်ပြီးပန်းကန်တစ်ခုနဲ့ထည့်ထားလိုက်ပါ။ ဘုံလုံသီးကို ကိုင်ရလွယ်ကူအောင်သုံးပိုင်းလောက်ပိုင်းပြီး အပေါ်ယံအခွံတွေကို ဓားနဲ့ခြစ်ပါမယ်။ စိမ်းစိုနေတဲ့ဘုံလုံသီးကို လက်သုံးသစ်စာအရွယ်ညီ အပိုင်းလေးတွေအဖြစ်ထပ်ပြီး ပိုင်းဖြတ်လိုက်ပါ။ အပိုင်းလေးတွေ ပိုင်းပြီးရင်တော့ ဘုံလုံသီးအထဲက အူတံတွေကိုလက်နဲ့ဆွဲထုတ်ရှင်းလင်းပစ်လိုက်ပါမယ်။ ဒါမှ အစာသွတ်ဖို့အတွက် အဆင်သင့်ဖြစ်မှာပါ။

အစာသွတ်ဖို့ဘုံလုံသီးတွေ အသင့်ဖြစ်ရင် ခုနကစင်းထားတဲ့ပုစွန်တွေကိုအူတံအပေါက်ထဲကိုသွတ်ပေးရုံပါပဲ။ အစာသွတ်ပြီးရင်တော့ပုံမှန်ဟင်းတွေချက်သလိုကြက်သွန်ဆီသပ်ပြီး ဆီပူပူထဲကိုဘုံလုံသီးတွေထည့်ပြီးဆီပူလှိမ့်ပေးပါ။ အရသာအပေါ့အငန်ကိုကြက်သွန်ဆီသတ်ချိန်မှာထည့်ရမှာပါ။

စာ(၁၁)သို့

7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011












7DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

## စာ-၉၊ ဘုံလုံသီး ပုစွန်အစာသွတ် မှ

ဆီပူထဲမှာဘုံလုံသီးတွေကို လှိမ့်ပြီးပြီဆိုရင်တော့ ရေနည်းနည်းထည့်ပြီးအုပ်ထားလိုက်ပါ။ ရေနည်းနည်းကို ၃၊ ၄ ကြိမ်ဆီပြန်အောင် စောင့်ထည့်ပြီး ဘုံလုံသီးနူးပြီးပုစွန်အချိုတွေစိမ့်ဝင်သွားအောင်တည်ပေးရပါမယ်။ရေနဲ့ဆီကိုတော့ ကြိုက်သလိုအနေအထားမှာ ချနိုင်ပါတယ်။

ဒီဟင်းလေးကအားလုံးသိပြီးသားဟင်းတစ်ခွက်ဖြစ်ပေမယ့် အိမ်တွေမှာ ချက်ပြုတ်လေ့မရှိပါဘူး။ တကယ်တော့သိပ်အလုပ်ရှုပ်ပြီး အကုန်ကျများတဲ့ဟင်းတစ်ခွက်မဟုတ်လို့တစ်ခါတစ်ရံကြိုးစားပြီး ချက်ပြုတ်ကြည့်ကြနိုင်ဖို့ဝိုက်ဖီက တိုက်တွန်းရေးသားလိုက်ပါတယ်။ ဒီဟင်းလေးချက်ဖြစ်ရင်တော့ငရုတ်သီးငါးပိထောင်းကို သံပရာရည်လေးညှစ်ပြီး တွဲဖက်စားလိုက်မယ်ဆိုရင်တော့ ထမင်းဝိုင်းက တကယ့်ကို ခံတွင်းမြိန်မှာပါပဲ။



ဝမှ

အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

## အလွဲသုံးစားနဲ့ အချိန်တွေဖြုန်းမနေနဲ့ . . .

မိမိတို့ လူ့ဘဝကလေးဟာ အင်မတန်ရခဲပါတယ်ဆိုတဲ့ ဒုလ္လဘ တရားထဲမှာလည်း အပါအဝင်ဖြစ်ပြီး ရထားတာကလေးကိုလည်း အလွဲသုံးစားနဲ့သုံးပြီး မဖြုန်းဘဲနဲ့ အဖိုးတန်တဲ့အလုပ်နဲ့သုံးပြီး အချိန်ကုန်စေချင်တယ်။ ရခဲတဲ့ဘဝထဲမှာ ဘဝတဏှာခိုင်းတာနဲ့ပဲ အချိန်တွေ အလကားဖြုန်းပြီး အိုခြင်းဆိုးတိုးနေတဲ့ဥစ္စာ။ ဩော်. . . ငါတို့သည် မရစဖူး အရထူးတာကြီး အလွဲသုံးစားသုံးနေပါကလားဆိုတာကလေးကိုလည်း သိစေချင်တယ်။ ဘဝကြီးကို အလွဲသုံးစားနဲ့ အချိန်တွေဖြုန်းလိုက်တဲ့အတွက် အနာကြီးနာနေတယ်ဆိုတာ သိအောင်လည်းလုပ်ကြဖို့လိုတယ်။

တစ်နေ့တစ်နေ့ အိုခြင်း၊ ဆိုးခြင်းတွေတိုးပြီး နာခြင်းဆိုးဘက်ပြေးသွားတဲ့ဥစ္စာ။ သေခြင်းဆိုးနဲ့ နီးကပ်သွားတာကို မသိလိုက်တဲ့အခါ ရလာတဲ့ ဘဝကြီး အလွဲသုံးစားနဲ့ဖြုန်းလိုက်တာ သေချာတယ်ဆိုတာ ဘာမျှ ပြောစရာမလိုတော့ဘူး။ ဒါကြောင့် ဒီနေ့ကစပြီး အလွဲသုံးစားဇာတ်ကို အသိမ်းကြီးသိမ်း၍ အငြိမ်းကြီးငြိမ်းတဲ့နိဗ္ဗာန်ကို မရောက်ရောက်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်သန်သန်ထွားထွားကြီးမွေးရမယ်။ ဝိပဿနာဆိုတာ နာမ်ခန္ဓာဉာဏ်ကပ်၍ ကံဖြတ်တဲ့အလုပ်မို့ သိရုံနှင့်မပြီးဘူး၊ ကျင့်မှရမယ်။ ကံကို ဉာဏ်က ဖြတ်မှ နိဗ္ဗာန်ရမှာ။ ဉာဏ်မပါရင် ကံက ခြယ်လှယ်သွားလိမ့်မယ်။ လူပြော၊သူပြော၊ အရင်ကပြောတာတွေ မယုံပါနှင့်။ ခန္ဓာက ပြောတာကို အယုံကြီးယုံပါ။ ခန္ဓာကိုယ်ရဲ့ စွမ်းရည်သတ္တိပင်ကိုယ်သဘောက ဖြစ်မှု၊ ပျက်မှုပဲရှိတယ်။

ရည်ညွှန်း - “ဓမ္မသံဝေဂနှင့် ဩဝါဒကထာများ” မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလ

## စာ - ၉၊ မရိုးနိုင်သော အငှားယာဉ်ပုံပြင်များ မှ

“အဲ့ဒီနေ့က ညခုနစ်နာရီဝန်းကျင်ရှိနေပြီ။ သာကေတကနေပြီး တောင်ဒဂုံကိုပြန်မှာ။ ပုံမှန်ပြန်နေကျက သုံးထောင့်ငါးရာကို သူကလေးထောင့်ငါးရာတောင်းတယ်။ မရရင်မလိုက်တော့ဘူးလို့ ပြောတော့၊ တက်တက်ဆိုပြီး ပြောလာတယ်။ ကားပေါ်တက်ပြီး သိပ်မကြာဘူး သူ့ဆီဖုန်းလာတယ်။ သူငယ်ချင်းလို့ထင်ရတဲ့ တစ်ဖက်လူနဲ့ ချိန်းနေတာ။ အဲ့ဒီအချိန်ရောက်နေတဲ့ နေရာက မြို့ထဲမှာမှာပဲရှိသေးတယ်။ အဲ့ ဒါကိုသူက ရောက်ခါနီးပြီလို့ပြောတယ်။ ဒါနဲ့ ပဲတောင်ဥက္ကလာနားရောက်တော့ ကားစက်ကအကောင်းကြီးသွားနေရာက ဘေးဘက်ကိုဖြည်းဖြည်းထိုးရပ်ပြီး စက်ပျက်သွားလို့ တခြားကားပြောင်းစီးပါပြောတယ်။ ဒီနေရာထိနှစ်ထောင်ပဲပေးပါပြောပြီး တခြားကားငှားခိုင်းတယ်”ဟု သူမကြုံတွေ့ခဲ့ရသည့်အခက်အခဲအတွေ့အကြုံကိုပြောပြသည်။

အထက်ပါကဲ့သို့ မြို့တွင်းပြေးဆွဲနေသည့် တက္ကစီများအားငှားရမ်းစီးနင်းသည့်အခါတွင်ကြုံတွေ့ရလေ့ရှိသည့် ပြဿနာများသည် ရန်ကုန်မြို့၏လမ်းမများပေါ်တွင်နေ့စဉ်ဖြစ်ပေါ်နေသည်။

တက္ကစီဟူသည့် မြို့ပြပို့ဆောင်ရေးကဏ္ဍတွင် အဓိကတစ်နေရာမှ ပါဝင်နေသည့်ရန်ကုန်မြို့၏ အငှားယာဉ်ပို့ဆောင်ရေးဝန်ဆောင်မှုတွင် နေ့စဉ်နှင့်အမျှ ခရီးသည်နှင့်ယာဉ်မောင်းများအကြားအဆင်မပြေမှုများဆက်တိုက်ကြုံတွေ့နေကြရသည်။

မနေခြည်ကဲ့ သို့ အဖြစ်အပျက်မျိုးကို ကြုံတွေ့ခဲ့ရသည့် အသက် ၅၀နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကလည်း “ကျွန်တော်ကဆူးလေကနေမှ မြန်မာအင်ဖိုတက်ထဲ (ဗမိုင်ခွဲ) ကိုငှားလိုက်တာ။ အလုပ်ကိစ္စနဲ့ပဲ အရေးပေါ် တက္ကစီသုံးလိုက်တာ။ ဒရိုင်ဘာကသုံးထောင်ခေါ်တယ်။ ဦးကပုံမှန်သွားနေကျ နှစ်ထောင်လည်းရှိတယ်။ နှစ်ထောင့်သုံးရာလည်းရှိတယ်။ ဒါနဲ့ပဲ သူလည်းအဆင်ပြေ ကိုယ်လည်းနောက်မကျအောင် နှစ်ထောင့်ငါးရာနဲ့တည့်သွားတယ်။ ဦးဝိစာရအဝိုင်းနားရောက်ရော တခြားကားတစ်စီးကို လှမ်းအော်ရပ်ခိုင်းပြီး ဦးကိုကားပြောင်းခိုင်းတယ်။ သူကငါးရာကိုကြည့်လိုက်တာမှာ သူ့အတွက် ရသင့်ရထိုက်တဲ့နှစ်ထောင့်ငါးရာနစ်နာသွားတယ်။ ဝန်ဆောင်မှုတစ်ခုအနေနဲ့ကြည့်ရင် ခရီးသည်ကို လုံးဝမလေးမစားဆက်ဆံလိုက်တာပဲ” ၎င်း၏ အတွေ့အကြုံကိုပြောလာသည်။

ခရီးသည်ကို ကားပြောင်းစီးခိုင်းသည့် အထက်ပါကဲ့သို့တက္ကစီဒရိုင်ဘာများအပြင် အငှားယာဉ်ဝန်ဆောင်မှုနှင့် ပတ်သက်သည့် အခြားသောပြဿနာများလည်း ရှိနေသေးသည်။

ကားရပ်ငှားတိုင်း သူမကြုံနေရသည့် ပြဿနာက သွားလာရလွယ်ကူပြီး၊ လူသွားလာမှု သိပ်သည်းသည့်ရန်ကုန်မြို့တွင်းသို့ပင် မလိုက်နိုင်သော တက္ကစီများပင်ဖြစ်သည်။ ထိုပြဿနာနှင့် တစ်ဆက်တည်း ကြုံတွေ့နေရသည့် နောက်ထပ်အခက်အခဲတစ်ခုက လမ်းကြောင်းမသင့်သဖြင့် မလိုက်နိုင်ခြင်းပင်ဖြစ်သည်။

“ကားတွေကငှားလိုက်တိုင်း လမ်းကြောင်းမသင့်လို့မလိုက်နိုင်ဘူးဆိုတဲ့တုံ့ပြန်မှုတွေချည်းပဲဖြစ်နေတယ်။ အငှားကားဆိုတာ စီးပွားဖြစ်လုပ်နေတာ တစ်ခုတည်းကို မကြည့်ရဘူးလို့ထင်တယ်။ ဒါလူအချင်းချင်းဝန်ဆောင်မှုပေးနေတဲ့လုပ်ငန်းတစ်ခုပါ။ ခရီးသည်သွားချင်တဲ့ ဘယ်နေရာကိုမဆို သူတို့ပို့ဆောင်ပေးရပါမယ်။ လုံးဝမဖြစ်နိုင်တဲ့နေရာမျိုးငြင်းခွင့်၊မလိုက်ခွင့်ရှိပါတယ်။ သူတို့သွားနေတဲ့ လမ်းကြောင်းဟာ ကိုယ်သွားမယ့် လမ်းကြောင်းဖြစ်မှပဲ ငှားလို့ရမှာလားဆိုတဲ့မေးခွန်းကအခုဖြစ်လာနေပြီ” ဟု သူမ၏အမြဲလိုလိုတွေ့ကြုံနေရသော ကားငှားရသည့်အခက်အခဲနှင့် ပတ်သက်ပြီး ဆိုလာသည်။

တက္ကစီဒရိုင်ဘာများနှင့် ခရီးသည်အကြားဆက်ဆံရေးမပြေလည်မှု နောက်ထပ်အကြောင်းအရင်းတစ်ခုကလည်း ထိုလူတန်းစားနှစ်ရပ်ထံတွင် ရှိနေသေးသည်။

အငှားယာဉ်များငှားစီးတိုင်းလိုလိုတွင် ကြုံရသည့်ဖြစ်ရပ်တစ်ခု သူမတွင်ရှိနေသည်။ သူမငှားလိုက်သည့် တက္ကစီပေါ် သို့ရောက်ပြီးမှ ဒရိုင်ဘာဆိုသူများက ခွင့်မတောင်းဘဲ နောက်ထပ်ခရီးသည်များကို လူကြုံတင်ခြင်းဖြစ်သည်။

မီဒီယာကုမ္ပဏီတစ်ခု၏ ဈေးကွက်မြှင့်တင်ရေးဌာနတွင် လုပ်ကိုင်နေသည့် အသက် ၂၈နှစ်အရွယ်ရှိသူမ၏ အတွေ့အကြုံမှာ

“တက္ကစီငှားတိုင်း စိတ်ညစ်ရတယ်။ ဘယ်သူမဆို တက္ကစီငှားပါတယ်ဆိုမှ တစ်ယောက်တည်း သီးသီးသန့်သန့်သွားချင်လို့ပါ။ အခုပြဿနာက ကိုယ်ကကားပေါ်ရောက်ပြီးမှာ ကိုယ့်ကိုယ်လုံးဝခွင့်တောင်းတာမရှိဘဲ၊ မမေးဘဲ နောက်ထပ်ခရီးသည်ကိုတင်တာပါ။ အဲ့လိုမျိုးဖြစ်လာရင် အငှားကားကို ငှားစီးတဲ့ခရီးသည် တစ်ယောက်ရဲ့အခွင့်အရေးကိုအပြည့်အဝမရဘူးလို့ခံစားရတဲ့အပြင် ခရီးသည်ကို မထီမဲ့မြင်လုပ်တာပါလားလို့တွေးပြီးခံပြင်းမိတယ်။ ပြီး ရင် သူတို့က အရင်ငှားတဲ့ခရီးသည်တိုင်းကို အရင်ပို့ပေးတာမဟုတ်ဘဲ သူတို့သဘောနဲ့သူတို့ ထပ်တင်တဲ့သူရဲ့လမ်းကြောင်းကသင့်နေရင်အရင်ပို့ပေးတာမျိုးတွေလည်းရှိတယ်”ဟူ၍ဖြစ်သည်။

“အိမ်နီးချင်းထိုင်းလိုနိုင်ငံမှာတောင် တက္ကစီတွေတော်တော်လေးကို ဝန်ဆောင်မှုကောင်းတယ်။ ဘယ်ကိုသွားချင်လဲ ကားပေါ်တက်လိုက်တာနဲ့ မီတာစမှတ်တယ်။ မီတာအတိုင်းကျသင့်သလောက်ပေးရတယ်။ သူတို့မှာလည်း ခရီးသည်ကို ရိုက်စားလုပ်တတ်တဲ့သူတွေရှိပါတယ်။ ဒါပေမဲ့ သူတို့လူမျိုးအတွက်တော့ သူတို့ရဲ့ တက္ကစီဝန်ဆောင်မှုက တော်တော်လေးအဆင်ပြေတာတွေ့ရတယ်”ဟုပြည်ပနိုင်ငံများသို့မကြာခဏ အလုပ်ကိစ္စဖြင့် ခရီးထွက်လေ့ရှိသောအသက်၃၀နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်း အမျိုးသားတစ်ဦးက အိမ်နီးချင်းနိုင်ငံများ၏ ပို့ဆောင်ရေးကဏ္ဍနှင့် ပတ်သက်ပြီး ပြောလာသည်။

အငှားယာဉ်မောင်းများနှင့် စီးနင်းလိုက်ပါသူခရီးသည်များအကြား အထက်ပါကဲ့သို့ နေ့စဉ်နှင့်အမျှ ပြဿနာများစွာဖြစ်နေသော်လည်း ဆက်ဆံရေးကောင်းမွန်သည့်တက္ကစီဒရိုင်ဘာများကလည်း ရှိနေကြသေးသည်။

“ကြုံဖူးပါတယ်။ လုံးဝကို ခရီးသည်ကိုဦးစားပေးတဲ့ယာဉ်မောင်းတွေကို။ သူတို့လိုဆက်ဆံရေးအပြင် ဝန်ဆောင်မှုပါကောင်းတဲ့သူတွေ လည်းရှိနေပါတယ်။ သူတို့ရဲ့ စိတ်ထဲမှာ ခရီးသည်လည်း အဆင်ပြေ၊ သူလည်းအဆင်ပြေဆိုတဲ့ စိတ်မျိုးထားထားတာကို တွေ့ရတယ်။ခရီးသည်နဲ့ဒီလိုအဆင်မပြေကတောက်ကဆဖြစ်နေတဲ့ သူတွေကြောင့် တကယ်ဝန်ဆောင်မှုကောင်းတဲ့သူတွေပါနစ်နာတယ်” ဟု တက္ကစီများကို ပုံမှန်ငှားစီးနေသူအမျိုးသားတစ်ဦးက ဆက်ဆံရေးအထူးကောင်းမွန်သည့်ယာဉ်မောင်းများနှင့်ပတ်သက်ပြီးပြောလာသည်။

မြို့တွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် တက္ကစီမဟုတ်သည့် အထူးဟူသော ယာဉ်လိုင်းများ၏ အရေအတွက်ပမာဏမှာ နှစ်စဉ်တိုးတက်လျက်ရှိနေသော်လည်း ခရီးသည်နှင့် ယာဉ်လိုင်းပမာဏမှာမူ ယခုအချိန်ထိမမျှတမှု ဖြစ်ပေါ်နေသည်။

ထို့အတွက် တက္ကစီဟူသည့် အငှားယာဉ်များသည် ခရီးသည်များ၏ အဓိကအားထားရာ ဖြစ်လာခဲ့သည်။

သို့သော် လက်ရှိကြုံတွေ့နေရသည့် မောင်းသူနှင့် စီးနင်းသူများအကြား ပြဿနာများမှာမူ မည်သည့်အချိန်အထိ ဆက်လက်ကြုံတွေ့နေရမည်ကိုမသိနိုင်ဘဲ ခရီးသည်များသည်လည်း ထိုကဲ့သို့ အဆင်မပြေမှုများကို သိလျက်ပင် တက္ကစီများကို နေ့စဉ်အသုံးပြုနေရဦးမည်ဖြစ်သည်ဟု မနေခြည်ကဆိုလာပြီး သူမလတ်တလော ကြုံခဲ့ရသည့် ကားပြောင်းပေးခြင်းခံလိုက်ရသည့် အချိန်အနည်းငယ်ကြာမြင့်မှုအတွက် ငါးမိနစ်ခန့် နောက်ကျခဲ့ရသော ကုမ္ပဏီ၏ အရေးကြီးအစည်းအဝေးအပြီးတွင် စည်းကမ်းတင်းကျပ်လွန်းလှသည့် သူမ၏အထက်လူကြီးက ခေါ်ယူသတိပေးခြင်းကိုခံလိုက်ရသည်ဟုလည်း ပြောလာသည်။

## ဘိုးဘွားများအတွက် ရန်ပုံငွေဂီတဖျော်ဖြေပွဲ ကျင်းပမည်

ဒဲနစ်အောင်အောင်

ရန်ကုန်၊ ဇူလိုင် - ၂၈

“ဆည်းဆာရိပ်” ဂီလာနဘိုးဘွားများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် လူငယ်ဂီတသမားများ ပူးပေါင်း၍ ဘိုးဘွားများရန်ပုံငွေ ဂီတဖျော်ဖြေပွဲကို ဩဂုတ်လ ၆ ရက်တွင် ကန်တော်ကြီး မျှော်စင်ကျွန်း၌ နာမည်ကြီးအဆိုတော်များနှင့် ကျင်းပဖျော်ဖြေသွားမည်ဟုသိရသည်။

အဆိုပါပွဲအား အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်သလို အခြားတစ်ဖက်မှလည်း ဘိုးဘွားများအတွက် လှူဒါန်းနိုင်ရန် အလှူငွေ လက်ခံသည့် ကောင်တာများထားရှိခြင်း၊ ဖျော်ဖြေသူ ဂီတပညာရှင်များမှ ပရိသတ်အတွင်းကိုယ်တိုင်ဝင်ရောက် အလှူငွေကောက်ခံခြင်းများ ပြုလုပ်သွားမည်ဟု သိရသည်။

“ဆည်းဆာရိပ်” ဘိုးဘွားရိပ်သာမှာသန်လျင်မြို့၊ မစိုးရိမ်ကျောင်းလမ်းနှင့် အရှေ့ဒဂုံမြို့နယ်မဟော်သဓာလမ်းတို့တွင် တည်ရှိပြီး လူမျိုးဘာသာခွဲခြားမထား ဘဲ၊ ကျွေးမွေးထောက်ပံ့မည့် သားသမီး၊ ဆွေမျိုးများမရှိသည့် ဘိုးဘွားများ၊ သားသမီးဆွေမျိုးများရှိသော်လည်း ပြုစုစောင့်ရှောက်နိုင်သည့် အခြေအနေမရှိသည့်ဘိုးဘွားများအား လက်ခံစောင့်ရှောက်သွားမည်ဖြစ်ကာ အသက်ကန့်သတ်ချက်အနေဖြင့် အသက် ၇၀ ကျော် ဘိုးဘွားများဖြစ်ရမည်ဟု သိရသည်။

အဆိုပါဘိုးဘွားရိပ်သာ ရန်ပုံငွေပွဲအား “ဆည်းဆာအလှဖန်တီးကြသူများ” ခေါင်းစဉ်ဖြင့် ညနေ ၃ နာရီခန့်မှစတင်၍ အပိုင်းသုံးပိုင်းခွဲခြား ကျင်းပမည် ဖြစ်သည်။

ပထမပိုင်းအစီအစဉ်တွင် အက်ဆစ်၊ ဂျေမီ၊ ရသ၊ Fire Cracker၊ G-Tone၊ BK (SME)၊ စန္ဒီမြင့်လွင်၊ ပိုပို (little pig) စသည့်ဟစ်ဟော့ပ်အဖွဲ့များကဖျော်ဖြေမည်ဖြစ်သည်။ ဒုတိယပိုင်းရော့ခ်အဖွဲ့များ ဖျော်ဖြေမှုတွင် BigBag၊ Wanted၊ Idiots၊ Reason၊ ပဥ္စင်္ဂ၊ Side effect၊ The Salt၊ M-ရဋ္ဌနှင့် The Real အဖွဲ့များက ဖျော်ဖြေမည်ဖြစ်သည်။ နောက်ဆုံး classic rock များအစီအစဉ်တွင် အောင်နိုင်၊ သားထွေး၊ ချစ်ကောင်း၊ ဆောင်းဦးလှိုင်၊ နန္ဒရော၊ ကောင်းပြည့်၊ Aညိမ်းကျော်၊ ရှုမောင်နှင့် မေ ခလာ၊ သျှီ၊ ဆုန်သင်းပါရ်၊ ရတနာမိုင်နှင့် အမျိုးသမီးအဆိုရှင်များဖျော်ဖြေမည်ဟုသိရသည်။

“အသက်အရွယ်အိုမင်း၍ ကျန်းမာရေးချို့တဲ့ကာ ခိုးကိုးရာမဲ့နေသော ဘိုးဘွားများအား မိသားစုပုံစံဖြင့် ကြင်နာယုယမှုပေးရန်”ဆိုသည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေသော“ဆည်းဆာရိပ်”ဘိုးဘွားရိပ်သာအား လှူဒါန်းလိုပါက ဒေါက်တာထားထား (စာ ရေးဆရာမစုထား)ဖုန်း- ၀၉-၂၀၁၇၉၆၁ သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

## မျက်နှာဖုံး – ငါးမွေးမြူသူများ အရှုံးပေါ် မှ

“ကြွေးရှင်တွေက ငါးမွေးကန်တို့ နေတဲ့အိမ်တို့ သိမ်းတဲ့ဖြစ်စဉ်အချို့ရှိလာပြီ။ ငါးမွေးတာနားမယ့်သူတချို့လည်းရှိတယ်။ တချို့ကအရှုံးပေါ်လို့ နားတာဖြစ်ပေမယ့်တချို့ကဆက်လုပ်ချင်ပေမယ့် ငွေချေးမယ့်သူမရှိလို့နားရမှာ”ဟု ဦးဝင်းကြိုင်က ဆက်လက်ပြောသည်။ ထိုအခြေအနေများမှာ ယခုလပိုင်းအတွင်း စတင်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ပြောင်းလဲမှု တစ်စုံတစ်ရာမရှိပါကရှေ့တွင်ထိုဖြစ်စဉ်မှာ ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း ဦးဝင်းကြိုင်ကပြောသည်။

ရေချိုငါးမွေးမြူသူ နှစ်သောင်းဝန်းကျင်ရှိပြီး ပုဂ္ဂလိကမှ ငွေချေးထားပြီး အကြွေးမဆပ်နိုင်၍ ကန်အသိမ်းခံရခြင်းမှာ လုပ်ငန်းရှင်အနည်းငယ်၌ စတင်ကြုံတွေ့လာရခြင်းဖြစ်သည်။

ထို့အပြင် ရေချိုငါးမွေးမြူသော ကုမ္ပဏီအချို့မှာ ကာလရှည်အရှုံးပေါ်နေမှုကြောင့်ငါးမွေးခြင်းကို ရပ်နား၍ စပါးစိုက်ပျိုးမှုပြောင်းလဲလုပ်ကိုင်ရန် စီစဉ်နေသူများလည်းရှိသည်။

ထိုသို့ရေချိုငါးမွေးမြူသူများ အထူးသဖြင့် ငါးမြစ်ချင်းငါးမွေးမြူသူများအခက်တွေ့နေရခြင်းမှာ ပို့ကုန်ရငွေနှင့် ဒေါ်လာကျဆင်းခြင်းသည် အဓိကအကြောင်းအရင်းဖြစ်ပြီး ပြည်ပဝယ်လိုအားလျော့ကျသွားခြင်းမှာလည်း ပါဝင်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်များကပြောသည်။

ငါးမြစ်ချင်းငါးမွေးမြူထုတ်လုပ်သူများမှာ ၂၀၁၀ နှစ်ကုန်ပိုင်းမှစတင်၍ လုပ်ငန်းများမကောင်းဘဲ အရှုံးပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ပေါ်ခဲ့သော ငါးများမှာ ထုတ်လုပ်မှုစရိတ်များခဲ့ပြီး ရောင်းသည့်အချိန်တွင် ဒေါ်လာနှင့်ပို့ကုန်ရငွေတန်ဖိုး ကျပြီး ဝယ်လိုအား လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့နောက်ပိုင်း ၂၀၁၁ တွင်လည်း နိုင်ငံခြားငွေဈေးမှာ သိသိသာသာတက်မလာဘဲ လွန်ခဲ့သည့် ဇွန်လတွင် ဈေးပြုတ်ကျခဲ့၍ ဆုံးရှုံးမှုများခဲ့ခြင်းဖြစ်သည်။ ဒေါ်လာနှင့်ပို့ကုန်ရငွေ ပြန်တက်အလာကိုမျှော်၍ ကန်မဖော်ဘဲ ဆက်လက်မွေးမြူထားသူများမှာ တွက်ကိန်းမှားပြီး စရိတ်သာ တက်လာခြင်းကြောင့်ပိုမိုရှုံးခဲ့ခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးကရှင်းပြသည်။

“မွေးမြူရေးက စိုက်ပျိုးရေးနဲ့မတူဘူး။ စိုက်ပျိုးရေးက ရိတ်သိမ်းပြီး အကြာကြီးသိုလှောင်လည်း စရိတ်မတက်ဘူး။ မွေးမြူရေးကတော့ ဈေးမကောင်းလို့ လှောင်ချင်ရင်တောင်နေ့စဉ်ကျွေးနေရတော့ လှောင်ထားရင် ရှုံးချက်ပိုနာတယ်။ အဲလိုရှုံးတာကို အောက်ခြေက ငါးမွေးတောင်သူတွေ ခံရတာ”ဟု ဦးဝင်းကြိုင်က ပြောသည်။

ထိုအခြေအနေတွင် ငါးမွေးမြူသူများမှာ ရသည့်ဈေးဖြင့်ရောင်းချလာသည့်အတွက်ပြည်တွင်းဈေးကွက်အတွင်း ရေချိုငါးများ အများအပြား ဝင်ရောက်လာသည်။


“ဒီနေ့ငါးမွေးကန်ပိုင်ရှင်တွေက ဒေါ်လာဈေးလည်း ဆက်မတက်နိုင်တော့ဘူး၊ အမှာလည်း မတက်နိုင်တော့ဘူးလို့ သိပြီး ငါးတွေဖော်လိုက်တဲ့အခါ ဈေးကွက်ထဲ အလျှံပယ်ဝင်လာတယ်။ အထက်အညာကိုပါ ငါးတွေရောက်သွားတယ်”ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

ရွှေဘို၊ မုံရွာ၊ မန္တလေး၊ ပြည်၊ မကွေး၊ တောင်ငူ စသောဒေသများရှိ ကျေးလက်များအထိပါ ရန်ကုန်မှ ငါးမြစ်ချင်းများ ကုန်များစွာဝင်ရောက်သွားသည်။ မန္တလေးဈေးကွက်သို့ ယခင်က ရန်ကုန်မှ ရေချိုငါးတင်ထားသော ကားလေးငါးစီးသာ သွားသော်လည်း ယခုအခါ ၁၀ စီးဝန်းကျင်အထိ နေ့စဉ်ဝင်ရောက်နေသည်။ ထို့ကြောင့် အထက်မြန်မာပြည်တွင် ရေချိုငါးဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ကျပ် ၅၀၀ ထိ ဈေးကျဆင်းသွားသည်။

ထို့အပြင် အောက်ပိုင်းမှ မွေးမြူရေးငါးများမှာ အထက်မြန်မာနိုင်ငံရှိမြို့ကြီးများသို့သာ သွားသော်လည်း ယခု ကုန်ချိန်များစွာ ဝင်ရောက်နေခြင်းကြောင့် ကျေးရွာများမှ ဒေသခံများက မြို့ပေါ်သို့တက်ပြီး သယ်ယူ၍အိမ် အရောက်လိုက်လံရောင်းချပေးခြင်းကြောင့် ဈေးကွက်သစ်ဖြစ်ပေါ်လာပြီးအလုပ်အကိုင်အခွင့်အလမ်းသစ်များပင်ပေါ်လာကြောင်း ဦးဝင်းကြိုင်ကပြောသည်။

သို့သော်ထိုအခြေအနေမှာ ငါးမွေးမြူသူများ အရှုံးပေါ်၍ ရသည့်ဈေးနှင့် ထုတ်ရောင်းခြင်းကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ကာလမကြာရှည်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။ အမှန်တွင် ရေချိုငါးဈေးကွက်မှာ ယခုကဲ့သို့ ကျေးလက်ဒေသများအထိ ကျယ်ပြန့်စွာ ရောက်ရှိနေကြောင်း ဦးဝင်းကြိုင်ကဆိုသည်။

လက်ရှိရေချိုငါးမွေးမြူသူများ ဆုံးရှုံးမှုများနေသည့်အခြေအနေမှ လွတ်မြောက်ရန်မှာ ပို့ကုန်ရငွေနှင့်ဒေါ်လာတန်ဖိုး တက်လာရန်၊ (သို့မဟုတ်) နိုင်ငံတော်မှ အခွန်ကောက်ခံမှုလျှော့ချရန်နှင့် ပြည်ပ ဝယ်လိုအားတိုးလာရန်လိုကြောင်း မွေးမြူရေးလုပ်ငန်းရှင်များကပြောသည်။



## မျက်နှာဖုံး-အမေရိကန်ဒေါ်လာ၏ အနာဂတ် မြန်မာလုပ်ငန်းရှင်များ စောင့်ကြည့်နေ မှ

ထို့အပြင် ဒေါ်လာအပေါ် ယုံကြည်မှုလျော့နည်းသွားသူတို့က ရွှေကို ဝယ်ယူရင်းနှီးမြှုပ်နှံကြ၍ ကမ္ဘာ့ရွှေဈေးမှာ ဇူလိုင်လအတွင်း စံချိန်တင်မြင့်တက်ခဲ့သည်။

သို့သော် ထိုအခြေအနေမှာ ဇူလိုင် ၃၁ ရက်တွင် အမေရိကန်၏ ကြွေးမြီပြဿနာနှင့် ပတ်သက်၍ သဘောတူညီမှုတစ်ရပ်ရရှိကြောင်း အမေရိကန်သမ္မတအိုဘားမားက တနင်္ဂနွေနေ့ညတွင် ပြောကြားပြီး နောက်စတင်ပြောင်းလဲသွားသည်။

ထို့နောက် ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ဒေါ်လာတန်ဖိုး ဆက်တိုက်ကျဆင်းနေမှုမှ ရပ်တန့်ကာ ပြန်လည်ဦးမော့လာပြီး ကမ္ဘာ့ရွှေဈေးများလည်းကျရိပ်သမ်းခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ဩဂုတ် ၁ ရက်တွင် ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေး အနည်းငယ်ကျဆင်းခဲ့သည်။ ဇူလိုင် ၃၀ ရက်က တစ်ကျပ်သားလျှင် ကျပ် ၆၆၇,၅၀၀ရှိခဲ့သော အကယ်ဒမီအခေါက်ရွှေမှာ ဩဂုတ် ၁ ရက်တွင် ကျပ် ၂,၅၀၀ ကျဆင်းကာ ကျပ် ၆၆၅,၀၀၀ဈေးပေါက်သည်။

“အခု အမေရိကန်လွှတ်တော်မှာ ဒေါ်လာနဲ့ပတ်သက်ပြီး ဆုံးဖြတ်မယ့် အနေအထားကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားတာ။ မြန်မာတစ်နိုင်ငံတည်း စိတ်ဝင်စားတာမဟုတ်ဘူး။ ဒီအကျပ်အတည်းကို တခြားလုပ်ငန်းရှင်တွေလိုပဲ ရွှေလုပ်ငန်းရှင်တွေ တစ်ချိန်လုံး စောင့်ကြည့်နေတာ။ ဒီနေ့ ရွှေဈေးကျတာလည်း ကမ္ဘာ့ဈေးကျလို့ ကျတာပါ”ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်အသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။ လက်ရှိ ပြည်တွင်း ရွှေဈေးကွက်တွင် ငွေဖော်လို၍ ရောင်းချသူများနေကြောင်းလည်း သတင်းရရှိသည်။

အမေရိကန်နိုင်ငံအနေဖြင့် ဒေါ်လာနှင့်ပတ်သက်၍ ကြုံတွေ့နေရသောအခက်အခဲကို ဖြေရှင်းနိုင်ပြီး ဒေါ်လာတန်ဖိုးခိုင်မာအောင် ပြုလုပ်နိုင်ပါက ပြည်တွင်း၌လည်းဒေါ်လာတန်ဖိုးတက်လာပြီး ရွှေဈေးနှုန်းများ ကျဆင်းဖွယ်ရှိကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

“ဒေါ်လာနဲ့ပတ်သက်ပြီး မရေမရာဖြစ်နေတဲ့ ကာလတစ်လျှောက်လုံး ဒေါ်လာအများကြီးရှိတဲ့သူတွေ ရင်တထိတ်ထိတ်ဖြစ်နေရ တာ။ အခုသဘောတူညီမှုရပြီဆိုတော့ ကောင်းတာပေါ့။ ကျွန်တော်တောင် ဒီနေ့ ဒေါ်လာထုတ်ရောင်းဖို့ စဉ်းစားထားပြီး မရောင်းဖြစ်တာ ကံကောင်းသွားတယ်”ဟုပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကလည်းပြောသည်။

ဩဂုတ် ၁ ရက်၌ ကမ္ဘာတစ်ဝန်းတွင်အမေရိကန်ဒေါ်လာတန်ဖိုးအနည်းငယ်တက်ခဲ့သော်လည်း မြန်မာနိုင်ငံတွင်မူ ပြည်ပငွေလဲလှယ်ရေးဈေးကွက်၌မူ ဒေါ်လာတန်ဖိုးကျခဲ့သည်။ ဩဂုတ် ၁ ရက်၌ အမေရိကန်ဒေါ်လာ တစ်ယူနစ်လျှင် ကျပ် ၇၇၂ မှ ကျပ် ၇၇၅ အတွင်းရှိပြီး၊ လွန်ခဲ့သည့် အပတ်ကထက် ဒေါ်လာတန်ဖိုး အနည်းငယ်လျော့ကျခဲ့သည်။

အမေရိကန်အစိုးရ၏ ဘတ်ဂျက်လိုငွေလျှော့ချရေးအတွက် အသုံးစရိတ်ကို ၁၀ နှစ်အတွင်း ၂ ဒသမ ၄ ထရီလီယံလျှော့ချရန်နှင့် အမေရိကန်အနေဖြင့် ပေးချေရမည့် ကြွေးမြီ ၁၄ ဒသမ ၃ ထရီလီယံ အထိကန့်သတ်ရန်(အကြွေး မဆပ်နိုင်မှုမှ ရှောင်ရှားရန်) အဆိုကို အမေရိကန်လွှတ်တော်အတွင်း ကာလအတန်ကြာ ဆွေးနွေးငြင်းခုံခဲ့ကြ သည်။ ဇူလိုင် ၃၁ ရက်တွင် သမ္မတ အိုဘားမားက လာမည့် ၁၀နှစ်၌ ပြည်ထောင်စုအစိုးရ၏ အသုံးစရိတ်ကို ၂ ဒသမ ၄ ထရီလီယံ လျှော့ချရန် သဘောတူညီပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့သော် ထိုသဘောတူညီချက်မှာ လွှတ်တော်နှစ်ရပ်တွင် ဩဂုတ်၁ ရက်၌ မဲခွဲဆုံးဖြတ်ပြီးမှ အတည်ပြုနိုင်မည်ဖြစ်သည်။

အမေရိကန်အစိုးရအနေဖြင့် ကြွေးမြီပြဿနာအပေါ် သဘောတူညီချက်ရရှိပါက ဒေါ်လာအပေါ် ယုံကြည်မှုပြန်လည်မြင့်တက်လာကာ ဒေါ်လာတန်ဖိုးပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင် ဦးမော်သန်းကပြောသည်။ “အမေရိကန်ဒေါ်လာက ကမ္ဘာသုံးငွေကြေးလိုဖြစ်နေတာ။ ကမ္ဘာသုံးငွေကြေးအပေါ် မြန်မာ လုပ်ငန်းရှင်တွေစိတ်ဝင်စားတာက အံ့ဩစရာမဟုတ်ပါဘူး”ဟု ၎င်းကပြောသည်။

## မျက်နှာဖုံး-မြို့ပတ်ရထားကို လစဉ်ကျပ်သန်း ၂၀၀ ကျော် အရှုံးခံပြေးဆွဲနေ မှ

“မြို့ပတ်ရထားတွေကို နိုင်ငံတော်က ပြည်သူတွေသွားလာရေး အဆင်ပြေအောင် အရှုံးခံပြေးဆွဲပေးတဲ့သဘောပါပဲ” ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုကဲ့သို့မြို့ပတ်ရထားများ လစဉ်အရှုံးများစွာ ပေါ်နေသည်ကို မြန်မာ့မီးရထားက တရားဝင်ထုတ်ဖော်ပြောကြားထားသော်လည်း ၎င်းလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ရန် စီးပွားရေးလုပ်ငန်းရှင် ၅၀ ကျော် အဆိုပြုလွှာတင်သွင်းထားပြီးဖြစ်ကြောင်း မြန်မာ့မီးရထား(နေပြည်တော်)မှသိရသည်။

မြန်မာ့မီးရထားမှ လစဉ် မြို့ပတ်ရထား၏ လက်မှတ်ခဝင်ငွေနှင့်ရထားလမ်းတစ်လျှောက် ဆိုင်မြေငှားရမ်းခဝင်ငွေ ပေါင်းပါက ကျပ် ၄၂ သန်းကျော်သာရှိပြီး လစဉ်ကုန်ကျစရိတ်များမှာကျပ် ၂၆၁ သန်းကျော်ရှိသည်။

လက်ရှိတွင် မြို့ပတ်ရထားများမှာ တစ်စီးနှင့်တစ်စီး ငါးမိနစ်ခြား ပြေးဆွဲပေးနေပြီး ရထားအမြန်နှုန်းနှင့် ရထားစင်းရေ များစွာတိုးချဲ့လိုပါက ကားလမ်းခုံးကျော်တံတားရှစ်နေရာနှင့် လူကူးတံတား ၁၀၀ ခန့် တည်ဆောက်ပေးရန်ရှိနေကြောင်း သိရသည်။ လက်ရှိတွင် မြို့ပတ်ရထားကိုနေ့စဉ်အခေါက်ရေ ၂၀၀ပြေးဆွဲပေးနေသည်။

“ပုဂ္ဂလိကကို လွှဲပေးတဲ့အချိန်မှာ လိုက်နာရမယ့်စည်းကမ်းတွေကို ဌာနအလိုက်ရေးဆွဲနေပြီး အချက်ဘယ်နှချက်နဲ့ ငှားမယ်ဆိုတာကို နောက်ရက်အနည်းငယ်မှ သိရမယ်” ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

မြို့ပတ်ရထားများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လွှဲပြောင်းရန် စည်းကမ်းချက်များ ရေးဆွဲနေပြီဖြစ်သော်လည်း လုပ်ငန်းရှင်များဘက်မှ တင်ပြသော အချက်အလက်များနှင့် ညှိနှိုင်းရန် နောက်ထပ်အစည်းအဝေးများခေါ်ယူပြီး မှသာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့ပတ်ရထားကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လွှဲပြောင်းရာတွင် မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များကိုသာ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

## စာ-၂၊ သရဲ၊ တစေ၊ ဝိညာဉ်ဇာတ်ကားများ ရိုက်ကူးခြင်းကို ခွင့်ပြုထားခြင်းမရှိဟုဆို မှ

ယင်းသစ်ပင်ကိုခုတ်လှဲ ရန်ကြံစည်သူ၊ နှောင့်ယှက်ဖျက်ဆီးသူမှန်သမျှကို ဝါးမျိုပစ်သော စုန်းအသွင် သရုပ်ဆောင်ထားသည်။ မင်းသစ္စာ၊ ဆုရွှန်းလဲ့၊ စပယ်မိုးတို့ အဓိကသရုပ်ဆောင်ထားပြီး ဇာတ်သိမ်းပိုင်းတွင် ဆုရွှန်းလဲ့က စုန်းမဇာတ်ကွက်များကိုစိတ်ထင်ယောင်ထင်မှားဖြစ်၍ မြင်သည့်မြင်ကွင်းများအဖြစ် ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။ အမှန်က ယင်းသစ်ပင်မှ တိရစ္ဆာန်များကို ဝါးမျိုပစ်သည့် အဓိကတရားခံမှာ မြွေကြီးဖြစ်နေသည်။

ကွန်ပျူတာ အထူးပြုလုပ်ချက်များဖြင့် ထည့်သွင်းရိုက်ကူးထားကာ ဇာတ်ကားပိုစတာကိုလည်း အများပြည်သူစိတ်ဝင်စားဖွယ်ဖြစ်စေရန် The Devil Movie (သရဲဇာတ်ကား)ဟု ရေးသားကြော်ငြာဖော်ပြထားသည်။

“ဒီကားကို ပိုစတာကြည့်ပြီး ငှားဖြစ်တာပါ။ မင်းသားမင်းသမီးကိုကြိုက်လို့လည်းမဟုတ်ပါဘူး။ ပိုစတာဒီဇိုင်းကလည်း ကြောက်ဖို့ကောင်းတာရယ်၊ The Devil Movie လို့ ရေးထားတာရယ်ကြောင့် ငှားကြည့်ဖြစ်တာပါ။ ဇာတ်သိမ်းပိုင်းကျတော့ အဖျားရှူးသွားပေမယ့် ဒီဇာတ်ကားကြည့်ပြီး မြန်မာသရဲကားတွေပြန်ပြီး ရိုက်လို့ရနေပြီလို့ တောင်ထင်နေတာ။ ဇာတ်သိမ်းမှာ စုန်းမကို ဆုရွှန်းလဲ့ရဲ့ စိတ်ထင်ယောင်ထင်မှားမြင်တဲ့ မြင်ကွင်းမျိုးနဲ့ ပြန်ပြလိုက်တာကြောင့် သရဲကားမဟုတ်ဘူးလို့လည်း ပြောနိုင်သွားတာပေါ့”ဟုသစ်စုန်းဇာတ်ကား ကြည့်ရှုခဲ့သည့် ပရိသတ်တစ်ဦးကပြောသည်။

**ဖြည့်စွက်ဖတ်ရှုပါရန်**

ယခုတစ်ပတ်ထုတ် 7Day News ဂျာနယ် စာမျက်နှာ (၃၁)တွင် ဖော်ပြခဲ့သော ‘ရေအိုးလည်းခွဲမယ်၊ သစ်ကြားသီးလည်း ခိုးမယ်’ဆောင်းပါးတွင် အယ်ဒီတာအဖွဲ့၏ လစ်ဟင်းမှုကြောင့် ရေးသူကလောင်အမည်ကျန်ခဲ့ပါသဖြင့်ကလောင်အမည် **‘မောင်သာချို’** ဟုဖြည့်စွက်ဖတ်ရှုပါရန်။

**အယ်ဒီတာအဖွဲ့**

# Health

7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011



## ကလေးငယ်များအတွက် အဆိပ်အတောက် အချိုရည်များ

**ဝတ်ရည်**

မိဘတိုင်းသည် ကလေးငယ်များအတွက် ကောင်းမွန်သော အာဟာရဖြစ်စေနိုင်မည့် အစားအစာများကို ကျွေးမွေးရန်နှင့် မိမိကလေးငယ်ကျန်းမာစွာကြီးပြင်းလာစေရန်သာ မျှော်လင့်လေ့ရှိကြသည်။

ထိုကဲ့သို့ ကောင်းမွန်သည်အာဟာရဖြစ်စေရန် ရည်ရွယ်ကျွေးမွေးသောအစားအစာများမှာ တစ်ခါတစ်ရံတွင် အာဟာရမဖြစ်စေသည့်အပြင် ကလေးငယ်များအတွက် အဆိပ်အတောက်ဖြစ်စေသည်များလည်း မရည်ရွယ်ဘဲ ကြုံတွေ့ခံစားရစေနိုင်သည်။

အန္တရာယ်ရှိသော၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများစားသုံးသည့်အခါ လူကြီး၊ ကလေးမရွေး ဝေဒနာခံစားကြရနိုင်သည်မှန်သော်လည်း ကလေးငယ်များမှာ ပိုမိုနုနယ်သည့်အတွက် ရောဂါများဖြစ်ပွားနိုင်ခြေ ပိုမို များပြားကြောင်း သိရသည်။

အချိုရည်များ သောက်သုံးခြင်းသည် လက်ရှိအချိန်တွင်ပင် ခေတ်စားနေသည့် ဆီးချိုရောဂါ၊ ကင်ဆာရောဂါများအပါအဝင်ရောဂါအများအပြားဖြစ်ပွားစေသည့် အဓိကတရားခံစာရင်းထဲ၌ အပါအဝင်ဖြစ်နေပြီ ကလေးငယ်များ သောက်သုံးပါကထိုရောဂါများအားငယ်ရွယ်သည့် အချိန်တွင်ပင် ဖြစ်ပွားနိုင်သည့်အခြေအနေများပြားကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာလှိုင်စိုးဝယ်ကပြောကြားသည်။

"အချိုရည်ထဲမှာပါဝင်တဲ့ ဓာတုပစ္စည်းတွေကသောက်သုံးတဲ့ သူတွေအပေါ် ရေတို၊ ရေရှည်မှာ ထိခိုက်စေနိုင်သည့် အခြေအနေရှိတယ်"ဟု ဒေါက်တာလှိုင်စိုးဝယ်က ပြောကြားသည်။

အချိုရည်များသည် ကြော်ငြာအားကောင်းသည့်အတွက် လူကြိုက်များသော်လည်း အမှန်တကယ်တွင် အချိုရည်သည် ကလေးငယ်များအတွက် အဆိပ်အတောက်သာဖြစ်ကြောင်း ဆရာဝန်စာရေးဆရာမ ဆရာမဂျူးကလည်း သူမ၏စာပေဟောပြောပွဲတစ်ခုတွင် ထည့်သွင်းပြောကြားခဲ့ဖူးသည်။

အချိုရည်ကြောင့် ရောဂါများဖြစ်ပွားခြင်းသည် ကူးစက်ရောဂါများကဲ့သို့ ချက်ချင်းဖြစ်ပြီး သေဆုံးသည့်ရောဂါများမဟုတ်ဘဲ နောင်နှစ်များကြာသည့်အခါမှသာ တဖြည်းဖြည်းဖြစ်ပွားသည့် ရောဂါများဖြစ်သည့်အတွက် ဂရုစိုက်အလေးထားမှုနည်းပါးနေကြောင်း သိရသည်။

အချိုရည်ထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ပါသော ရေ၊ သကြားဓာတ်၊ ဆေးသကြား၊ ဖော့ဖရိတ် အက်ဆစ်၊ တာရှည်ခံဓာတုပစ္စည်းများ၊ ကဖိန်းဓာတ်များ၊ အရောင်နှင့်အနံ့အတွက်အသုံးပြုသည့်ဓာတုပစ္စည်းများစသည်ဖြင့်ဓာတုပစ္စည်းအများအပြားပါဝင်ကြောင်း အဆိုပါဆရာဝန်ကပြောသည်။

**စာ(၁၄)သို့**

## နုပျိုမှုများ ပြန်လည်ရရှိနိုင်သည်ဟုဆိုသော Holistic Medicine ကုထုံး

**သီဟ**

သက်ရှိသတ္တဝါများသည် အချိန်တန်လျှင် အိုၤနာ၊သေ ဟူသောဘေးသုံးဘေးအား လွန်ဆန်ခြင်းကို မတတ်နိုင်ကြသည့် သတ္တဝါများဖြစ်ကြသည်။

သို့သော် ထိုသက်ရှိသတ္တဝါများထဲမှ လူဟူသည့်သတ္တဝါသည် အသိဉာဏ်အရှိဆုံးသတ္တဝါဖြစ်လေရာ အမျိုးမျိုးသောတီထွင်ကြံဆမှုများဖြင့် အဆိုပါအိုၤနာ၊ သေဘေးများအား မရှောင်လွှဲနိုင်သော်လည်း အချိန်အခိုက်အတန့် အားဖြင့် ဆွဲဆန့်နိုင်ရန် ကြိုးပမ်းကြရာမှ ဆေးပညာများတစ်စထက်တစ်စ တိုးတက်မြင့်မားလာကာ ယခုအခါတွင် အိုခြင်းကို အခိုက်အတန့်အားဖြင့် ဆွဲဆန့်ထားနိုင်မည့် ဆေးပညာဆိုင်ရာ နည်းပညာတစ်ရပ်အား မြန်မာနိုင်ငံသို့ လာရောက်မိတ်ဆက်လျက်ရှိပြီဖြစ်သည်။



Holistic Medicine ဟုခေါ်သည့် ဆေးပညာဆိုင်ရာ နည်း ပညာရပ်တစ်ခုကို ကမ္ဘာပေါ်တွင်ရှာဖွေတွေ့ရှိခဲ့သည်မှာ နှစ်ပေါင်း ၅၀၀ခန့်ရှိပြီဖြစ်သော်လည်း အဆိုပါနည်းပညာဖြင့် အသုံးချကာ အသိအမှတ်ပြုကုသခြင်းကို ၁၉၇၈ ခုနှစ်က ဂျာမနီနိုင်ငံတွင် စတင်ပြုလုပ်ခဲ့သည်ဟု သိရ သည်။

ယင်းဆေးပညာသည် အနောက်တိုင်း ဆေးပညာရပ်များမှ အခြေခံကာပေါက်ဖွားလာသည့် ဆေးပညာရပ်တစ်ခုဖြစ်သည်ဟု ယင်းဆေးပညာရပ်အား မြန်မာနိုင်ငံသို့ စတင်မိတ်ဆက်လာသည့်ရောဦး ကုမ္ပဏီမှ Medical Director ဒေါက်တာဇော်လင်းကပြောသည်။

အဆိုပါဆေးပညာအား လက်ရှိတွင် ဂျာမနီ၊ အမေရိကား၊ ဆွီဒင်၊ပါရှားပင်လယ်ကွေ့နိုင်ငံများ၌ အသုံးပြုကာကုသမှုခံယူနေကြပြီဖြစ်ပြီး အာရှတွင်လည်း ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ထိုင်း စသည့်နိုင်ငံများတွင်လည်း ကုသမှု ခံယူနေကြပြီဟု ဒေါက်တာဇော်လင်းက ပြောသည်။

ယင်းဆေးပညာသည် အကြမ်းဖျင်းအားဖြင့် ခန္ဓာကိုယ်တစ်ခုလုံးရှိ သက်ရှိလှုံ့ဆော်မှုစနစ်များအား တစ်ပြိုင်နက်ကုသမှုပေးသည့် နည်းပညာဖြစ်သည်ဟု သိရသည်။

"ဒီဆေးပညာရဲ့ အဓိကက ဇရာဆိုတာ ဆန့်ကျင်လို့မရပေမယ့် ဇရာဖြစ်လာတဲ့ အကြောင်းအရင်းတွေကို သိလာတဲ့အတွက် နည်းနည်းဆန့်ကျင်လို့ရလာပြီး အဲဒီဇရာကို ဆွဲဆန့်တဲ့နည်းလမ်းတွေက Holistic Medicine မှာရှိတယ်"ဟု ဒေါက်တာဇော်လင်းက ပြောသည်။

ယင်းနည်းပညာဖြင့် ကုသမှု ခံယူနိုင်သည့် ရောဂါများမှာ အယ်ဇိုင်းမားရောဂါ၊ နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများ၊ အဆုတ်နှင့်ပတ်သက်သည့် ရောဂါများ၊ ဓာတ်မတည့်သည်ရောဂါများ၊အဆစ်အမြစ်မသန်သည့်ရောဂါများ၊ကလေးငယ်များမွေးရာပါဗီဇချို့ယွင်းသည့်ရောဂါများ၊ အထွေထွေခုခံအားနည်းသည့် ရောဂါများအား ကုသမှုခံယူနိုင်ကြောင်း သိရသည်။

သို့သော် ယင်းကုထုံးဖြင့် ကုသမှုမခံယူနိုင်သည့် ရောဂါများလည်း ရှိလေရာယင်းရောဂါများမှာ ရုတ်တရက်ရရှိသည့် ရောဂါများ၊ အစာအဆိပ်သင့်ခြင်း၊ အသက်ရှူလမ်းကြောင်း ပိုးဝင်သည့်ရောဂါများ၊ ပြင်းထန်သည့် နှလုံးကျောက်ကပ်၊

**စာ(၁၄)သို့**

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဆောင်ရွက်မည်

**ရန်ကုန်၊ ဇူလိုင် - ၃၀**

မိခင်နှင့်ကလေးကျန်းမာရေး၊ အိုင်အိုဒင်းချို့တဲ့မှုရောဂါ ပပျောက်ရေးအတွက် ဩဂုတ်လအတွင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဆောင်ရွက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)မှ သတင်းထုတ်ပြန်ချက် အရသိရသည်။

ပထမပတ်အဖြစ် မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယပတ်အဖြစ် ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး၊ တတိယပတ်အဖြစ် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ စတုတ္ထပတ်အဖြစ် အိုင်အိုဒင်းချို့တဲ့မှုရောဂါပပျောက်ရေးတို့ကိုဆောင်ရွက်မည်ဖြစ်သည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များကို ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာန၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံတကာနှင့်ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ယူနီဆက်တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များဗဟိုအဆင့်အထိမ်းအမှတ်ဖွင့်ပွဲကို နေပြည်တော်တွင်ပြုလုပ်မည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်း ဒေသကြီးအဆင့် ဖွင့်ပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် ကျင်းပမည်ဖြစ်ကာ အာဟာရပြည့်ဝသည့်အစားအစာချက်ပြုတ်ပြိုင်ပွဲများ၊ စံပြမိခင်နှင့်ကလေးပြိုင်ပွဲများ၊ ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ အိုင်အိုဒင်းပါဝင်မှုစမ်းသပ်ခြင်းစသည်များကို မြို့နယ်များအလိုက် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ကို ၂၀၀၃ ခုနှစ်စက်တင်ဘာလပထမပတ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။



## စာ – ၁၃၊ ကလေးငယ်များအတွက် အဆိပ်အတောက် အချိုရည်များ မှ

အချိုရည်မှာပါဝင်တဲ့ အရည်က PH2 လောက်ပဲရှိတဲ့အတွက် အချိုရည်ကိုယ်တိုင် အက်ဆစ်ဖြစ်နေတယ်။ အဲတော့ အစာအိမ်ထဲကိုရောင်ရမ်းစေတယ်။ ပြီးတော့ ရင်ပူတဲ့ဝေဒနာတွေ ခံစားရနိုင်တယ်။ အက်ဆစ်ဖြစ်တဲ့အတွက်အစာအိမ်ထဲကဟိုက်ဒရိုကလိုရစ်အက်ဆစ်အပါအဝင် အစာချေရာမှာအသုံးဝင်တဲ့အစာချေ ရည်တွေကို အထွက်နည်းစေနိုင်တယ်။ အဲဒီတော့အစာမကြေတဲ့ လက္ခဏာတွေဖြစ်တတ်တယ်" ဟု ဒေါက်တာလှိုင်စိုးဝယ်ကပြောသည်။

အချိုရည်သည် အစာအိမ်ရောဂါခံစားနေရသူများနှင့် လုံးဝမတည့်ဘဲ ရင်ပူရောဂါဖြစ်ပွားလေ့ရှိသူများတွင်လည်း အချိုရည်တွင်ပါဝင်သည့်ဓာတ်များကြောင့် ရင်ပူခြင်းကို ပြင်းထန်စွာခံစားရနိုင်ကြောင်း သိရသည်။

ကလေးငယ်များတွင် အချိုဓာတ်ကြောင့် သွားပိုးစားနိုင်သည့်အပြင် ဖော့ဖရိတ်အက်ဆစ်ကြောင့် သောက်သုံးသူများတွင် ကြွေသွားများ ပျက်စီးနိုင်ကြောင်း သိရသည်။ ထို့အပြင် ပါဝင်သည့်ဆိုးဆေးများကြောင့် အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာဝေဒနာများဖြစ်သည့် တစ်ခါတစ်ရံဝမ်းလျှောခြင်း၊ ပျို့အန်ခြင်း၊ လေတက်ခြင်း၊ ကြို့ထိုးခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းချုပ်ခြင်းစသည့်ဝေဒနာများမှာ လတ်တလောခံစားရနိုင်သည့်ရောဂါများဖြစ်ကြောင်းသိရသည်။

"တာရှည်ခံဆေးတွေလည်းပါတဲ့အတွက် မတည့်တဲ့သူတွေမှာဆို ချက်ချင်းအင်ပျဉ်ထတာတွေ၊ ရင်ကျပ်တာတွေ ဖြစ်လေ့ရှိတယ်။ chemical တွေကမတည့်တဲ့အခါမျိုးတွေမှာ တစ်ကြိမ်တည်းသောက်တာနဲ့ကိုအဲဒါတွေဖြစ်လာနိုင်တယ်" ဟုဒေါက်တာလှိုင်စိုးဝယ်ကပြောသည်။

အချိုရည်များတွင် ဓာတုပစ္စည်းများအား တာရှည်အသုံးပြုထားခြင်းကြောင့် နှလုံးရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါများ၊ အရေပြားရောဂါများ၊ ကင်ဆာရောဂါများ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါများစသည့် နာတာရှည်ရောဂါများဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

ယခုအချိန်တွင် ကူးစက်ရောဂါများကြောင့် သေဆုံးမှုများပြားနေသော်လည်း နောင်နှစ်ပေါင်း ၂၀ခန့်တွင် သေဆုံးမှု အများဆုံးရောဂါများကြောင့် ကူးစက်ရောဂါမဟုတ်သည့် အဆိုပါရောဂါများဖြစ်လာမည်ဖြစ်ကြောင်း ကျွမ်းကျင်ဆရာဝန်များကလည်း ပြောဆိုထားကြသည်။

"အခုချိန်မှာဆို ကလေးငယ်တွေမှာဆိုရင်လည်း အဝလွန်နေတဲ့ ကလေးတွေများလာပြီ။ သူတို့တွေကို ဒီအတိုင်းဆက်ပြီးကျန်းမာရေးနဲ့မညီတဲ့အစားအစာတွေကိုပဲ ဆက်ကျွေးနေမယ်ဆိုရင် နောင်တစ်ချိန်မှာ ရောဂါဖြစ်ပွားမှုတွေများပြားလာပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ဝေဒနာတွေခံစားပြီး အသက်ဆုံးရှုံးမှုတွေရှိလာနိုင်မယ်"ဟု ဒေါက်တာလှိုင်စိုးဝယ်ကပြောကြားသည်။

အခုအချိန်တွင် အသင့်စားသုံးနိုင်သည့် အစားအစာများမှာလည်း ဈေးကွက်အတွင်း တွင်ကျယ်လာပြီးကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများအားအလွယ်တကူ အမြဲတမ်းစားသုံးခြင်းများအားရှောင်ကြဉ်သင့်ကြောင်းသိရသည်။

အချိုရည်များသည် ကျန်းမာရေးအား ထိခိုက်မှုရှိစေနိုင်သည့်အတွက် အလွန်အကျွံသောက်ခြင်းကိုလည်း ဆင်ခြင်သင့်ပြီး ကယ်လိုရီများလျှော့၍ အသက်ရှည်နေထိုင်နိုင်ရန် ရေဆာသည့် အချိန်တွင် ရေသာသောက်သင့်ကြောင်း အဆိုပါဆရာဝန်ကဆက်လက်ပြောသည်။ ကလေးငယ်များအားလည်း ငယ်စဉ်ကတည်းကကောင်းမွန်သော အစားအစာများစားသုံးသည့်အလေ့အကျင့်ကိုပြုစု သိမ်းသွင်းသင့်ပြီး မိမိကလေးငယ်အားရောဂါကင်း၍ အသက်ရှည်စေရန် ဂရုပြုကျွေးမွေးသင့်ကြောင်း သိရသည်။



## လူမည်းအမျိုးသမီးများတွင် ရင်သားကင်ဆာ ဖြစ်ပွားနိုင်ခြေပိုများ

**ဘော့စ်တွန်၊ ဇူလိုင် – ၂၆**

ရင်သားကင်ဆာရောဂါသည် လူဖြူအမျိုးသမီးများထက် လူမည်းအမျိုးသမီးများတွင် ပိုမိုအဖြစ်များကာ သေဆုံးနိုင်ခြေလည်းပိုများကြောင်း လေ့လာမှုတွေ့ရှိမှုတစ်ခုက ဖော်ပြလိုက်သည်။ အဆိုပါလေ့လာတွေ့ရှိမှုကို အမေရိကန် Journal of Clinical Oncology ဆေးပညာစာစောင်တွင် ပုံနှိပ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ သုတေသီများသည်ရင်သားကင်ဆာရောဂါ ခံစားနေရသော အသက် ၃၅ နှစ်မှ ၆၄ နှစ်အရွယ်ကြား အမျိုးသမီးပေါင်း ၄,၅၀၀ ခန့်ကို အခြေခံကာ လေ့လာခဲ့ရာမှ ယခုတွေ့ရှိချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

လေ့လာချက်အရ အသက်ရှစ်နှစ်ကျော် အရွယ်ရောက်လျှင် လူမည်းအမျိုးသမီးများမှာ လူဖြူအမျိုးသမီးများထက် ရင်သားကင်ဆာကြောင့် သေဆုံးနိုင်ခြေသုံးဆပိုများကြောင်း၊ ယင်းတွင် အဝလွန်ခြင်းနှင့် အခြားရောဂါဖြစ်နိုင်ခြေများကိုပါ ထည့်သွင်းတွက်ချက်ထားကြောင်းသိရသည်။ သုတေသီများသည် လူမည်းအမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားနှုန်း မြင့်မားရခြင်းအကြောင်း သိရှိနိုင်ရန် ဆက်လက်စူးစမ်းနေကြောင်းသိရသည်။

—Ref: Xinhua

## စာ-၁၃၊ နုပျိုမှုများ ပြန်လည်ရရှိနိုင်သည်ဟုဆိုသော Holistic Medicine ကုထုံး မှ

အသည်း အစရှိသည့်ရောဂါများနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများကုသမှုခံယူရန် မသင့်ကြောင်း သိရသည်။

ယင်းကုထုံးဖြင့် ကုသမှုခံယူနိုင်သည့်ရောဂါများရှိသော်လည်း အများစုမှာ ဇရာအား အနည်းငယ်ဆွဲဆန့်ထားလိုသူများ အများအပြားကုသမှုခံယူလေ့ရှိသည်ဟု သိရသည်။

ယင်းကုထုံးကို ကမ္ဘာ့ခေါင်းဆောင်အချို့နှင့် ကမ္ဘာကျော် အနုပညာရှင်များ အသုံးပြုလေ့ရှိကြကြောင်း သိရသည်။

ယင်းကုထုံးဖြင့် ကုသမှုခံယူပြီးသူများသည် ကုသမှုခံယူပြီး တစ်ပတ်မှ တစ်လအတွင်းပြန်လည်နုပျိုလာခြင်း၊ စိတ်ရွှင်လန်းလာခြင်း၊ ဆုံးဖြတ်ချက်များမှန်ကန်လာခြင်း၊ယခင်ခံစားနေရသည့်ရောဂါများပျောက်ကင်းသွားခြင်းအစရှိသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည်ဟု ဒေါက်တာဇော်လင်းကပြောသည်။

ယင်း Hoslstic Medicine ကုထုံးသည် အနောက်တိုင်းကုထုံးတစ်ခုဖြစ်သည့် ပင်မဆဲလ်ကုထုံးအားအခြေခံထားသည့်ကုထုံးတစ်ခုဖြစ်ပြီးတောင်ဆိတ်သန္ဓေသားများမှရယူထားသည့် Fresh Cells ကုထုံးဖြစ်သည်ဟု သိရသည်။

ကုသမှုခံယူမည့်သူကို အခြေခံအားဖြင့် ပထမရက်တွင် သက်ဆိုင်ရာကျွမ်းကျင်သူများမှ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်မည်ဖြစ်ပြီး အဆိုပါစစ်ဆေးမှုများပြုလုပ်နေစဉ်တွင် ကုသရန်မသင့်ပါက ကုသမှုပေးမည်မဟုတ်ကြောင်းသိရသည်။

ထို့နောက်ဒုတိယရက်တွင် ကုထုံးစတင်မည်ဖြစ်ပြီး တတိယရက်တွင် လိုအပ်ချက်များအားကုသမှုပေးကာ စတုတ္ထရက်တွင်စစ်ဆေးမှုများပြန်လည်ပြုလုပ်မည်ဖြစ်သည်။ ထိုစစ်ဆေးမှုများ ပြန်လည်ပြုလုပ်ပြီးချိန်တွင် လူနာအခြေအနေကောင်းမွန်ပါက ကုသမှုပြီးဆုံးပြီဖြစ်ကြောင်းသိရသည်။

"ဒီဆေးပညာရပ်ကို ကျွန်တော်တို့ကျောင်းမှာတုန်းကလည်း မသင်ခဲ့ရပါဘူး။ နောက်ဆုံးပေါ်ပညာရပ်တစ်ခုဖြစ်ပါတယ် အဲဒီလိုပညာရပ်နဲ့ ဝန်ဆောင်မှု မြန်မာနိုင်ငံကို အချိန်တိုတိုနဲ့ရောက်လာတာကောင်းပါတယ်"ဟု ကျန်းမာရေးဆောင်းပါးများရေးသားနေသူ လူငယ်ဆရာဝန်တစ်ဦးကပြောသည်။

ယင်းကုထုံးဖြင့်ကုသမှုခံယူလိုသူများသည်ထိုင်းနိုင်ငံနှင့်ဂျာမနီနိုင်ငံတို့တွင် သွားရောက်ကုသမှုခံယူနိုင်ကြပြီဖြစ်ပြီး ကုသမှုအတွက်ဝန်ဆောင်မှုအား ရောဦးကုမ္ပဏီမှပြုလုပ်လျက်ရှိပြီး ကုသမှုကုန်ကျစရိတ်မှာ(ယူရိုတစ်သောင်းခွဲ)မြန်မာကျပ်ငွေသိန်းတစ်ရာ့ရှစ်ဆယ်ခန့်ကုန်ကျနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဓရာသစ္စာ
အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး
ရန်ကုန်– ပြည်– ကြံခင်း– မြန်အောင်

| ရန်ကုန် | ပြည် | ကြံခင်း | မြန်အောင် |
| --- | --- | --- | --- |
| [illegible] | [illegible] | [illegible] | [illegible] |

# Regional

7 DAY NEWS JOURNAL

Vol.10, No.20 · AUGUST 4, 2011


## ရေလွှမ်းမိုးမှုကြောင့် တောင်ကုတ်တွင် စပါးစိုက်ခင်းနှင့်ပျိုးခင်းများထိခိုက်ပျက်စီး

**ဥက္ကာကိုကို၊ သန်းဌေး**

**တောင်ကုတ်၊ ဇူလိုင် - ၂၈**

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်တွင် ယခုလ ၂၀ ရက်နှင့် ၂၁ ရက်တွင် ၁၅ နှစ်အတွင်းစံချိန်တင်မိုးရွာသွန်းမှုကြောင့် ကျေးရွာအုပ်စု ၆၀ ၏ ၄၀ ရာခိုင်နှုန်းကျော် ရေလွှမ်းမိုးခံခဲ့ရပြီး မိုးစပါးကေ စိုက်ခင်းနှင့် ပျိုးခင်းများ ထိခိုက်ပျက်စီးခဲ့ရကြောင်း တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှသိရသည်။



ရေလွှမ်းနေသည့် မြောက်ဦးမြို့တစ်နေရာ

ဓာတ်ပုံ-ဥက္ကာကိုကို

တောင်ကုတ်မြို့နယ်တွင် ကျေးရွာ အုပ်စုပေါင်း ၆၀ နှင့် ကျေးရွာပေါင်း ၂၀၇ ရွာရှိပြီး ကျေးရွာအုပ်စုပေါင်း ၂၅ အုပ်စု ရေလွှမ်းခံရခြင်းဖြစ်ကာ ယင်းတို့တွင် မအီမြို့နယ်ခွဲမှ ကျေးရွာအုပ်စုရှစ်ခုလည်းပါဝင်သည်။

ရေလွှမ်းခံခဲ့ရသော ကျေးရွာအုပ်စု ၂၅ အုပ်စုတွင် တောင်သူလယ်သမား ၄၉၅ ဦးပိုင်ဆိုင်သည့် လယ်ကွင်းပေါင်း ၄၃ ကွင်းမှ ၁,၅၂၇ ဧက ရေလွှမ်းခံခဲ့ရသဖြင့် ပျိုးခင်း ၆၅ ခင်းနှင့် စိုက်ခင်း ၁၈၈ ခင်းပျက်စီးခဲ့သည်။

ထိုကဲ့သို့ ပျက်စီးသွားသော ပျိုးခင်းနှင့် စိုက်ခင်းများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးစပါး တင်း၅၀၀ ကိုရေပြန်ကျပြီးနောက် တစ်နေ့ ၂၂ ရက်နေ့တွင် တောင်သူများထံသို့ အမြန်ဆုံး ပေးအပ်နိုင်ခဲ့ကြောင်း တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က 7Day News သို့ပြောကြားသည်။ ရေလွှမ်းခံခဲ့ရသော တောင်ကုတ်မြို့နယ် ကျေးရွာအုပ်စုများမှာ ၁၇ အုပ်စုဖြစ်ပြီး တောင်ကုတ်မြို့နယ်အုပ်ချုပ်မှုအောက်ရှိ မအီမြို့နယ်ခွဲမှ ရေလွှမ်းခံရသော ကျေးရွာအုပ်စုမှာ ရှစ်အုပ်စုဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်အောက်တိုဘာလ ၂၂ရက်က တိုက်ခတ်ခဲ့သည့် ဂီရိမုန်တိုင်းကြောင့် တောင်ကုတ်မြို့နယ်တွင်စိုက်ပျိုးထားသောစပါးခင်းများ ဆားငန်ရေ ဝင်ရောက်မှုကြောင့်စပါးပင်များကျွမ်းလောင်ပျက်စီးခဲ့ဖူးသည်ဟု ဦးသိန်းဇော်ကပြောသည်။

## ငွေစက္ကူအတု ပြုလုပ်သူနှစ်ဦး ထောင်ဒဏ် (၁၅)နှစ်စီ ချမှတ်

**စောရန်နိုင်**

**မကွေး၊ ဇူလိုင်- ၃၀**

မကွေးမြို့နယ်အတွင်း ငွေစက္ကူအတုပြုလုပ်သည့် လူငယ်နှစ်ဦးကို သက်ဆိုင်ရာမကွေးခရိုင်တရားရုံးမှ စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် ဇူလိုင် ၁၁ ရက်က ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီ ၃၀ မိနစ်ချိန်ခန့်တွင် မကွေးမြို့၊ အောင်မေတ္တာရပ်၊ မြင်းကင်းလမ်းရှိ စတိုးဆိုင်တစ်ဆိုင်သို့ တစ်ရပ်ကွက်တည်းနေသူမိန်းကလေးမှ မသက်ဖွယ် က/၂၈၇၆၆၊ အေဒီ-၃၀၇၆၃၆၆ နံပါတ်ပါ ငွေစက္ကူဖြင့် ဈေးဝယ်လာကြောင်း သတင်းရရှိသဖြင့် သက်ဆိုင်ရာရဲစခန်းမှ ဒုရဲအုပ်သန့်ဇင်ဦးနှင့်အဖွဲ့သည်သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာဎင်းမိန်းကလေးထံမှ နောက်ထပ်မသက်ဖွယ်ငွေစက္ကူ(၅၀၀၀) ကျပ်တန် ၃ ရွက်အား ထပ်မံ၍ သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ငွေစက္ကူအတုနှင့်ပတ်သက်ပြီး ဎင်းမိန်းကလေးနှင့် သက်ဆိုင်သော အမျိုးသားနှစ်ဦးတို့အား အရေးယူပေးပါရန် တိုင်တန်းခဲ့ရာသက်ဆိုင်ရာမကွေးအမှတ်(၂)ရဲစခန်းက (ပ)၅၄၃/၁၁၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၈၉ (က)၊ (ခ)၊ (ဂ)တို့ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ပြီး ထိုအမှုအား ခိုင်မာစွာ တည်ဆောက်၍ သက်ဆိုင်ရာတရားရုံးသို့တရားစွဲတင်ပို့ခဲ့သည်။

ပြစ်မှုကျူးလွန်ကြောင်းထင်ရှား၍ အောင်သူရှိန် (ခ)ဖိုးသူ၊ အသက်(၃၀)နှစ်အဘဦးခင်မောင် သန်းမိတ္တူကူးစက်ဖြင့်လုပ်သားစိုးကောမင်းရပ်၊ မကွေးမြို့နေသူနှင့်မျိုးဝင်းထွန်းအသက်(၂၉)နှစ် အဘဦးဝင်းမြင့်ကန်သာပုံနှိပ်စက်လုပ်ငန်း ဘုရားလှအမှတ်(၃)ရပ်စကုမြို့နေသူတို့အား ပုဒ်မ ၄၈၉ (က)အရ ထောင်ဒဏ် ၁၀ နှစ်၊ ပုဒ်မ ၄၈၉ (ခ)အရ ထောင်ဒဏ် (၅)နှစ် သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ငွေစက္ကူလက်ဝယ်တွေ့ရှိသူ မိန်းကလေးအား ပုဒ်မ ၁၀၀ နှင့်အညီ သက်သေတင်ပြနိုင်ခြင်းမရှိ၍ စွဲချက်တင်ဖြေရှင်းရန် သက်သေခံများမပေါ်ပေါက်သဖြင့်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)အရစွဲချက်မတင်မီလွှတ်သည့် အမိန့်ချမှတ်ခဲ့သည်။

## လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ကျိုက္ခမီရေလယ်ဘုရား ပရိဝုဏ်အတွင်းကျပ်သိန်း ၂,၀၀၀ ဖိုးခန့် ပျက်စီးဆုံးရှုံး

**မိုင်ခရိုစကုပ်**

**မော်လမြိုင်၊ ဇူလိုင် - ၂၇**

မော်လမြိုင်မြို့နှင့် ၅၅ မိုင် ကွာဝေးသည့် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဘုရား ပရိဝုဏ်အတွင်း ဇူလိုင်လ ၂၀ရက် နံနက် ၃ နာရီအချိန်ခန့်တွင် လေပြင်းတိုက်ခတ်ခံရခြင်းကြောင့် ငွေကျပ်သိန်း ၂,၀၀၀ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အော်သံပေးကာ တိုက်ခတ်ခဲ့သည့် လေပြင်းဒဏ်ကြောင့် ရုပ်ရှင်ရုံဟောင်းတစ်ရုံ၊ ကဇာတ်ရုံတစ်ရုံ၊ သီရိဇေယျာ၊ သီရိစန္ဒာအဆောင်များ ပြိုကျပျက်စီးသွားကာဝဏ္ဏာနှင့် သရဖီတည်းခိုဆောင်မှ အမိုးသွပ်ပြားများ ဒိုင်းနှင့်အကာအချို့ပျက်စီးခဲ့သည်။ ထမင်းဆိုင်တန်းနှင့် ကျောက်ပွင့်ဆိုင်တန်းအချို့မှ သွပ်ပြားများလန်သွားပြီး စားသောက်ဆိုင်အချို့ပျက်စီးခဲ့သည်။

သစ်ပင်အချို့ကျိုးကျပြိုလဲသွားပြီး ဓာတ်မီးတိုင်နှင့်တယ်လီဖုန်းတိုင်ဆယ်တိုင်လဲကျပျက်စီးသွားသော်လည်း လူအသေအပျောက်အထိအခိုက်မရှိဘဲကျိုက္ခမီရေလယ်ဘုရားကြီး၏ သာသနိကအဆောက်အအုံများလုံးဝထိခိုက်ပျက်စီးခြင်းမရှိကြောင်း သိရသည်။ "လေတိုက်ချိန် ၁၀ မိနစ်လောက်ကြာပေမယ့်အသံကြီးက ကြောက်စရာကြီး။ ကျိုက္ခမီပတ်ဝန်းကျင်နဲ့ စက်စဲကမ်းခြေတွေမှာ မကြာခဏလေပြင်းတိုက်လေ့ရှိပေမယ့် ဘုရားပရိဝုဏ်ပတ်ဝန်းကျင်ကိုလေပြင်းတိုက်တာ ဒါပထမဦးဆုံးပါပဲ"ဟု ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

## တောင်အာဖရိကမှ ရှားပါးတိရစာန် ၅၈ ကောင် စင်းလုံးငှားလေယာဉ်ဖြင့် ဩဂုတ် ၉ ရက်တွင် နေပြည်တော်သို့ ရောက်ရှိမည်

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင် - ၂၇**

တောင်အာဖရိကနိုင်ငံမှ ရှားပါးတိရစ္ဆာန် ၅၈ ကောင်မှာ ဩဂုတ် ၉ ရက်တွင် စင်းလုံးငှားဘိုးရင်းလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှသတင်းရရှိသည်။



Photo- missgreenlady.com

ဎင်းရှားပါးတိရစ္ဆာန်များကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး(ရတနာပုံ)မြို့တို့ရှိ တိရစ္ဆာန်ဥယျာဉ်များတွင် ထားရှိမည်ဖြစ်သည်။

ရေမြင်းနှစ်ကောင်၊ အာဖရိကခြသေ့ညိုလေးကောင်၊ ခြသေ့ဖြူခြောက်ကောင်၊ ဘင်္ဂလားကျားဝါလေးကောင်၊ ကျားဖြူနှစ်ကောင်၊ ငှက်ကုလားအုတ် လေးကောင်၊ သစ်ကုလားအုတ်ခြောက်ကောင်၊ မြင်းကျားခြောက်ကောင်၊ နူးသမင် ၁၂ ကောင်နှင့် ဉာလာသမင် ၁၂ ကောင်တို့ပါဝင်ကြောင်း တာဝန်ရှိသူကပြောသည်။

အဆိုပါ ရှားပါးတိရစ္ဆာန်များအနက် သစ်ကုလားအုတ် နှစ်ကောင်၊ ခြသေ့နှစ်ကောင်နှင့်ကျားနှစ်ကောင်တို့အား တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့လည်းကောင်း၊ ကျားနှစ်ကောင်အား တိရစ္ဆာန် ဥယျာဉ်(ရတနာပုံ) သို့ လည်းကောင်း ပို့ဆောင် မွေးမြူသွားမည်ဖြစ်သည်။ ၂၀၁၁ဖေဖော်ဝါရီ ၁၂ရက်ကပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့သည့် ဆာဖာရီဥယျာဉ်(နေပြည်တော်)အတွက် ၂၀၁၀ နိုဝင်ဘာ ၂၉ရက် ကလည်း တောင်အာဖရိကနိုင်ငံမှ ရှားပါးတိရစ္ဆာန်ကိုးမျိုး(အကောင် ၆၀) လည်း စင်းလုံးငှား လေယာဉ်ဖြင့်ပင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။




7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011




## ဆိုင်ကယ်ချင်းစီးချင်းထိုး နှစ်လောင်းပြိုင်ဖြစ်



မိုင်ခရိုစကုပ်

**မော်လမြိုင်၊ ဇူလိုင် - ၂၇**

ဇူလိုင်လ ၂၇ ရက် နံနက် ၉နာရီ အချိန်ခန့်တွင် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်နေ မျိုးကိုကိုအောင် (၂၇နှစ်) (ဟိုတယ်ဝန်ထမ်း)သည် ဆိုင်ကယ်မောင်းနှင်လာခဲ့သည်။ ၎င်းဆိုင်ကယ်နောက်မှ ဆိုင်ကယ်တစ်စီးလိုက်ပါလာခြင်းကြောင့် ဖက်တန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ မွေး/ရေဘဏ်ရှေ့အရောက်တွင် မျိုးကိုကိုအောင်က ၎င်းစီးလာသောဆိုင်ကယ်အားထိုးရပ်စဉ် မော်လမြိုင်မြို့၊ စမ်းကြီးကျေးရွာ၊ ကျိုက္ခမီလမ်း၊ အမှတ်-၁၁ နေ (ဘ)ဦးဝင်းမော်၏သား မောင်ကျော်ဝင်းထွဋ် (၂၃နှစ်)က အသင့်ယူလာသော ရဲတင်းနှင့် မျိုးကိုကိုအောင်၏ ဦးခေါင်းအား လှမ်းခုတ်ခဲ့သည်။ မျိုးကိုကိုအောင်ကလည်း အသင့်ယူဆောင်လာသော အသွားလေးလက်မခန့်ရှိသော ခေါက်ဓား ဓားမြှောင်ဖြင့် ကျော်ဝင်းထွဋ်၏ ရင်ဘတ်သို့ထိုးခဲ့ပြီး ကျော်ဝင်းထွဋ်ကလည်း ၎င်း၏ခါးကြားတွင် အသင့်ယူဆောင်လာသော အရိုးအသွားတစ်ပေခန့်ရှိသော ဓားမြှောင်ဖြင့် မျိုးကိုကိုအောင်၏ ရင်ဘတ်အား ပြန်ထိုးခဲ့ကြောင်းသိရသည်။

ထိုသို့ နှစ်ဦးနှစ်ဖက် အပြန်အလှန်ထိုးခုတ်ခဲ့မှုကြောင့် မျိုးကိုကိုအောင်၏ဘယ်ဘက်တွင်ရင်အုံထိုးသွင်းဒဏ်ရာတစ်ချက်၊ဘယ်ဘက်ချိုစောင်းနှင့် ဘယ်ဘက်မျက်ခုံးတို့တွင်ပြတ်ရှဒဏ်ရာတစ်ချက်စီရရှိခဲ့ပြီး ကျော်ဝင်းထွဋ်မှာလည်း ဘယ်ဘက်ရင်အုံ၌ ထိုးသွင်းဒဏ်ရာနှစ်ချက်ရရှိခဲ့ကြပြီး အခင်းဖြစ်ရာနေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ယင်းအမှုအား စခန်းမှူး ရဲအုပ်တင်မောင်မြင့်က တရားလိုပြုလုပ် တိုင်ကြားခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား မြို့မရဲစခန်းမှ (ပ)၁၉၄/၂၀၁၁ ပြစ်မှုဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်းနှင့် ၎င်းတို့နှစ်ဦးမှာ ရန်ငြိုးရန်စရှိခဲ့ဖူးကြောင်း သိရသည်။

## စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)ကို ဖွဲ့စည်းရန်ပြင်ဆင်


ညီညီဇော်

**မန္တလေး၊ ဇူလိုင် - ၃၀**

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)ကို စတင်ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ကြီး(MYANMAR TOURISM BOARD)အဖွဲ့ကြီး၏ကြီးကြပ်မှုဖြင့်မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုး ဆောင်ရွက်သွားရန် ရည်ရွယ်သည်ဟုဆိုသော အဆိုပါအသင်းကို တစ်နှစ်ပတ်လုံး မည်သည့်အချိန်ကာလဖြစ်စေ လျှောက်ထားခွင့်ရှိကြောင်း၊ အသင်းဝင် အမျိုးအစားအလိုက် အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးများမှာ အသင်းဝင်အမျိုးအစား(က) အသင်းသားတစ်ဦးလျှင် အသင်းဝင်ကြေး ကျပ် ၁၀၀,၀၀၀၊ နှစ်စဉ်ကြေးကျပ် ၃၀,၀၀၀၊ အသင်းဝင်အမျိုးအစား(ခ) အသင်းသားတစ်ဦးလျှင် အသင်းဝင်ကြေးကျပ်၅၀,၀၀၀၊ နှစ်စဉ်ကြေးကျပ်၁၅,၀၀၀၊ အသင်းဝင်အမျိုးအစား(ဂ) အသင်းသားတစ်ဦးလျှင် ကျပ် ၂၀,၀၀၀၊ နှစ်စဉ်ကြေး ကျပ် ၅,၀၀၀ ဖြစ်ကြောင်း သိရသည်။





# မန္တလေးဟိုတယ်လုပ်ငန်းရှင်များအသင်းဗဟိုအလုပ်အမှုဆောင်သစ်ရွေးချယ်

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင် – ၂၆**

မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပဉ္စမအကြိမ်သက်တမ်းအတွက် အမှုဆောင်အဖွဲ့သစ်ကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းက ဖွဲ့စည်းခဲ့ကြောင်း အသင်း၏ အတွင်းရေးမှူးကပြောသည်။

ပဉ္စမအကြိမ်သက်တမ်းအတွက် အမှုဆောင်အဖွဲ့သစ်အဖြစ် ဥက္ကဋ္ဌ ဦးမြင့်အောင် (အောင်မြင့်မိုရ်ဟိုတယ်)၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးမောင်မောင်ဦး(ညွန်ကြားရေးမှူး-ဟိုတယ်/ခရီး)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းမောင်(ယူနီဗာ့စ်ဟိုတယ်)၊ အတွင်းရေးမှူး ဦးခင်မောင်ဆွေ (ဂလက်စီဟိုတယ်)၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးညွန့်ကျော် (ရွှေ်င်ရယ်ဟိုတယ်)နှင့် အမှုဆောင်အဖွဲ့အား ရွေးချယ်တင်မြှောက်ခဲ့သည်။

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)တွင်ပြည်တွင်းပြည်ပခရီးသွားများအတွက် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းပေါင်း ၂၁၂ လုံး၊ အခန်းပေါင်း ၆,၀၀၀ ကျော်ရှိကြောင်းသိရသည်။

အမှုဆောင်သစ်ရွေးချယ်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံသား ဟိုတယ်ပိုင်ရှင် (A member) ဖြစ်သူ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းဆိုင်ရာလုပ်ငန်းရှင်များအသင်း(ဗဟို)မှ လက်ခံသူ၊ အသင်း၏အကျိုးအတွက် စိတ်ကောင်းစေတနာဖြင့် အနစ်နာခံသူ၊ အသင်းဝင်ဟိုတယ်များ၏ အရေးကိစ္စရပ်များကို နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်နိုင်သူ၊ ကျန်းမာရေးကောင်း၍ အကျင့်စာရိတ္တကောင်းမွန်သူ၊ အများက လေးစားသူ၊ အမှုအခင်းကင်းရှင်းသူ စသောအချက်အလက်များနှင့်ကိုက်ညီသောသူများကို အမှုဆောင်သစ်အဖြစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။



ဓာတ်ပုံ – www.ihr-hotels.com

# ဒေါင်ကုမဏီက မနလေးတွင် ခုတင် ၅၅၀ ဆံ့ ကလေးဆေး ံ ဖွင့်လှစ်လှူဒါန်း

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင် – ၂၇**

မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်တွင်ခုတင်၅၅၀ဆံ့ကလေးဆေးရုံကြီး(မန္တလေး)ကို ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းက တရားဝင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး (မန္တလေး) သည် ၂၇ × ၂၈ လမ်းကြား၊ ၆၆ × ၆၈ လမ်းကြားတွင် တည်ရှိပြီး ဧရိယာ ၉ဒသမ ၅၇ ဧက ကျယ်ဝန်းသည်။

ယခင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးဝင်းနေရာကိုပြုပြင်တည်ဆောက်ခဲ့ပြီး အဆောက်အအုံဟောင်း ၃၇ လုံးအနက် ကြံ့ခိုင်မှုမရှိသော အဆောက်အအုံအချို့ကိုဖျက်သိမ်းခဲ့ပြီးအဆောက်အအုံ ၁၄ လုံးအားပြုပြင်မွမ်းမံအဆင့်မြှင့်တည်ဆောက်၍ အဆောက်အအုံ၂၀ကိုအသစ်တည်ဆောက်ခဲ့ကြောင်း၊စုစုပေါင်း ၃၄ လုံးရှိပြီး၊ ပြင်ပလူနာဌာန၊ အရေးပေါ်လူနာဌာန၊ခွဲစိတ်ကုသဆောင်၊ သီးသန့် လူနာဆောင်၊ သီးခြားကုသဆောင်၊ ဓာတ်ခွဲဌာန၊ ဓာတ်မှန်ခန်း၊အစည်းအဝေးခန်းမ၊ဆေးရုံအုပ်ကြီးနေအိမ်နှင့်ဝန်ထမ်းအိမ်ရာများ၊ ကလေး ကစားကွင်းတို့ ထည့်သွင်း တည်ဆောက်ထားပြီး ဒေါင်အုပ်စု ကုမ္ပဏီက ငွေကျပ် ၅,၂၁၁ဒသမ၆၃၆သန်းအကုန်ကျခံကာပြုပြင်တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါဆေးရုံသစ်ဖွင့်ပွဲနေ့က ဒေါင်အုပ်စုကုမ္ပဏီနှင့် မြန်မာ့ရှေ့ဆောင်ဘဏ် မိသားစုတို့က ဆေးရုံကြီးအတွက် လူနာတင်ယာဉ်နှစ်စီးနှင့် ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၃,၀၀၀၊ ရောဝတီဘဏ်လီမိတက်မှ ကျပ်သိန်း ၂၀၀နှင့်အခြားအလှူရှင်များအပါအဝင် စုစုပေါင်း ဆေးပဒေသာပင်အတွက်ကျပ်သိန်း၄,၀၀၀ကျော်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကလေးဆေးများသည် ဈေးကြီးမြင့်ပြီး ဆင်းရဲသောမိသားစုများအတွက် ကလေးများ ဖျားနာနေမကောင်းဖြစ်ပါက ဆေးကုသစရိတ်များ မတတ်နိုင်၍ကောင်းမွန်စွာကုသခြင်းမပြုနိုင်ကြောင်း၊ ဤကလေးဆေးရုံကြီးသည် အထက်မြန်မာပြည်အတွက်ကိုယ်စားပြုသောဆေးရုံကြီးဖြစ်သည့်အတွက်ဝမ်းမြောက်ကြောင်း ကလေးမိခင်တစ်ဦးက 7Day News သို့ပြောသည်။

# ကျပ်ငါးသိန်းတန်စီဒီအမ်အေ ၄၅၀ ဖုန်း မုံရွာတွင် ကျပ်ခြောက်သိန်းမှ ကျပ်ခြောက်သိန်းခွဲအထိ ရောင်းချ



**ရန်နိုင်ကျော်**

**မုံရွာ၊ ဇူလိုင် – ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ်ငါးသိန်းတန်စီဒီအမ်အေ ၄၅၀ ဖုန်းများအားပြီးခဲ့သည့်၂၀၁၀ပြည့်နှစ်ဇွန်လမှစတင်လျှောက်ထားခွင့်ပြုခဲ့ရာမှ ယခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် ကျပ်ငါးသိန်းတန်စီဒီအမ်အေ ၄၅၀ ဖုန်းများ လျှောက်ထားမှုကို ယာယီ ရပ်ထားလိုက်သည့်နောက်ပိုင်း ကျပ်ခြောက်သိန်းမှ ကျပ်ခြောက်သိန်းခွဲအထိ ရောင်းချလျက်ရှိကြောင်း မုံရွာမြို့တွင်ဖွင့်လှစ်ရောင်းချသောမိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်း ရောင်းချသူများကပြောကြားသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လဆန်းပိုင်းက မုံရွာမှာ စီဒီအမ်အေ ၄၅၀ ဖုန်းတစ်လုံးကို ကျပ် ၅၈၀,၀၀၀ ဈေးနဲ့ ရောင်းချပေးတယ်။ ဇူလိုင်လ ၂၂ ရက်ကစပြီး စီဒီအမ်အေဖုန်းတွေ လျှောက်ထားမှု ယာယီရပ်နားလိုက်တဲ့အတွက် မိုဘိုင်းဖုန်းဆိုင်တွေက စီဒီအမ်အေဖုန်းတွေကို ရသလောက်လျှောက်ထား စုဆောင်းထားပြီး ပြင်ပပေါက်ဈေးအဖြစ် ကျပ်ခြောက်သိန်းကနေ ကျပ်ခြောက်သိန်းခွဲအထိ ရောင်းချနေတယ်။ နောက်ပိုင်း ဖုန်းဝယ်လိုအားအပေါ် မူတည်ပြီး စီဒီအမ်အေ ၄၅၀ ဖုန်းတစ်လုံးကို ကျပ်ခုနစ်သိန်းအထိ ရောင်းချသူတွေလည်းရှိတယ်။ ကျေးလက်ဒေသတွေပါ ဆက်သွယ်ရေးလွယ်ကူတဲ့ စီဒီအမ်အေ ၄၅၀ ဖုန်းတွေ ဝယ်လိုအားများတဲ့အတွက် ကျပ်ခြောက်သိန်းဝန်းကျင် အရောင်းအဝယ်ပိုများပြီး ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းတွေ ဝယ်လိုအားရှိတော့ရှိတယ်၊ နည်းတဲ့အတွက် ကျပ် ၅၁၀,၀၀၀ ၊ ၅၂၀,၀၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်နေတယ်"ဟု မုံရွာမြို့ပေါ်ရှိ မိုဘိုင်းဖုန်း ရောင်းဝယ်သူတစ်ဦးကပြောသည်။ မုံရွာမြို့တွင် ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၄၅၀ မိုဘိုင်းဖုန်းများ စတင်ချထားစဉ်(၂၀၁၀ ခုနှစ်ဇွန်လတွင်)စီဒီအမ်အေဖုန်းတစ်လုံးလျှင် ကျပ်ခြောက်သိန်းခွဲဖြင့် မုံရွာမြို့ ဖုန်းဈေးကွက်၌ အရောင်းအဝယ်စတင်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဒေသအနှံ့ စီဒီအမ်အေဖုန်းများ ချထားပေးသည့်နောက်ပိုင်းမုံရွာဖုန်းဈေးကွက်တွင် ကျပ်ငါးသိန်းခွဲမှ ကျပ်ခြောက်သိန်းအကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မုံရွာဒေသခံမိုဘိုင်း ဖုန်းရောင်းဝယ်သူများ၏ ပြောပြချက်အရ သိရှိရသည်။

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၄၅၀ ဖုန်းများနှင့် ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများ အလွယ်တကူလျှောက်ထားခွင့်ပြုခဲ့သည့်နောက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများပါ ဆက်သွယ်ရေးစနစ် ပိုမိုလွယ်ကူလာကြောင်း သိရှိရသည်။

## ပွဲထိန်း၍မရသည့်အခြေအနေကြောင့် မော်လမြိုင်မြို့နယ်ဖလား ဘောလုံးပွဲများ အကန့်အသတ်မရှိရွှေ့ဆိုင်း

**မိုင်ခရိုစကုဗ်**

**မော်လမြိုင်၊ ဇူလိုင် – ၂၇**

မော်လမြိုင်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက်–၂၃ နှစ် အောက်ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲနှင့်အသက် ၂၅နှစ်အောက်ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် နှစ်ဖက်အသင်းသားများ အချင်းများရာမှ ပရိသတ်များ ပါဝင်လာခဲ့ပြီး ယင်းအခြေအနေများကြောင့် ပွဲစဉ်များ အကန့်အသတ်မရှိရွှေ့ဆိုင်းခဲ့ရသည်။

ယခင်နှစ်ဘောလုံးပြိုင်ပွဲသို့အလွတ်တန်းအဆင့်ရပ်ကွက်/ ကျေးရွာအုပ်စု ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင် ရပ်ကွက်နှင့်ကျေးရွာပြိုင်ပွဲဟူ၍ နှစ်မျိုးခွဲကာ အသက်ကန့်သတ်ချက်ဖြင့်ကျင်းပလျက်ရှိသည်။ ဇူလိုင်လ ၂၄ ရက် မွန်းလွဲ ၃ နာရီခွဲအချိန်က ကျေးရွာပေါင်း စုံဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ် လုပွဲအဖြစ် ငန်းတေးကျေးရွာအသင်းနှင့် ကျောက်တန်းကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဒုတိယပိုင်း ၁၅မိနစ်အရောက် တစ်ဖက်တစ်ဂိုးစီ သရေကျနေ ချိန်တွင် နှစ်ဖက်ကစားသမားများ မကျေမနပ်ဖြစ်ပြီး ခိုက်ရန်ဖြစ်ပွားခဲ့ရာမှ ဘောလုံးယှဉ်ပြိုင်ခြင်းကို ရပ်ဆိုင်းခဲ့ရပြီး ဗိုလ်လုပွဲ ယှဉ်ပြိုင်ခြင်းကို ရက်အကန့်အသတ်မရှိရွှေ့ဆိုင်းခဲ့ရကာဇူလိုင်လ ၂၅ ရက်တွင် စတင်သည့် ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကိုလည်းခေတ္တရပ်ဆိုင်းထားကြောင်း သိရသည်။

ကျေးရွာပေါင်းစုံဘောလုံး ပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြစဉ် ပွဲကြည့်ပရိသတ်များ၏ ကြမ်းတမ်းစွာအားပေးခဲ့မှုကြောင့် နှစ်ဖက်အားကစားသမားများကြမ်းကြမ်းတမ်းတမ်း ကစားခဲ့ကြခြင်းဖြစ်ကြောင်း ဘောလုံးဝါသနာရှင်တစ်ဦးကသုံးသပ်သည်။ သူ့အသင်း ကိုယ့်အသင်း အနိုင်ရရှိရေးအတွက် အားသွန်ခွန်စိုက်ယှဉ်ပြိုင်ကစားကြရင်း အုပ်စုပွဲစဉ်မှာပင် နှစ်ဖက်အားကစားသမားများ ခိုက်ရန်ဖြစ်ပွားမှုအချို့ ရှိခဲ့ကြသဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားကြသောဘောလုံးပွဲကို ဘောလုံးဝါသနာရှင်များ မျှော်လင့်တောင့်တလျက်ရှိသည်။

အားကစားသမားတွေဘက်က အားကစားစိတ်ဓာတ်အပြည့်နဲ့ တရားသောယှဉ်ပြိုင်ခြင်းဖြင့် ယှဉ်ပြိုင်သင့်သလို ပွဲကြည့်ပရိသတ်များအနေနှင့်လည်း ယဉ်ကျေးမျှတစွာ အားပေးရန်လိုအပ်ကြောင်း၊ ရသပေးနိုင်သော ဘောလုံးပွဲတစ်ပွဲပေါ် ထွက်လာနိုင်ရေး သည် ကွင်းလယ်ဒိုင်လူကြီးများနှင့် စည်းကြပ်ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်မှန်ကန်မှု အရေးကြီးကြောင်း အဆိုပါဘောလုံးဝါသနာရှင်ကပြောသည်။ အဆိုပါ ပွဲစဉ်တွင် နှစ်ဖက်အသင်းသားများ အစပြုခဲ့သည့် အခြေအနေမှတစ်ဆင့် ပွဲစဉ်အတွင်း ပရိသတ်များမှာ ကွင်းအတွင်းသို့ အရာဝတ္ထုများနှင့် ပစ်ပေါက်ခြင်း၊ ဆဲဆိုခြင်း၊ ကွင်း အတွင်းဝင်ရောက်လာခြင်းများပြုလုပ်ခဲ့ပြီး ပွဲပြီးချိန်တွင်လည်း အားကစားရုံအား ဖျက်ဆီးခြင်း၊ ဗီနိုင်းပိုစတာများအား ဆုတ်ဖြဲသွားခြင်းများပြုခဲ့ကြောင်း သိရသည်။

# ပုဂလိကစက်မှုလုပ်ငန်းများ အခွန်ကင်းလွတ်ခွင့် သက်သာခွင့် လျှောက်ထားနိုင်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင် – ၂၇**

စက်မှုလုပ်ငန်းထူထောင်လိုသူပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဌာနမှ ချေးငွေအပြင် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် အခြားလုပ်ငန်းလိုအပ်များကိုလည်း လျှောက်ထားနိုင်ကြောင်း စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှသတင်းရရှိသည်။

လုပ်ငန်းရှင်များအနေဖြင့် အသုံးပြုရန်လိုအပ်သော မြေ၊ ရေ၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ပြည်တွင်းပြည်ပကုန်ကြမ်း၊ စက်နှင့် စက်အရန်ပစ္စည်းများ၊ပြည်တွင်းပြည်ပနည်းပညာများကိုပါ လျှောက်ထားခွင့်ရှိကြောင်း နေပြည်တော်တွင် ကျင်းပခဲ့သည့်မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ(၂၀၁၁)၌တရားဝင်ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် စက်မှုမှတ်ပုံတင်ခြင်းကိုလည်း ရက်ပိုင်းအတွင်းပြီးပြတ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယင်းအတွက် ရုံးချုပ်နှင့်ပြည်နယ်/တိုင်းဒေသကြီးရှိရုံးများအကြား အွန်လိုင်းမှ ပေးပို့ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်ဟုဆိုသည်။ စက်မှုမှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးပေးသွင်းပြီးပါက နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

၂၀၁၁ ဇွန်လကုန်အထိ စာရင်းများအရ မြန်မာတစ်နိုင်ငံလုံးတွင်စက်မှုလုပ်ငန်းပေါင်း၄၃,၁၉၅ ခုအထိရှိပြီး လုပ်သားဦးရေ ၅၂၅,၆၂၄ ဦးဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ ကျပ်ငွေသန်းပေါင်း ၄၇ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၃၃၂ ဒသမ ၅၉၃ သန်း၊ ယွမ် ၄၆ သန်းကျော်၊ အက်ဖ်အီးစီ ငါးသန်းကျော်၊ ယူရိုခြောက်သန်းကျော်၊ ရင်းဂစ် ၀ ဒသမ ၂ သန်းခန့်နှင့် ဘတ် ၀ ဒသမ ၂၂၀ သန်းခန့်ရှိကြောင်း တရားဝင်ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။

**စက်မှုလုပ်ငန်းများအတွက် မှတ်ပုံတင်ကြေးနှင့်သက်တမ်းတိုးကြေးနှုန်း**

| အရွယ်အစား | မှတ်ပုံတင်ကြေး | သက်တမ်းတိုးကြေး |
|---|---|---|
| အငယ်စား | ၁၂,၀၀၀ | ၁၀,၀၀၀ |
| အလတ်စား | ၂၅,၀၀၀ | ၂၀,၀၀၀ |
| အကြီးစား | ၅၀,၀၀၀ | ၄၀,၀၀၀ |

7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

## နေပြည်တော်တွင်ဖြူတီပါလာအမည်ခံ အနှိပ်ခန်းများကိုစာရင်းမှတ်တမ်းကောက်ယူ

ကျော်ဇေယျ

**နေပြည်တော်၊ ဇူလိုင် - ၂၉**

နေပြည်တော်ဒေသအတွင်းရှိ ဖြူတီပါလာအမည်ခံ အနှိပ်ခန်းများ၊ ကေတီဗီဆိုင်များနှင့် စင်တင်စားသောက်ဆိုင်လုပ်ငန်းများရှိ လူဦးရေအလုပ်သမားစာရင်းများ၊ ဆိုင်ရှင်အမည်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်းများ စာရင်းကောက်ယူရုံသာမကပဲ ဆိုင် (သို့မဟုတ်) အဆောက်အအုံအတွင်း၊ အပြင်နှင့် ဆိုင်တာဝန်ခံကိုပါ သက်ဆိုင်ရာက ဓာတ်ပုံရိုက်ယူကာ စနစ်တကျစာရင်းပြုစုမှတ်တမ်းတင်နေကြောင်း သတင်းရရှိသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ နေပြည်တော် ပျဉ်းမနား ရဲစခန်းမှ ရဲအရာရှိတစ်ဦးက "ဖြူတီပါလာအမည်ခံ အနှိပ်ခန်းတွေ၊ ကေတီဗီဆိုင်တွေနဲ့ စင်တင်စားသောက်ဆိုင်လုပ်ငန်းတွေဆိုတာ အရင်တုန်းကနေပြည်တော်ဒေသအတွင်းထဲမှာ နေပြည်တော် ပျဉ်းမနားက အများဆုံးပဲ။ အဆိုးဆုံးက ဖြူတီပါလာအမည်ခံ အနှိပ်ခန်းတွေပေါ့။ တချို့က အလှပြင်ဆိုင်လိုင်စင်ရယူထားပြီး အနှိပ်ခန်းဖွင့်သလို တချို့တွေဆိုရင် အလှပြင်ဆိုင်လိုင်စင်တောင် ရယူထားခြင်းမရှိဘဲ အလှပြင်ဆိုင်နာမည်တပ်ပြီး အနှိပ်ခန်းဖွင့်လုပ်ကိုင်နေကြတာ" ဟု ပြောသည်။



*အနှိပ်ခန်းနှင့် KTV များကို စီမံချက်ဖြင့်အရေးယူ ဆောင်ရွက်နေသော်လည်း တိုးတိုးတိတ်တိတ်ဖွင့်လှစ်လုပ်ကိုင်နေသည်များလည်းရှိသည်*

ဓာတ်ပုံ - ကျော်ဇေယျ

"အရင်တုန်းက အဲလို အမှုမျိုး ဖမ်းတယ်ဆိုတာက ဆိုင်ရှင်ဒါမှမဟုတ် အဓိက တာဝန်ရှိတဲ့ မန်နေဂျာလောက်ပဲဖမ်းပြီး တရားစွဲတာမျိုးလုပ်ပေမယ့် အခုနောက်ပိုင်းမှာ အနှိပ်သမရော ဘာရော ဖမ်းဆီးအရေးယူပါတယ်။ အာမခံလည်း မပေးတော့ဘူး။ ဒါကြောင့် တော်တော်လေး ငြိမ်သွားတာ။ အကြိုအကြားမှာ ခိုးလုပ်နေကြတဲ့ အနှိပ်ခန်းတွေလည်း သတင်းအရ မြို့နယ်အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီး ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရပါတယ်။ ဒါပေမဲ့ အဲလို အကြိုအကြားတွေမှာ ခိုးလုပ်နေတာလည်းရှိတယ်၊ မရှိဘူးလို့ ငြင်းမှာမဟုတ်ပါဘူး"ဟု အဆိုပါရဲအရာရှိက ထပ်မံပြောကြားသည်။

"ကျွန်တော်က တားမြစ်ချက်တွေပြင်းပြင်းထန်ထန်မထုတ်ခင်ကာလက အနှိပ်ခန်းအလုပ်ကို လုပ်ပါတယ်။ အခုတော့တော်တော်လန့်ပြီး မလုပ်ဖြစ်တော့ပါဘူး။ အဆောက်အအုံငှားရမ်းထားတဲ့ကာလမကုန်သေးလို့သာနေနေတာပါ။ ဒါပေမဲ့ လမကုန်ခင်က ကျွန်တော့်ဆိုင်ကို ရဲနယ်ထိန်းတပ်ဖွဲ့ဝင်တွေလာပြီး စာရင်းအတိအကျ ရယူစာရင်းကောက်သွားပြီး ဆိုင်မှာရှိတဲ့ လုပ်ငန်းအသုံးအဆောင်တွေပါ မှတ်တမ်းတင်ဓာတ်ပုံရိုက်သွားပါတယ်။ဖြူတီပါလာဆိုင်သုံး ဘေစင်တွေရော။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော် ဘာမှ မလုပ်တော့ပေမယ့် တော်တော်လေးလန့်သွားတယ်"ဟု ယခင်ကဖြူတီပါလာအမည်ခံ အနှိပ်ခန်းဖွင့်လှစ်ခဲ့သော လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထိုသို့ စာရင်းပြုစုကာ ဓာတ်ပုံများရိုက်ခြင်းမှာ နေပြည်တော်ဒေသအတွင်း ပထမဦးဆုံးအကြိမ်ဖြစ်ပြီး ဖြူတီပါလာများသာမက ကေတီဗီများ၊ စင်တင်စားသောက်ဆိုင်များပါ ပါဝင်ကြောင်းနှင့် သက်ဆိုင်ရာမှ ယင်းသို့ ဆောင်ရွက်ပြုမူနေသည့်အတွက် အထက်ပါလုပ်ငန်းများရှိ တရားမဝင်ကိစ္စအားလုံးအတွက် အဟန့်အတားဖြစ်စေပြီး ၎င်းတို့လောကအတွင်း အမျိုးမျိုးသော ဝေဖန်ပြောဆိုမှုများရှိနေကြောင်းလည်းသိရသည်။

## မွန်ပြည်နယ်တွင် ရာဘာဧကတစ်သောင်းကျော် တိုးချဲ့စိုက်ပျိုးမည်

မိုင်ခရိုစကုပ်

**မော်လမြိုင်၊ ဇူလိုင် - ၂၇**

ရွှေဖြူဟုတင်စားသော ရာဘာပင်များကို မွန်ပြည်နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဧက ၁၁,၀၈၁ တိုးချဲ့စိုက်ပျိုးသွားရန်လျာထားကြောင်းသိရသည်။

မွန်ပြည်နယ်သည် မြန်မာတစ်နိုင်ငံလုံးတွင် ရာဘာအထွက်နှုန်းအများဆုံးဒေသဖြစ်ရာ အရည်အသွေးမြင့်မားသော ရာဘာပြားကုန်ချောထွက်ရှိမှုနှင့် ရာဘာနှင့်ပတ်သက်သော ဆက်စပ်ကုန်ချောပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများ ထူထောင်ရန်လိုအပ်နေပြီဖြစ်ကြောင်း သို့မှသာ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ကြောင်း ရာဘာလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောသည်။

မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ စိုက်ပျိုးပြီး ရာဘာဧက ၄၅၁,၇၂၅ ရှိသည်။ဇွန်လ ၂၂ရက်ပေါက်ဈေးအရ ရာဘာဈေး (ရာဘာပြား) RSS-3တစ်ပေါင်လျှင်၁,၅၀၀ကျပ်၊ RSS-5 အမျိုးအစား တစ်ပေါင်လျှင်၁,၃၇၀ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ဒေါ်လာကျသော်လည်း ရာဘာဈေးမှာ တစ်ပေါင်လျှင် ကျပ် ၅၀ မှ ၁၀၀ အထိ ဈေးမြင့်လာခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ ရာဘာသုံးစွဲမှုပိုမိုများပြားလာခြင်းကြောင့်ဖြစ်ပြီး ရေရှည်တွင် ရာဘာဈေးမြင့်လာနိုင်ကြောင်း ရာဘာလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

မွန်ပြည်နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း တစ်ဧက ပျမ်းမျှ ရာဘာအထွက်နှုန်း ၆၅၁ ဒသမ ၉၈ ပေါင်ရှိပြီး မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ၈၂,၃၇၄ တန်ထွက်ရှိခဲ့ကြောင်းသိရသည်။ လက်ရှိတွင် အစေးခြစ်ဧက ၂၇၈,၅၄၀ ရှိသောကြောင့် လူတစ်ဦးလျှင်နှစ်ဧကနှုန်း အစေးခြစ်နိုင်သည့် လုပ်အားနှင့် နှိုင်းယှဉ်ပါက လူပေါင်း ၁၄၀,၀၀၀ ခန့်အား အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ကြောင်း သိရသည်။

ရာဘာပျိုးပင်တစ်ပင်ထုတ်လုပ်မှုကုန်ကျစရိတ်သည် ၂၁၀ ကျပ်ခန့်ရှိပြီး ပျိုးပင် တစ်ပင်ရောင်းဈေး ၃၅၀ ကျပ်ရှိသောကြောင့် ရာဘာပျိုးပင်တစ်ပင်တွင် အသားတင် ၁၄၀ ကျပ် အကျိုးအမြတ်ရှိ၍ မိုးရာသီတွင် ရာဘာပျိုးပင်စိုက်ခင်း ထူထောင်သူများပြားလေ့ရှိကြောင်း သိရသည်။

## ချင်းတွင်းမြစ်ရေဝင်ဒေသ မြစ်ရေကြီးချိန်တွင် မြေသားအက်ကွဲမှုဖြစ်ပေါ်ခြင်း ပိုများလာ

ရန်နိုင်ကျော်

**မုံရွာ၊ ဇူလိုင် - ၂၇**

မုံရွာမြို့နယ် ချင်းတွင်းမြစ်ရေဝင်ဒေသ၌ လွန်ခဲ့သော ၂ နှစ်တာကာလအတွင်း ချင်းတွင်းမြစ်ရေဝင်ရောက်မှုမရှိခြင်း၊ အပူချိန်မြင့်တက်ခြင်းများ ကြုံတွေ့ခဲ့ရသည့်နောက်ပိုင်း ယခုလ တတိယပတ်အတွင်း ချင်းတွင်းမြစ်ရေမြင့်တက်လာချိန်တွင် မြေသားအက်ကွဲမှုများ ဖြစ်ပေါ်မှု ပိုမိုများပြားလာကြောင်း ချင်းတွင်းရေဝင်ဒေသခံများကပြောသည်။

"အပူချိန်မြင့်တက်တဲ့နှစ်တွေမှာ ချင်းတွင်းမြစ်ရေ ဝင်ချိန်မှာ မြေသားကျုံ့ကျပြီး အက်ကွဲကြောင်းကြီးတွေဖြစ်ပေါ်တာ များတယ်ဆိုပေမယ့် ဒီနှစ်ရေမဝင်တာ ၂နှစ်လောက်ကြာတော့ မြေသားတွေအက်ကွဲတာပိုများတယ်။ ကျေးရွာထဲက နေအိမ်အချို့မှာ မြေသားတွေ အက်ကွဲတာများပြီး ချင်းတွင်းမြစ်မြေသားတာတစ်လျှောက်မှာလည်း မြေသားအက်ကွဲတာတွေကြောင့် ရေကင်းတာဝန်ရှိသူတွေရော ကျေးရွာကဒေသခံတွေပါ နေ့ရောညပါ စောင့်ကြည့်နေရတာပိုများတယ်။ အချို့ မြေသားအက်ကွဲမှုတွေမှာ ချင်းတွင်းတာတစ်လျှောက်ခင်းထားတဲ့ကျေးလက်ကျောက်ချောလမ်းပါပြတ်ရွေ့တဲ့အထိကြုံတွေ့ခဲ့ရပြီး မြေသားအက်ကြောင်းထဲမှ ရေတွေ စိမ့်ထွက်လာတဲ့အတွက်နေ့ရောညပါစောင့်ကြည့်ပိတ်ဆို့နေရတာ ပိုများလာတယ်။ ချင်းတွင်းတာတစ်လျှောက်မြေသားအက်ကွဲကြောင်းတွေကတစ်ဆင့် တာကျိုးမှု မဖြစ်ပေါ်စေရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိသူတွေရောဒေသခံတွေပါ ပူးပေါင်းပြီး နေ့ရောညပါ ရေကင်းတွေဖွင့်လှစ်ဆောင်ရွက်နေရတယ်" ဟု ချင်းတွင်းမြစ်ရေဝင်ဒေသ မုံရွာမြို့နယ် သစ်ဆိမ့်ကျေးရွာ ရေကင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အပူချိန်မြင့်တက်မှုကြုံတွေ့ခဲ့ရသည့်နောက်ပိုင်း ချင်းတွင်းမြစ်ရေဝင်ရောက်မှုနည်းပါးလာသည့်အတွက်မြေအောက်ရေခန်းခြောက်မှု ပိုများသဖြင့် ယခုနှစ် ချင်းတွင်းမြစ်ရေဝင်ချိန်တွင် မြေလွှာအက်ကွဲကြောင်းများ ဖြစ်ပေါ်မှုပိုမိုများပြားခဲ့ကြောင်း သိရှိရသည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယခုလ ၂၅ ရက် နံနက် ၁၂နာရီအချိန် တိုင်းထွာချက်များအရ၁၀၃၉စင်တီမီတာသို့ရောက်ရှိခဲ့ပြီး မုံရွာမြို့၏ စိုးရိမ်ရေ အမှတ်ဖြစ်သော ၁၀၀၀ စင်တီမီတာအထက် ၃၉ စင်တီမီတာ(၁ဒသမ ၃ပေခန့်)မြင့်တက်နေခဲ့ပြီးနောက်ပိုင်း ချင်းတွင်းမြစ်ရေကျဆင်းလာကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ချင်းတွင်းမြစ်တာရိုးရေလျှံခြင်းကြောင့် ၁၉၇၉ခုနှစ် ဩဂုတ်လဆန်းပိုင်းနှင့် ၂၀၀၂ခုနှစ် ဩဂုတ်လကုန်ရက်ပိုင်းကာလများတွင် မုံရွာမြို့အတွင်း ချင်းတွင်းမြစ်ရေကြီးမှုနှစ်ကြိမ် တိုင်တိုင်ကြုံတွေ့ခဲ့ရခြင်းကြောင့် ချင်းတွင်းမြစ်ရေကာတာရိုးတစ်လျှောက် ကြံ့ခိုင်မှုရှိစေရေးအတွက်ဆောင်ရွက်လျက်ရှိသည်။ ချင်းတွင်းတာတစ်လျှောက်အောင်ဇေယျလမ်းမကြီးအဖြစ် ဖောက်လုပ်ခဲ့သဖြင့် မုံရွာဆိပ်ကမ်းတွင် အထက်၊ အောက် လမ်းနှစ်ထပ်မောင်းနှင်နိုင်သော ကျောက်ချောကတ္တရာလမ်းများဖြင့် ကားများသွားလာနိုင်ကြောင်းသိရှိရသည်။

AA Medical Products Ltd.

ဝန်ထမ်းအလိုရှိသည်

INTERNET

# အရှေ့အလယ်ပိုင်းရောက် မြန်မာလုပ်သားအချို့ နေရပ်ပြန်ရန်ပြင်ဆင်

**ကျော်သီဟ**

ပြည်တွင်း၌ကန်ဒေါ်လာလဲလှယ်မှုနှုန်းကျဆင်းမှုဂယက်ကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသူများ တွက်ခြေမကိုက်ဖြစ်နေပြီး အရှေ့အလယ်ပိုင်းနိုင်ငံရောက် မြန်မာများ အမိနိုင်ငံသို့ပြန်လာရန် ပြင်ဆင်သူများနေကြောင်း အရှေ့အလယ်ပိုင်းရောက် မြန်မာလုပ်သားများထံမှ စုံစမ်းသိရသည်။

အဆိုပါ အရှေ့အလယ်ပိုင်းနိုင်ငံရောက် မြန်မာလုပ်သားများထဲမှ အသက် ၂၅နှစ်ကျော် လူငယ်တစ်ဦးဖြစ်သူ နောင်နောင်မှာ ၂၀၀၉ ခုနှစ်ကုန်ပိုင်းမှ ကာတာနိုင်ငံသို့ စတင်ထွက်ခွာသွားပြီး စားသောက်ဆိုင် ဝန်ထမ်းတစ်ဦးအဖြစ် လုပ်ကိုင်လျက်ရှိရာ ယခုကဲ့သို့ ဒေါ်လာဈေး ကျဆင်းနေမှုကြောင့် ရန်ကုန်သို့ ပြန်လာရန် စိတ်ကူးဆုံးဖြတ်ထားသည်ဟု ဆိုသည်။

အဝေးရောက် မြန်မာလုပ်သားများမှာ ၂၀၁၁ ခုနှစ်ဆန်းပိုင်းမှစတင်ကာ တရိပ်ရိပ်ကျဆင်းလာသော ကန်ဒေါ်လာ လဲနှုန်းမှာ ပြည်တွင်း ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များနှင့် အီလက်ထရွန်နစ်ရောင်းဝယ်သူများအထိရင်းနှီးမြှုပ်နှံမှုကမောက်ကမဖြစ်စေခဲ့သည်။ ယင်းနောက် နိုင်ငံခြားရောက် ထောင်သောင်းမကသော မြန်မာလုပ်သားများ၏ပြည်တွင်းရှိမိသားစုများထံ ငွေပြန်ပို့ရာတွင်လည်း ထိခိုက်လာခဲ့သည်။

"ဒီက မြန်မာတွေ အတော်များများ ပြန်ဖို့လုပ်နေကြတယ်။ ငွေပေါက်ဈေးက တော်တော်ကို ခေါင်းစားစရာဖြစ်နေတယ်။ လစာနည်းတော့ ပေါက်ဈေးနဲ့ ဘယ်လိုလုပ်မလဲ။ စာချုပ်သက်တမ်းပြည့်ရင်ပြန်မယ့်သူတွေများတယ်"ဟု ကာတာနိုင်ငံ စားသောက်ဆိုင် တစ်ဆိုင်တွင် လုပ်ကိုင်နေသော မြန်မာလုပ်သားတစ်ဦးက ဆိုသည်။ မလေးရှား၊ စင်ကာပူနိုင်ငံများပြီးလျှင် မြန်မာအများစုမှာ ကာတာ၊ ဒူဘိုင်း၊ ဘာရိန်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည်ဟု လုပ်သားများအား နိုင်ငံခြားပို့သည့်အေဂျင်စီတစ်ခုကဆိုသည်။

ပြည်တွင်းသို့ ပြန်ပို့ရသော ငွေကြေးမှာလည်း ယခင်ဒေါ်လာဈေးကောင်းစဉ်က တွက်ခြေကိုက်သော်လည်း ယခုနှစ်ဆန်းပိုင်းတွင် တဖြည်းဖြည်းကျဆင်းခဲ့သောဒေါ်လာဈေးကြောင့် လအတော်ကြာ ငွေဈေးနှုန်းကျဆင်းမှုဒဏ်ကိုခံနေကြရပြီးဖြစ်သည်ဟု ဒူဘိုင်းရောက် မြန်မာတစ်ဦးက ပြောသည်။

"အခု ငွေဈေးအရ ငွေလွှဲတာမြန်မာနိုင်ငံကိုကျပ်တစ်သိန်းရောက်ဖို့ ကာတာငွေ ရီရယ် ၅၀၀ နီးပါးပေးရတယ်"ဟု ကာတာနိုင်ငံ Chowking စားသောက်ဆိုင်တွင် လုပ်ကိုင်နေသော မြန်မာတစ်ဦးကဆိုသည်။



အထက်ပါစားသောက်ဆိုင်တွင် အလုပ်လုပ်နေသော လုပ်သားအများစုမှာမြန်မာများဖြစ်ပြီး သန့်ရှင်းရေး၊ စားပွဲထိုး စသည်တို့ လုပ်ကိုင်နေကြသည်။ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများသည် အလုပ်လစာ စကားပြောစဉ်က ကာတာငွေ ၁,၉၀၀၊ ၁,၈၀၀ ခန့်ရမည်ဟု မက်လုံးပေးထားသော်လည်း လက်တွေ့တွင် နေစရိတ်အဖြစ် လစာထဲမှ ကာတာငွေ ၁,၀၀၀ အဖြတ်ခံရသည့်အတွက် ရရှိသည့် လစာမှာ မြန်မာငွေနှင့် ပြန်တွက်လျှင် ကျပ်နှစ်သိန်းနီးပါးသာရရှိကြသည်ဟု အဆိုပါ မြန်မာလုပ်သားကရှင်းပြသည်။

ငွေဈေးကျဆင်းမှုကြောင့် မိသားစုရှိသူများမှာ ရသမျှ ငွေစုဆောင်း၍ ပြည်တွင်း၌သာ ရင်းနှီး၍ လုပ်ကိုင်စားသောက်ရန် ပြန်လာကြမည်ဖြစ်သည်။

"ကျွန်တော်က အခုလကုန် ပြန်လာဖို့ပဲရှိတယ်"ဟု ဒူဘိုင်းရှိ အမ်းမရိတ်လေကြောင်းလိုင်းတွင် Customer Service လုပ်သားအဖြစ်လုပ်ကိုင်ခဲ့သူတစ်ဦးက ပြောကြားပြီး ၎င်းမှာ လစာမြန်မာငွေကျပ်နှစ်သိန်းကျော်ကျော်သာ ရရှိသည်ဟု ဆိုသည်။

အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်သော မြန်မာလုပ်သားများထဲမှ အချို့မှာ ငွေဈေးကျဆင်းမှုကြောင့် ဒူဘိုင်းရှိ အတန်အသင့်လစာကောင်းသော ဟိုတယ်လုပ်ငန်းများသို့ လည်းကောင်း၊ ကူဝိတ်၊ ဂျော်ဒန် အစရှိသည့်နိုင်ငံများအထိ ဆက်လက်ခြေဆန့်ကြရန်ဆုံးဖြတ်ကြသည်။

သို့သော် ယင်းကဲ့သို့ သံအဆက်အသွယ်မရှိသော နိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများ တစ်စုံတစ်ရာ ဖြစ်ခဲ့ပါက ကူညီရန်ခဲယဉ်း၍ အလုပ်သမားများအတွက်ယင်းသို့ သွားရောက်လုပ်ကိုင်ခြင်းကစွန့်စားခန်းတစ်ခုဖြစ်သည်ဟု လူကုန်ကူးမှုကာကွယ်တားဆီးရေးမှ တာဝန်ရှိသူကပြောကြားသည်။

စင်ကာပူနိုင်ငံရောက် မြန်မာကွန်ပျူတာပညာရှင်အချို့မှာလည်း ငွေဈေးကြောင့် စိတ်ပျက်နေကြသော်လည်းရှိရင်းစွဲအလုပ်မှ မထွက်လိုကြဘဲ အချိန်စောင့်လိုကြကြောင်း စင်ကာပူရောက် မြန်မာတစ်ဦးထံမှသိရသည်။

"ငွေဈေးကစိတ်ပျက်စရာပဲ" ဟုစင်ကာပူတွင်ကွန်ပျူတာပညာဖြင့် လုပ်ကိုင်နေသူ မြန်မာတစ်ဦးက ပြောသည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းခေတ်စားလာသော အရှေ့အလယ်ပိုင်း နိုင်ငံများ၏ အလုပ်အကိုင်အခွင့်အလမ်းမှာ မြန်မာများအဖို့ ယခင် ဂျပန်၊စင်ကာပူ၊ မလေးရှားပြီးပါက သွားရောက်လုပ်ကိုင်ရန် ရွေးချယ်စရာတစ်ခုဖြစ်လာသည်။

ယခုအခါ ကန်ဒေါ်လာလဲနှုန်း ကျဆင်းမှုဒဏ်ကို ပြည်ပရှိ မြန်မာလုပ်သားများ၊ ပြည်တွင်းရှိ လုပ်ငန်းရှင်များ အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုရှိနေဆဲဖြစ်ပြီး၊ ကန်ဒေါ်လာနှင့် ပြည်တွင်းငွေ တိုက်ရိုက်လဲလှယ်မှုမှာပြည်ပရောက် မြန်မာလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ၏ အနာဂတ်ခရီးအတွက်အဓိကကျသည့် အချက်တစ်ခုပင်ဖြစ်နေသည်။

## Free Classified ဝန်ထမ်းအလိုရှိသည် အခမဲ့ကြော်ငြာကဏ္ဍ

အသစ်ဖွဲ့မည့် ကုမ္ပဏီအတွက် English(4 Skills)ရသူ
1-Manager 2-Posts
2-Office Staff 2-Posts
Rm-222, Summit Parkview Hotel, Ahlone Rd,
**Ph:01-4411408**

---

အရောင်းဝန်ထမ်း မ - ၂ဦး
ကျား- ၁ ဦး
**ဖုန်း-၀၉-၅၁၄ ၄၁၇၂**

---

လက်လီအရောင်းဝန်ထမ်း မ-၃ ဦး
စာရင်းကိုင်ဝန်ထမ်း မ- ၂ဦး
အမှတ်-၂၀၈၊ ၃၂လမ်းနှင့် အနော်ရထာလမ်းထောင့်၊ မန္တလေး (ဝင်းလိုက်)အီလက်ထရွန်နစ်ဆိုင် (ဆူးလေပန်းခြံ) အနီး၊
**ဖုန်း- ၀၁- ၂၄၅ ၄၅၇**

---

အသက် ၁၈-၂၅ နှစ်အတွင်း ရုပ်ရည်သန့်ပြန့်ရမည်။ Graphic နှင့် Photoshop ကျွမ်းကျင်သူကို ဦးစားပေးမည်။ ကျား/မ - ၁- ဦး၊
**ဖုန်း-၀၉-၇၃၁၈၇၉၀၄**

---

Computerized Embroidery Machine (ပန်ထိုးစက်လုပ်ငန်း) အတွက်
စက်မောင်းကြီးကြပ်သူ -မ- ၂ဦး
စက်မောင်းကျွမ်းကျင်သူ-မ-၂ဦး
**ဖုန်း- ၅၇၁၃၉၂**

---

Beauty Saloon Manager မ-၃ ဦး၊ Supervisor-မ-၃ ဦး၊ Cashier-မ-၅ ဦး၊ ဆံပင်ညှပ်၊ ခေါင်းလျှော်၊ လက်သည်းပုံဖော်၊ ခြေထောက်အနှိပ် ကျွမ်းကျင်သူ မ-၁၀ ဦး၊ အလုပ်သင်-မ-၁၀ ဦး၊ Housekeeping -မ-၃ ဦး၊ Security -ကျား-၃ ဦး
**ဖုန်း-၃၉၇၄၈၇၊ ၀၉-၅၁၈၄၅၁၄**

---

Hardware Technician-ကျား-၁ ဦး၊ ရုံးအကူဝန်ထမ်း - ကျား-၁ ဦး၊ အရောင်းဝန်ထမ်း-မ- ၂ဦး၊
**ဖုန်း-၃၇၄၈၅၇၊ ၀၉-၇၃၁၀၅၄၁၃**

---

ကိုရီးယားဘာသာသင်ကြားနိုင်သူ ၁- ဦး၊ IELTS, TOEFL သင်ကြားနိုင်သူ -၁ ဦး၊
**ဖုန်း-၀၉ ၇၃၀၇၂၇၅၄၊ ၀၉ ၅၁၀၅၄၇၀**

---

ဓမ္မာစရိယဘွဲ့ရပြီးသူဖြစ်ရမည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရပြီးသူ ဖြစ်ရမည်။
**ဖုန်း-၀၁-၃၈၅၁၉၃၊ ၀၉-၈၅၇၈၄၃၇**

---

ကလေးအဆင့်မြင့် Brand တွင် တာဝန်ထမ်းဆောင်ရန် အရောင်းဝန်ထမ်း မ-၁ ဦး အလိုရှိသည်။ တိုက်-ဘီ၊ အခန်း-F-38၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ **ဖုန်း-၀၉ ၇၃၀ ၆၆၁၅၆၊ ၀၁-၀၃၀၀၀၃၁၇**
ဆက်သွယ်ရန်-ဒေါ်ချောစုဝေ

---

ယာဉ်မောင်း ကျား-၃ ဦး
Sales Supervisor ကျား-၃ ဦး
Sales Promoter မ - ၃ ဦး
လျှပ်စစ်ကျွမ်းကျင် ကျား-၂ဦး
အမှတ်-၉၇၂-ခ၊ သံသုမာလမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပ။

---

Tour Operator M/F (1)
Sales & Marketing F(1)
Nice Asia Travels & Tours
Pazundaung Twn,
**Ph: 09 73039309**

---

မိတ္တူကူး၊ စာအုပ်ချုပ်ကျွမ်းကျင် ၂ ဦး၊ ဆိုင်အရောင်း - မ- ၂ ဦး၊ ကွန်ပျူတာစာစီစာရိုက် - မ-၂ဦး
'ထင်ရှား' မိတ္တူ၊ ၆၉-အေ၊ အရှေ့ကုန်းလမ်း၊ စမ်းချောင်းမြို့နယ်။

---

စိုးစံ(လင်း)အိမ်ခြံမြေကုမ္ပဏီလီမိတက်မှ မန်နေဂျာ ကျား-မ -၂ဦး
အိမ်ခြံမြေကျွမ်းကျင်ကျား-မ-၁၀ဦး
Marketing ကျား-မ-၁၀ ဦး
ယာဉ်မောင်း ကျား-၃ ဦး
**ဖုန်း-၅၁၀၆၀၀၊ ၅၁၀၉၅၀**

---

Project Manager (1)
Senior Programmer (5)
Junior Programmer (10)
Tester (2)
**Ph: 95 09 5020901**

---

အိမ်ခြံမြေကျွမ်းကျင် ကျား-မ ၁၀ ဦး
ရွှေလိမ္မော်၊ ၈၁၊ ဘုရင့်နောင်လမ်းမ၊ အင်းစိန်မြို့သစ်၊ ငစိန်လမ်းထောင့်၊
**ဖုန်း-၀၁ ၇၀၀၃၃၁၊ ၀၉ ၇၃၁၉၂၀၂၀**

---

Quality Controller-M-F (2) Posts, English သို့မဟုတ် Japan စကားပြောနိုင်သူနှင့် အတွေ့အကြုံရှိသူ ဦးစားပေးမည်။
**ဖုန်း-၀၉ ၄၃၀၅ ၇၅၈၇**

---

ကိုရီးယားစကားပြန် အမျိုးသား (၂) ဦး၊ အခန်း ၃၃၅၊ တတိယထပ်၊ အမှတ်-၃၃၊ Parkroyal, Yangon Hotel,
**ဖုန်း-၂၅၀၃၈၈၊ လိုင်းခွဲ-၃၃၅**

---

အင်တာနက်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန်(မ- ၂ဦး)၊ Hyper Active, အေးရိပ်မွန်-၅ လမ်း၊ လှိုင်မြို့နယ်။ **ဖုန်း-၅၃၁၁၀၆**

---

**iNTEGRA Systems**
-Project Leader M/F -3
(Minimum 2 Years),
**Ph:0943064181, 0943029798**

---

အိမ်ခြံမြေ ကျား-မ - ၅ ဦး
ကားလုပ်ငန်း ကျား - ၅ ဦး
ရွှေဥဒေါင်းမင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ အမှတ်-၁၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်၊
**ဖုန်း-၅၁၇၄၁၈၊ ၀၉ ၅၁၄၈၄၈၆**

---

၈၊၉၊၁၀စာသင်ရန်ဆရာ/ဆရာမ အလိုရှိသည်။ အမှတ်-၁၄၉၊ ၇ လွှာ၊ ၅၁ လမ်း(အပေါ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

---

Graphic Design ကျွမ်းကျင် - ကျား-၁ ဦး၊
**ဖုန်း -၀၉ ၇၃၀ ၁၂၀၀**

---

**BLUE OCEAN TRAVELS & TOURS CO., LTD**
Tour Operation Manager M/F -2 Posts, Sales Manager M/F -2 Posts, Tour Operation Staff M/F - 3 Posts,
**Ph: 95-1-370847 (Ext:805)**

---

အင်းလေးကန်အနီးတွင် ဖွင့်လှစ်ထားသော ဟိုတယ်တွင် ဥယျာဉ်မှူးအလိုရှိသည်။
အခန်း-၆၀၂၊ ၆ လွှာ၊ FMi Centre, ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

---

ယာဉ်မောင်း(၂)ဦးအလိုရှိသည်။
**ဖုန်း-၀၉-၇၃၀၉၉၁၆၉၊ ၀၉-၅၁၈၅၆၆၁**

---

ယာဉ်မောင်း အမျိုးသမီး(ဦးစားပေး) **ဖုန်း-၀၉ ၅၀၃၇၄၂၇**

---

Day Nurse Staff (I/C) မ-၂ဦး
ရွှေပုပ္ပါးအထူးကုဆေးခန်း W1, ရန်ကင်းပန်းခြံအိမ်ရာ၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၅၅၆၃၁၆၊ ၅၅၆၀၀၁**

---

ရောင်း/မောင်း အလိုရှိသည်။ တောင်/မြောက် ဒဂုံလမ်းဆုံနီးသူ၊ ဦးစားပေးမည်။
**ဖုန်း-၀၉ ၈၀ ၂၃၁၄၃၊ ၇၀၅၃၂၀**

---

SUZUKI (R-) မောင်းနိုင်ရမည်။
**ဖုန်း-၀၉၇၃၁၄၇၉၀၄**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Palmolive
Naturals
သဘာဝအတိုင်း နူးညံ့စေမယ့်
ဆံကေသာအတွက်
Palmolive Shampoo
"Intensive Moisture"
နို့မှ ထုတ်လုပ်ထားသော ပရိုတင်းနှင့်
အုန်းသီး အဆီအနှစ်တို့ကို ခရင်(မ်)ပုံစံ ပြုလုပ်
ထားသောကြောင့် ဆံသား၏အစိုဓာတ်ကို အမြန်
ဆုံးပြန်လည်ဖြည့်ဆည်းကာ ပျော့ပျောင်း တောက်
ပြောင်စေပါသည်။
Palmolive

# Education

7DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

## ပညာသင်ဆုရဖို့ ဘယ်လိုအချက်တွေက အထောက်အပံ့ဖြစ်စေလဲ

**ဗြိတိန်နိုင်ငံရှိ Liverpool Hope University ၏ Hope Business School တွင် Lecturer နှင့် Award Director အဖြစ် ဆောင်ရွက်နေသော ဒေါက်တာဆွေဆွေသန်းနှင့်တွေ့ဆုံခြင်း**

**နေလင်းထွန်း**

ပညာရည်ထူးချွန်သော မြန်မာကျောင်းသားများအတွက် နိုင်ငံခြားတက္ကသိုလ်များတွင် ပညာသင်ဆုဆိုင်ရာ အခွင့်အလမ်းများဖြစ်ထွန်းပေါ်ပေါက်လျက်ရှိပါသည်။ ပြည်တွင်းရှိ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် လုပ်သက်အတွေ့အကြုံတစ်ဆယ့်ငါးနှစ်ရှိခဲ့ပြီးနောက် ပြည်ပတက္ကသိုလ်များတွင် ပါရဂူဘွဲ့ရရှိသည်ထိ ပညာလေ့လာခဲ့၍ လက်ရှိချိန်၌ဗြိတိန်နိုင်ငံရှိ Liverpool Hope University ၏ Hope Business School တွင် Lecturer နှင့် Award Director အဖြစ် ဆောင်ရွက်နေသော ဒေါက်တာဆွေဆွေသန်းအား လူငယ်များနှင့် ပညာသင်အခွင့်အလမ်းအကြောင်းတွေ့ဆုံမေးမြန်းထားခြင်းမှ ထုတ်နုတ်ဖော်ပြလိုက်ပါသည်။



ဗြိတိသျှကောင်စီ(မြန်မာ)တွင် ယူကေပညာရေးအကြောင်း ဟောပြောနေစဉ်

**ပြည်ပမှာ ပညာသင်ယူ ဖြစ်ခဲ့ပုံကို ပြောပြပေးပါ။**

၂၀၀၀ မှာ ပညာသင်ထောက်ပံ့မှုတစ်စိတ်တစ်ပိုင်းရလို့ရယ်၊ HRM (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု စီမံခန့်ခွဲခြင်း) ကို ထဲထဲဝင်ဝင် လေ့လာချင်လို့ရယ် AIT (Asia Institute of Technology) မှာ MBA သွားတက်ခဲ့တယ်။ MBA တက်တုန်းမှာပဲ အောက်စဖို့ဒ်က Master of European Business အတွက် Exchange Program တစ်ခုကို စိတ်ဝင်စားလို့ အဲဒီမှာ အရွေးခံရတယ်။ အောက်စဖို့ဒ်ကပြီးတော့ လန်ဒန်တက္ကသိုလ်က ပါမောက္ခတစ်ယောက်က ကျွန်မစာတမ်းရဲ့ အလားအလာကို သဘောကျတဲ့အတွက် ပါရဂူဘွဲ့လာတက်မလားလို့ဖိတ်ခေါ်ပါတယ်။ ပထမစစချင်း ဖိတ်ခေါ်တုန်းကတော့ ပညာသင်ဆုမပါဘူး။ ကျွန်မအနေနဲ့ပညာသင်ဆုမရရင်တော့ သွားဖို့ အစီအစဉ်မရှိဘူး။ နောက်တော့သူက ဘာအကြောင်းအရာလဲမေးတော့ ကျွန်မက HRM and Development လုပ်ချင်တယ်လို့ ပြောတော့ Development (ဖွံ့ဖြိုးတိုးတက်မှု) ဆိုတာ ပါတဲ့အတွက် သူတို့ဆီမှာ ပညာသင်ဆုအစီအစဉ်ရှိတယ်ပေါ့လေ။ ပညာသင်ဆုရတယ်။ လန်ဒန်ကို သွားလိုက်တယ်။ ရောက်ပြီး တစ်လခွဲအကြာမှာပဲ တက္ကသိုလ်မှာ စာသင်တဲ့အလုပ်နေရာလွတ်ရှိတယ်ဆိုတော့ ကျွန်မလျှောက်တယ်။ အလုပ်လုပ်ရင်ပညာသင်ဆုကိုစွန့်လွှတ်ရမယ်ဆိုတော့ အလုပ်အတွေ့အကြုံကို လိုချင်လို့ လက်ခံလိုက်တဲ့အတွက် ပညာသင်ဆုကိုစွန့်လွှတ်လိုက်တယ်။

**ဘယ်လို အချက်တွေက ပညာသင်ဆုရဖို့အထောက်အပံ့ဖြစ်စေခဲ့တယ်လို့မြင်ပါလဲ။**

ယေဘုယျပြောမယ်ဆိုရင် MBA, Accountancy, Computer Science အဲဒါတွေရဲ့ ပညာသင်ဆုက ပြိုင်ဆိုင်မှုများပြီး နည်းနည်းခက်တဲ့ အနေအထားမှာ ရှိတယ်။ ဒါပေမဲ့ ကိုယ်က Proposal (အဆိုပြုချက်) ရေးတဲ့နေရာမှာ အရေးကြီးပါတယ်။ ကိုယ့်ရဲ့ မဟာဘွဲ့၊ ဒါမှမဟုတ် ပါရဂူဘွဲ့နှင့်ပတ်သက်ပြီး ဘာကြောင့် တက်ချင်ပါတယ်။ ဘာကြောင့် ဒီဘာသာရပ်ကိုရွေးပါတယ်ဆိုတာ Proposal မှာ ခိုင်ခိုင်မာမာ ရှိရမယ်။ တစ်ဖက်လူလက်ခံယုံကြည်အောင် တကယ်လုပ်ပါမယ်ဆိုတာ လေးလေးနက်နက် ရေးနိုင်ရမယ်။ အဲဒါ နံပါတ်တစ်က Proposal ပေါ့။ နံပါတ်နှစ်က ကိုယ့်ရဲ့ ပညာရည်မှတ်တမ်း ဆောင်ရွက်မှုပေါ့။ အဲဒါအရေးကြီးပါတယ်။ မဟာဘွဲ့ပဲ တက်ချင်ချင်၊ ပါရဂူဘွဲ့ပဲ တက်ချင်ချင် ဒီဂရီဘွဲ့ကျောင်းသားဘဝမှာ ရလဒ်က သူများထက်သာရမယ်။ အကုန်လုံးအေရရမယ် မဆိုလိုဘူး။ ဒါပေမဲ့ ရနိုင်လို့ရှိရင် ပညာသင်ဆုမှာ အခွင့်အလမ်းပိုရှိတယ်။ နောက်တစ်ချက် ဟိုဘက်က ပါမောက္ခတွေက များသောအားဖြင့် ဘက်မလိုက်တတ်ဘူး။ ကိုယ့်ရဲ့Reference(ထောက်ခံပေးသူ) ညွှန်းတဲ့အခါမှာ နည်းနည်းလေး ဂရုစိုက်ရမယ်။ ပညာသင်သွားလိုသူတွေက မိမိကို ထောက်ခံပေးမယ့် Reference ကိုပြောတဲ့အခါ နိုင်ငံခြား တက္ကသိုလ်ဝင်ခွင့် စိစစ်တဲ့အဖွဲ့က ကျောင်းသားရဲ့ ပညာရည်မှတ်တမ်းအထောက်အထား၊ စိတ်နေစိတ်ထားအမြင်အစစကိုဒီ Reference ပေးတဲ့သူဆီက ပြန်တောင်းလေ့ရှိတယ်။ Referee ရွေးတဲ့အခါလည်း အရေးကြီးတယ်။ ဒီလူ၊ ဒီလူကို Reference ပေးတော့မယ်ဆိုရင် အဲလူတွေဆီက ကြိုတင်ခွင့်တောင်းထားတာ ကောင်းတယ်။ Reference ပေးမယ့်သူနဲ့ ဆွေးနွေးပြီး သေချာဆောင်ရွက်ဖို့ပြောချင်ပါတယ်။

**ပညာသင်ဆုအတွက် အခွင့်အလမ်းကောင်းတဲ့ ဘာသာရပ်တွေကို သိချင်ပါတယ်။**

များသောအားဖြင့်ကတော့ အင်န်ဂျီအိုမှာ လုပ်တာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးတို့၊ နောက်ပြီး ဆင်းရဲမွဲတေမှု စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးရေးတို့ လောလောဆယ် ခေတ်စားနေတာပေါ့လေ။ အဲဒါတွေကတော့ပညာသင်ဆု ထောက်ပံ့တဲ့အဖွဲ့အစည်းတိုင်းရဲ့ ဦးစားပေးတွေပါပဲ။

စာ(၃၀)သို့

## ကျောင်းသူများပါ သင်ကြားနိုင်မည့် ဘာသာရပ်တစ်ခု ရေကြောင်းတက္ကသိုလ်မှ ထပ်တိုးဖွင့်လှစ်မည်

**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင်-၂၇**

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ယခု ၂၀၁၁-၁၂ ပညာသင်နှစ်အတွက် ကျောင်းသူများပါ သင်ကြားနိုင်မည့် Marine Mechanical (MM) ဘာသာရပ်ကို သင်ရိုးသစ်ထပ်တိုး၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်ဟု မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်မှ ပါမောက္ခချုပ်က ပြောကြားသည်။

MM (ရေကြောင်းစက်မှုအင်ဂျင်နီယာ) ဘာသာရပ်ကို သင်္ဘောပေါ်တွင် တာဝန်မထမ်းဆောင်လိုသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်သည်ဟု သိရသည်။

ရေကြောင်းပညာတက္ကသိုလ်တွင် ဘာသာရပ် ခြောက်ခုကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျောင်းသားများသာ တက်ရောက်နိုင်သည့် Nautical Science နှင့် Marine Engineering ဘာသာရပ်များသည် ကျောင်းသားများတက်ရောက်လိုမှု အများဆုံးနှင့် ရေကြောင်းတက္ကသိုလ်တွင် အမှတ်အမြင့်ဆုံး ဘာသာရပ်များဖြစ်ပြီး အဆိုပါ ဘာသာရပ်များသည် ပင်လယ်ကူးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်ရမည့် ဘာသာရပ်များဖြစ်သည်ဟုသိရသည်။

အဆိုပါ ဘာသာရပ်များကို သင်ကြားပြီး သင်္ဘောပေါ်တွင် တာဝန်မထမ်းဆောင်လိုသည့် ကျောင်းသားများရှိပါက အခြားတက်ရောက်လိုသည့် ကျောင်းသားများ နစ်နာနိုင်သည့်အတွက် MM ဘာသာရပ်ကို ထပ်မံဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်သည်။

ဘာသာရပ်တစ်ခု ထပ်တိုးလိုက်သည့်အတွက် ရေကြောင်းပညာတက္ကသိုလ်တွင် ဘာသာရပ် စုစုပေါင်းခုနစ်ခုရှိလာမည်ဖြစ်ပြီး ကျောင်းသူများပါတက်ရောက်နိုင်မည့်ဘာသာရပ်ပေါင်း ငါးခုထိ ရှိလာမည်ဖြစ်သည်။

အဆိုပါ ဘာသာရပ်များမှာ ယောကျ်ားလေးများသာ တက်ရောက်ခွင့်ရှိသည့် Nautical Science နှင့် Marine Engineering ဘာသာရပ်များ၊ ကျောင်းသူများပါ တက်ရောက်နိုင်သည့် Naval Architecture, Marine Mechanical, Port and Habour Engineering , River and Coastal Engineering, Marine Electrical Systems and Electronics ဘာသာရပ်များဖြစ်သည်။



## ဆေးတက္ကသိုလ် တက်မည့်သူများအတွက် ပညာသင်ဆုလျှောက်လွှာများ စတင်လက်ခံ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် - ၂၇**

ရန်ကုန်၊ မန္တလေးနှင့်မကွေးမြို့ရှိဆေးတက္ကသိုလ်များတွင် ပညာသင်ယူမည့် ကျောင်းသားများအတွက် ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုအစီအစဉ် လျှောက်လွှာများ စတင်လက်ခံနေပြီးဖြစ်ကြောင်း ပညာသင်ဆုပေးအပ်နေသော ဦးအေးကျော်က ပြောသည်။

နှစ်စဉ်ပေးအပ်နေသော ပညာသင်ဆုအစီအစဉ်အတွက် ဆေးတက္ကသိုလ်တွင် ပညာသင်ကြားရန် အရည်အချင်းပြည့်မီသော်လည်း ငွေကြေးအခက်အခဲတွေ့နေသည့် ကျောင်းသားများ လျှောက်ထားနိုင်ပြီး ရွေးချယ်ခံရပါက လစဉ်ပညာသင်ထောက်ပံ့ ငွေကျပ် ၅၀,၀၀၀ ရရှိမည်ဖြစ်သည်။

“ပညာသင်ထောက်ပံ့ငွေ လိုအပ်ရခြင်းအကြောင်း စာစီစာကုံးတစ်ပုဒ်ရေးတင်ရမယ်။ လူတွေ့ အင်တာဗျူးရှိတယ်။ ဆေးတက္ကသိုလ်ဝင်ခွင့်တင်ထားရုံနဲ့ကြိုတင်လျှောက်ထားနိုင်တယ်။ ဝင်ခွင့်ရမှလျှောက်တဲ့အခါ နောက်ကျတာ တွေရှိနေလို့ပါ”ဟုအထက်ပါ ပုဂ္ဂိုလ်က ဆိုသည်။

၎င်းပညာသင်ဆုအစီအစဉ်အား အောက်တိုဘာလကုန်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ပြီး ဇန်နဝါရီလဆန်းတွင် ရွေးချယ်ခံရသူများ စာရင်းကိုထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။ ဆေးတက္ကသိုလ်တက်ရောက်ခွင့်ရရှိပြီး ငွေကြေးလိုအပ်ချက်ရှိသော ကျောင်းသား ၈ဦးကို နှစ်စဉ်ပညာ သင်ထောက်ပံ့ကြေးပေးအပ်နေသော ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုအစီအစဉ်သည် လေးနှစ်မြောက်ခဲ့ပြီဖြစ်သည်။ ပညာသင်ဆုအစီအစဉ်အတွက် ဖုန်း ၀၁-၆၈၇၆၁၇သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

**ပညာရေးသတင်းတိုများ**

## သူနာပြုဒီပလိုမာပညာသင်ဆု ဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ ဇူလိုင် - ၂၈**

စင်ကာပူနိုင်ငံရှိ ပတ်ခ်ဝေးကောလိပ်တွင် သူနာပြုဒီပလိုမာ ပညာသင်ဆု တက်ရောက်လိုသူများအတွက် ပညာရေးဟောပြောပွဲကိုဩဂုတ်လ ၇ရက်၊နံနက် ၁၀နာရီမှ ၁၂နာရီထိပ့်ါခ်ရွိုင်ရယ်ဟိုတယ်၌ကျင်းပမည်ဖြစ်ကြောင်း SYM ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။ ကျောင်းဝင်ခွင့်လိုအပ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများအကြောင်းကို ရှင်းလင်းဟောပြောမည်ဖြစ်ကြောင်းသိရသည်။

## ပြည်ပပညာသင်ဆုလျှောက်ထားနိုင်

**ရန်ကုန်၊ ဇူလိုင် - ၂၇**

ဩစတြေးလျ၊ ကနေဒါနှင့် ဂျပန်နိုင်ငံတို့တွင် ပညာသင်ဆုအစီအစဉ်ဖြင့်ပညာသင်ကြားရန်အတွက်နိုင်ငံတကာကျောင်းသားများ လျှောက်ထားနိုင်ကြောင်းသိရသည်။ ၂၀၁၂နှစ်တွင် သွားရောက်ပညာသင်ယူရမည်ဖြစ်ပြီး www.Scholarship-Positions.com တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

## အိုင်စီတီစာအုပ်ပြပွဲကျင်းပမည်

**ရန်ကုန်၊ ဇူလိုင် - ၂၇**

အမေရိကန်စင်တာတွင် အိုင်တီစာအုပ်ပြပွဲကို ဩဂုတ်လ ၄ရက်တွင် ညနေ ၄ နာရီမှ ၇ နာရီထိကျင်းပမည်ဟု သိရသည်။ စာအုပ်ပြပွဲတွင် ကွန်ပျူတာဘာသာရပ်ဆိုင်ရာစာအုပ်များကို မိတ်ဆက်ပြသသွားမည်ဖြစ်ပြီး စိတ်ဝင်စားသူများလေ့လာကြည့်ရှုနိုင်ကြောင်းသိရသည်။

# အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ မန္တလေးတွင် တွေ့ဆုံရန်စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် - ၂၅**

မန္တလေးမြို့တွင် အင်္ဂလိပ်စာသင်ဆရာ၊ ဆရာမများ တွေ့ဆုံပွဲပြုလုပ်ပေးရန်စီစဉ်နေပြီး ဆရာ၊ ဆရာမများအသုံးပြုနိုင်သော သင်ထောက်ကူစာရွက်စာတမ်းများကိုလည်းအင်တာနက်မှ တစ်ဆင့်ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးသွားမည်ဟု ဗြိတိသျှ ကောင်စီ၏ မြန်မာနိုင်ငံညွှန်ကြားရေးမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့၊ဆီဒိုးနားဟိုတယ်တွင်ဇူလိုင်လ ၂၃ ရက်နှင့် ၂၄ ရက်၌ ဗြိတိသျှကောင်စီနှင့် ELTeCS မြန်မာတို့မှ ကြီးမှူးကျင်းပသော အင်္ဂလိပ်စာဆရာ၊ ဆရာမများအတွက် (၁၂) ကြိမ်မြောက် နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲ (Twelth ELT Confernce for Teachers of English) တွင် ပြောကြားခဲ့ခြင်းဖြစ်ကြောင်းဗြိတိသျှကောင်စီမှ သတင်းထုတ်ပြန်ထားသည်။

ပြည်တွင်းနှင့်ပြည်ပကိုးနိုင်ငံမှအင်္ဂလိပ်စာဆရာ၊ ဆရာမ ၄၅၀ ကျော်တက်ရောက်ခဲ့သော နှီးနှောဖလှယ်ပွဲကို Learning and Teaching: Fresh Directions, Recurrent Themes(သင်ယူခြင်းနှင့်သင်ကြားခြင်း ဦးတည်ရာဘက်အသစ်များ၊ အမြဲမပြတ်ကြုံတွေ့ရသောအကြောင်းအရာများ) ခေါင်းစဉ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဗြိတိသျှကောင်စီ၏ တစ်နှစ်ပတ်လုံးပြုလုပ်နေသောအင်္ဂလိပ်စာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၏ အထင်ကရအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားခဲ့သည်။

# အမေရိကတက္ကသိုလ်များသို့ ဝင်ခွင့်အကြို ဒီပလိုမာ စင်ကာပူတွင်တက်ရောက်နိုင်

**သီဟ**

**ရန်ကုန်၊ဇူလိုင် - ၂၇**

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်ခြောက်ခုသို့ ဝင်ခွင့်ရရှိနိုင်မည့် တက္ကသိုလ်အကြိုသင်ကြားခြင်း ဒီပလိုမာ Diploma in General Studies- US Pathway Program အား စင်ကာပူနိုင်ငံရှိ Kaplan University ၏ ဌာနခွဲအသစ်ဖြစ်သည့် Wilkie Edge တွင် လာမည့်အောက်တိုဘာမှ စတင်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။




ယင်းဒီပလိုမာရရှိပါက အမေရိကန်ရှိ တက္ကသိုလ်ခြောက်ခုဖြစ်သော Baylor University, Marist College, Northeastern University, Stevens Institute of Technology, The University of Utah, The University of Vermont အစရှိသည့် တက္ကသိုလ်များနှင့်ချိတ်ဆက်တက်ရောက်နိုင်ကြောင်း သိရသည်။

ဒီပလိုသင်တန်းတွင် ဘာသာရပ် ၁၀ ခုအား ခုနစ်လသင်ကြားရမည်ဖြစ်သည်။အမေရိကရှိ တက္ကသိုလ်များသို့ မတက်ရောက်လိုပါကလည်း စင်ကာပူနိုင်ငံရှိ တက္ကသိုလ်၊ ပြည်ပနှင့်ချိတ်ဆက်ထားသည့် တက္ကသိုလ်အချို့သို့လည်း တက်ရောက်နိုင်ကြောင်း သိရသည်။

ယင်းဒီပလိုမာသင်တန်းသို့ တက်ရောက်လိုသူများသည်တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်ဖြစ်ပြီး IELTS/TOEFL ရမှတ်များမတင်ပြနိုင်ပါက ဝင်ခွင့်လျှောက်ထားပေးမည့် Crown Education ၏ ဝင်ခွင့်စာမေးပွဲအား အခမဲ့ဝင်ရောက်ဖြေဆိုနိုင်ကြောင်း သိရသည်။




# LCCI နိုဝင်ဘာ စာမေးပွဲအတွက် ပညာသင်ဆုအစီအစဉ် လျှောက်ထားနိုင်

**နေလင်းထွန်း**

ရန်ကုန်၊ ဇူလိုင် - ၂၅

LCCI စာရင်းကိုင်ဘာသာရပ်၏ နိုဝင်ဘာလ စာမေးပွဲအတွက် ပညာသင်ဆု အစီအစဉ် လျှောက်ထားနိုင်ကြောင်းဗြိတိသျှကောင်စီ (မြန်မာ) မှသိရသည်။

LCCI သင်တန်းကျောင်းများမှတစ်ဆင့် လျှောက်ထားရမည့် ပညာသင်ဆုအစီအစဉ်အတွက် သင်တန်းကြေးနှင့် စာမေးပွဲကြေးများကင်းလွတ်ခွင့် ရှိကြမည်ဖြစ်ပြီး သင်တန်းကျောင်း၊ LCCI ပညာရေးအဖွဲ့အစည်းနှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

"တကယ်ကို ငွေကြေးလိုအပ်ချက်ရှိတဲ့သူတွေကို ပေးမှာပါ။ သင်တန်းကျောင်းတွေက ပထမအဆင့် အင်တာဗျူးလုပ်မယ်။ ဘီစီက နောက်ဆုံးရွေးမှာပါ" ဟုစာမေးပွဲဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပညာသင်ဆုအစီအစဉ်အတွက်ဩဂုတ်လ ၈ ရက်မှ ၂၃ ရက်အထိ စာရင်းပေးသွင်းရမည်ဖြစ်သည်။

# Technology

7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

## ကျပ်ငါးသိန်းအောက်တန်ဖိုးနည်း ဂျီဖုန်းများကို ငါးလခန့်အကြာတွင် နေ့ချင်းပြီးရောင်းပေးမည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ဇူလိုင်-၂၉**

ကျပ်ငါးသိန်းအောက် တန်ဖိုးနည်းဂျီအက်စ်အမ်ဖုန်းများကို နေ့ချင်းပြီးဝယ်ယူရရှိနိုင်မည့်ဝန်ဆောင်မှုဖြင့်နောက်ငါးလခန့် အကြာတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် အဆိုပါဖုန်းများသည် အင်တာနက်အသုံးပြုနိုင်သည့် EDGE စနစ်ဖြင့်ထွက်ရှိလာမည်ဖြစ်ကြောင်းလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ကျပ်ငါးသိန်းအောက်ရှိလာမည့် အဆိုပါဂျီအက်စ်အမ်ဖုန်းများကို အလုံးရေလေးသန်းအထိ ပထမဆုံးစတင်ချထားပေးသွားမည်ဖြစ်ကြောင်းလည်းသိရသည်။

အလုံးရေလေးသန်းပမာဏ အထိချထားပေးပြီးနောက်တွင် နောက်ထပ်လေးနှစ်တာကာလအတွင်း အလုံးရေပမာဏ သန်းနှစ်ဆယ်ကျော်ကို တစ်နှစ်ချင်းစီဖြင့် ဆက်တိုက်ချထားပေးသွားမည်ဟုသိရသည်။

မကြာမီထွက်ရှိလာမည့်ယင်းဖုန်းဈေးနှုန်းများမှာမူငါးသိန်းအောက်သာရှိမည်ဖြစ်ပြီး အဝင်အထွက်ခေါ်ဆိုခများမှာမူ လက်ရှိအသုံးပြုနေသော မိုဘိုင်းခေါ်ဆိုခများအတိုင်းဖြစ်သည်ဟု သိရသည်။

## ဂျီအက်စ်အမ်တာဝါတိုင်များ တည်ဆောက်ရန် အစိုးရနှင့် ပုဂ္ဂလိကရင်းနှီးငွေပေါင်း ကျပ်ဘီလီယံ ငါးရာခန့်ရှိ



ဂျီအက်စ်အမ်တာဝါတိုင်များတည်ဆောက်ရန် ရန်ကုန်မြို့အပါအဝင် မြို့ကြီးရှစ်မြို့တွင် တစ်ပြိုင်နက် ပန္နက်ရိုက်ခြင်းအခမ်းအနားများ ကျင်းပရာ ဒဂုံမြို့သစ်တောင်ပိုင်း၌ ဇူလိုင် ၂၇ ရက်က ကျင်းပစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်- ၃၀**

ဂျီအက်စ်အမ်တာဝါတိုင်ပေါင်း တစ်ထောင့်လေးရာကျော်ကို တစ်နိုင်ငံလုံးအနှံ့တည်ဆောက်နိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံငွေမှာ စုစုပေါင်းကျပ်ငွေ ဘီလီယံငါးရာနီးပါးရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသတင်းရရှိသည်။

ယင်းကဲ့သို့ တာဝါတိုင်များတည်ဆောက်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများဖြစ်သော Asia Mega Link, E-Lite Tech Manufacturing Co.,Ltd, IGE Co.,Ltd နှင့်ရွှေသံလွင်ကုမ္ပဏီတို့ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဘိုးငွေမှာ ကျပ်ငွေဘီလီယံငါးရာဖြင့် စီမံကိန်းပထမအဆင့်ကိုစတင်နေခြင်းဖြစ်ကြောင်း သိရသည်။

မြို့ကြီး ရှစ်မြို့တွင် စတင်ဆောက်လုပ်နေပြီဖြစ်သော အဆိုပါဂျီအက်စ်အမ်တာဝါတိုင်ပေါင်း တစ်ထောင့်လေးရာကျော်သည် စီမံကိန်းစတင်သည့်နေ့မှစတင်ကာ ငါးလအတွင်းစတင်ချထားပေးမည်ဟုသိရပြီး ယင်းစီမံကိန်းမှာ ဂျီအက်စ်အမ်မိုဘိုင်းဖုန်း လေးသန်းချထားပေးရန်အတွက် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပြည်၊မကွေး၊ မော်လမြိုင်နှင့် တောင်ကြီး အစရှိသည့်မြို့များတွင် စတင်ဆောက်လုပ်နေပြီဖြစ်ပြီး ကျန်ရှိနေသေးသည့်မြို့များတွင်လည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

အဆင့်သုံးဆင့်ခွဲခြားသတ်မှတ်ထားသောအဆိုပါစီမံကိန်း၏ ပထမအဆင့်အပြီးတွင် ဂျီအက်စ်အမ်မိုဘိုင်း အရေအတွက် တစ်သန်းကျော်ကိုစတင်ချထားပေးမည်ဖြစ်ကြောင်း ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဌာနမှ သတင်းရရှိသည်။

## Blackberry PlayBook ကွန်ပျူတာကို အမေရိကန်အစိုးရသုံးအဖြစ် သတ်မှတ်



**မွန်ထရီရယ်၊ ဇူလိုင် - ၂၆**

ကနေဒါအခြေစိုက် နည်းပညာကုမ္ပဏီ Research in Motion မှထုတ်လုပ်သည့် Blackberry PlayBook talblet ကွန်ပျူတာအမျိုးအစား waterloo tablet ကိုအမေရိကန် ဖယ်ဒရယ်အစိုးရဌာနများတွင် အသုံးပြုရန် အတည်ပြုသတ်မှတ်လိုက်ကြောင်း သိရသည်။ အဆိုပါ Tablet ကွန်ပျူတာသည်ထောင့်ဖြတ်မြင်ကွင်းအလျားခုနစ်လက်မရှိပြီး ဖယ်ဒရယ်အစိုးရ၏ နည်းပညာစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်းဆိုသည်။

အမေရိကန်တွင် ဖယ်ဒရယ်သတင်းအချက်အလက် လုံခြုံရေးစီမံခန့်ခွဲမှု ဥပဒေအရ အစိုးရဌာနများတွင် အသုံးပြုသော ကွန်ပျူတာပစ္စည်းနှင့် အစိတ်အပိုင်းများအားလုံးသည် အစိုးရက ချမှတ်သည့် စံချိန်စံညွှန်းများနှင့် ညီညွတ်ရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်။ Research in Motion (RIM) ကုမ္ပဏီထုတ် Blackberry ဖုန်းသည် အမေရိကတွင် လူကြိုက်များသော ဖုန်းအမျိုးအစားဖြစ်ပြီး အမေရိကန်သမ္မတအိုဘားမားသည်လည်း ၎င်းအတွက် သီးသန့်လုံခြုံရေးပိုင်းပြုပြင်ပေးထားသည့် Blackberry ဖုန်းတစ်လုံးကို ကိုင်ဆောင်အသုံးပြုနေသူဖြစ်သည်။ *—Ref: AFP*








# ရတနာပုံဆိုက်ဘာစီးတီးရှိ နည်းပညာတက္ကသိုလ်သစ်သို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ရမှတ် ၃၅၀ နှင့်အထက်ရသူများ လျှောက်ထားနိုင်


**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် - ၂၅**

ယခုနှစ်တွင် စတင်ဖွင့်လှစ်လိုက်သည့်နည်းပညာမြို့တော် ရတနာပုံဆိုက်ဘာစီးတီးရှိ နည်းပညာတက္ကသိုလ်တွင် ဘာသာရပ်အသစ်လေးမျိုး သင်ကြားမည်ဖြစ်ပြီးသင်တန်းကာလမှာ ငါးနှစ်ကြာမြင့်မည်ဖြစ်ကြောင်း တက္ကသိုလ်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည်။

အမျိုးသား၊ အမျိုးသမီး အချိုးတူဖြင့် ကျောင်းသား ၁,၀၀၀ ကို လက်ခံသွားမည်ဖြစ်ပြီး သတင်းစာများတွင် သီးခြားကြော်ငြာခေါ်ယူသည့်အခါ နီးစပ်ရာနည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများ၌လျှောက်ထားနိုင်ကြောင်း သိရသည်။

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology)၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ (Electronic Engineering)၊ အဆင့်မြင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာ (Advanced



Materials Engineering)၊ တိကျစက်ပစ္စည်းထုတ်လုပ်မှုအင်ဂျင်နီယာ (Precision Engineering) တို့ကို သင်ကြားပို့ချမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၅၀ နှင့်အထက်ရရှိထားသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်ကြောင်း ဖော်ပြထားသည်။

ဝင်ခွင့်စာမေးပွဲအား အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်များဖြင့် ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး အောင်မြင်သူများကို လူတွေ့စစ်ဆေး၍ အောင်မြင်ပါက ကျောင်းတက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်မြို့အနီး ရတနာပုံဆိုက်ဘာစီးတီးရှိနည်းပညာတက္ကသိုလ်တွင်သွားရောက် ပညာသင်ယူရမည်ဖြစ်သော်လည်း အခြားသောနည်းပညာတက္ကသိုလ် ကောလိပ်များနည်းတူ ကျောင်းသားများအနေဖြင့် မိမိအစီအစဉ်ဖြင့်သာ အဆောင်ငှားရမ်းနေထိုင်ရမည်ဖြစ်ကြောင်း ၎င်းတက္ကသိုလ်မှ ဆရာမတစ်ဦးက ဆိုသည်။

အင်ဂျင်နီယာဘွဲ့များပေးအပ်မည့်နည်းပညာတက္ကသိုလ်သစ်အားတရုတ်အစိုးရ၏ ပံ့ပိုးကူညီမှုများဖြင့် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။






# ဖုန်းဘီလ်ကို အွန်လိုင်းမှတစ်ဆင့် ပေးဆောင်နိုင်ပြီ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် - ၂၇**

အွန်လိုင်းပေါ်မှတစ်ဆင့် တယ်လီဖုန်းအသုံးပြုခဘီလ် ပေးဆောင်နိုင်သောစနစ်ကို မြန်မာ့စီးပွားရေးဘဏ်နှင့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်တို့ဖြင့် စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း အဆိုပါစနစ်စတင်သည့် အထိမ်းအမှတ်အခမ်းအနားမှ သိရသည်။

နိုင်ငံတော်ပိုင် ဝက်ဘ်ပေါ်တယ်လ်တစ်ခုဖြစ်သော ရတနာပုံပေါ်တယ်လ်ကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပြည်တွင်းပုဂ္ဂလိကဘဏ်တို့ ပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်ပြီး အချိန်ကုန်ခံ စောင့်ဆိုင်းတန်းစီ၍ တယ်လီဖုန်းအခွန်ပေးဆောင်နေကြရသူများအတွက် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ရတနာပုံတယ်လီပို့မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အွန်လိုင်းမှတစ်ဆင့်တယ်လီဖုန်းခွန်ပေးဆောင်လိုပါက သီးခြားဘဏ်စာရင်းတစ်ခုဖွင့်ရမည်ဖြစ်ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် ဖုန်းစာအုပ်တို့လိုအပ်ကြောင်း၊ စာရင်းဖွင့်လှစ်ရာတွင် ကနဦးပေးသွင်းငွေ ကျပ်တစ်သောင်းနှင့်အတူ မိမိဖုန်းဘီလ်ကျသင့်မည့်ပျမ်းမျှပမာဏအားပေးသွင်းရမည်ဖြစ်ကြောင်း အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

အွန်လိုင်းဖုန်းဘီလ်စနစ်သည်ကြိုတင်ငွေဖြည့်ကတ်စနစ်သုံးဖုန်းဝယ်ယူအသုံးပြုသူများကို သက်ရောက်မှုရှိစေမည်မဟုတ်သော်လည်း ငွေဖြည့်ရန် အချိန်ခက်ခဲပြီး အချိန်နှင့်အမျှ ဖုန်းအသုံးပြုရန်လိုအပ်သည့် စီးပွားရေးလုပ်ငန်းရှင်တချို့အတွက် အဆင်ပြေသွားစေနိုင်ကြောင်း အိုင်တီကုမ္ပဏီတစ်ခု၏မန်နေဂျာဖြစ်သူက သုံးသပ်သည်။

အွန်လိုင်းဖုန်းဘီလ်စနစ်ကို https://billing.yatanarpon.com.mm သို့တိုက်ရိုက်ဝင်ရောက်၍ အသုံးပြုနိုင်ပြီး ငွေပေးချေရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ခွင့်ပြုထားသော ဖုန်းတစ်လုံးစီအတွက် ဖုန်းအခွန်တစ်ကြိမ်ပေးဆောင်လျှင် ဝန်ဆောင်စရိတ်အဖြစ်ကျပ်ငါးရာ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် တယ်လီဖုန်းပြောဆိုမှု ကျသင့်ငွေပေးသွင်းရာတွင် မြန်မာ့စီးပွားရေးဘဏ်သည်နဂိုကပင် ဖုန်းဘီလ်ဆောင်မှုအတွက် ကိုယ်စားလှယ်ထားရှိမှုကြောင့်အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်နှင့် ဝန်ဆောင်မှုကွဲပြားချက်အချို့ရှိနေကြောင်းသိရသည်။

အထက်ပါကဲ့သို့အွန်လိုင်းဖုန်းဘီလ်စနစ်ကို ဆောင်ရွက်လျက်ရှိသော်လည်း အချိန်ကြာမြင့်စွာတန်းစီစောင့်ဆိုင်း၍ ဖုန်းပြောဆိုခကျသင့်ငွေ ပေးသွင်းနိုင်သောကောင်တာများကို ဆက်လက်ထားရှိဦးမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

# ငါးပွက်ရာ ငါးစာလိုက်ရင်း မော

ယုဇနကိုကို၊ ဝတ်ရည်

**ဈေး** ဝယ်စင်တာများ၊ ကုန်တိုက်အသစ်၊ အသစ်များပိုမိုထွက်ပေါ်လာနေခြင်းနှင့် စားသုံးသူ ဝယ်နိုင်အား ကျဆင်းလာခြင်း၏ အကျိုးသက်ရောက်မှု တစ်ခုမှာ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များအပေါ်တွင်ဖြစ်သည်။

ရန်ကုန်မြို့တွင်းတွင် ဈေးဝယ်စင်တာများနှင့် ကုန်တိုက်များကို နိုင်ငံ၏ငွေကြေးချမ်းသာသည့် စီးပွားရေးလုပ်ငန်းရှင်များက အပြိုင်အဆိုင်ဖွင့်လှစ်လာ နေကြသည်။ ယခုနောက်ပိုင်းဖွင့်လှစ်လာကြသည့် အဆိုပါ ဈေးဝယ်စင်တာများ၊ စူပါမားကက်များ၏ ဆောက်လုပ်မှုပုံသဏ္ဍာန်များသည်လည်း နိုင်ငံတကာအဆင့်မီဒီဇိုင်းများနှင့်ဖြစ်သည်။

ထိုကဲ့သို့နိုင်ငံတကာအဆင့်မီဟူသည့် ဈေးဝယ်စင်တာများစွာထွက်ပေါ်လာခြင်းက ထိုစင်တာများတွင် ရင်းနှီးမြှုပ်နှံထားကြသည့် လုပ်ငန်းရှင်များစွာ၏လုပ်ငန်းရပ်တည်နိုင်မှုများကိုပါ ထိခိုက်မှုများစွာဖြစ်ပေါ်လျက်ရှိနေသည်။ ဈေးကွက်အနေအထားအရ လုပ်ငန်းရှင်များအနေဖြင့် အသစ်ပေါ်ပေါက်လာသည့် ဈေးဝယ်စင်တာ သို့မဟုတ် စူပါမားကက်တစ်ခုတွင် ၎င်းတို့၏နောက်ထပ်ဆိုင်ခွဲတစ်ခုကို မဖြစ်မနေ ထပ်မံဖွင့်ရမည်ဖြစ်သည်။

ယင်းကဲ့သို့နောက်ထပ်ပေါ်ပေါက်လာသည့် နေရာအသစ်ခုတွင် ဈေးဝယ်သူများစုပြုံရောက်သွားကြခြင်း၏ နောက်ကွယ်၌ ယခင်က ရှိနှင့်ပြီးသားဖြစ်ခဲ့ကြသည့် ကုန်တိုက်များ၊ ပလာဇာများ၊ စူပါမားကက်များ၏ ဝယ်လိုအားများသည် ရုတ်တရက်ထိုးကျသွားရာမှ နောက်ပိုင်းတွင်တဖြည်းဖြည်းချင်းနှင့် လုပ်ငန်းတစ်ခုချင်းစီ ပျောက်ကွယ်သွားခြင်းများဖြစ်ပေါ်နေသည်ဟု လုပ်ငန်းရှင်များကသုံးသပ်ပြောဆိုကြသည်။

"အခုနောက်ပိုင်း ရှော့ပင်းမောလ်တွေအသစ်ထပ်ပေါ်လာတာကောင်းပါတယ်။ ဒီဇိုင်းတွေက အစ နိုင်ငံတကာအဆင့်မီတွေဖြစ်နေတာကြောင့်ရင်းနှီးမြှုပ်နှံသူတွေ တင်မကဘူး စားသုံးသူတွေကပါ နောက်အသစ်တွေကိုစိတ်ဝင်စားကြတယ်။ အဲ့ဒီတော့အသစ်ရှိတဲ့နေရာမှာပြုံနေကြတယ်။ အဲ့ဒီမှာ ကျွန်မတို့လိုဆိုင်ဖွင့်တဲ့လုပ်ငန်းရှင်တွေထိကြတာပဲ။ အသစ်နေရာမှာ မြတ်လာပေမယ့် အရင်နေရာဟောင်းကဆိုင်မှာ လုံးဝကိုအနုတ်လက္ခဏာ ပြတော့တာပဲ" ဟု b'coz အမှတ်တံဆိပ်အမျိုးသမီးဝတ်အဝတ်အထည်များကိုရောင်းချနေသည့်လုပ်ငန်းမှ လုပ်ငန်းရှင်ဖြစ်သူဒေါ်ဇာမွန်အိကပြောသည်။ ထိုကဲ့သို့ နိုင်ငံ၏ လုပ်ငန်းရှင်ကြီးအနည်းစုက ရင်းနှီးမြှုပ်နှံခြင်းများပြုလုပ်လာကြသည့် ဈေးဝယ်စင်တာနှင့် ကုန်တိုက်ကဲ့သို့သော ဈေးကွက်တစ်ခုတွင် ယခုလက်ရှိအရှုံးပြနေသည့် ဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေကြသည့်လုပ်ငန်းရှင်များအနေဖြင့်ရေရှည်ရပ်တည်နိုင်မှုအတွက် စဉ်းစားနေကြရပြီဖြစ်သည်။ ကုန်တိုက်ဖွင့်လှစ်တည်ထောင်သူ၊ ထိုကုန်တိုက်ထဲတွင် ဆိုင်ခန်းများငှားရမ်းကာ ကုန်ပစ္စည်းများ ဖွင့်လှစ်ရောင်းချနေကြသော လုပ်ငန်းရှင်နှင့် စားသုံးသူ အစရှိသည့် ထိုလူတန်းစားသုံးရပ်တွင် အဓိကဝင်ငွေများစွာရနေသူမှာ ဆိုင်ခန်းများကို ပြန်လည်ငှားရမ်းနေကြသည့် ဈေးဝယ်စင်တာများကို တည်ထောင်နေသည့် အထက်ပါလုပ်ငန်းရှင်ကြီးများပင်ဖြစ်နေသည်။

"ဈေးဝယ်စင်တာတွေက အသစ်တွေထပ်ထပ်ပေါ်လာတော့ ကျွန်မတို့က အဲ့ဒီနေရာအသစ်မှာ ထပ်ပြီးဆိုင်မခွဲလို့မရတော့ဘူး။ လုပ်ငန်းတစ်ခု ဆိုင်ခွဲတွေအများကြီးမို့လို့အထင်မကြီးလိုက်ပါနဲ့။ လိပ်စာကတ်ထဲက ဆိုင်ခွဲတွေအများကြီးမှာ တကယ်မြတ်နေတာကတစ်ဆိုင်လောက်ပဲဖြစ်နေတတ်တယ်။ အဲ့ဒီ မြတ်တာကလည်း အမြတ်မရှိ လုံးဝဇီးရိုးဖြစ်နေတဲ့ ဆိုင်တွေရဲ့ စရိတ်ကိုတောင်ပြန်မကာနိုင်ဘူးဖြစ်နေကြတာပါ" ဟု ထိုင်းနိုင်ငံမှတင်သွင်းနေသည့် အမျိုးသမီးအဝတ်အထည်များကိုရန်ကုန်မြို့တွင်းရှိ ဈေးဝယ်စင်တာပေါင်းလေးခုတွင်ဖွင့်လှစ်ထားသည့်ကုမ္ပဏီတစ်ခုမှ မန်နေဂျင်းဒါရိုက်တာ အမျိုးသားတစ်ဦးကလည်းလက်ရှိအခြေအနေများနှင့်ပတ်သက်ပြီး သုံးသပ်ပြောကြားသည်။

ယခုနှစ်ပိုင်းတွင် အသစ်ထွက်ပေါ်လာသော ရှော့ပင်းမောလ်အသစ်များကြောင့် ယခင်ဖွင့်လှစ်ထားပြီးသား ဈေးဝယ်စင်တာများရှိဆိုင်ခန်းဟောင်းများကို ရပ်ဆိုင်းပစ်လိုက်ကြရခြင်းကိစ္စများ ပိုမိုများပြားလာနေကြောင်း လုပ်ငန်းရှင်အချို့ကဆိုကြသည်။

ထို့အပြင် အသစ်ဖွင့်လှစ်လာကြသည့် ဈေးဝယ်နေရာများတွင်သာမဟုတ်ဘဲယခင်နေရာအဟောင်းများရှိဆိုင်ခန်းများ၏ဈေးနှုန်းများကပါ များပြားလွန်းလှသည့်အတွက် လုပ်ငန်းရှင်များအတွက် ဆိုင်ခန်းငှားရမ်းခများကို တစ်လတစ်ကြိမ် အသားတင်ပေးနေရသည့် အနေအထားတွင် ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။ "အခု မသိတဲ့သူတွေကတော့ ဆိုင်ခန်းတွေအများကြီးဖွင့်ထားတာ လုပ်ငန်းကောင်းလို့ပါလို့တွေးကြမယ်။ အချို့ပလာဇာဆိုင်မျိုးမှာ ဖွင့်ထားကြတဲ့ ဆိုင်ခန်းတွေတစ်လတစ်လဆိုင်လခကို အလကားပေးနေရသလားအောက်မေ့တယ်။ ဥပမာပြောပြတာပါ။ ဆိုင်ခန်းခကလည်းဈေးကြီးတဲ့အပြင် ဝယ်သူကလည်း မရှိတော့ ဆိုင်ခန်းခတင်မဟုတ်ဘူး၊ ဝန်ထမ်းလစာတွေကလည်းရှိသေးတယ်။ ရေရှည်ရပ်တည်နိုင်ဖို့အတွက်လုပ်ငန်းရှင်တွေအကျပ်ရိုက်နေကြတယ်" ဟုပြည်လမ်းစိန်ဂေဟာတွင်အမျိုးသားအမျိုးသမီးအဝတ်အထည်များရောင်းချနေသည့်ဆိုင်တစ်ဆိုင်မှ ဆိုင်မန်နေဂျာတစ်ဦးကလည်း ၎င်းတို့လုပ်ငန်းခွဲများ၏ အရှုံးပေါ်နေမှုနှင့်ပတ်သက်ပြီး ပြောပြသည်။

ဆိုင်ခန်းဖွင့်လှစ်ကာ ကုန်ပစ္စည်းများရောင်းချနေကြရသည့် လုပ်ငန်းရှင်များအနေဖြင့် ထိုကဲ့သို့ အခက်အခဲများကြောင့်ပင် ၎င်းတို့၏ကုန်ပစ္စည်းများကို ပုံမှန်ရောင်းသင့်သည့် ဈေးနှုန်းများထက်ဈေးတင်ကာ ရောင်းချနေကြရသည်ဟု အထက်ပါလုပ်ငန်းရှင်များက ဆိုကြသည်။

"ဆိုင်ခန်းခတွေဈေးကြီးလို့ ပစ္စည်းတွေကို အမြတ်တင်ထားကြတာသိပါတယ်။ ဒါပေမဲ့နောက်ဆုံးထိခိုက်တာက စားသုံးသူဖြစ်နေတယ်။ ကြားထဲက ဒုတိယလူဖြစ်တဲ့ ဆိုင်ခန်းငှားတဲ့သူလည်း ထိတာပါပဲ။ ဟန်မပျက်သာသူတို့တွေ ဆိုင်ခန်းတွေကိုငှားပြီး ရောင်းချနေကြရတာ။ တကယ်တမ်း အရှုံးပေါ်နေကြတာ။ ကြားထဲက တော့ ဈေးဝယ်စင်တာကို တည်ဆောက်သူတွေကသာ ဆိုင်ခန်းငှားရမ်းခတွေနဲ့ အဆင်ပြေသွားတာပါ" ဟု ရန်ကုန်မြို့တွင် မိုဘိုင်းနှင့်ဆက်စပ်ပစ္စည်းရောင်းချသည့် ဆိုင်တစ်ဆိုင်မှ လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

သို့သော် ဈေးဝယ်ယူသူနည်းပါးသွားသည့် အချို့သော ဈေးဝယ်စင်တာများ၊ စူပါမားကက်များသည်လည်း ရပ်ဆိုင်းသွားကြသည့် ဆိုင်ခန်းများကြောင့် ၎င်းတို့၏ဆိုင်ခန်းငှားရမ်းခများမှ ရရှိနေသည့်ဝင်ငွေများသည်လည်း ယခင်ထက်လျော့ကျနေပြီဖြစ်ကြောင်းစုံစမ်းသိရှိရသည်။

ရန်ကုန်မြို့၏ဈေးဝယ်စင်တာကဲ့သို့ နေရာကြီးများတွင် အထက်ပါပြဿနာများကို ဆက်တိုက် ကြုံတွေ့နေရသော်လည်း လှည်းတန်းကဲ့သို့နေရာများရှိ တိုက်ခန်းများ၊ ကွန်ဒိုများအောက်တွင် ဖွင့်လှစ်ထားကြသည့် ဆိုင်ခန်းများမှာမူ ပိုမိုအလုပ်ဖြစ်နေကြသည်ဟုဆိုကြသည်။

"လှည်းတန်းမှာက မြေညီထပ်ဆိုင်ခန်းမှာဆို ငှားခက ငါးသိန်းနဲ့ ဆယ်သိန်းကြားရှိတယ်။ ဒါပေမဲ့ ပုံမှန်လူစည်တဲ့ နေရာဖြစ်တဲ့အပြင် ရှော့ပင်းမောလ်တိုင်းမှာ လိုက်ဖွင့်စရာမလိုဘူး။ လူအရမ်းလည်းစည်ကားလို့ ဒီလိုနေရမျိုးကဆိုင်တွေကတော့ပုံမှန်လေး သွားနိုင်ကြပါတယ်" ဟု လှည်းတန်းလမ်းဆုံအနီးတွင် ဖွင့်လှစ်ထားသော အမျိုးသား၊ အမျိုးသမီးဝတ် ဖိနပ်များကိုရောင်းချသည့်ဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းကဲ့သို့ ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတသည့်ပြဿနာများနှင့်ပတ်သက်ပြီး စီးပွားရေးပညာရှင် ဒေါက်တာခင်မောင်ညို (ဘောဂဗေဒ)က "အဲ့ဒီလိုဆိုင်ခွဲတွေလိုက်ဖွင့်လာနိုင်တာကတော့ ကောင်းပါတယ်။ ဒါပေမဲ့ အဲ့ဒီနည်းလမ်းက လတ်တလောဖြေရှင်းတဲ့နည်းလမ်းဖြစ်တယ်။ နေရာအသစ်မှာ စဖွင့်ခါစမှာတော့ ရောင်းကောင်းနိုင်ပေမယ့်နောက်ပိုင်းကျရင်တော့ ဒီလိုပြန်ဖြစ်သွားမှာပဲ။ အဓိကတော့ကိုယ့်ဆိုင်ကနာမည်ရှိနေမယ်။ ပစ္စည်းအမျိုးအစားတွေ၊ ဈေးနှုန်းတွေ၊ ဝန်ဆောင်မှုတွေက သူများနဲ့မတူနေဘူးဆိုရင် ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ့်ဆိုင်တော့ လာကြမှာပဲ" ဟု သုံးသပ်ပြောကြားသည်။

ယခင်ဖွင့်လှစ်ပြီးသား ဈေးဝယ်စတင်တာအဟောင်းများအနေဖြင့်ဈေးဝယ်သူများကိုဆွဲဆောင်သည့် နည်းလမ်းများကို သုံးသည့်အခါ အမှန်တကယ် ထိရောက်သည့်နည်းလမ်းများကိုသာသုံးသင့်ပြီး ပရိုမိုးရှင်းကဲ့သို့ပွဲများ၊ ရှိုးပွဲများဖြင့်ဆွဲဆောင်ခြင်းသည်ရေတိုကာလအတွက်သာ အနည်းငယ် ထိရောက်မှုရှိနိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"တချို့ရှော့ပင်းစင်တာတွေဆို ပရိုမိုးရှင်းပွဲ၊ ရှိုးပွဲလုပ်တဲ့ အချိန်လေးမှာပဲ လူစည်သလိုရှိတာ။ ပြီးရင် ဒီအတိုင်းပဲ။ ဒါကြောင့် အမှန်တကယ်အသုံးဝင်နိုင်မယ့် နည်းလမ်းတွေနဲ့ ပြန်ပြီး ဈေးဝယ်သူတွေကို ဆွဲဆောင်သင့်တယ်" ဟု ခင်မောင်ညို(ဘောဂဗေဒ)က ပြောကြားသည်။

နှစ်စဉ်နှင့်အမျှ များပြားလာလျက်ရှိသည့် ဈေးဝယ်စင်တာကြီးများ၊ စူပါမားကက်ကြီးများ၏ ဆိုင်ခန်းခမြင့်မားမှုများကြောင့် ယင်းဆိုင်ခန်းများကိုငှားရမ်းသည့် လုပ်ငန်းရှင်များက ပထမဆုံးရင်ဆိုင်ကြရသည်။ စားသုံးသူများကမူ ပုံမှန်ထက်ဈေးနှုန်းများတင်ထားကြသော ကုန်ပစ္စည်းများကို ဝယ်ယူနေကြရခြင်းဖြင့် ရင်ဆိုင်နေကြရသည်။

သို့သော်လက်ရှိတွင်အထက်ပါစူပါမားကက်ကြီးများ၊ ရှော့ပင်းမောလ်ကြီးများ၌ ရောင်းချနေကြသည့်ဆိုင်ခန်းများအထိနာနေခြင်းသည် စားသုံးသူသို့တစ်ဆင့်ပြန်လည်ထိခိုက်စေရာမှ နောက်ဆုံးတွင် နိုင်ငံ၏ဈေးကွက်စီးဆင်းနိုင်မှုအရှိန်ကို ပိုမိုလျော့ကျသွားစေနိုင်ကြောင်း အထက်ပါလုပ်ငန်းရှင်များကသုံးသပ်ကြသည်။

နောက်ဆုံးတွင် စင်တာကြီးများ၊ ပလာဇာကြီးများ တည်ဆောက်ဖွင့်လှစ်သည့်လုပ်ငန်းရှင်များ၏ ရေရှည်ရပ်တည်ရေးသည်လည်း စဉ်းစားစရာ ဖြစ်လာနိုင်သည်။ ရှော့ပင်းစင်တာ အသစ်အသစ်များမှာလည်း နောက်ပိုင်းတွင် ထပ်မံဖွင့်လှစ်လာမည်ဖြစ်၍ ရှော့ပင်းစင်တာအသစ်တိုင်းတွင် ဆိုင်ခွဲအသစ်များ ဖွင့်လှစ်ယင်း ကျန် ဆိုင်နေရာများတွင် အရှုံးပေါ်နေခြင်းမှာ ထိုဆိုင်ခန်းရင်းနှီးသူများအတွက် ရေရှည်ရပ်တည်ရေးမှာလည်း အဆင်ပြေနိုင်မည့်နည်းလမ်း ဟုတ်၊ မဟုတ် ဆိုသည်မှာလည်း စဉ်းစားစရာပင်ဖြစ်နေတော့သည်။ ॥




ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ငွေသုံးနိုင်သည့်စားသုံးသူအား ကျဆင်းနေခြင်းကြောင့် ဆိုင်ခန်းများ ဖွင့်ထားသော်လည်း ဝယ်သူမရှိ**

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

# သက်ရှိထင်ရှားရှိနေသေးသော သတင်းစာဆရာကြီး

# ဂါးဒီးယန်းဦးစိန်ဝင်း

ချမ်းငြိမ်း

ဂါးဒီးယန်းဦးစိန်ဝင်းကို ရေဝတီတိုင်းကျောင်းကုန်းမြို့နယ်တွင် အဘဦးဖိုးပျော့၊ အမိဒေါ်ပိုးယဉ်တို့က ၁၉၂၂ခုဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ မွေးဖွားခဲ့သည်။

ကျောင်းကုန်းမြို့ ဗုဒ္ဓဘာသာအလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ပုသိမ်မြို့ အထက်တန်းကျောင်းမှ ဒုတိယကမ္ဘာစစ် မကူးစက်မီ ၁၉၄၀ ပြည့်နှစ်၌ အထက်တန်းအောင်မြင်ခဲ့သည်။ ထို့နောက်ရန်ကုန်ယုဒသန်ကောလိပ်တွင်ပညာဆက်လက်သင်ကြားနေရာမှ စစ်ကြီးဖြစ်လာ၍ ဦးလေးတော်သူ ဦးသန်းတင့်(မူဝံ)လုပ်ကိုင်နေသော ပုဂ္ဂလိကမြန်မာ့အလင်းသတင်းစာ၌ ဘာသာပြန်အလုပ်ကို အခကြေးငွေမယူဘဲ စတင်လုပ်ကိုင်ခဲ့သည်။ ယင်းသို့မြန်မာ့အလင်း၌လုပ်ကိုင်နေရာမှ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့သို့ ပညာတော်သင်အဖြစ် သွားရောက်ခဲ့ကာ စစ်ကြီးပြီးမှ မြန်မာပြည်သို့ ပြန်ခဲ့လေသည်။ မြန်မာပြည်ရောက်သည်နှင့်တစ်ပြိုင်နက် ယခင်လုပ်ကိုင်ခဲ့သောမြန်မာ့အလင်း၌ အလုပ်သင်သတင်းထောက်အဖြစ် ပြန်လည်လုပ်ကိုင်ရာမှ သတင်းစာလောကထဲသို့ လုံးလုံးလျားလျားရောက်ရှိခဲ့ပါသည်။

**လျှပ်စစ်သတင်းထောက်ကလေး**

ပုဂ္ဂလိက မြန်မာ့အလင်းသတင်းစာတိုက်တွင် စတင် သတင်းလိုက်စဉ်က ဦးစိန်ဝင်းမှာ အသက် ၂၀ ကျော်မျှသာရှိသေး၏။ ထိုအခါ ရန်ကုန်မြို့ကို ခါးစောင်းတင်နိုင်သည်ဆိုသော သတင်းထောက်ကြီးဦးဘနှင်းနှင့် ဆုံတွေ့ရလေသည်။ ထိုစဉ်က ဦးဘနှင်းမှာ မြန်မာပြည် ဘုရင်ခံကပင် အသိအမှတ်ပြုခြင်းခံရသော ရာဇဝတ်မှုခင်း သတင်းထောက်ကြီးဖြစ်ပါသည်။ ဦးဘနှင်းသည် ဆန်ရင်းနာနာဖွတ်ဆိုသလို ဂျပန်ပြန်သတင်းထောက်ပေါက်စလေးအား မနားတမ်းသတင်းလိုက်ခိုင်းလေသည်။ သို့ဖြင့် ဦးစိန်ဝင်းမှာဦးဘနှင်းနှင့် ဆုံစည်းရခြင်းသည်တွေ့တွေ့ချင်းဆောက်နှင့်ထွင်းသလိုဖြစ်ခဲ့ပြီးထိုခေတ်က အပင်ပန်းဆုံးနှင့် အခက်ခဲဆုံးဖြစ်သော ရာဇဝတ်မှုခင်းများကို သတင်းလိုက်ရပါသည်။ ဦးဘနှင်းနည်းတူ ဦးစိန်ဝင်း၏ ကံ့ကူလက်လှည့်ဆရာတစ်ဦးမှာ ဦးချစ်ဦးဖြစ်လေသည်။ ထိုစဉ်က ဦးစိန်ဝင်း ပြည်တွင်းသတင်းမည်မျှလိုက်ခဲ့ရသနည်းမူ မိုးလင်းမှ မိုးချုပ် မော်တော်ဆိုင်ကယ် တဖုတ်ဖုတ်နှင့် သတင်းစာတိုက်သို့လူးလာခေါက်ပြန်ပြေးရပါသည်။ ထိုသို့ပြေးလွှားလုပ်ကိုင်နိုင်သဖြင့်တစ်ရက်တည်းသတင်းပုဒ်ရေငါးပုဒ်ထက်မနည်းအထက်သို့တင်ပြနိုင်ခဲ့သည်။

သတင်းအလုပ်ဆိုသည်မှာ အချိန်နှင့်အမျှပြိုင်ဆိုင်နေရသည်ဖြစ်၍ ထိုစဉ်က သတင်းထောက်ကြီးများဖြစ်သော ဦးစိန် (ဟံသာဝတီနှင့် နှစ်ဖက်ချွန်) နယူးတိုင်းမ်ဦးအေးဖေ၊ ဂျာနယ်ကျော်တင့်ဆွေနှင့် အထောက်တော် ဦးတင်မောင်ကြီးတို့ကြား အသက်ငယ်ဆုံးသော သတင်းထောက်လေးဖြစ်ခဲ့သည်။ အသက်ငယ်ငယ်နှင့် လျှပ်စီးလက်သလို သတင်းလိုက်နိုင်သဖြင့်သတင်းလောကအတွင်း လျှပ်စစ်သတင်းထောက်လေးဟု အမည်တွင်ခဲ့သည်။

ယင်းသို့ မြန်မာ့အလင်း၌ လုပ်ကိုင်ရင်း တိုင်းပြည်အတွက် အရေးကြီးသော (Scoop) သတင်းဦးကြီးကို ထိုစဉ်က မြန်မာ့အလင်း တစ်စောင်တည်းကသာ ဖော်ပြနိုင်ခဲ့သည်။ အဆိုပါသတင်းမှာ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဖ. ဆ. ပ. လ အစိုးရဖွဲ့စည်းခြင်း သတင်းပင်ဖြစ်သည်။ ထိုသတင်းကို ဦးစိန်ဝင်းသည် သတင်းထုတ်ပြန်ချက် ပေါ်ထွက်မလာမီ ခန့်အပ်ခံရသော ဝန်ကြီးများထံ ချဉ်းကပ်မေးမြန်းခြင်းဖြင့် အချက်အလက်ပြည့်စုံစွာရရှိပြီး ကိုယ်ပိုင် သတင်းကြီးတစ်ပုဒ်အဖြစ် ရေးသားခဲ့ခြင်းဖြစ်ပေသည်။

**ဂါးဒီးယန်းဦးစိန်ဝင်းအမည်တွင်ခြင်း(သို့မဟုတ်)ထင်းရှူးခုံစုတ်မှတက်ခဲ့ခြင်း**

အတောင်အလက်စုံလင်လာပြီဖြစ်သော ဦးစိန်ဝင်းသည် မြန်မာ့အလင်း ပုဂ္ဂလိကသတင်းစာ၌ လပိုင်းမျှ လုပ်ကိုင်ခဲ့ပြီး ၁၉၄၇-၄၈တွင်စီးပွားရေးသတင်းစာသတင်းထောက်ချုပ်အဖြစ်လည်းကောင်း၊ ၁၉၄၈-၄၉ တွင် အလုပ်သမားဂေဇက် အယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၄၉-၅၀ တွင် နယူးတိုင်းမ် အယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၅၂-၅၅ တွင် ပြန်ကြားရေးဝန်ကြီးဌာနပြန်ကြားရေးအရာရှိအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့ကာ ၁၉၅၅-၅၈တွင် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော စောင်ရေအများဆုံးဖြစ်သည့် နေးရှင်း၌ အယ်ဒီတာအဖြစ်ပြောင်းရွှေ့ လုပ်ကိုင်ခဲ့ခြင်းဖြင့် အတွေ့အကြုံများစွာ ရှာမှီးနိုင်ခဲ့သည်။ အလုပ်လုပ်ရင်း ရန်ကုန်တက္ကသိုလ်မှ ဘီအေ(ဝိဇ္ဇာ)ဘွဲ့နှင့်ဘီအယ်လ်(ဥပဒေဝိဇ္ဇာဘွဲ့)တို့ကိုလည်း ဖြေဆိုအောင်မြင်ခဲ့ပါသည်။

ဤသို့ နေးရှင်း၌လုပ်ကိုင်ရင်းဂါးဒီးယန်းသတင်းစာအစုရှင်တစ်ဦးဖြစ်သောဒေါက်တာမောင်မောင်(နောင် နိုင်ငံတော်သမ္မတဖြစ်လာသူ)က ဂါးဒီးယန်းသတင်းစာအား ကိုင်တွယ်ပေးပါရန် အကူအညီ တောင်းခံလာပါသည်။ သတင်းစာအား စိတ်တိုင်းကျလုပ်ပိုင်ခွင့်ကိုလည်း ဒေါက်တာမောင်မောင်နှင့် သဘောတူညီမှုရရှိခဲ့ကြပါသည်။

ထိုအချိန်က အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသောသတင်းစာလေးစောင်ဖြစ်သည့် နေးရှင်း၊ ဘားမင်း၊ နယူးတိုင်းမ်အော့ဖ်ဘားမားနှင့်ဂါးဒီးယန်းတို့မှာ စောင်ရေအစဉ်တိုင်းရှိပါသည်။ အနိမ့်ဆုံးဖြစ်သော ဂါးဒီးယန်းမှာ ၁,၅၀၀ သာရှိပြီးပြုတ်တော့မည့်ဆဲဆဲဖြစ်သည်။



*ဂါးဒီးယန်းသတင်းစာအောင်မြင်စဉ်က မြင်တွေ့ရသော ဂါးဒီးယန်း ဦးစိန်ဝင်း*

အောင်မြင်သောဂါးဒီးယန်းမဂ္ဂဇင်းမှ ရသမျှ အမြတ်ငွေများသည်လည်း သတင်းစာအား ကြာရှည်စွာ အခုအခံမပေးနိုင်တော့။ ဂါးဒီးယန်းသတင်းစာမှာကိုယ်ပိုင်အခန်းမဆိုထားနှင့်၊ ငှားရမ်း၍ပင် မဖွင့်နိုင်သဖြင့် ဆူးလေဘုရားလမ်းရှိ မြဝတီမဂ္ဂဇင်းတိုက် အဆောက်အအုံ၌ အကူအညီ တောင်းခံကာကပ်လျက်ဖွင့်နေရပါသည်။ ရုံးအဖွဲ့တွင် သုံးဦးသာရှိပြီး လခစားအယ်ဒီတာတစ်ဦးမျှမခန့်ထားနိုင်ပါ။ ရုံးသုံးပစ္စည်းဟူ၍ ပရိဘောဂအနည်းငယ်သာရှိပြီး လက်နှိပ်စက်တစ်လုံးကို လုကာသုံးရပါသည်။ ဦးစိန်ဝင်းထိုင်ရသောခုံမှာကြိမ်မရှိသဖြင့် ထင်းရှူးသားနှင့်ဖြစ်သလိုရိုက်ထားသည့် ထိုင်ခုံတစ်လုံးသာဖြစ်ခဲ့သည်။

ယင်းသို့သောအခြေအနေ၌ သတင်းစာတစ်စောင်ကိုင်တွယ်ရသည်မှာ တပ်ပျက်ဗိုလ်နှင့်ပင်တူသည်ဟု နောင်အခါ ဦးစိန်ဝင်းက ဆိုလေသည်။ ထိုစဉ်က ဦးစိန်ဝင်းမှာ ၃၇ နှစ်သာရှိသေးပါသည်။

ဂါးဒီးယန်းကို လက်ပြောင်းယူလိုက်သည်နှင့်တစ်ပြိုင်နက် ဦးစိန်ဝင်းမှာ အလုပ်ကို မနားတမ်းလုပ်လေတော့သည်။ ယင်းသို့လုပ်ကိုင်ရာတွင်နေ့ဘက်၌သတင်းလိုက်၍ ညဘက်မှ အယ်ဒီတာ အလုပ်ကိုလုပ်ရခြင်းဖြစ်သည်။ နေ့ခင်းကထောက်လှမ်းရသမျှ သတင်းများကို ညပိုင်း၌ ထင်းရှူးခုံစုတ်လေးပေါ်ထိုင်ကာတကုပ်ကုပ်ရေးသားရလေသည်။ ထို့နောက် စာစီ၍ထွက်လာသော မူကြမ်းကိုလည်း ကိုယ်တိုင်တည်းဖြတ်ရပါသည်။ ထိုသို့လုပ်ရခြင်းမှာလည်း လပေါင်းများစွာ နားရက်မရှိ နေ့စဉ်ရက်ဆက်ဖြစ်ကာ တစ်ရက်လျှင် ဆယ့်ခုနစ်နာရီမှ ဆယ့်ရှစ်နာရီအထိ လုပ်ကိုင်ရခြင်း ဖြစ်ပါသည်။

ဦးစိန်ဝင်း၏ စွမ်းဆောင်မှုဖြင့် ဂါးဒီးယန်းသည် သတင်းရေးသားမှု၊ တည်းဖြတ်မှု၊ အထားအသို၊ အပြင်အဆင်နှင့် မွမ်းမံမှုများ စူးရှတောက်ပြောင်လာကာ စောင်ရေတရိပ်ရိပ် တက်လာသည်။ ဤတွင်မှ ဦးစိန်ဝင်းသည် အချိန်ပြည့်နှင့် အချိန်ပိုင်းဝန်ထမ်းများအား ထပ်မံရှာဖွေကာ သတင်းစာကိုချဲ့ထွင်လေသည်။

ဂါးဒီးယန်းသတင်းစာအောင်မြင်လာရခြင်းမှာလည်း ဦးရမည်၊ ထူးရမည်၊ မှန်ရမည်၊ မြန်ရမည်ဟူသောမူဝါဒအားလက်တွေ့အကောင်အထည်ဖော်နိုင်ခြင်းကြောင့်ဖြစ်ပေသည်။ သာဓကတစ်ခုအနေဖြင့် တရုတ်-မြန်မာ နယ်နိမိတ်ကိစ္စဖြစ်ပေါ်နေချိန်တွင် သတင်းထောက်တစ်ဦးအား လေယာဉ်စင်းလုံးငှားရမ်းကာ တစ်ဦးတည်းစေလွှတ်ခြင်းဖြင့် သတင်းမှန်ကိုလျင်မြန်စွာသိစေလိုသော စေတနာဖြင့် အကုန်ကျခံဆောင်ရွက်ခြင်းမျိုးဖြစ်ပါသည်။

ယင်းသို့ မူဝါဒခိုင်မြဲသော ဂါးဒီးယန်းသတင်းစာသည်အချိန်တိုအတွင်း အခြားသော အင်္ဂလိပ်သတင်းစာများထက် အမြင့်ဆုံးစောင်ရေတိုင် ရောက်ရှိခဲ့လေသည်။ ထိုအခါသူ၏နာမည်ကျော် The Split Story(အကွဲအပြဲဇာတ်လမ်း) ကို ၁၉၅၉ ခု ဇန်နဝါရီလမှစ၍ နေ့စဉ်ရက်ဆက် ဖော်ပြလေရာ သတင်းစာစောင်ရေပိုမိုတိုးတက်ခဲ့သည်။ ဦးစိန်ဝင်းကိုလည်း ထိုအချိန်ကစ၍ ဂါးဒီးယန်း ဦးစိန်ဝင်းဟု ခေါ်ဝေါ်လာကြသည်။ ဤသို့ဖြင့် မူလကတိုက်ပိုင်မရှိ၊ ပုံနှိပ်စက်မရှိ ကပ်လျက်ဖွင့်ခဲ့ရသောဂါးဒီးယန်းသည်ကုန်သည်လမ်းရှိ ကြီးမားသည့် အဆောက်အအုံကြီးတစ်ခုအား ဝယ်ယူကာ ခေတ်မီပုံနှိပ်စက်ကြီးများဖြင့် ရိုက်နှိပ်ထုတ်ဝေနိုင်သည်အထိ တိုးတက်အောင်မြင်ခဲ့ပါသည်။

**ရွှေကလောင်ဆုရရှိခြင်း**

၁၉၅၈ ခု ဧပြီလ ၂၉ ရက်နေ့တွင် ဖ. ဆ. ပ. လအဖွဲ့ကြီးသည် သန့်ရှင်းနှင့် တည်မြဲဟူ၍ နှစ်ခြမ်းကွဲခဲ့လေသည်။

ယင်းသို့ ကွဲပြီးနောက် တိုင်းပြည်မငြိမ်မသက်ဖြစ်ကာ ၁၉၅၈ ခု အောက်တိုဘာလတွင်အိမ်စောင့်အစိုးရတက်ရောက်လာပြီး ရွေးကောက်ပွဲများ ကျင်းပပေးခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဦးနုခေါင်းဆောင်သော သန့်ရှင်းက တည်မြဲထက်မဲဆန္ဒပိုမိုရရှိကာ အာဏာပြန်လည်ရယူခဲ့ပါသည်။ ထို့နောက် သန့်ရှင်းကိုလည်း ပထစ (ပြည်ထောင်စုအစိုးရ)ဟု အမည်ပြောင်းလဲခဲ့ပါသည်။

အစိုးရ၏ တရားရေးနှင့်ပြည်ထဲရေးဝန်ကြီးမှာ ဒေါက်တာဦးအေးမောင်ဖြစ်သည်။ ဦးအေးမောင်သည် ပြည်ထောင်စု သတင်းစာ အယ်ဒီတာချုပ် ဦးသန်းတင်(မူဝံ)၏ အစ်ကိုဖြစ်ပြီး ဂါးဒီးယန်းဦးစိန်ဝင်း၏ ဦးလေးတော်စပ်သူလည်းဖြစ်ပါသည်။

ဖ. ဆ. ပ. လ အကွဲသည် မြန်မာ့နိုင်ငံရေးအခြေအနေအား များစွာရှုပ်ထွေးစေခဲ့ပြီး ပထစ အစိုးရလက်ထက်တွင်သတင်းစာဆရာ အများအပြားထိန်းသိမ်းခြင်းခံရလေသည်။ ယင်းသို့သောအခြေအနေတွင် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောသတင်းစာအဖွဲ့အစည်းကြီးဖြစ်သည့် မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်း (Burma Journalist Association)၌ ဂါးဒီးယန်းဦးစိန်ဝင်းသည် ဥက္ကဋ္ဌအဖြစ်ရွေးကောက်(Select)တင်မြှောက်ခြင်းခံရလေသည်။

ဂါးဒီးယန်းဦးစိန်ဝင်းသည် ဥက္ကဋ္ဌအဖြစ် တာဝန်ရယူပြီးသည်နှင့်တစ်ပြိုင်နက် ထိုစဉ်က ဥပဒေအရ အရေးယူတရားစွဲဆိုခြင်းခံနေရသော သတင်းစာအများအပြားနှင့် သတင်းရေးသားမှုကြောင့် အရေးယူခံနေရသော သတင်းထောက်များအား တရားဥပဒေအရစစ်ဆေးဆောင်ရွက်ပေးပါရန် တောင်းဆိုခဲ့ပါသည်။

သို့ရာတွင် တည်ဆဲအစိုးရထံမှ တစ်စုံတစ်ရာ အကြောင်းပြန်ကြားချက်မရရှိခဲ့သဖြင့် သတင်းစာတိုက်များမှ ထုတ်ဝေသူများနှင့် အယ်ဒီတာချုပ်များကို (BJA) အနေဖြင့် ဂါးဒီးယန်းတိုက်သို့ ဖိတ်ခေါ်ကာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအရေး၌ ဂါးဒီးယန်းဦးစိန်ဝင်းသည် ထိရောက်စွာဆောင်ရွက်သည်ဖြစ်၍ ခေတ္တမျှထိန်းသိမ်းခံရပြီး ပြန်လည်လွတ်မြောက်လာသည့်အခါမှာပင် သတင်းစာလွတ်လပ်ခွင့်အတွက် ထပ်မံ အရေးဆိုခဲ့သေးသည်။ နောက်ဆုံးတွင်ကား ပထစအစိုးရကသတင်းစာများအပေါ် အလျှော့ပေးလိုက်လျောခဲ့ရလေသည်။

ဤသို့ ဆောင်ရွက်ခဲ့မှုကြောင့် ပြင်သစ်နိုင်ငံ ပါရီမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ သတင်းစာထုတ်ဝေသူများအဖွဲ့ချုပ် (F.I.E.I) က ၁၉၆၃ ခုတွင် ရွှေကလောင်ဆု (Golden Pen Award)ကိုချီးမြှင့်ခဲ့ပါသည်။ သို့ရာတွင် ထိုစဉ်က နိုင်ငံရေးအခြေအနေအရကိုယ်တိုင်သွားရောက်လက်ခံရယူနိုင်ခြင်းမရှိဘဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရ တက်ရောက်လာပြီး ၁၉၈၉ ခု မေလတွင်မှ ဆုကို သွားရောက်ရယူနိုင်ခဲ့သည်။ ယင်းဆုမှာ နိုင်ငံတကာသတင်းစာလောကတွင် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ရွှေကလောင်ဆုကို ပထမဆုံးရရှိခဲ့ခြင်းလည်းဖြစ်ပေသည်။

ထို့ပြင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်ချ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ သတင်းစာအယ်ဒီတာများအဖွဲ့ချုပ် International Press Institute (I.P.I)၌ ဗဟိုအလုပ်အမှုဆောင်အဖြစ် ၁၉၆၃ မှ ၆၆ ခုနှစ်အထိ လေးနှစ်တိုင် ရွေးချယ်ခြင်းခံရပါသည်။ စာ(၃၁) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.20 · AUGUST 4, 2011

## မျိုးသန့်စပါးတင်းတစ်ရာလျှင် ကျပ်လေးသိန်းဖြင့်ဝယ်ရန် အထူးပြုကုမ္ပဏီကတိပြု

**အောင်သူရ၊ပြည်သိမ်း**
**ရန်ကုန်၊**
**ဩဂုတ်-၁**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ရှိ လယ်သမားများ စိုက်ပျိုးထားသော မျိုးသန့်စပါးများကို တင်းတစ်ရာလျှင် ကျပ်လေးသိန်းဖြင့် အထူးပြုကုမ္ပဏီတစ်ခုက အာမခံ၍ ဝယ်ယူရန်ကတိပြုခဲ့သည်။

ရာသီဥတု ဖောက်ပြန်ခြင်းနှင့် သီးနှံဈေးနှုန်း မကောင်းခြင်းတို့ကြောင့် စိတ်ဓာတ်ကျနေသော တောင်သူများအားပြန်လည်အားရှိလာစေရန်နှင့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး တောင်သူများတွက်ခြေကိုက်မည့် ဈေးအား စွန့်စားမှုဖြင့် ဝယ်ယူခြင်းဖြစ်သည်။ ထို့အပြင် အာမခံဈေးဖြင့် ဝယ်ယူရခြင်းမှာ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့သော ဆန်များ အရည်အသွေးမြင့်မားလာစေရန်နှင့် မရောနှောသေးသော မျိုးသန့်မျိုးစပါး အင်းမရဲဘော်အား ကျပ်လေးသိန်းဖြင့် အာမခံဝယ်ယူရခြင်းဖြစ်သည်။

ပြည်ခရိုင်အတွင်း စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပံ့ပိုးသော ခေတ္တရာဟံသာကုမ္ပဏီက အင်းမရဲဘော်စပါးမျိုးအား တင်းတစ်ရာလျှင် အနိမ့်ဆုံးလေးသိန်းဈေးဖြင့် ဝယ်ယူပေးမည်ဟုခေတ္တရာဟံသာ အထူးပြုကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာဦးဇော်ဝင်းရှိန်က ဆိုသည်။

“မရောနှောသေးတဲ့ အင်းမရဲဘော်မျိုးသန့်စပါးသန့်ကို တင်းတစ်ရာကို အနိမ့်ဆုံးလေးသိန်းဈေးနဲ့ ဝယ်မှာပါ” ဟု ပြည်မြို့၌ ကျင်းပသော ခေတ္တရာဟံသာအထူးပြုကုမ္ပဏီ၏ မိုးစပါးစိုက်ပျိုးစရိတ်နှင့် သွင်းအားစုများပံ့ပိုးပေးပွဲ၌အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အဆိုပါ အင်းမရဲဘော်စပါးမျိုးအား ပြည်ခရိုင်အတွင်း ဧကလေးသောင်းကျော်စိုက်ပျိုးထားသည်။ ဒေသနှင့်ကိုက်ညီပြီး သက်တမ်းအားဖြင့် ရက် ၁၃၀-၁၄၀ရှိကာ အထူးညှော့မထဝင်စပါးမျိုးဖြစ်သည်။

ယင်းကဲ့သို့ပင် မျိုးသန့်စပါးကိုအာမခံဖြင့် ဝယ်ယူသကဲ့သို့ လယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေကိုလည်း တစ်ဧကကျပ်၄၅၀၀၀ဖြင့်စိုက်ဧက၄၅၂၇၅ အတွက် ယခုနှစ်မိုးစပါးအတွက် ချေးငွေထုတ်ပေးသည်။စိုက်ပျိုးစရိတ်အတွက်ငွေသားကျပ်နှစ်ဘီလီယံကျော်(ကျပ်သိန်းပေါင်း ၂၀၃၇၄) စိုက်ဧက၄၅၂၇၅ကိုထုတ်ချေးပေးမည့်အဆိုပါကုမ္ပဏီသည် မြို့နယ်ခြောက်မြို့နယ်အတွက် အခြားသောထောက်ပံ့မှုများ အပါအဝင်ငွေကျပ် ၃ဒသမ၂ ဘီလီယံ (ကျပ်သိန်းပေါင်း ၃၂၀၀၀) နီးပါးရှိကြောင်း သိရသည်။



ဓာတ်ပုံ - အောင်သူရ

“ဒီနှစ်က ကျွန်တော်တို့ တော်တော်riskယူပြီးလုပ်ရတယ်။ ကျွန်တော်တို့ပိုင်တဲ့ ဆန်စက်ကြီးကိုကမ္ဘောဇဘဏ်မှာ ပေါင်ပြီး ငွေချေးရတာပါ”ဟု ဦးဇော်ဝင်းရှိန်ကရှင်းပြသည်။

စပါးတင်းတစ်ရာကို လေးသိန်းအာမခံနှင့်ဝယ်ယူခြင်းကိုယခုလပိုင်းအတွင်း အထူးပြုကုမ္ပဏီအချို့လုပ်ကိုင်လာသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ကဍ္ဍနုကျွမ်းသာကုမ္ပဏီမှ ယခုနှစ် မိုးစပါးရာသီတွင်စတင်ခဲ့သည်။ ယခုအခါပြည်ခရိုင်၌ခေတ္တရာဟံသာကလည်း စတင်လုပ်ကိုင်ခြင်းဖြစ်သည်။ သာယာဝတီခရိုင်တွင်လည်း ရွှေဝါဟံသာကုမ္ပဏီက ထိုစနစ်ဖြင့်ဝယ်ယူမည်ဟုထိုကုမ္ပဏီမှ တာဝန်ရှိသူများက ပြောသည်။

ယင်းသို့စပါးများ အာမခံဖြင့် ဝယ်ယူရခြင်းဖြစ်ပြီး မျိုးအရောအနှောကင်းစေခြင်း၊ ဆန်အဖြစ် ကြိတ်ခွဲပြီးချိန်တွင် အလုံးအရွယ်ညီ၍ အရည်အသွေးကောင်းစေခြင်း၊ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာတွင်လည်း မျက်နှာပန်းလှပြီး ဈေးကောင်းရစေခြင်း၊ လယ်သမားများအတွက် မျိုးသန့်ကိုသာရွေးသုံးကြသဖြင့် အထွက်နှုန်းတိုးပြီး လေလွင့်မှုကင်းစေခြင်းတို့ကြောင့်ဖြစ်ကြောင်း လုပ်ငန်းရှင်ကြီးများက ဆိုသည်။



## ပန်းချီဆရာ ရာဟုလာကွယ်လွန်

**မင်းဒင်**
**မန္တလေး၊ ဩဂုတ်- ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကွန်းကျေးရွာအုပ်စု၊ ဈေးဆပ်ရပ်ကွက်၊ ပုထိုးတော်ကြီးဘုရားတောင်ဘက်တွင် နေထိုင်ကာ ပန်းချီများရေးဆွဲခဲ့သည့် ပန်းချီဆရာရာဟုလာသည် ကင်ဆာရောဂါ ခံစားရင်း ဇူလိုင်လ ၃၁ ရက် မွန်းလွဲ၁၂နာရီ ၁၅ မိနစ်၌ ကွယ်လွန်ခဲ့သည်။

ဆရာနောက်ဆုံး ရေးဆွဲခဲ့သည့် ပန်းချီကားမှာ အလောင်းလုပွဲပန်းချီကားဖြစ်သည်။ အဆိုပါပန်းချီကားသည် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်က ကိုကိုးကျွန်းအကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခံရစဉ် ကြုံတွေ့ရမှုများအားပြန်လည်ခံစားရေးဆွဲခြင်းဖြစ်ကြောင်းသိရသည်။

ပန်းချီကား ရောင်းရငွေများဖြင့် ပန်းချီဆရာတည်ထောင်ခဲ့သည့်ပျိုးခင်းအိမ်အခမဲ့စာဖတ်ဝိုင်းကို ဆက်လက်ထိန်းသိမ်းကာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သားဖြစ်သူပန်းချီဆရာဇော်ဇူးဇင်က ပြောသည်။

ဆုံးပါးချိန်တွင် အသက် ၆၅ နှစ်အရွယ်ရှိသည့် ဆရာရာဟုလာ၌ ဇနီးနှင့်သားနှစ်ဦး သမီးတစ်ဦးကျန်ရစ်ခဲ့သည်။

ဆရာအနေဖြင့် ပန်းချီ ရေးဆွဲခြင်းအပြင် တယော၊ မယ်ဒလင်စသည့် တူရိယာများတီးခတ်ခြင်းဝါသနာလည်းရှိကြောင်း၊ လူပျိုဘဝကတီးဝိုင်းများတွင် ဆိုက်ဆိုဖုန်း၊ ကလဲရီနက်များ သီဆိုတီးမှုတ်ခဲ့ဖူးကြောင်း ဇနီးဖြစ်သူဒေါ်မြမြဝင်းကပြောသည်။

ဆရာရေးဆွဲခဲ့သော ပန်းချီကားပေါင်းမှာ ထောင်ဂဏန်းထိရှိနိုင်ပြီး နိုင်ငံခြားသားများလည်း ဆရာ့ပန်းချီကားများကို ကြိုက်နှစ်သက်ကြကြောင်း တေးသံရှင်ကိုဇော်ဝင်းထွဋ်၏ စီစဉ်မှုဖြင့် ရန်ကုန် ဆီဒိုးနားဟိုတယ်တွင်ပန်းချီပြပွဲ ကျင်းပခဲ့ဖူးကြောင်း ဆရာ၏ အရင်းနှီးဆုံးမိတ်ဆွေပန်းချီဆရာတစ်ဦးကပြောသည်။

## ဆောက်လုပ်သည့်ကုမ္ပဏီနှင့် နေထိုင်သူကြား ပြဿနာဖြေရှင်းရန် သီရိကွန်ဒိုသာယာရေးကော်မတီဖွဲ့

**အောင်သူရ**
**ရန်ကုန်၊ ဇူလိုင် - ၃၁**

ငါးနှစ်ကျော်ကြာ နေထိုင်သူနှင့် ဆောက်လုပ်သည့် ကုမ္ပဏီကြား မပြေမလည်ဖြစ်နေသော ပြဿနာအား ဖြေရှင်းရန် သဘောတူညီမှုဖြင့် သီရိကွန်ဒိုသာယာရေးကော်မတီအား ဇူလိုင် ၃၁ ရက်က ဖွဲ့စည်းလိုက်ကြောင်းသိရသည်။

“ရန်ကုန်တိုင်းဒေသကြီး အစိုးရက နေထိုင်သူရယ်၊ တည်ဆောက်ရောင်းချခဲ့တဲ့ တော်ဝင်မိသားစုကုမ္ပဏီနဲ့ North Point Shopping Centre က ကိုယ်စားလှယ်တွေပါတဲ့ သာယာရေးကော်မတီဖွဲ့ပါလို့ ဇူလိုင် ၂၁ ရက် နေ့စွဲနဲ့ စာပို့လာတာနဲ့ ဖွဲ့လိုက်တာပါ” ဟု သီရိကွန်ဒိုသာယာရေး ကော်မတီအတွင်းရေးမှူး ဦးရဲကျော်သူကပြောသည်။

တိုက်ခန်းများ စတင်ရောင်းချစဉ် တော်ဝင်မိသားစုကုမ္ပဏီက သတင်းစာထဲ၌ ထည့်သွင်းကြော်ငြာခဲ့သော ဝန်ဆောင်မှုများရရှိရန် ယခုဖွဲ့စည်းလိုက်သော သီရိကွန်ဒိုသာယာရေးမှ ဦးဆောင်၍ တောင်းဆိုသွားမည်ဖြစ်ကြောင်း ကော်မတီ တာဝန်ရှိသူများက ဆိုသည်။

ခြောက်နှစ်တာ ကာလအတွင်း ကြုံတွေ့ခဲ့ရသော အခက်အခဲထဲတွင် ကားပါကင်ပြဿနာမှာ အကြီးဆုံးဖြစ်ကြောင်း သာယာရေးကော်မတီဥက္ကဋ္ဌဦးသန်းမြင့်ကပြောသည်။

သီရိရိပ်သာအဆင့်မြင့်အိမ်ရာစီမံကိန်းရှိတိုက်ခန်းများရောင်းချရန် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့စဉ်က ကားအစီး ၅၃၀ ရပ်နားနိုင်သော ကားပါကင်ဟု ထည့်သွင်းဖော်ပြထားသည်ဟု သိရသည်။

“ကားပါကင်ကတော့ ရှိတယ်။ တစ်ထပ်ပဲရှိတော့မလောက်ဘူးဖြစ်နေတာ”ဟု သာယာရေးကော်မတီတာဝန်ရှိသူတစ်ဦးက ဆို သည်။ သီရိကွန်ဒိုသာယာရေးကော်မတီဖွဲ့စည်းပွဲသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်နှစ်ဦး၊ ကွန်ဒိုတွင်နေထိုင်သူ ၁၃၀ ကျော်နှင့် North Point Shopping Centre မှ ကိုယ်စားလှယ်တစ်ဦး တက်ရောက်ပြီး တော်ဝင်မိသားစုကုမ္ပဏီမှ ကိုယ်စားလှယ်မှာမူ တက်ရောက်ခြင်းမရှိခဲ့ပေ။

တည်ဆောက်ရောင်းချသူနှင့်နေထိုင်သူများကြား ဖြစ်ပွားနေသောပြဿနာများ ဖြေရှင်းရန် သီရိကွန်ဒိုအပြင် ပုလဲကွန်ဒိုတွင်လည်း သာယာရေးကော်မတီဖွဲ့စည်းထားပြီးဖြစ်ကြောင်း အစည်းအဝေးသို့ တက်ရောက်လာသူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦးကပြောသည်။

“ကွန်ဒိုဥပဒေမထွက်ခင်မှာ စည်ပင်က လူမှုရေးဆိုင်ရာညှိနှိုင်းပေးတဲ့သဘောရှိတယ်”ဟု စည်ပင်ကိုယ်စားလှယ်ကဆိုသည်။

သီရိကွန်ဒိုသည် မရမ်းကုန်းမြို့နယ် ကိုးမိုင်၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်တွင် တည်ရှိပြီး အခန်း ၃၀၀ ရှိကာ တော်ဝင်မိသားစုကုမ္ပဏီက ၂၀၀၂ခုနှစ်ကစတင်ရောင်းချခဲ့ခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

# ကာလတိုရင်းနှီးမြှုပ်နှံ၍ ငွေပွားလိုသူများ အခက်တွေ့လာ

သိမ့်သိမ့်စိုး၊ ပြည်သိမ်း

**စီးပွားရေးနယ်ပယ်တစ်ခုတွင် အမြဲတမ်းဝင်ရောက်လုပ်ကိုင်နေခြင်းမျိုးမဟုတ်ဘဲ ငွေကြေးတိုးပွားရန် ကာလတိုရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လုပ်ကိုင်လေ့ရှိသည့် စီးပွားရေးလုပ်ငန်းများသည် ခန့်မှန်းရခက်နေပြီး ငွေတိုးပွားလိုသူများ အကြပ်ရိုက်သည့် အခြေအနေတစ်ခုဖြစ်ကြောင်း လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။**



ဓာတ်ပုံ - ဇေျမောင်မောင်(အမရပူရ)

ကာလတိုငွေကြေးရင်းနှီးမြှုပ်နှံသူ အများစုဝင်ရောက်လုပ်ကိုင်လေ့ရှိသော အဓိကဈေးကွက်ဖြစ်သည့် ရွှေဈေးနှုန်းသည် အမြင့်ဆုံးဈေးတွင်ရှိနေသည်။ ကုန်ပစ္စည်းများလှောင်လိုသူများအတွက် ဆန်၊ စပါးနှင့် ပဲဈေးကွက်တွင်လည်း ဈေးနှုန်းများက လတ်တလောတက်ရိပ်မပြဘဲ အကျဘက်ကိုသာ ဦးတည်နေသည်။

ထို့အပြင် အမေရိကန်ငွေဈေးနှင့် ပို့ကုန်ရငွေတန်ဖိုးများမှာလည်း ကျဆင်းကာ ဈေးအနိမ့်ပိုင်းတွင်ငြိမ်နေသည်။ အတိုးနှုန်းသင့်တင့်သည့်ငွေကြေးတိုးပွားရန် သေချာသောပုဂ္ဂလိကဘဏ်လုပ်ငန်းများသည်လည်း မကြာမီ အတိုးနှုန်းများကို လျှော့ချမည်ဟူသည့် သတင်းများ ထွက်ပေါ်နေသည်။

"ငွေကို ပွားဖို့အတွက်ဆိုရင် လက်ရှိဈေးကွက်ထဲမှာရှိတဲ့ လုပ်ငန်းတစ်ခုခုမှာ ဈေးနှုန်းအတက်အဆင်းပေါ်မှာပဲ ကစားနိုင်ရင် အဆင်ပြေနိုင်တယ်"ဟု စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ပါမောက္ခဒေါ်လှမြင့်ကပြောသည်။

ငွေကြေးပမာဏနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ရွှေဈေးကွက်တွင် အတက်အကျ ကစားခြင်းမဟုတ်ဘဲ ကာလတို မြှုပ်နှံပါက လက်ရှိကာလတွင် အဆင်မပြေနိုင်ကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်နေသော ကုန်သည်များက ပြောသည်။

"ဘဏ်အပ်ငွေပိုင်းမှာ အတိုးနှုန်းနည်းသွားတဲ့အတွက် စိတ်ဝင်စားမှုနည်းသွားလိမ့်မယ်။ ငွေစုချင်သူတွေအတွက်တော့ အတိုးနှုန်းလျှော့လိုက်ရင် Capital Market, Stock Market တို့လို၊ Commodity Market တို့လိုအရင်းအနှီးဈေးကွက်တွေလိုလာမယ်။ လောလောဆယ်ပြည်တွင်းမှာက ဘဏ်ကလွဲရင် တခြားရင်းနှီးစရာငွေရေးကြေးရေးအဖွဲ့တွေက မရှိဘူး" ဟု အငြိမ်းစား ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌတစ်ဦးက ပြောကြားသည်။

လက်ရှိအနေအထားအရ သက်တမ်းတစ်လျှောက်တွင် အမြင့်ဆုံးဖြစ်နေသော ကမ္ဘာ့ရွှေဈေးနှုန်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း ဈေးအမြင့်ဆုံးရှိနေသည်။

ရွှေအဓိကရောင်းဝယ်မှုပြုလုပ်ရာနေရာတစ်ခုဖြစ်သော မဂိုလမ်းနှင့် ရွှေလုပ်ငန်းရှင်များအသင်းတို့၌ ရွှေအပိုင်းလိုက်အရောင်းဝယ်ပြုလုပ်နေသော ကုန်သည်တစ်ဦးက "လက်ရှိဈေးနှုန်းက အမြင့်ဈေးကွက်ဖြစ်နေတယ်။ ရေရှည်သမားရော၊ ရေတိုသမားရော ငွေကြေးတိုးဖို့အတွက် ရွှေကို အသေကိုင်ထားမယ်ဆိုရင်တော့ အဆင်မပြေနိုင်ဘူး။ ဈေးစောင့်ကြည့်ပြီး အရောင်းအဝယ်လုပ်ရင်တော့ ကောင်းနိုင်တယ်"ဟု ပြောသည်။

စိတ်ချယုံကြည်ရပြီး ငွေဖြစ်မြန်သည်ဟုဆိုသော်လည်း လက်ရှိဈေးကွက်အနေအထားကို ရွှေလုပ်ငန်းရှင်ကုန်သည်တစ်ဦးက "အခုက ငွေစုလို့ရတဲ့ ဈေးအနေအထားမဟုတ်ဘူး။ ဈေးမြင့်တော့ ဒီမှာဝယ်စုတဲ့ ဖောက်သည်တော်တော်များများက ပစ္စည်းပြန်သွင်းပြီး ဘဏ်မှာ ငွေစုထည့်နေကြတယ်" ဟု သုံးသပ်ပြသည်။

ထို့အပြင် နယ်ဒေသများတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုပြုလုပ်လေ့ရှိသော ဆန်၊ စပါးနှင့် ပဲဈေးကွက်သည် လက်ရှိလုပ်ကိုင်နေသူများပင် ခန့်မှန်းရခက်သော ဈေးကွက်အနေအထားဖြစ်သည်။ ထို့ကြောင့် ဈေးနှုန်းအတက်အကျပေါ်တွင် ဝယ်ရောင်းလုပ်သူများသာ အဆင်ပြေနိုင်ကြောင်း ပဲကုန်သည်များကပြောသည်။

"ပဲဈေးကွက်က လှောင်ထားဖို့ကောင်းတဲ့ အနေအထားတော့ မဟုတ်ဘူး။ ငွေတိုးအောင် ကာလတိုမြှုပ်နှံဖို့အတွက်ဆိုရင် အတိုး



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

ပေးစားတာမှ ကိုက်ဦးမယ်။ ဘဏ်တိုးနဲ့ဆိုလည်းမနည်းဘူး”ဟု ပဲကုန်သည်တစ်ဦးက ရင်းနှီးမြှုပ်နှံမှုအပေါ် သူ၏အမြင်ကိုပြောသည်။

ပဲဈေးကွက်သည် ဈေးအတက်ကို မျှော်မှန်းနိုင်သေးသည်ဆိုသော်လည်း ဈေးတက်ချိန်ကိုစောင့်ဆိုင်းရန် အချိန်အတိုင်းအတာတစ်ခုအထိ ရှိနိုင်၍ ကာလတိုရင်းနှီးမြှုပ်နှံပါက အခက်အခဲများရှိနိုင်ကြောင်း ပဲကုန်သည်တစ်ဦးကပြောသည်။

ထို့အပြင် အမေရိကန်ငွေလဲလှယ်နှုန်းသည် တစ်ယူနစ်လျှင် ကျပ်၇၇၅နှင့်၈၀၀ကြားတွင်ရှိနေသည်။ ထို့အတူ ပို့ကုန်ရငွေတန်ဖိုးသည် ကျပ်၈၀၃ဖြင့် ဈေးအနိမ့်ပိုင်းတွင်ရှိသည်။

“ငွေဈေးကနိမ့်နေတော့ ဝယ်ထားရင်တော့ မကိုက်ဘူး။ ဝယ်ရောင်းလုပ်ရင်တော့ အဆင်ပြေနိုင်တယ်”ဟု နိုင်ငံခြားငွေဈေးကွက်တွင် ဝယ်ရောင်းလုပ်နေသူတစ်ဦးက ပြောသည်။

နိုင်ငံခြားငွေဈေးနှုန်းများကို သတ်မှတ်နှုန်းတစ်ခုဖြင့်လဲလှယ်နိုင်ရန်လည်း သက်ဆိုင်ရာမှ စီစဉ်နေကြောင်းသတင်းများထွက်ပေါ်နေသည်။

အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုဘက်လှည့်ကြည့်ပြန်လျှင်လည်း ငွေပမာဏ နည်းနည်းဖြင့် ကာလတိုရင်းနှီးမြှုပ်နှံလိုသူများ အဆင်မပြေနိုင်ကြောင်းကို အိမ်ခြံမြေအကျိုးဆောင်တို့က သုံးသပ်ပြသည်။

“အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုက ငွေများတယ်။ အရောင်းအဝယ်နောက်ဆုံးအဆင့်ရောက်ဖို့က သုံးလလောက်ကြာမယ်။ ရင်းနှီးနိုင်ရင်ဈေးကအတက်ဘက်ရှိနေတော့ကောင်းနေသေးတယ်”ဟု ယူနတီ အိမ်ခြံမြေအကျိုးဆောင်မှ ကိုဇော်ဇော်ကပြောသည်။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဘဏ်တွင် ငွေအပ်နှံခြင်းနှင့်ပတ်သက်၍ ယခုကဲ့သို့ ပြောပြသည်။

“ဘဏ်မှာငွေစုတာက လုံခြုံမှုအတွက်တော့ကောင်းတယ်။ ဒါပေမဲ့ အတိုးနှုန်းကနည်းတော့ တခြားစီးပွားရေးတွေမှာ ဝင်ပြီး အရောင်းအဝယ်လုပ်တာလောက် အတိုးမရနိုင်ဘူး”

“လက်ရှိအခြေအနေရဆိုရင် ဒေါ်လာကလည်း ကိုင်လို့မရဘူး။ ဈေးတွေကလည်းကျလိုက်၊ တက်လိုက်နဲ့။ ပြီးတော့သူက တရားဝင်မဟုတ်ဘူး။ ကားကလည်း ဈေးထိုးကျနေတယ်။ ရွှေဈေးကလည်း အထက်ပိုင်းမှာပဲ ဆိုတော့ ရင်းနှီးမြှုပ်နှံရမှာခက်တယ်။ ပြီးတော့ သူက risk များတယ်။ သူခိုးသူဝှက်ရန်လည်းကြောက်ရတယ်။ အိမ်ခြံမြေမှာကျတော့လည်း ငွေအင်အားက ကြီးတယ်။ ပြီးတော့ သူ့ဈေးကွက် အနေအထားက အမြင့်ဆုံးလို့တောင်ပြောလို့ရနေပြီ။ ရှေ့ဆက်ပြီးကတက်ဖို့ကလည်း မလွယ်ဘူး။ သူ့မှာရင်းနှီးမယ်ဆိုရင်တောင်သိပ်မလွယ်ဘူး” ဟု အဆိုပါဘဏ်အရာရှိဟောင်းက သုံးသပ်သည်။

“အခုက ငွေကိုင်ထားပြီး ဘာလုပ်ရမှန်းမသိဘူးဖြစ်နေတယ်။ ငွေတိုးပေးထားတာတော့ အတိုးဆုံးပဲပေါ့။ ဒါပေမဲ့ စိတ်ချရတဲ့ သူတွေ ဖို့ကရှားတယ်။ ငွေကို ကိုင်ထားရင်း ဟိုတုန်းကလို တန်ဖိုးကျကျမသွားတာဘဲ တော်သေးတယ်။ အရင်းအနှီး ဈေးကွက်လေးတွေရှိရင်တော့ သိပ်ကောင်းမှာပဲ”ဟု ငွေကိုလက်ထဲတွင်ကိုင်ထားပြီး တိုးပွားစေရန် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် အခက်အခဲကြုံနေရသည်ဆိုသော အိမ်ရှင်မ အမျိုးသမီးတစ်ဦးကပြောပြသည်။

“ဒီအခြေအနေတွေက ဘာလုပ်သင့်တယ်ဆိုတာကို ပြောရတာခက်တယ်။ ဒီအချိန်မှာတော့ ကိုယ့်ရှိရင်းစွဲနေရာမှာ နေတာပိုကောင်းတယ်”ဟု ဘဏ်အရာရှိဟောင်းက ဆက်လက်ပြောကြားသည်။

# တန်းမြင့်ဆန်များ ပြည်ပတင်ပို့ရန် လုပ်ငန်းရှင်များ စီစဉ်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်- ၃၁**

**ပြည်ပသို့ ဆန်တင်ပို့မှုများတွင် တန်းမြင့်ဆန်များကိုသာ ပိုမိုတင်ပို့နိုင်ရန်စီစဉ်နေကြောင်း ဆန်လုပ်ငန်းရှင်ကြီးများ၏ ပြောကြားချက်အရသိရသည်။**

ယခင်တင်ပို့နေသည့် ၂၅ မှတ်(အကျိုးအကြေ ၂၅ ရာခိုင်နှုန်း)ဆန်များထက် တန်းမြင့်ဆန်များသည် ဈေးကွက်ရရှိရန်လွယ်ကူခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ကျွန်တော်တို့ကုမ္ပဏီက အခုဆို တန်းမြင့်ဆန်ကိုမလေးရှားကိုပို့နေတယ်။ တစ်လကို တန်ချိန် ၃,၀၀၀ ကနေ ၅,၀၀၀ ကြားပို့ဖို့စီစဉ်ထားတယ်။ ဈေးကတစ်တန်ကို ကန်ဒေါ်လာ ၄၅၀ နဲ့ ၅၀၀ကြားရှိပါတယ်”ဟု ဆန်စပါးအထူးပြုကုမ္ပဏီတစ်ခုဖြစ်သည့် ခေတ္တရာဟသ်ာကုမ္ပဏီမှ ဦးဆောင်သူတစ်ဦးကရှင်းပြသည်။

ပြည်တွင်းဈေးကွက်၌လည်း တန်းမြင့်ဆန်ဝယ်ယူမှုမှာ အနည်းငယ်မြင့်တက်လာပြီး ဈေးနှုန်းလည်း တစ်အိတ်လျှင် ကျပ်၃၀၀၊ ၅၀၀ ကြားဈေးတက်လာသည်။ ယခင်ကပြည်တွင်းဈေးကွက်တွင် ဇီယာရှယ်တစ်အိတ်လျှင် ကျပ် ၁၄,၀၀၀မှ ကျပ်၁၄,၅၀၀ ကြားရှိသော်လည်း ယခုရက်ပိုင်းတွင် ကျပ်၁၅,၀၀၀ထိ ဈေးတက်လာသည်။



ယခုနှစ်တွင် ရာသီဥတုဒဏ်ခံထားရသည့်အတွက် စပါးအထွက်နှုန်း ထိခိုက်မည့် အခြေအနေတွင် ရှိနေရာ ပြည်တွင်းဆန်ဈေး မြင့်တက်မည်ကို စိုးရိမ်လျက်ရှိကြသည်

“ကျွန်တော်တို့က ဝယ်သူကိုတိုက်ရိုက်မရှာနိုင်ဘူး။ လိုင်စင်လျှောက်ပြီး လက်ကြီးသမားတွေကို ပဲတစ်ဆင့် ရောင်းရတယ်။ သူတို့က ပြည်တွင်းမှာပဲရှိတော့ ပြည်တွင်းဈေးကျရင် ဈေးလျှော့ဝယ်ကြတယ်”ဟု ဆန်လုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။

လက်ရှိပြည်တွင်းဈေးတွင် ဆန်ကြမ်းဈေးသည်တစ်အိတ်လျှင် ကျပ် ၁၃,၀၀၀ မှ ကျပ် ၁၅,၀၀၀ ကြားရှိပြီး ဆန်ချောဈေးမှာ ကျပ် ၂၃,၀၀၀ မှ ကျပ် ၃၀,၀၀၀ ကျော်ကြားတွင်ရှိသည်။ စပါးဈေးမှာလည်း ဆန်ကြမ်းစပါးအမျိုးအစားအလိုက် တင်းတစ်ရာလျှင် ကျပ် ၂၇၀,၀၀၀ မှ ၃၅၀,၀၀၀ကြားဈေးရှိကြောင်းသိရသည်။



Current Affairs

7 DAY NEWS JOURNAL

Vol.10, No.20 · AUGUST 4, 2011

## စာ၂၁၊ပညာသင်ဆုရဖို့ဘယ်လိုအချက်တွေကအထောက်အပံ့ဖြစ်စေလဲ မှ

ဒါပေမဲ့ကျွန်မ MBAတုန်းကလည်း ပညာသင်ဆုရခဲ့တယ်။ ကျွန်မအနေနဲ့ ဘယ်လိုရေးလဲဆိုရင် စီးပွားရေးပဲဖြစ်ဖြစ်၊ လူကိုပဲဖြစ်ဖြစ် စီမံခန့်ခွဲနိုင်မှ အရှုံးနဲ့အနိုင်က ဆုံးဖြတ်လို့ရမှာပါ။ ကျွန်မ စီမံခန့်ခွဲမှုကို ဘယ်လို စိတ်ဝင်စားပါတယ်၊ စီမံခန့်ခွဲမှုက ဘယ်လောက်အရေးကြီးပါတယ် ဆိုတာကို Proposal မှာ သေချာရေးတယ်။ ကျွန်မတို့က ဖွံ့ဖြိုးဆဲ အာရှတိုက်နိုင်ငံမှာနေထိုင်တဲ့အတွက် ဒီလူတွေ စီမံခန့်ခွဲမှုကိုနားလည်ဖို့၊ကျွမ်းကျင်ဖို့၊ လူတွေကို အုပ်ချုပ်တတ်ဖို့၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကိုသိဖို့ အရေးကြီးပါတယ်။ အဲလိုသိခြင်းအားဖြင့် စီးပွားရေးကိုတိုက်ရိုက်မဟုတ်သည့်တိုင် သွယ်ဝိုက်ပြီး အရေးကြီးတဲ့ကဏ္ဍအနေနဲ့ ပါတယ်ဆိုတာ လက်ခံယုံကြည်အောင် ကျွန်မရေးတယ်။ အဲဒါနဲ့ပဲ ကျွန်မသည် MBA ရော၊ Ph.D ကိုရော ပညာသင်ဆုရခဲ့တယ်ပေါ့။

**ဆရာမတို့ခေတ်နဲ့ အခုကာလကွဲပြားမှုတွေအကြောင်းပြောပြပေးပါ။**

ကျွန်မတို့ခေတ်တုန်းကတော့ သွားတာနည်းတယ်လေ။ ဒီခေတ်လူငယ်တွေက အများကြီးကို အခွင့်အလမ်း၊ အခွင့်အရေးတွေ ပိုရကြတယ်။ လူငယ်တွေက ကြိုးစားကြတယ်။ ပြောင်းလဲလာတယ်။ အဲဒါအရမ်းကောင်းတဲ့အချက်ပါ။ ပညာသင်ဆုအနေအထားနဲ့ကျတော့ သူတို့က ကျွန်မတို့ခေတ်ထက်စာရင် အင်တာနေရှင်နယ်မားကက်ကိုပိုရောက်လာတဲ့သဘောရှိတယ်။ အတွေ့အကြုံတွေရှိလာတယ်။ ကျွန်မတို့တုန်းက တချို့မေးခွန်းတွေမမေးတတ်ခဲ့ဘူး။ အခုလူငယ်တွေတော်တော်လေး စေ့စေ့စပ်စပ်မေးလာတာတွေ့ရတယ်။ နောက်တစ်ချက် ပညာသင်ဆုဆိုတာက ကမ္ဘာ့စီးပွားရေးပေါ်လည်း မူတည်သေးတယ်လေ။ ဒီခေတ်မှာ စီးပွားရေးအကျပ်အတည်းက တစ်ကမ္ဘာလုံးလိုဖြစ်နေတဲ့အခါမှာ ထောက်ပံ့ကြေးပေးတဲ့အဖွဲ့အစည်းတွေ အနေနဲ့လည်း ဘဏ္ဍာရေးနဲ့ပတ်သက်ပြီး နည်းနည်း စိစစ်လာတယ်။ ပညာသင်ဆုက ရနေတုန်းပါ။ ကျွန်မတို့လို ဖွံ့ဖြိုးဆဲနိုင်ငံက ကျောင်းသားတွေအတွက် အခွင့်အလမ်းတွေရှိနေတုန်းပါ။ ဒါပေမဲ့ ကျွန်မတို့ခေတ်ထက်စာရင်တော့ ယှဉ်ပြိုင်မှု ပြင်းထန်လာတဲ့အနေအထားမှာရှိတယ်။

**မြန်မာကျောင်းသားတွေ ပြည်ပမှာ အဆင့်မြင့်ပညာသင်ယူတဲ့အခါ ဘယ်လိုအားနည်းချက်တွေနဲ့ ကြုံတွေ့ရတတ်ပါသလဲ။**

အားနည်းချက်ကတော့ လူမှုပတ်ဝန်းကျင်နဲ့ ယဉ်ကျေးမှုကွာဟချက်ပါပဲ။ ကျွန်မတို့သည် လူတွေကို ဝေဖန်လေ့မရှိဘူး။ ဝေဖန်ရင်လည်း မျက်နှာချင်းဆိုင်ဝေဖန်လေ့မရှိဘူး။ စာရေးတဲ့အခါ လူတွေကိုဝေဖန်ဖို့တွန့်ဆုတ်တယ်။ ဟိုမှာကျတော့ Critical Analysis (နှံ့နှံ့စပ်စပ်သုံးသပ်ခြင်း) ပါမှ အမှတ်ကောင်းကောင်းရတဲ့အနေအထားရှိတယ်။ လူတွေကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်တာမဟုတ်ဘဲနဲ့ Critically Analyse လုပ်တဲ့အခါမှာ မြန်မာတွေက အားနည်းတယ်။ ယေဘုယျအနေနဲ့ ပြောရရင်တော့ အားနာတတ်တာပဲ။ နိုင်ငံခြားမှာ အားမနာကြဘူး။ ကျွန်မတို့ အားနာတာက ဖျောက်လို့မရတော့။ အဲဒါလေးတစ်ချက်ပါပဲ။ ပြောသင့်ပြောထိုက်တာကို ပြောရမယ်။ ပုဂ္ဂိုလ်ရေးစွပ်စွဲချက်တွေ မပါဘဲနဲ့ ပရော်ဖက်ရှင်နယ်ပီပီပြောတတ်ဆိုတတ်အောင်တော့ ကျင့်ဖို့လိုတယ်။ မသွားခင်ကတည်းက ကြိုကျင့်ဖို့လိုတယ်။

သူတို့တွေက ဆွေးနွေးမှုတွေလုပ်ကြတယ်။ တင်ပြမှုတွေ လုပ်ကြတယ်။ အဲဒီမှာ ဆွေးနွေးဖို့၊ ပြောဖို့ကို အကျင့်မရှိတဲ့အခါမှာ အရမ်းကြီးဝေဖန်ဖို့ကို တွန့်ဆုတ်နေတယ်။ မြန်မာတွေရဲ့ ထုံးစံကလည်း စာသင်ခန်းထဲမှာ ဆရာကိုမေးဖို့ကို မမေးကြဘူး။ အုပ်စုဖွဲ့ဆွေးနွေးကြတဲ့အခါ အခက်အခဲရှိတယ်လို့ သူငယ်ချင်းတွေဆီက ကြားတယ်။ ကျွန်မအနေနဲ့ လုပ်ငန်းခွင်ထဲက သွားတာဖြစ်တဲ့အတွက် အခက်အခဲကြီးမားတာတော့မရှိပါဘူး။ ယဉ်ကျေးမှု ကွဲပြားမှုတော့ရှိတယ်။ ကိုယ့်ရဲ့ ရည်မှန်းချက် ပန်းတိုင်ကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ပြီးတော့ ဖွဲနဲ့သွားဖို့ပေါ့။ အခက်အခဲတွေရှိပေမယ့် ကျော်လွှားနိုင်ရမှာပေါ့။

**လက်ရှိ ယူကေရဲ့ ပညာရေး အပြောင်းအလဲက ကျောင်းသားတွေကို ဘယ်လိုသက်ရောက်မှုဖြစ်စေပါလဲ။**

ဒေးဗစ်ကင်မရွန်းအစိုးရတက်လာပြီးတော့ စီးပွားရေးကိုအကြောင်းပြုပြီး ပညာရေးကဏ္ဍကို အဓိကထိခိုက်လာတာက Funding Cut (အထောက်အပံ့လျှော့ချခြင်း)ပေါ့။ နောက်တစ်ချက်က ပြည်ဝင်ခွင့်မူဝါဒအပြောင်းအလဲ၊ ပြည်ဝင်ခွင့်တွေကို တအားတင်းကျပ်လာတယ်။ အစိုးရအပြောင်းအလဲကြောင့် အများကြီး ထိခိုက်လာပါတယ်။ အရင်တုန်းက ဘွဲ့ရပြီးထားတဲ့ကျောင်းသားကို အလုပ်ရှာတဲ့ဗီဇာ ၂နှစ်လျှောက်ခွင့်ပေးတယ်။ ၂၀၁၁၊ ဧပြီလ နောက်ပိုင်းမှာ အဲဒီဗီဇာမပေးတော့ဘူးတဲ့။ ကျောင်းသားတွေအနေနဲ့ အလုပ်အတွေ့အကြုံရဖို့က အလုပ်ရမှ ယူကေမှာ ဆက်နေနိုင်ကြမယ်။ ယူကေက တက္ကသိုလ်တွေက ပညာရေးမှာတော့ ကမ္ဘာမှာ ထိပ်တန်းပါပဲ။ ဒါပေမဲ့ ဈေးကြီးတယ်။ အလုပ်အတွေ့အကြုံ မရတော့မှာဖြစ်တဲ့အတွက် ကျွန်မတို့ ကျောင်းသားစုဆောင်းတဲ့နေရာမှာ နည်းနည်းထိခိုက်လာတယ်။ ကျွန်မအတန်းမှာရှိတဲ့ ကျောင်းသားတော်တော်များများကို မေးတဲ့အခါမှာ သူတို့က ထိခိုက်တယ်။ ဒါပေမဲ့ ၆၀ ရာခိုင်နှုန်းရဲ့ စာလာသင်တဲ့အကြောင်းရင်းနဲ့ ရည်ရွယ်ချက်က အာရှတိုက်ကိုပြန်ဖို့၊ သူတို့နိုင်ငံကိုပြန်ဖို့။ သူတို့နိုင်ငံပြန်ရင် ရာထူးကြီးကြီး၊ ပံ့ပိုးမှုကောင်းကောင်း ရတယ်။ နောက်တစ်ချက်က သူတို့မိဘ လက်ငုတ်လက်ရင်းစီးပွားရေးလုပ်ငန်းတွေမှာ ဝင်ဖို့။ အဲလိုရည်ရွယ်ချက်နဲ့လာတဲ့ ကျောင်းသားတွေအတွက် ပြည်ဝင်ခွင့်အပြောင်းအလဲက သူတို့ကို သက်ရောက်မှု မဖြစ်ဘူး။ တချို့နိုင်ငံတွေကတော့ ဟိုမှာကျောင်းတက်ခဲ့ရတာဖြစ်တဲ့အတွက် ၂နှစ်လောက် အလုပ်လုပ်ပြီး အတွေ့အကြုံရှာမယ်၊ သူတို့ကုန်တဲ့ကုန်ကျစရိတ်လေးကို ထေမိအောင် ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လာရင် ထိခိုက်မှုရှိသွားတယ်။

**ပညာသင်ဆုလျှောက်ထားလိုကြတဲ့ကျောင်းသားတွေအတွက် သတိပြုသင့်တဲ့အချက် ရှိရင်ပြောပြပေးပါ။**

ပညာသင်ဆုက ကောင်းတော့ ကောင်းပါတယ်။ ဒါပေမဲ့ တစ်ခါတလေမှာ သူတို့ချည်ထားတဲ့ ကြိုးတွေရှိတတ်တယ်။ အသေအချာဖတ်ဖို့ လိုပါတယ်။ ပညာသင်ဆုနဲ့လာတဲ့သူတွေ တစ်ခု သတိထားရမှာက စာမေးပွဲတွေ အောင်ကို အောင်ရတယ်။ ကျတာနဲ့ ပညာသင်ဆု ပြန်ရုပ်ပါတယ်။

**အချိန်ပေးဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

TRADEMARK CAUTION

Reg: 4/9956/2011

DATSUN

Reg: 4/9955/2011

Reg: 4/9954/2011

## မျက်နှာဖုံး – မိုးစပါးချေးငွေ နှစ်ဆတိုးမြှင့်ပေးမည် မှ

နိုင်ငံတော်က စပါးသီးနှံစိုက်ပျိုးသည့် တောင်သူလယ်သမားများအား မိုးစပါးတစ်ဧကစိုက်ပျိုးစရိတ်အဖြစ် မူလက ကျပ်နှစ်သောင်း ထုတ်ပေးခဲ့ရာမှ ယခုနှစ်တွင် မိုးစပါးတစ်ဧက ကျပ်လေးသောင်းနှုန်း တိုးမြှင့်ခွင့်ပြုပေးရန်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခုနှစ်မိုးစပါးချေးငွေများ ထုတ်ချေးပြီးဖြစ်သည့်အတွက် အဆိုပါနှုန်းသစ်မှာ လာမည့်မိုးစပါးရာသီ၌ စတင်မည်ဖြစ်ကြောင်းလည်း စုံစမ်းသိရှိရသည်။

မိုးစပါး စိုက်ပျိုးစရိတ်ငွေများထုတ်ချေးရာတွင် တောင်သူတစ်ဦးချင်းစိုက်ဧကမှန်ကန်ရေးသည်အရေးကြီးသည်ဟု ပြည်ထောင်စုဝန်ကြီးက ထပ်လောင်းပြောကြားသည်။

ပြီးခဲ့သည့်နှစ် မိုးစပါးရိတ်သိမ်းချိန်မှစ၍ တောင်သူများ ရာသီဥတုဖျက်ဆီးမှုနှင့်ကြုံတွေ့ခဲ့ရပြီးပဲစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင်ပါမိုးရွာသွန်းခဲ့သဖြင့် ပိုမိုအထိနာခဲ့ကြသည်။

ထို့အပြင် သီးနှံဈေးများ ကျဆင်းနေသဖြင့် သီးနှံလက်ဝယ်ရှိ တောင်သူများ အရှုံးပေါ်နေကြသည်။ ယခုနှစ်မိုးစပါး စိုက်ပျိုးချိန်တွင်လည်း မိုးရွာသွန်းမှုများခဲ့သဖြင့်ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် လယ်မြေကေသိန်းချီ၍ရေမြုပ်ခဲ့သည်။

ထို့ကြောင့် ယခုနှစ်မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှချေးပေးသော ငွေကျပ်နှစ်သောင်းမှာ ရေမြုပ်သော လယ်သမားများအတွက်ကုန်သလောက်ဖြစ်သွားပြီး ထပ်မံစိုက်ပျိုးရန် မျိုးစပါးနှင့်ငွေကြေးလိုအပ်နေကြသည်ဟုတောင်သူအချို့ကပြောသည်။

နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုတွင် မိုးစပါးစိုက်ဧက ၁၇ သန်း၊ နွေစပါးစိုက်ဧက ၃ သန်း၊ စုစုပေါင်း စပါးစိုက်ဧက သန်း ၂၀ ပေါ်အခြေခံပြီးရှင်သန်နေထိုင်ကြသည့် ကျေးလက်ပြည်သူများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးကို ဦးစားပေးဆွေးနွေးမည်ဖြစ်ကြောင်းလည်း ဇွန်လ ၇ ရက်ကပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ၌ဝန်ကြီးကပြောကြားခဲ့သည်။

စပါးသီးနှံ အတွက် နိုင်ငံတော်က နှစ်အလိုက် ချေးငွေပံ့ပိုး ပေးခဲ့ရာတွင် ၂၀၀၇-၂၀၀၈ ခုနှစ်ကကျပ်၅၉,၆၂၇ ဒသမ ၈၄ သန်း၊ ၂၀၀၈-၀၉ ခုနှစ်က ကျပ် ၅၅,၂၄၇ သန်းခန့်နှင့် ၂၀၀၉-၂၀၁၀ ခုနှစ်က စပါးသီးနှံ အပါအဝင် အခြားအဓိက သီးနှံစိုက်တောင်သူများသို့ ကျပ်သန်းပေါင်း တစ်သိန်းခွဲကျော် ရှိခဲ့ကြောင်းလည်းသိရှိရသည်။

စိုက်ပျိုးရေးကဏ္ဍအတွက် နိုင်ငံတော်၏ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၀၅-၀၆ ခုနှစ်က ၇ ဒသမ၈ ရာခိုင်နှုန်း၊ ၂၀၀၆-၀၇ ခုနှစ် တွင် ၅ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၀၇-၀၈ ခုနှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၀၈-၀၉ ခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၀၉-၁၀ ခုနှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၀၁၀-၁၁ တွင် ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်၏ စာတမ်းအရ သိရသည်။

စပါးစိုက်ပျိုး ထုတ်လုပ်ရေးအတွက်ပုဂ္ဂလိကမှ ရင်းနှီးထောက်ပံ့မှုတွင် ၂၀၀၈ခုနှစ်ကကျပ်၁၆,၉၄၇ သန်းနှင့် ၂၀၁၀-၂၀၁၁ ခုနှစ်က ကျပ် ၂၉,၃၁၉ သန်းရှိခဲ့ကြောင်းလည်းသိရှိရသည်။

လက်ရှိလယ်သမားများ အတွက်တစ်ဧကလျှင်ကျပ်နှစ်သောင်းဖြင့် ချေးငွေပေးရာတွင် လယ်သမားများလိုအပ်သည့် လယ်ဧကပမာဏအထိ ပေးနိုင်ခြင်းမရှိသေးကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းကလည်း ဇူလိုင် ၃၀ရက်က ပြည်မြို့တွင် ပြုလုပ်သော အထူးပြုကုမ္ပဏီတစ်ခု၏ စိုက်ပျိုးစရိတ်နှင့် သွင်းအားစု ချေးငွေပေးအပ်ပွဲ၌ ပြောကြားသည်။

ယခုပဲခူးတိုင်းဒေသကြီး အတွက် ထုတ်ပေးသည့် ချေးငွေပမာဏမှာ ကျပ် ၃၇ ဘီလီယံသာ ရရှိခဲ့သည်။ ပဲခူးတိုင်းတွင် စုစုပေါင်း စိုက်ဧကသန်းပေါင်း သုံးသန်းလေးသောင်းကျော်ရှိသည်။ အဆိုပါဧက အားလုံးအတွက် လယ်တစ်ဧကကို ကျပ်နှစ်သောင်းနှုန်းဖြင့် ချေးမည်ဆိုပါက ကျပ်ဘီလီယံ ၆၀ (သန်းပေါင်း ခြောက်သောင်းကျော်)လိုအပ်ကြောင်း ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပြောကြားခဲ့သည်။

"တစ်ဧက အထွက်တိုးဖို့၊ လယ်ယာလုပ်ငန်းမှာ ဝင်ငွေတိုးဖို့ လိုအပ်တယ်။ စိုက်ပျိုးစရိတ်တိုးမြှင့်ရဖို့ကို ကြံစည်ကြိုးစားနေရတယ်"ဟုဝန်ကြီးချုပ်ကပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011



မောင်သာချို

# ရေအိုးလည်းခွဲမယ် သစ်ကြားသီးလည်း ခိုးမယ်

ကျွန်တော်သာ ပြန်လည် ငယ်ရွယ်၍
ပြန်လည်မိုက်မဲမိခဲ့သော်
သောက်ရေအိုးကို ခွဲချင်ပါသည်။
သစ်ကြားသီးကိုလည်း ခိုးချင်ပါသည်။
ဆရာကြီးဒေါက်တာသန်းထွန်းရဲ့
အရေ့မှာပေါ့။
ဂျွန်ရပ်စကင်းရဲ့ အရေ့မှာပေါ့။

(တစ်)

တစ်ခါက ဧရာဝတီမြစ်ကြီးမှသည် မြစ်လက်တက်တစ်ခုအဖြစ် ခွဲထွက်၍သွားသော ငဝန်မြစ်ကို မြောက်မှတောင်သို့ကျွန်တော်စုန်ဆင်းခဲ့ဖူးပါသည်။ လေးမျက်နှာတို့ အိုင်သပြုတို့ကို ကျော်လွန်ပြီးနောက် ငသိုင်းချောင်းသို့မရောက်တတ်ရောက်တတ်တွင် ငါးသိုင်းချောင်းနှင့် မျက်စောင်းထိုးအနေအထား၌ ငဝန်မြစ်ကြီး၏ အနောက်ဘက်ကမ်းပါးပေါ်တွင်ရပ်တည်နေသော ရွာကြီးတစ်ရွာကို စက်လှေပေါ်က မိတ်ဆွေကလက်ညှိုးညွှန်ပြပါသည်။ သူက အဲဒါ ဒေါင့်ကြီးပဲတဲ့။ ကြည့်စမ်း ကျွန်တော့်စိတ်တွေ လှုပ်လှုပ်ရှားရှားဖြစ်သွားလိုက်တာ။ ဒါဆိုသည်ရွာက ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ ဇာတိကျေးရွာကလေးပါပဲလား။ အော် ရခိုင်ရိုးမရဲ့အရိပ်မှာ . . .။

၆ ဧပြီ ၁၉၂၃ တွင်မွေး၍ ၃၀ နိုဝင်ဘာ ၂၀၀၅ တွင် အနိစ္စရောက်ခဲ့ရှာသော ဆရာကြီးဒေါက်တာသန်းထွန်းက သူ့ဘဝတစ်သက်တာလုံးကို သမိုင်းပညာရပ်ထဲ၌ နှစ်မြှုပ်၍ထားခဲ့သော ပညာရှင်ကြီးဖြစ်ပါသည်။ မအေ, အောင်လို့သမိုင်းကိုသင်ရပါတယ်ဟုဆိုလေသူ ဆရာကြီးဒေါက်တာသန်းထွန်း၊ လက်တစ်ဖက်က ကလေးပုခက်ကိုလွှဲရင်းကျန်လက်တစ်ဖက်က စာရေးနေခဲ့ရပါသည်ဆိုသော ဆရာကြီးဒေါက်တာသန်းထွန်း၊ မည်သည့်အလုပ်ကို မဆိုကောင်းကောင်းစ၍ ကောင်းကောင်းဆုံးတတ်ပါသည်ဟူသော ဆရာကြီးဒေါက်တာသန်းထွန်း၊ ကိုယ်နှင့်အတူနေသောသူကိုစိတ်မဆင်းရဲစေရဟူသောမူဖြင့် နေထိုင်ခဲ့ပါသည်ဆိုသော ဆရာကြီးဒေါက်တာသန်းထွန်း၊ 'ဒီစာအုပ်က ဖတ်ကောင်းမယ်လို့ အာမမခံ' ဟုဆိုကာ ကိုယ့်စာအုပ်ကို ကိုယ်ရည်ညွှန်းခဲ့လေသူ ဆရာကြီးဒေါက်တာသန်းထွန်း၊ သို့နှယ်ထို့နှယ်သော ဆရာကြီးဒေါက်တာသန်းထွန်းတစ်ယောက် ပြုစုရေးသားသွားခဲ့သော စာအုပ်စာတမ်းတွေကဖြင့် ထုနှင့်ထည်နှင့်ကိုပဲကျန်ရစ်ခဲ့ပါလေသည်။

ကျွန်တော့်တွင် "သူတို့နှင့်ကျွန်တော်"ဟုသည့် စာအုပ်ကလေးတစ်အုပ်ရှိပါ၏။ သည်စာအုပ်ကလေးထဲ၌ဆရာကြီးဒေါက်တာသန်းထွန်း၏ ပုံရိပ်တစ်စွန်းတစ်စကို ဖမ်းမိနိုင်ပါသည်။ ထိုစဉ်က ၁၉၆၅ ခုနှစ်များအလွန် မန္တလေး တက္ကသိုလ်တွင် ဆရာကြီး တာဝန်ထမ်းဆောင်နေစဉ်နေ့ရက်များဖြစ်ပါသည်။ တစ်နေ့ တက္ကသိုလ်ဆီးနိတ် (Senate) အစည်းအဝေး၌ကျောင်းသားပြဿနာတစ်ရပ်ကို တင်ပြလာပါသည်။ ကျောင်းဆောင်ပေါ်က သောက်ရေအိုးကို ကျောင်းသားတစ်ယောက်က ပစ်ချကာ ခွဲပစ်လိုက်သည့်အတွက် အရေးယူပေးပါရန် အဆောင်မှူးကတစ်ဆင့် တင်ပြလာခြင်းဖြစ်ပါသည်။ ထိုဆီးနိတ်အစည်းအဝေး၌ စာရေးဆရာ သတင်းစာဆရာကြီးလူထုဦးလှလည်းပါ၊ ပါမောက္ခချုပ်ဦးလှရွှေလည်းပါဝင်ပေရာ မည်ကဲ့သို့ အရေးယူမလဲဟူသော ကိစ္စနှင့်ပတ်သက်၍ ဆရာကြီးဒေါက်တာသန်းထွန်း၏ သဘောထားကိုမေးမြန်းလာပါသည်။ ဆီးနိတ်ရှိ ပုဂ္ဂိုလ်အချို့က မှတ်လောက်သားလောက်ဖြစ်သွားအောင် ထိုကျောင်းသားကိုကျောင်းထုတ်ပစ်ဖို့ဆန္ဒရှိနေကြသော အခြေအနေလည်းဖြစ်ပါသည်။

သို့သော် ဆရာကြီးဒေါက်တာသန်းထွန်း၏ သဘောထားဟုပဲဆိုရမလား အကြံပြုချက်ဟုပဲနာမည်တပ်ရမလား ဘာမှန်းမသိသည့် တုံ့ပြန်မှုမှာ ပွဲပျက်သွားသည်ဟုဆိုပါသည်။ ဆရာကြီးက ထိုကျောင်းသားကို မည်သို့အပြစ်ပေးလိုက်ပါဟု တိုက်ရိုက်မဆိုပါ။ သူ့ကိုယ်သူ ပြန်လည်ရည်ညွှန်းပြီးနောက်'ရန်ကုန်တက္ကသိုလ်တွင်နှစ်စဉ် အိုးဆယ်လုံးလောက်ခွဲလေ့ရှိခဲ့သည့် သမိုင်းကျောင်းသားတစ်ယောက်ကတော့ ယခုအခါသမိုင်းပါမောက္ခလာဖြစ်နေတာပဲ' ဟု ပြောချလိုက်လေသောအခါ ဝေါခနဲရယ်သံများနှင့်အတူ ပွဲပြီးသွားခဲ့ရကြောင်းပင်ဖြစ်ပါသည်။ ဒါက သတင်းစာဆရာ၊ စာရေးဆရာကြီးလူထုဦးလှ၏ ပြန်လည်ပြောပြချက်ကို "သူတို့နှင့် ကျွန်တော်"စာအုပ်ထဲ၌မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။

သည်စာကို ဖတ်ပြီးနောက် အပြုံးနှင့်အတူ ဆရာကြီးကိုပိုလို့ချစ်ခင်သွားမိကာ တိုးလို့လည်းကြည်ညိုသွားမိကြောင်း ဝန်ခံလိုပါသည်။ ပြစ်မှုနှင့်ပြစ်ဒဏ်။ လူငယ်တို့ ဘာသာဘာဝ ဆိုးတိုးတိုးပေတေတေ ဂျစ်တစ်တစ်နှစ်ကာလများ၌ကျူးလွန်မိတတ်ကြသော အမှားအယွင်းတို့ကို တစ်ရွေးသားမျှပင် ခွင့်မလွှတ်နိုင်သော စိတ်ဖြင့် စီရင်ချက် အကြီးကြီးတို့ကို ချပစ်လိုက်ခြင်းအား ဆရာကြီး ဒေါက်တာသန်းထွန်းလက်မခံကြောင်းပင် ဖြစ်ပါသည်။ မေတ္တာဖြင့် ယှဉ်ကာ ပြုပြင်ဆုံးမသိမ်းသွင်းခေါ်ဆောင်၍ ရသမျှ သိမ်းသွင်းခေါ်ဆောင်ခြင်းဖြင့် ထိုလူငယ်လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိသွားသောအခါ အကျိုးကျေးဇူးများနိုင်သည်ဖြစ်လေရာ ဘဝတွေကျိုးကြေသွားအောင် ထစ်ခနဲရှိအရေးယူပစ်လိုက်ခြင်းမျိုးကို ဆရာကြီးဒေါက်တာသန်းထွန်းသဘောမတူပုံပင်ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်မှာတုန်းက ရေအိုးခွဲတဲ့ကောင်ကလေးကို ကျောင်းကနေများ ထုတ်ပစ်မိခဲ့လိုက်ရင် ဒေါက်တာသန်းထွန်းမှ ဖြစ်လာနိုင်ပါ့မလား။

(နှစ်)

ဆရာမြသန်းတင့်၏ "လမင်းကို ထရံပေါက်မှ ကြည့်ခြင်း"တွင် ဆရာက ဂျွန်ရပ်စကင်း (John Ruskin) ၏ စကားအချို့ကို ကောက်နုတ်ဖော်ပြခဲ့ဖူးပါသည်။

ဂျွန်ရပ်စကင်းဆိုသည်မှာ ၁၈၁၉ တွင် မွေး၍ ၁၉၀၀ ပြည့်နှစ်တွင် ကွယ်လွန်သော အင်္ဂလိပ်အနုပညာနှင့် လူမှုရေးခေါင်းဆောင်ဖြစ်ပါသည်။ ၁၈၅၂ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ဗြိတိသျှအင်ပါယာကို ချဲ့ထွင်နေချိန်၌ ဂျွန်ရပ်စကင်း ပြောခဲ့သော စကားများထဲမှ တစ်ချက်ကို ကျွန်တော် ကောက်နုတ်ဖော်ပြလိုပါသည်။ ယင်းမှာ "ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ သစ်ကြားသီး ခြောက်လုံးလောက် ခိုးမိတာနဲ့ကလေးတွေကို ထောင်ထဲမပို့ဘူး" ဆိုသည့် စကားပဲဖြစ်ပါသည်။ ဆရာကြီးဒေါက်တာ သန်းထွန်းနဲ့ စိတ်နေသဘောထားခြင်း တူမျှနေလိုက်ကြတာ။

(သုံး)

ငယ်ရွယ်သော၊ နုနယ်သော၊ ဘဝအတွေ့အကြုံကြွယ်ပိုးကြွယ်ဝမရှိရှာသေးသော၊ သို့သော် မိုက်မဲသော ဆိုးပေသော ဂျစ်ကန်ကန်နိုင်သော အရွဲ့တိုက်ချင်သော လက်မောင်းကြွက်သားကို ညွှစ်ပြချင်သော လုလင်တို့လုံမတို့က ကျွန်တော်တို့ဝန်းကျင်၌ ရှိနေကြပါသည်။ သူတို့ကို တစ်ဘဝစာ မှတ်ရော့ဟုဆိုကာ အပြစ်ပေးကြမလား။ ခွင့်လွှတ်နားချစည်းရုံးကာ လမ်းကြောင်းမှန်ရှိရာဆီ တွန်းပို့ကြမလား။

ကျွန်တော်သာ ပြန်လည်ငယ်ရွယ်၍ ပြန်လည်မိုက်မဲမိခဲ့သော် သောက်ရေအိုးကို ခွဲချင်ပါသည်။ သစ်ကြားသီးကိုလည်း ခိုးချင်ပါသည်။ ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ အရှေ့မှာပေါ့။ ဂျွန်ရပ်စကင်းရဲ့ အရှေ့မှာပေါ့။ ။

## စာ(၂၆) သက်ရှိထင်ရှားရှိနေသေးသော သတင်းစာဆရာကြီး ဂါးဒီးယန်းဦးစိန်ဝင်း မှ

မြန်မာသတင်းစာ ဆရာတစ်ဦးအနေဖြင့် နိုင်ငံတကာသတင်းစာလောက၌တရားဝင်အသိအမှတ်ပြုခံရခြင်းလည်း ဖြစ်ခဲ့သည်။

ဤသို့ဖြင့် ဂါးဒီးယန်းဦးစိန်ဝင်းသည် တော်လှန်ရေးအစိုးရလက်ထက် သုံးနှစ်ကြာ ထိန်းသိမ်းခြင်းမခံရမီ ၁၉၅၈ ခု မတ်လမှ ၁၉၆၃ ခု မေလကုန်အထိ ဂါးဒီးယန်းသတင်းစာကို ကိုယ်ဖိရင်ဖိလုပ်ကိုင်ခဲ့ပြီး အခြားတစ်ဖက်၌ ၁၉၆၁ မှ ၆၃ ခုနှစ်အထိ မြန်မာနိုင်ငံသတင်းစာဆရာများအသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စာနယ်ဇင်းကောင်စီအတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၆၂ မတ်လ ၂ ရက်မြန်မာ့နိုင်ငံရေးပြောင်းလဲချိန်တွင် ဂါးဒီးယန်းဦးစိန်ဝင်းသည် လူထုဒေါ်အမာနှင့်အတူ ဆိုဗီယက်ပြည်ထောင်စု၏ ဖိတ်ကြားမှုဖြင့်ပြည်ပသို့ ရောက်ရှိနေခဲ့သည်။

ဂါးဒီးယန်းသည်ကား ၁၉၆၄ ခု စက်တင်ဘာ ၁၆ ရက် တွင်ပြည်သူပိုင်ပြုခြင်းခံရလေသည်။

ထို့နောက် ဂါးဒီးယန်းဦး စိန်ဝင်းသည် ၁၉၆၉ ခု အောက်တိုဘာလမှ ၁၉၈၉ နိုဝင်ဘာလ အထိ အမေရိကန်ပြည်ထောင်စုရှိ အေပီသတင်းဌာန၏ သတင်းထောက် အဖြစ်လည်းကောင်း၊ ၁၉၈၉ ခု ဒီဇင်ဘာလမှစ၍ ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာန သတင်းထောက် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီးမှ အနားယူခဲ့ပါသည်။


ယခုအခါ အသက်ကိုးဆယ်နှစ်အတွင်း ချဉ်းနင်းဝင်ရောက်လာပြီး သတင်းစာအတွေ့အကြုံနှစ်ပေါင်းခုနစ်ဆယ်နီးပါးရှိခဲ့ပြီဖြစ်သော ဂါးဒီးယန်းဦးစိန်ဝင်းသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းနေအိမ်၌ မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။ ဂါးဒီးယန်းဦးစိန်ဝင်း၏ သတင်းစာနှင့် ပတ်သက်သည့်အဆိုမှာ

**တာဝန်သိသော သတင်းစာဆရာတို့သည် လွတ်လပ်စွာရေးသားခွင့်နှင့် ထိုက်တန်ပြီး လွတ်လပ်စွာရေးသားခွင့် ကိုလည်းစောင့်ထိန်းနိုင်သူများဖြစ်လေသည်**ဟူ၍ဖြစ်ပေသည်။

*ရည်ညွှန်း-၁။ စတုတ္ထမဏ္ဍိုင်နှင့် ဂါးဒီးယန်းသတင်းစာ-(ဂါးဒီးယန်းဦးစိန်ဝင်း)*
*၂။အကွဲအပြဲဇာတ်လမ်း(ဂါးဒီးယန်းဦးစိန်ဝင်း)*
*၃။ ဂါးဒီးယန်းဦးစိန်ဝင်းနှင့် တွေ့ဆုံမေးမြန်းခြင်း(၂၀၀၇ ဒီဇင်ဘာ)*

7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

# တာဝန်ရှိသူ တာဝန်သိသူ



၂၈ ရက်ဇွန်လ ညနေ ၆ နာရီခန့်ကဖြစ်သည်။ ကျွန်တော်တို့လိုက်ပါလာသောနေပြည်တော်-လားရှိုး မူဝံ ခရီးသည်တင်ကားကြီးသည် ရေဆင်းသုတေသနရှေ့ကို ဖြတ်ကျော်လာစဉ် လမ်းဘေးတွင်ရပ်ထားသော ကားမှ ကားသမားက မျက်ကလဲဆန်ပြာလှမ်းတားသည်။ တစ်ဖန် ဘေးမှဆိုင်ကယ် ကယ်ရီများကရပ်ပေးရန် ခြေဟန်လက်ဟန်ပြသည်။ ကားဆရာများက ခရီးသည် တားခြင်းမဟုတ်၍ မရပ်ပါ။ သို့သော် တားသူများလာ၍ အရှိန်လျှော့ချကာ လမ်းဘေးထိုးရပ်လိုက်သည်။

ကားစပယ်ရာရော၊ ကားအကူဒရိုင်ဘာတို့က ပြေးဆင်းပြီး ကားကို စစ်ဆေးကြသည်။ ညာဘက်အောက်ခြေပစ္စည်းပိတ်သည့်တံခါး ပွင့်နေခြင်းကို တွေ့ကြတော့မှ တုန်လှုပ်နေကြသည်။ တံခါးကိုအပူတပြင်းသွပ်နန်းကြိုးများဖြင့် ခိုင်ခံ့အောင် ချည်တုပ်ပိတ်ကြတော့သည်။

ထိုခဏမှာပင် အမျိုးသမီးငယ် နှစ်ဦးကဆိုင်ကယ်လေးဖြင့် ရောက်လာပြီး "ကားတံခါးပွင့်နေလို့ လာပြောတာ" ဟု ပြောလာသည်။ တစ်ဖန် ဆိုင်ကယ် ကယ်ရီလေးများရောက်လာပြီး "တံခါးပွင့်နေလို့ တားတာ၊ အားလုံးထိခိုက်မိမယ်"ဟုဝိုင်းပြောကြသည်။ ကားဒရိုင်ဘာက "ကံသီလို့ပဲဗျာ၊ အချက်မပေး မတားကြရင် လူတွေ ဆိုင်ကယ်တွေ တိုက်မိကုန်မှာ၊ ထိမိလို့ကတော့ အောက်ခြေကသိမ်းပြီး ဓားနဲ့ခုတ်သလိုနေမှာ" ဟု ပူပန်စွာ ပြောပြသည်။

ထိခိုက်ဆုံးရှုံးမှုပြင်းထန်များပြားနိုင်ဖွယ်ရှိသော အဖြစ်ဆိုးကို တာဝန်သိသူတွေကြောင့်ကြိုတင်ရှောင်လွှားနိုင်ခဲ့၍ ကားဆရာများ၊ ခရီးသည်များနှင့် ပတ်ဝန်းကျင်လူထုတို့ စိတ်သက်သာရာရရှိခဲ့သည်။ တာဝန်သိသူတို့၏ စေတနာကား ဝမ်းမြောက်ချီးကျူးဖွယ်ရာ။ ကျွန်တော် ကြုံခဲ့ရသည့်အဖြစ်တစ်ခုလည်းပြန်လည်အောက်မေ့မိပြန်သည်။ ထိုနေ့က ဇန်နဝါရီ ၁၆ ရက်၊ မနက် ၉ နာရီတွင် ပြည်နယ်နှစ်ရှည်ရုံး၊ နမ့်ခိုက်မှ စာရေးသူ၊ ပြင်ဦးလွင် မိုးထက်ကော်ဖီခြံမှ ဦးကျော်ဝင်းနှင့်ဇနီး၊ နမ့်ခိုက်မှ ကျေးရွာလူကြီး ဦးဆန်ဆာ၊ ယာဉ်မောင်းအပါအဝင် ငါးဦး ပြင်ဦးလွင်သို့ ထွက်ခွာခဲ့ကြသည်။

မနက်ပိုင်းလည်းဖြစ် ကားလည်းရှင်းနေသည်မို့ ဖြည်းဖြည်းမှန်မှန်မောင်းလာခဲ့ရာ လားရှိုးမှအထွက် သီပေါသို့အဝင် သစ်တောစိုက်ခင်း၏ ညာဘက်လမ်းဘေးတွင် ယိုင်လဲနေသော ဆိုင်ကယ်ပေါ်၌ အမျိုးသမီးငယ်လေး တစ်ဦး မှောက်လျက်လဲနေ၏။ လမ်းလယ်ပေါ်တွင် ခြေထောက်ပြတ်မြင်ကွင်းက အသဲပျက်ဖွယ်။ ဆိုင်ကယ်က Signal မီးက ပြလျက်ရှိသေး။ ကားကလည်းရှင်းမှ ရှင်း။ တိတ်ဆိတ်နေသည်။

ယာဉ်မောင်းအား ကားကို ရပ်စေပြီး သူနဲ့ဦးကျော်ဝင်း ဆင်းကြည့်တော့ အသက်မသေကြသေးပါ။ နှစ်ဦးစလုံးညည်းတွားနေကြသည်။ စာရေးသူနှင့် ဦးကျော်ဝင်းက ဆိုင်ကယ်ပေါ်မှ ပေါင်ပြတ်သွားသော ကလေးမကို အသာဆွဲမ၍နေသာအောင် ရွှေ့ထားပေးလိုက်သည်။ ဘယ်အချိန်က ဘယ်လိုကား၏ ဘာနှင့်မှန်းမသိ ချိတ်မိ၊ ငြိမိသည်လား မသိပါ။ သွေးထွက်လွန်၍ သွေးပင်မမြင်ရတော့။ ဖြူဖပ်ဖြူလျော်ဖြစ်နေပြီ။

ခပ်ဝဝ အမျိုးသမီးပျိုမှာ တိုက်မိသည့် အရှိန်မည်မျှပြင်းသနည်း။ ဂျင်းဘောင်းဘီဝတ်ထားသော ခြေတစ်ဖက်ပြတ်ထွက်လျက်။ ပြင်းပြသော ဝေဒနာကြောင့် ညည်းသံသဲ့သဲ့သာ ပေးနိုင်တော့၏။ တစ်ဖက်မှ ကလေးမငယ်ငယ်သည်လည်း နားရွက်များမှ သွေးယိုစီးကာ ညည်းတွားနေကြသည်။ သတိကတော့ မလည်သေးပါ။

ခဏအကြာ ဆိုင်ကယ်များဖြင့် ဝိုင်းအုံကြည့်သူများ ရောက်လာကြသည်။ သူက လာကြည့်သူများအား နီးရာရဲစခန်းသို့ အကြောင်းကြားပေးပါရန် ပြော၏။ ရှောင်သွား၏။ ကားတချို့တား၏။ မရ။ ထိုအတွက် လားရှိုးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထိန်လင်းထံ ဖုန်းဆက်၍ ရဲတပ်ဖွဲ့ကိုဆက်သွယ်ဆောင်ရွက်ပေးရန် အကြောင်းကြားသည်။ လားရှိုးမြို့ လူမှုကူညီမှုအသင်း ဦးစိုင်းထွန်းတင်ထံ လူနာတင်ကားလွှတ်ပေးရန်ဆက်သည်။ ရမခမှ ပြည်သူ့ စစ်ဦးစီး(ပထမတန်း)ဒုဗိုလ်မှူးကြီး သန်းဦးကို ဆက်သွယ်တင်ပြသည်။

ဖုန်းတောက်လျှောက်ဆက်နေစဉ်လားရှိုးနှင့်အဆက်အသွယ်ရ၍ သူဝမ်းသာသွားသည်။ နာရီဝက်အကြာမှ သီပေါမြို့နယ်၊ ကုန်းသာရဲစခန်းမှ တာဝန်ကျသူများ ရောက်လာ၏။ စာရေးသူနှင့်အဖွဲ့က လူနာတင်ရန် ဝိုင်းအုံကြည့်ရှုနေကြသည့် ရပ်ထားသော ကားများမှ ခရီးသွားများ၊ ဆိုင်ကယ်သမားများကို အကူအညီတောင်းရတော့သည်။ ညည်းတွားနေသော ကလေးမများ၏ နားနားကပ်က"သမီးတို့ ဘာမှမပူနဲ့၊ ဘာမှမဖြစ်ဘူး၊ ဘုရားတရား အာရုံသွင်းထား၊ အားတင်းထားနော်" ဟု အားပေးစကားတတ်သရွေ့ မှတ်သရွေ့ပြောပေးရသေး၏။

ကားပေါ်တင်ပို့ရန် အကူအညီတောင်းလိုက်ခါမှ လူအုပ်ကြီးက လှုပ်စိလှုပ်ရွ ဖြစ်သွားသည်။ လိုင်းကားများအပါအဝင် ကိုယ်ပိုင်ကားလေးများ၊ ကားလတ်များပါနောက်ပြန်လှည့်သူလှည့်သည်။ ခဏရှေ့တိုးလာပြီး ဒဏ်ရာရသူများကြည့်ကာ လှည့်ပြန်သူလည်းရှိ၏။ ပွေ့ချီတင်ပေးလိုသူလည်း ရောက်လာ၏။ သေအံ့မူးမူး ဒဏ်ရာရသူနှစ်ဦး၊ တစ်ဦးက ခန္ဓာမှ အသားစဖြာထွက်နေသလို သွေးမရှိတော့ပေ။ တစ်ဦးကလည်း အသက်ရှိသေးသည်ဟု ဆိုရရုံ။ အစွဲအလမ်းကြီးသူ၊ ကြောက်တတ်သူတွေ သွေးပျက်သူတို့အတွက် အကဲစမ်းသည်လား။ သူစီးလာသည့်ကားကလည်းကော်ဖီခြံမှ ပိုင်ရှင်သူဌေးတစ်ဦးက ငှားပေးခြင်းဖြစ်ရာ သူတင်ချင်လို့ မဖြစ်ပါ။ ရုံးကားဆိုရင်တော့ ဤမျှစောင့်စရာမလို။ ဆေးရုံပို့လိုက်ရုံသာ။ အခြားကားများလည်း ခက်ခဲကြမည်။

ရဲများရောက်လာပြီဖြစ်၍ စာရေးသူနှင့် ရဲအရာရှိတို့ ကားများတားရင်းတားရင်းနှင့်နောက်ဆုံး ကျောက်မီးသွေးတင်လာသည့် စေတနာရှင် ၁၂ ဘီးကားကြီးက ကူညီတင်ပေးပါသည်။ ဒါတောင်မှ အမျိုးသမီးငယ် နှစ်ဦးကားပေါ်ရောက်အောင်ရှိသမျှ လူအားကို အကူအညီတောင်းရတော့သည်။ ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်လှုပ်လှုပ်ဖြင့် မဝံ့မရဲ တင်ပေးကြသည်။ ခြေပြတ်ကိုလည်း ပီနန်အိတ်ဖြင့်ပတ်ကာ ထည့်ပေးလိုက်သည်။

စာရေးသူက လားရှိုးဆေးရုံတွင် ပြင်ဆင်ထားရန် လူမှုကူညီအသင်းကိုဖုန်းဆက်ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများကိုလည်း ဖုန်းဆက်ထားကြောင်း ပြောရာ တာဝန်ခံရဲအရာရှိက "ဒါ သီပေါအပိုင်မို့ သီပေါဆေးရုံပဲ ပို့မယ်" ဟု ပြောသည်။ ကျန်ရဲတပ်ဖွဲ့ဝင်များက ယာဉ်တိုက်မှု လုပ်ထုံးလုပ်နည်းများအတိုင်း ဓာတ်ပုံရိုက်ခြင်း၊ ပေကြိုးတိုင်းခြင်း၊ သဲလွန်စ စစ်ဆေးခြင်းတို့ကို လုပ်နေသည်။

ဒဏ်ရာသင့် ညီအစ်မနှစ်ဖော်လည်း ကျောက်မီးသွေးကားကြီးဖြင့် သီပေါဆေးရုံသို့မြန်းလေပြီ။ လူများလည်း ရှင်းသွားပြီ။ စာရေးသူမှာ ရွံနစ်နေသော ချွေးစိုအင်္ကျီ၊ ပူကျစ်သော ဟန်းဖုန်းကို ကိုင်ကာ ပြင်ဦးလွင် ခရီးဆက်ခဲ့ရသည်။ ကော်ဖီခြံဆရာဦးကျော်ဝင်းလည်း ချွေးများရွှဲနေသည်။ အားနာမိသည်။ ကိုယ့်လမ်းကိုယ် ဖြောင့်အောင် သွားနိုင်ပါလျက် ကား၊ဆိုင်ကယ်တိုက်သည့်အမှုမှာ ဝင်ပါမိနေ၍ အချိန်နှစ်နာရီကျော် လေလွင့်သည်ဟု တွေးရမည်လား။ သူ့တာဝန်က စိုက်ပျိုးရေးဝန်ထမ်းသာ။ သို့သော် လမ်းပေါ်မှာ တွေ့ရသည့် မှုခင်းဖြစ်ရပ်အတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာ အားလုံး သတင်းပို့ခဲ့သည်။ ဒဏ်ရာရသူများကို ရှင်စေလိုသည့် စေတနာသာရှိသည်။ သီပေါဆေးရုံထက် လားရှိုးပြည်နယ်ဆေးရုံက မကောင်းပါလော။

ထို့အပြင် သေအံ့မူးမူးသူများကို တင်ရန်၊ သယ်ပို့ရန် ခက်ခဲသော ထုံးဓလေ့ကိုလည်း သူ စဉ်းစားရခက်နေသည်။ မည်သို့ပင်ဖြစ်စေ၊ ကလေးမငယ်နှစ်ဦးကို အားပေးစကားပြောလိုက်နိုင်သည်။ မိဘမောင်ဖွားအကြောင်းကြားရန် ဆေးရုံရောက်တော့ စေတနာရှင်လူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

မည်သို့သောကားက ပြင်းထန်သော အဟုန်အရှိန်ဖြင့် အရွယ်ကောင်းသမီးပျိုလေးနှစ်ဦးကို တိုက်ပစ်ခဲ့ပြီး ထွက်ပြေးရပါသနည်း။ ကိုယ်ထောင်ကျမှာ စိုးလွန်း၍ အလွတ်ရုန်းသည်ဆိုလျှင်ပဲ ခေါင်းကြေ၊ ပေါင်ပြတ်ကြရသည့် အပျိုချောနှစ်ဦးကို မည်သို့နှစ်သိမ့်ကြမည်နည်း။ ကွယ်ရာမှနေပြီး ဆွမ်းသွတ်အမျှဝေမည်လား။ လမ်းပေါ်တွင် ယာဉ်တိုက်မှုများမှာ မြို့နား၊ ရွာနား နီးပါက အကူအညီတောင်းလျှင် မြန်စွာရနိုင်ပါသည်။ မြို့ဝေး၊ ရွာလှမ်း၊ ကားဆက်ပြတ်သောနေရာမှာဖြစ်ပွားလျှင် မည်သူကူပါအံ့နည်း။ အမှုပတ်မှာစိုး၍ ပြေးကြမည်ပဲလား။ တာဝန်ရှိသူ-တာဝန်သိသူတွေ ပြည်မြန်မာမှာ ပေါများစေချင်ပါဘိသည်။ ။

## JOKE

### လိုက်နာရန်

ဂျပန်နိုင်ငံတွင် ကုမ္ပဏီတစ်ခုက ၎င်း၏ဝန်ထမ်းများ လိုက်နာရန် စည်းကမ်းချက်အသစ်တစ်ရပ်ထုတ်ပြန်လိုက်သည်။

'အလုပ်သမားများသည်ရေအိမ်များတွင် အလွန်အချိန်ဖြုန်းနေကြသည်။ ယခုအခါ ရေအိမ်များ အသုံးပြုချိန်ကို သုံးမိနစ်ကန့်သတ်လိုက်သည်။ သုံးမိနစ်ပြည့်ပါက အချက်ပေးသံမြည်လာမည်။ ရေအိမ်သုံးစက္ကူလိပ်အထဲပြန်ဝင်သွားမည်။ တစ်ချိန်တည်းမှာပင်ရေအိမ်တံခါးလည်း ပွင့်လာကာ ဓာတ်ပုံတစ်ပုံရိုက်ပြီးသားဖြစ်မည်။ ဒုတိယအကြိမ် စည်းကမ်းချိုးဖောက်သူများကို ကုမ္ပဏီစည်းကမ်း ဆိုးဆိုးရွားရွား မလိုက်နာသူအဖြစ် ပထမအကြိမ်ကရိုက်ထားသော ဓာတ်ပုံကို ကုမ္ပဏီ၏နို့တစ်ဘုတ်တွင် ကပ်ထားမည်'

### လက်ဆောင်

ဘန်နီနှင့်အယ်နီတို့သည် မန်ချက်စတာယူနိုက်တက်ဘောလုံးအသင်း၏ အမာခံပရိသတ်များဖြစ်သည်။ အပတ်စဉ် အထူးတန်းပွဲကြည့်စင်မှ ဘောလုံးပွဲများ လာရောက်ကြည့်ရှုကြရာ ထိုင်ခုံအမှတ် K-37 မှာ အမြဲတမ်းလွတ်နေသည်။ သို့ဖြင့် ယင်းထိုင်ခုံနေရာအား တစ်နှစ်စာ လက်မှတ်ဝယ်ယူလိုကြောင်း ဘန်နီက လက်မှတ်ကောင်တာတွင် သွားရောက်တောင်းဆိုရာ ယင်းနေရာမှာ တစ်နှစ်စာဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။

ထူးထူးခြားခြား ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ယင်းထိုင်ခုံအမှတ် K-37 တွင် လူတစ်ယောက်ထိုင်နေသည်ကိုတွေ့ရ၍ ဘန်နီလည်း မနေနိုင်တော့ဘဲ"တစ်နှစ်လုံး ခင်ဗျား ဘယ်ရောက်နေတာလဲ"ဟု စူးစမ်းရာ အမျိုးသားက "ပြောမနေပါနဲ့တော့ဗျာ" ဟု ဆိုရင်း

"ကျုပ်မိန်းမပေါ့၊ တစ်နှစ်စာ လက်မှတ်ဝယ်ထားပြီး ခရစ္စမတ်နေ့ကျမှ အံ့အားသင့်သွားအောင်ဆိုပြီး ကျွန်တော့်ကို လက်မှတ်ထုတ်ပေးတယ်ဗျ"ဟု မကျေမချမ်းနှင့်ပြောပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရိုန်းရိုန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business 7DAY NEWS JOURNAL

Vol.10, No.20 · AUGUST 4, 2011

# ဆီထွက်သီးနှံပေါ်ချိန်တွင် စားအုန်းဆီတင်သွင်းမှု ထိန်းသိမ်းသင့်ဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင်-၂၈**

ဆီထွက်သီးနှံမြေပဲ၊ နှမ်းတို့ပေါ်ချိန်တွင် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုအနည်းငယ်ထိန်းသိမ်းသင့်ကြောင်း ပြည်တွင်းဆီလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

ဆီထွက်သီးနှံများ ပေါ်ချိန်တွင် ပြည်တွင်း၌ စားအုန်းဆီပိုလျှံမှုများနေပါက စိုက်ပျိုးသူတောင်သူများအားအကျိုးသက်ရောက်မှုရှိ နိုင်သည်။ ယင်းအကျိုးဆက်ကြောင့် မြေပဲဆံဈေး၊ နှမ်းဈေးများကျဆင်းမည်ဆိုပါက တောင်သူများ စိုက်ပျိုးရေးတွင် အာရုံစိုက်မှုလျော့နည်းလာနိုင်ကြောင်း ဧရာဝတီမြေပဲဆီကုမ္ပဏီပိုင်ရှင် ဦးခင်စိုးကပြောသည်။

ယခုနှစ်တွင် ပြည်ပပို့ကုန်ဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစိုက်တောင်သူများသည် ဆုံးရှုံးမှုများရှိနေသည်။ အိန္ဒိယ၊ တရုတ်တို့မှ ဝယ်လိုအား လျော့နည်းခြင်း၊ ပြည်တွင်း၌ ရာသီဥတုဖောက်ပြန်မှုကြောင့် အရည်အသွေးကျဆင်းလာပြီး ထိုက်တန်သည့် ဈေးမရကြပေ။ အလားတူ မြေပဲဆန်ဈေးမှာလည်း လက်ရှိဈေးထက် ကျဆင်းသွားပါက ဆီထွက်သီးနှံစိုက်ပျိုးသူများ အခက်အခဲရှိလာနိုင်ကြောင်း မကွေးတိုင်းဒေသကြီးမှ ပဲလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

“မြေပဲဆံက တောင်သူအတွက် တစ်ပိဿာ ၁,၅၀၀ ကျပ်လောက်မှကိုက်တယ်။ သူ့အရင်းကတင် ၁,၂၅၀ ကျပ်ရှိတယ်’ဟု ဦးခင်စိုးက ဆိုသည်။

လက်ရှိအချိန်၌ မြေပဲဆန်ဈေးသည် ၁,၈၀၀ ကျပ်ဝန်းကျင်ရှိပြီး ပဲဆီမှာလည်း တစ်ပိဿာ ၄,၃၀၀ ကျပ်ရှိသည်။ စက်တင်ဘာလလယ်မြေပဲဆန် လှိုင်လှိုင်ပေါ်ချိန်တွင် တစ်ပိဿာ ၁,၆၀၀ ကျပ်ရှိပါက ပြည်တွင်းပဲဆီဈေးမှာ ၃,၈၀၀ ကျပ်ရှိနိုင်သည်။ မြေပဲပေါ်ချိန်တွင်ပဲဆီဈေးသည် ၃,၅၀၀ ကျပ် အောက်ကျဆင်းနိုင်ကြောင်းကိုလည်း လုပ်ငန်းရှင်များက တွက်ချက်ပြသည်။

နိုင်ငံတကာသို့ ဆီထွက်သီးနှံကုန်ကြမ်းတင်ပို့မှုမှာလည်း အခြားသော နိုင်ငံများထက် အရည်အသွေးနိမ့်သည့်အတွက် ဈေးနှုန်းမရဘဲ ဈေးကွက်လည်း ပျောက်နေကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်တွင် စားအုန်းဆီက ၉၀ ရာခိုင်နှုန်းခန့်ဈေးကွက်ကို စိုးမိုးထားပြီး ပြည်တွင်းထုတ်ဆီများက ၁၀ ရာခိုင်နှုန်းသာရှိနေသည်။

ပြည်တွင်း၌ တစ်လလျှင် ဆီလိုအပ်မှုတန်ချိန် တစ်နိုင်ငံလုံးအနေဖြင့် တန်ချိန်ခြောက်သောင်းဝန်းကျင်လိုအပ်ကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများမှ ထုတ်လုပ်နိုင်မှုမှာ တစ်နိုင်ငံလုံး စားသုံးမှု၏ အများဆုံး ၃၀ ရာခိုင်နှုန်းသာဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။



စားအုန်းဆီ လွတ်လပ်စွာတင်သွင်းခွင့် ပေးလိုက်ပြီးနောက် တင်သွင်းသူကုမ္ပဏီများ တိုးပွားလာကာ တင်သွင်းမှုလည်းများလာသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၇၃ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၂၆ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၄၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၁၉ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၀၃ | ကျပ် |

၂၀၁၁ ဇူလိုင် ၃၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၈၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၉၄၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၇၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၃၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၂၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၀၃၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၄. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၆၄ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၇၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၀၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၅၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၁၃၈၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၀. ၉၀၈၉ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ဒေါ်လာ | ၂၇. ၆၃၃ | ရူဘယ် | (ရုရှား) |
| ၁ဒေါ်လာ | ၃. ၆၇၂၇ | ဒါရမ် | (UAE) |


## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၃၁. ၂၀၀ |
| ရေနံစိမ်း | စည် | ၁၁၆. ၇၄၀ |
| ငွေ | ၁ အောင်စ | ၄၀. ၁၀၆ |
| ကြေးနီ | ပေါင် | ၄၄၇. ၉၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၁၄၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဇူလိုင် ၃၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပဲဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေ



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင်-၂၇**

ပြီးခဲ့သည့် ရက်ပိုင်း၌ ပဲဈေးနှုန်းအတက်အကျဖြင့် ဈေးကစားနေခဲ့ရာမှ ယခုတစ်ပတ်အတွင်း၌ ပဲဈေးနှုန်းများ ဆက်တိုက်ပြန်လည်ကျဆင်းနေကြောင်း ပဲကုန်သည်များကပြောသည်။

“ပို့ကုန်သမားတွေ အဝယ်နည်းလို့ ဈေးကျတဲ့သဘောပဲ။ အရင်က ဟိုက်ဘက် နိုင်ငံမှာ ကွန်တိန်နာငါးလုံး သွားရောင်းရင် ဆယ်လုံး၊ ဆယ့်ငါးလုံးတောင်းတာ။ အခု FOB (သင်္ဘောတင်ဈေး)ဝယ်လက်က အိန္ဒိယဘက်မှာ အရောင်းအဝယ်မကောင်းဘူး။ အဓိကကတော့ ပြည်တွင်းမှာ ကုန်သည်တွေ ငွေကျပ်နေတာကြောင့် ပြန်ကျလာတာ”ဟု ပဲကုန်သည်တစ်ဦးက ဈေးကွက်အနေအထားကို သုံးသပ်ပြောသည်။

လက်ရှိအနေအထားအရ နိုင်ငံခြားဈေးကွက်၏ ပဲဝယ်လိုအားနှင့် ဈေးနှုန်းများမှာလည်း ကျဆင်းနေကြောင်း သိရသည်။

ပဲမျိုးစုံ ဈေးကွက်တွင် ကုလားပဲတစ်မျိုးတည်းသာ တက်ရိပ်ပြကာ ဈေးနှုန်းအမြင့်ပိုင်းရှိနေပြီး ကျန်ပဲအားလုံးမှာ ဈေးကျနေကြောင်း ပဲကုန်များကပြောသည်။ ကုလားပဲမှာ တစ်တန်လျှင် ၆၉၇,၀၀၀ ကျပ်ရှိနေသည်။

ပုံမှန်အားဖြင့်တစ်တန်လျှင် ၅၅၀,၀၀၀ ကျပ်ဝန်းကျင်တွင်လည် ပတ်နေခဲ့သော မတ်ပဲ RC မှာ ယခုတစ်ပတ်တွင် ၅၄၂,၀၀၀ ကျပ်ထိ ကျဆင်းလာခဲ့သည်။ တစ်တန်လျှင် ၆၁၀,၀၀၀ ကျပ်နှင့် အထက်ဖြင့် အရောင်းအဝယ်ဖြစ်လေ့ရှိသော SQRC မှာလည်း ကျပ် ၆၀၀,၀၀၀ ထိဈေးနှုန်းများကျဆင်းလာခဲ့သည်။ ပဲစင်းငုံနီ RC မှာလည်း တစ်တန် ၄၃၅,၀၀၀ ကျပ် ဝန်းကျင်မှ ၄၂၀,၀၀၀ ကျပ်ထိကျဆင်းနေသည်။







7DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011






# ရွှေပြန်ရောင်းသူများနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင်-၂၇**

ယခုနှစ်အတွင်း ရွှေပြန်ရောင်းသည့် အားကောင်းသောကာလတစ်ခုသို့ရောက်နေကြောင်း ဈေးကွက်ကျွမ်းကျင်သူရွှေလုပ်ငန်းရှင်များကပြောသည်။

"တော်တော်များများ ပြန်ရောင်းတဲ့ အခြေအနေဖြစ်နေတယ်။ ဒီဈေးတန်းက အမြင့်ဈေးဖြစ်နေတော့ လောလောဆယ် ငွေမလိုတဲ့သူတွေပါ ထုတ်ရောင်းနေတယ်။ ပြန်ရောင်းအား ကောင်းတဲ့ကာလလို့ ပြောလို့ရတယ်" ဟု ရွှေအပိုင်းဈေးကွက်၌ ပြန်သွင်းအားကောင်းလာသောဈေးကွက်အနေအထားကို ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

လက်ရှိ အနေအထားအရ ကမ္ဘာ့ရွှေဈေးနှုန်းသည် ရွှေသက်တမ်းတစ်လျှောက်၌ အမြင့်ဆုံးဈေးများဖြင့် အကြိမ်ကြိမ် စံချိန်ချိုးနေသည်။

ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းသည်လည်း အမြင့်ဆုံးစံချိန်တင်ခဲ့သော ဈေးနှုန်းသို့ပြန်လည်ရောက်ရှိလာသည်။ သို့သော် ကမ္ဘာ့ရွှေဈေးနှုန်းနှင့် ယှဉ်ပါက ပြည်တွင်းဈေးမှာ တစ်ကျပ်သားပေါ်တွင် ကျပ် ၁၀၀၀၀ ကျော်ခန့်ပင် ဈေးနိမ့်နေသေးကြောင်း သိရသည်။

"ပြည်တွင်းဈေးနိမ့်နေတာက ရွှေဈေးကို အဓိကဈေးကစားစေတဲ့ လေရောင်းလေဝယ်ကို အသင်းရုံးမှာတင်းတင်းကျပ်ကျပ်လုပ်ထားတော့ အရောင်းအဝယ်နည်းပြီး ဈေးကသိပ်မလှုပ်တဲ့သဘောပဲ" ဟု ရွှေလုပ်ငန်းရှင်များအသင်းတွင် နေ့စဉ်အရောင်းအဝယ်ပြု လုပ်နေသော ရွှေကုန်သည်တစ်ဦးက ပြောသည်။

ယနေ့ ဇူလိုင် ၂၇ ရက်တွင် ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁၆၂၀ ဒသမ ၀၅ ဒေါ်လာထိ စံချိန်သစ်ဈေးနှုန်းထပ်မံဖြစ်ပေါ်နေခဲ့သည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၁,၇၀၀ ကျပ်နှင့် ၁၅ ပဲရည်မှာ ၆၃၀,၀၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်လာသည်။

"ကမ္ဘာ့ဈေးထက်စာရင် ပြည်တွင်းက နိမ့်နေသေးတော့ ရွှေဈေးက ဆက်တက်နိုင်သေးတယ်လို့ခန့်မှန်းထားတယ်" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။



# 7DAY BOOK REVIEW

လူပုဂ္ဂိုလ်တစ်ဦးကို ရည်ညွှန်း၍ စာရေးဆရာအများအပြားက ဝိုင်းဝန်းရေးသားကြသော စာအုပ်များဖြစ်သည့် စာရေးဆရာဦးအောင်ဆန်း၊ လူထုချစ်သမျှ လူထုဦးလှ၊ ပြည်သူချစ်သော လူထုဒေါ်အမာ၊ ဗန်းမော်တင်အောင်မှ ကာစသည်ဖြင့် စာအုပ်များထွက်ရှိပြီး ဖြစ်သလို ပုဂ္ဂိုလ်တစ်ဦးက ၎င်းနှင့်ရင်းနှီး ဆက်နွှယ်ခဲ့သော ပုဂ္ဂိုလ်များအကြောင်းပြန်လည်ရေးသားသည့် ဒဂုန်တာရာ၏ ရုပ်ပုံလွှာ၊ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ၊ ပါရဂူ၏ ပရကထာ၊ နတ်နွယ်၏ မိမိနှင့်စာရေးဆရာများ စသည့်စာအုပ်များထွက်ရှိပြီးဖြစ်ပါသည်။ ယခုလည်း စာရေးသူ မောင်သာချိုက ၎င်းထိတွေ့ဆက်ဆံခဲ့ရသောစာပေအနုပညာ ဝန်းကျင်မှ ပုဂ္ဂိုလ်အချို့၏ လျှပ်တစ်ပြက်ရုပ်ပုံလွှာများကို စုစည်း၍ ခေတ်ပြိုင်ခဲခြစ်ကောက်ကြောင်းများ ဟူ၍စာအုပ်ထွက်ရှိလာသည်။

## ခေတ်ပြိုင် ခဲခြစ်ကောက်ကြောင်းများ

(မောင်သာချို)




စာအုပ်တွင် အိပ်မက်ဖူး၊ ပန်းဝေသီ၊ မြားနတ်မောင်၊ ရန့်သစ်၊ ရွှေဝတ်ရည်၊ မိုး၊ စတိုင်သစ် စသည့်မဂ္ဂဇင်းများတွင် ပါဝင်ခဲ့သော အနုပညာဝန်းကျင်မှ လူပုဂ္ဂိုလ် ၁၈ ဦးတို့၏ ရုပ်ပုံလွှာစုစည်းမှုကို ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။ ဇော်ဂျီထက် (နေကြာတစ်ပွင့်အရိုင်း)တွင်ကွယ်လွန်သူကဗျာဆရာဇော်ဂျီထက်၏မုန်တိုင်းထန်စဉ်တစ်ရံရောအခါက ရုပ်ပုံလွှာကို "တစ်ခါတစ်ခါတော့လည်း အတိတ်ကမုန်တိုင်းများကို ကျွန်တော်သတိရနေတယ်။ ၃၃ လမ်းထဲက လှေကားခြေရင်းမှ ထမင်းထုပ်များ၊ ဗားတော့ဗရက်၊ အနာဂတ်အတွက်ကဗျာ၊ ကိုစိမ်းနီ၊ ကိုမင်းသစ်၊ ယမုံ၊ ကိုအောင်ဇင်မင်း၊ ကိုရန်ပိုင်၊ မင်းနွယ်စိုး၊ မြင့်ဦးဦးမြင့်၊ ကိုညီညွတ်၊ မင်းသိုက်မွန်၊ နေစိမ့်၊ မင်းထက်မောင်၊ ကဗျာကို ချစ်ခဲ့ကြ၊ မိုးရေစက်များ၊ အိပ်မက်၊ အတင်းဖြတ်မောင်းသွားတဲ့ကား၊ အတင်းလူးလာကူးခပ်နေတဲ့ ဇော်ဂျီထက်၊ ဒီမှာသူမမှားခဲ့ပေဘူး။ သူခြသေ့ပါ" ဟူ၍ ရေးဖွဲ့ခဲ့သည်။ ရွှေစိုးဟန်(ဘောဂဗေဒ ပန်းချီကားတစ်ချပ်)တွင် "ရွှေစိုးဟန်ကတော့ ဒေါင်းပုံ အရေးကောင်းသူဖြစ်သည်။ သည်ဒေါင်းပုံကိုလည်း သူက အေးအေးဆေးဆေး အချိန်ယူကာ ဆွဲခဲ့သည်မဟုတ်။ မိုးတွေလေတွေ တဝေါဝေါတိုက်ခတ်နေစဉ် လျှပ်တစ်ပြက် ဆွဲခဲ့ခြင်းဖြစ်သည်။ အပြင်မှာကလူတွေ. . လူတွေ. . ပျားပန်းခပ်လျက်။ သူတို့ ရင်ခုန်သံတွေ လှိုင်းရိပ်ပြေးနေသည်ထင်၏။ ရွှေစိုးဟန်က ကောက်ကြောင်းခြစ်တာမြန်သည်။ အစ အဆုံး မျဉ်းတစ်ကြောင်းတည်းဖြင့် သူ့ဒေါင်းပုံကို ရေးခြစ်ပစ်လိုက်သည်။ လည်ဆံမွေးတွေ တဖွားဖွား၊ ရှေ့ခြေနောက်ခြေကားကားဖြင့်။ လှုပကြွရွလိုက်သည့်ကောက်ကြောင်း။ သည်ကောက်ကြောင်းကို မြင်သူတိုင်းကြိုက်သည်။ ကြိုက်သူတိုင်းလိုချင်ကြသည်" ဟူ၍သမိုင်းနှင့်ချီသောအကြောင်းအရာတစ်ခုကို စာရေးသူက ရေးဖွဲ့ထားသည်။ ကြူးနှစ် (ကန္တာရစာမျက်နှာများ)တွင် "စကားပြေဆိုတာ ညက်ပြီးလှနေရတယ်ကွ၊ ဟော့. . ကိုသာချို၊ မောင်ရင်ဦးဩဘာသကို ကြိုက်သလား" ကျွန်တော်ကြိုက်ကြောင်း ဝန်ခံတော့ သူက အားရပါးရပြုံးသည်။ "မင်းဘူးဆရာတော် ဦးဩဘာသရဲ့ဝေဿန္တရာ စကားပြေကို မကြိုက်တဲ့စာရေးဆရာဟာအလကားကွ" ပွင့်ပွင့်လင်းလင်းပြောရလျှင် ကိုကြူးနှစ်ကို ကျွန်တော်အထင်ကြီးသွားမိသည်။ ဒါကြောင့်များ သူ့စကားပြေတွေက ညက်နေလေရော့သလား" ဟူ၍ စာရေးဆရာ ကြူးနှစ်၏ ရုပ်ပုံလွှာကိုဖွဲ့ကျူးထားသည်။ ယခုစာအုပ်နှင့်ပတ်သက်၍ စာရေးဆရာမောင်သာချိုက "စာအုပ်စာပေချစ်သူတို့က စိတ်ဝင်စားတတ်လေ့ရှိသော အနုပညာရှင်တချို့၏ ပုံရိပ်ကို လူသားဆန်မှုရှုထောင့်မှနေ၍အတတ်နိုင်ဆုံး ရေးခြစ်ထားခဲ့ပါသည်"ဟုဆိုထားပြီး မောင်နိုး၏ ထူးခြားသော သရုပ်ဖော်ပုံများနှင့် စာအုပ်ကို ခြယ်သထားကာ တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် အလင်းသစ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### အသုံးလည်းဝင် အမှတ်တရလည်းဖြစ်တဲ့ပစ္စည်း

သော့ချိတ်သို့မဟုတ်ကီးချိန်း(Keychain) သည် သော့နှင့်အခြားသေးငယ်သောပစ္စည်းများကို မပျောက်ပျက်စေရန်သော့ကွင်းဖြင့် ချိတ်ဆက်သိမ်းဆည်းနိုင်သည့် သတ္တုသို့မဟုတ်ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော အရာဖြစ်သည်။ သော့တွဲများဖြင့်အလုပ်လုပ်ရသော လုံခြုံရေးဝန်ထမ်း၊ အကျဉ်းထောင်အရာရှိ၊ ကျောင်းစောင့်၊ စတိုခန်းမန်နေဂျာစသူတို့က အများဆုံးအသုံးပြုကြသည်။ ၁၉၅၀ နှင့် ၁၉၆၀ ခုနှစ်များတွင် ပလတ်စတစ်ဖြင့် ကီးချိန်းထုတ်လုပ်သည့်နည်းပညာများတိုးတက်လာပြီး၊ အရောင်းမြှင့်တင်ရေးပစ္စည်းများအဖြစ် အသုံးများလာသည်။

၎င်းပြင်အမှတ်တရပစ္စည်းအဖြစ်လည်း တွင်ကျယ်စွာအသုံးပြုကြပြီး တန်ဖိုးနည်းကာ သယ်ဆောင်ရလွယ်ကူသောပစ္စည်းများဖြစ်သည်။ နေ့စဉ်ဘဝတွင် အမှတ်တရကီးချိန်းများ အသုံးပြုခြင်းဖြင့်သွားခဲ့သော ခရီးစဉ်များအကြောင်းကို ပြန်လည်အမှတ်ရနေစေသည်ဟုဆိုသည်။ ယခုနောက်ပိုင်းတွင် အဝေးထိန်းခလုတ်ကီးချိန်းများ၊ အီလက်ထရွန်နစ်ကီးချိန်းများလည်းပေါ်ထွက်လာပြီး Memory Stick များ၊ ကင်မရာများ၊ ဂိမ်းစက်ငယ်များစသည်ဖြင့် ထုတ်လုပ်လာကြကာ အမေရိကန်ဒေါ်လာ ၁၀ မှ ၁၀၀ ကျော်အထိ ဈေးနှုန်းအစားစားဖြင့်ရောင်းချလာကြသည်။ ဂင်းနစ်ကမ္ဘာ့မှတ်တမ်းအရ အမေရိကန်ပြည်ထောင်စု၊ ဂျော်ဂျီယာမှ ဘရန့်ဒစ်ဆင်သည် ကီးချိန်းပေါင်း ၄၁၄၁၈ ခု ကိုစုဆောင်းပိုင်ဆိုင်ထားသည့် ကမ္ဘာ့မှတ်တမ်းဝင်တစ်ဦးအဖြစ် လက်ရှိရပ်တည်လျက်ရှိသည်။

—*Source:wikipedia*






### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

နောက်ဆုတ်ခြင်း၊ ရပ်တန့်ခြင်း၊ အရှိန်လျှော့ခြင်း၊ ရင်ဆိုင်မှုအားလုံးကို ဖယ်ခွာပြုရမည့် ကာလဖြစ်သည်။ ဆောင်ရွက်မှုအရှိန်နှေးလေ တိုးတက်မှုများလေဖြစ်မည်။ စနစ်တကျလုပ်ငန်းမှုအား ဦးစားပေးပါ။ အသစ်ဆန်းသစ်တီထွင်လိုစိတ်လျှော့ပါ။ တတ်အားသမျှ တစ်ဦးတစ်ယောက်တည်းလုပ်ပါ။ သူတစ်ပါးနှင့် တွဲဖက်ဆောင်ရွက်ခြင်းများ လျှော့သင့်သည်။ မြှုပ်နှံထားသောငွေအချို့ကို ပြန်ဖော်ပါ။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အလွန်သတိရှိရမည်။ အခက်အခဲရှိနေမည်။ စိတ်ပင်ပန်းရမည်။ ငွေလက်လွန်ဆုံးရှုံးမည်။ အမှားအမှန်ခွဲခြားတတ်ခြင်းမရှိဘဲ ထင်ရာစိုင်းလိုသောစိတ်ပြင်းထန်မည်။ ရုတ်တရက်ပေါ်လာသည့် ရန်များကို ရင်ဆိုင်ရင်း မိသားစု၊ မိတ်ဆွေရင်းများနှင့် ပြဿနာဖြစ်ရတတ်သည်။ အလုပ်အကိုင်ဆောင်ရွက်သူများအဖို့ ရဲရဲရှေ့တိုး၍ ဆောင်ရွက်ပါ။ အစပိုင်း၌ မည်မျှပင်ခက်ခဲစေ အဆုံးပိုင်းတွင် အောင်မြင်ခြင်းရရှိမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ရန်အနှောင့်အယှက်အားလုံးကိုဖြေရှင်းရမည်။ အခက်အခဲကျော်လွှားနိုင်မည်။ ကြန့်ကြာနေသည်များပြီးမြောက်မည်။ မူလစိတ်ကူးထားသည့်ရည်မှန်းချက်များကို ရှေ့တိုးဆောင်ရွက်ရန် အခက်အခဲကြုံ၍ လမ်းသစ်ထွင်လိမ့်မည်။ ရှာဖွေထားသည့် နည်းလမ်းသစ်နှင့် ဆောင်ရွက်ကာ အလုံးစုံအဆင်ပြေအောင်မြင်မည်။ လွယ်ကူစွာကတိပေးခြင်း၊ အလောတကြီးစကားပြောဆိုခြင်းများ ရှောင်ကြဉ်ပါ။ ခရီးသွားရကိန်းရှိသည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အဘက်ဘက်မှ အောင်မြင်ခြင်းနှင့် အလိုရှိရာ ပြည့်စုံခြင်းရှိမည်။ ပြန့်ကျဲနေသောဥစ္စာပစ္စည်းများ ပြန်လည်စုစည်းနိုင်မည်။ တစ်ပိုင်းတစ်စဖြစ်နေသည်များ ပြီးမြောက်အောင်မြင်မည်။ ဝေးကွာသောသူများနှင့် ပြန်လည်ဆုံစည်းမည်။ ပြဿနာအခက်အခဲများ ဖြေရှင်းရမည်။ ကြိုးစားဆောင်ရွက်ထားသည်များမှ အကျိုးဆက်ကောင်းများရမည်။ ဤကာလအတွင်း စတင်သောကိစ္စများအနာဂတ်တွင် အကျိုးဖြစ်ထွန်းမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အမှုပြဿနာဖြစ်တတ်သည်။ အထင်မှားခံရတတ်သည်။ ပူးပေါင်းဆက်ဆံနေသော မိတ်ဆွေသင်္ဂဟများကို အကြောင်းပြုပြီးနာမည်၊ သိက္ခာထိခိုက်တတ်သည်။ မိသားစုတွင်း ငွေလက်လွန်တတ်သည်။ ကာလအတန်ကြာဝေးကွာနေသော မိတ်ဆွေဟောင်းများနှင့် ပြန်ဆုံမည်။ မိတ်ဟောင်းများဒုက္ခပေးတတ်သည်။ အိမ်တွင်လူမမြဲ၊ အလုပ်သမားပြဿနာဖြစ်တတ်သည်။ ဆွေမျိုးကိစ္စ၊ လူမှုရေးကိစ္စများအတွက်အချိန်ကုန်တတ်သည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

ထင်ရှားသော အပြောင်းလဲရှိမည်။ ဘဝတွက်အရေးပါသော ခြေလှမ်းများ စတင်ရသော ကာလဖြစ်သည်။ ယခုရက်တွင်း စတင်လိုက်သော ကိစ္စများမှ အထူးအကျိုးပေးမည်။ နေရာအပြောင်းအလဲနှင့် တက်လမ်းများဆက်တိုက်ရရှိမည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းနိုင်လိမ့်မည်။ ရုတ်တရက်ပေါ်လာသော အခြေနေကို လက်တွေ့အသုံးချပြီးတက်လမ်းရရှိမည်။ ငွေကြေး၊ အလုပ်အကြံအစည်များ လမ်းသစ်ထွင်ဆောင်ရွက်ပါ။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ပြဿနာများမည်။ ရန်အနှောင့်အယှက်များမည်။ လုပ်သမျှတလွဲတချော်ဖြစ်မည်။ သူတစ်ပါးကြောင့် မိမိ အကြံအစည်ပျက်မည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စကြားဝင်အာမခံခြင်း၊ တာဝန်ယူခြင်းများကို လုံးဝမပြုသင့်ပါ။ တစ်ပါးသူ၏ ကတိစကားအား ယုံစားခြင်း မရှိသင့်၊ အိမ်တွင်စကားများစရာများရှိမည်။ သည်းခံ၍ ရှောင်ပါ။ မိမိအပေါ် ဒုက္ခပေးသူများရှိမည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အရာရာကိုသတိယှဉ်ပြီး လုပ်ပါ။ ခက်ခဲသော ပြဿနာများ ၊ဖြေရှင်းရန် မလွယ်သော ကိစ္စများနှင့်တွေ့မည်။ ငွေကြေးလူမှုရေးကိစ္စရောထွေးမည်။ ရန်အတိုက်ခံများပြား၍ တိုးတက်မှုရှာဖွေရမည်။ လမ်းကြောင်းများပွင့်မည်။ အပျက်စီး အပျောက်ရှများမည်။ လုပ်ငန်းခွင်မှသူများ လက်အောက်ငယ်သားများ၏ ပြဿနာများဒိုင်ခံဖြေရှင်းရမည်။ သူတစ်ပါးကဆောင်ရွက်လိုက်သည်များသပ်ရပ်မှုမရှိ၍ အန္တရာယ်ကြုံတတ်သည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ကျန်းမာရေးကို မပေါ့ဆပါနှင့် အရာရာသတိနှင့် ဆောင်ရွက်ပါ။ ကြုံတွေ့နေရသည့် အခက်ခဲများကို တစ်ပိုင်တစ်နိုင်ဖြေရှင်းပါ။ ခရီးသွားလာဆင်ခြင်ပါ။ ယာဉ်ကားမောင်းနှင်မှု သတိရှိပါ။ စိတ်ရှည်စွာ လုပ်ကိုင်သင့်သည်။ အလောမကြီးသင့်။ ဖြစ်ပေါ်လာသော ပြဿနာများဖြေရှင်းရာတွင် တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနေ့မွေးသောသူများကို မတိုင်ပင်သင့်။ ပိုဆိုးမည်။ တနင်္လာ၊ စနေ၊ သောကြာနေ့မွေးသောသူများနှင့်တိုင်ပင်က အည့်ကင်းမည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

ရည်ရွယ်ချက်များ အကောင်အထည်ဖော်တိုးတက်နိုင်သော အနေအထားရှိသည်။ ငွေကြေးနှင့် ပတ်သက်သော ကံကောင်းသည်။ မိတ်ကောင်းဆွေကောင်းများနှင့် ကြုံမည်။ ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ ကြန့်ကြာနေသောငွေပစ္စည်းများလက်ဝယ်ပြန်လည်ရရှိမည်။ မိသားစုတွင်း အလုပ်၊ စီးပွား၊ ငွေကြေးကိစ္စများအောင်မြင်သော ကာလဖြစ်သည်။ ပေါ်ပေါက်လာသော အခွင့်အလမ်းများ လက်တွေ့အသုံးချပြီး တိုးတက်မှုများရှိမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ဆောင်ရွက်မှုအားလုံးအဆင်ပြေမည်။ ငွေကြေးကံကောင်းမည်။ အကြံကောင်းများ ပေါ်ထွက်မည်။ ချဲ့ထွင်ထားသည်များ အောင်မြင်မည်။ မိမိအခက်အခဲများဖြေရှင်းနိုင်မည်။ မိမိဆောင်ရွက်သည့် ကိစ္စများ ထူးထူးခြားခြားအောင်မြင်မည်။ အသစ်အဆန်းများဖြစ်ပေါ်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အလောတကြီးမလုပ်မိအောင် ရှောင်ပါ။ ရရှိလာသော အခွင့်အရေးများကို ပိုင်ပိုင်နိုင်နိုင်အသုံးချပါ။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

လှုပ်ရှားမှုနှင့် အပြောင်းလဲများမည်။ စိတ်ကူးသစ်များကိုလက်တွေ့ဖန်တီးဖော်ဆောင်နိုင်မည်။ ခက်ခဲသည့်ကိစ္စများ ဆောင်ရွက်နိုင်မည်။ ဆုံးဖြတ်ချက်မှန်ကန်မည်။ ခရီးကိစ္စများ နေရာအပြောင်းအရွှေ့များ ဆောင်ရွက်၍ အကျိုးထူးရှိမည်။ အပျောက်အရှများမည်။ လူမှုရေးအတိုက်ခံရှိမည်။ အပြိုင်အတိုက်ခံများနှင့် ကြုံက အလျှော့ပေးခြင်းမပြုပါနှင့်။ ရှေ့တိုးဆောင်ရွက်ပါ။ သူတစ်ပါးကိစ္စတွင် ကြားဝင်ရင်း ရန်ပေါ်တတ်သည်။

7 DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011



# နှစ် ၃၀ အာကာသ ပျားရည်ဆမ်းခရီး တစ်ခန်းရပ်ချိန်

ကြည်နေဝင်းမင်း

ဇူလိုင် ၂၁ ရက် နံနက် ဝေလီ ဝေလင်းအချိန်တွင် အမေရိကန်အာကာသလွန်းပျံယာဉ် အတ္တလန်တစ်ကမ္ဘာမြေပြင်ပေါ်သို့ နောက်ဆုံးအကြိမ်ဆင်းသက်လာပြီး ဘရိတ်အုပ်ရပ်နားလိုက်ပါသည်။ ခဏကြာသောအခါ အတ္တလန်တစ် အာကာသယာဉ်မှူးများ ၎င်းတို့ကိုလာကြိုသော ဘတ်စ်ကားပေါ်သို့တက်၍ စကားစမြည်အနည်းငယ် ပြောကာ အနားယူရာအဆောင်ဆီသို့ ထွက်ခွာသွားခဲ့သည်။ အမေရိကန်၏ နောက်ဆုံးအာကာသယာဉ်ကိုတော့ပြတိုက်အတွက် ထိန်းသိမ်းစောင့်ရှောက်မည့်သူများလက်သို့အပ်ထားခဲ့ပါသည်။ နောက်ပိုင်းတွင် အတ္တလန်တစ်အာကာသယာဉ်သည် အခြားအာကာသဆိုင်ရာပစ္စည်းပစ္စယများနှင့်အတူ ကမ္ဘာ့လှည့်ခရီးသည်များအား ဆွဲဆောင်စရာ၊ 'တစ်ချိန်တုန်းကပေါ့ကွာ' ဟု ကလေးငယ်များကို ပြောပြစရာ ဖြစ်လာပါလိမ့်မည်။

နောက်ဆုံး လွန်းပျံယာဉ်ခရီးစဉ် အဆုံးသတ်သွားခြင်းမှာ ကြေကွဲစရာမဟုတ်ပါ။ တစ်ချိန်ချိန်တွင် အဆုံးသတ်ရမည်ပဲဖြစ်ပါသည်။ တကယ်တော့ နှစ်ပေါင်း ၃၀ ကြာခဲ့ပါပြီ။ အာကာသယာဉ်တစ်စီးစီအတွက် အကြိမ်ပေါင်း ၁၀၀ ခန့်ပျံသန်းနိုင်မည်ဟု ရည်မှန်းထားခဲ့သော်လည်း ယင်းအရေအတွက်၏ သုံးပုံတစ်ပုံပင် မပျံသန်းနိုင်ခဲ့။ တစ်ကြိမ်နားပြီး အာကာသသို့ နောက်တစ်ကြိမ်ပြန်လည်လွှတ်တင်ရေး ပြင်ဆင်ရန်အချိန်မှာလည်း အလွန်ကြာမြင့်ရာသက်တမ်းစေ့သာ ပျံသန်းမည်ဆိုပါက နှစ်ပေါင်း ၁၀၀ ခန့်ကြာမြင့်သွားနိုင်ပါသည်။ နည်းပညာဟောင်းကြီးပေါ်မှာ ဤမျှအားကိုးနေသည်မှာ အချိန်ကြာလွန်းပါသည်။

သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ ကျွန်တော်တို့တွင်အခြားအစားထိုးစရာ အဖြေ (အစီအစဉ်) တစ်ခုမရှိဘဲ လူလိုက်ပါသော အာကာသယာဉ်အစီအစဉ်ကို အဆုံးသတ်လိုက်ရခြင်းဖြစ်သည်။ အနည်းဆုံးလောလောဆယ်တွင် ကျွန်တော်တို့သည် နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်ရန် ရုရှားအာကာသယာဉ်များကို အားကိုးရတော့မည်။ အာကာသနှင့် ပတ်သက်၍ ရုရှားနိုင်ငံက တစ်ဦးတည်းပိုင်ပိုင် ဈေးကွက်ရရှိသွားပြီဖြစ်ရာ ဘာတွေဖြစ်လာမလဲ တွေးကြည့်ရုံသာတတ်နိုင်သည်။ လကမ္ဘာသို့ လူများသွားရောက်ရေးစိန်ခေါ်မှုဖြင့် လူလိုက်ပါရေး အာကာသအစီအစဉ်ကို ချမှတ်ခဲ့သော ဂျွန်အက်ဖ်ကနေဒီတစ်ယောက်ဝင်းလဲလျောင်းရာနေရာတွင် လူးလှိမ့်နေမည်လား တွေးကြည့်မိပါသည်။

STS-135 အာကာသခရီးစဉ်သည် အတ္တလန်တစ်အာကာသယာဉ်အတွက် ၃၃ ကြိမ်မြောက်နှင့်နောက်ဆုံးခရီးစဉ်ဖြစ်သည်။ ၎င်းအာကာသယာဉ်သည် ခရီးစဉ်ပေါင်း ၃၃ ကြိမ်တွင် အာကာသထဲ၌ ရက်ပေါင်း ၃၀၇ ရက်ကြာမြင့်ခဲ့သည်။ ကမ္ဘာမြေအား ၄၈၄၈ ကြိမ်ပတ်ခဲ့ပြီး ခရီးမိုင်ပေါင်း ၁၂၅,၉၃၅,၇၆၉ ပျံသန်းခဲ့သည်။ နောက်ဆုံးတစ်ကြိမ်တွင် အာကာသထဲ၌ ၁၂ ရက် ၁၈ နာရီ ၂၈ မိနစ်နှင့် ၅၀ စက္ကန့်ကြာမြင့်ခဲ့သည်။ အာကာသယာဉ်ဦးစီးမှူး ခရစ်ဖာဂူဆန်၊ မာလိန်မှူးဒေါက်ဟာလီနှင့် ခရီးစဉ် ကျွမ်းကျင်သူ ဆန်ဒရာမက်နက်စ်နှင့် ရက်စ်ဝယ်လ်ဟန်တို့သည် စားနပ်ရိက္ခာ ၂၆၇၇ ပေါင်အပါအဝင် နိုင်ငံတကာအာကာသစခန်းအတွက် လိုအပ်မည့် အပိုပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် အခြားလိုအပ်မည့်ပစ္စည်းများကို ပို့ဆောင်ပေးခဲ့သည်။ ISS တွင် မလိုအပ်တော့သော ပစ္စည်း ၅၇၀၀ ပေါင်ကို ပြန်လည်သယ်ယူလာခဲ့သည်။

၁၉၈၁ ခုနှစ် ဧပြီ ၁၂ ရက်တွင်စတင်ခဲ့သည့် အာကာသသို့ လူလိုက်ပါသောယာဉ်များပို့လွှတ်ရေးအစီအစဉ်တွင် အာကာသလွန်းပျံယာဉ်၅စီးဖြင့် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ လူပေါင်း ၃၅၅ ဦးအား ၈၅၂ ကြိမ်ပျံသန်းပေးခဲ့သည်။ မိုင်ပေါင်း ၅၄၂ သန်းဖြတ်သန်းခဲ့သည်။ ယခုအချိန်တွင် တော့ဤအရာများ အားလုံးတစ်ခန်းရပ်ခဲ့ပြီဖြစ်သည်။

အစီအစဉ်များ ရှိပါသည်။ စီးပွားဖြစ် အာကာသလွန်းပျံယာဉ်များတည်ဆောက်၍ နိုင်ငံတကာအာကာသစခန်းသို့လိုအပ်သော ပစ္စည်းများထောက်ပံ့ရေး၊ လူများပို့ဆောင်ရေးကို ပုဂ္ဂလိကအဖွဲ့အစည်းများက လုပ်ဆောင်နိုင်ဖွယ်ရှိပါသည်။ သို့သော် ယင်းသို့ပို့ဆောင်ခြင်းတွင် ပုဂ္ဂလိကကုမ္ပဏီများအတွက် ဘဏ္ဍာရေးအကျိုးအမြတ်ရှိရပါလိမ့်မည်။ ငွေကြေးအမြတ်အစွန်းမရရှိနိုင်ပါက ယင်းကုမ္ပဏီများက အာကာသထဲသို့ လူများသယ်ဆောင်သွားလိမ့်မည်မဟုတ်ပါ။ စူးစမ်းရှာဖွေမှုများမှ ရရှိသော တွေ့ရှိချက်များကို၎င်းတို့လက်ဝယ်တွင် ထားရှိနိုင်မှသာ ကော်ပိုရေးရှင်းများက အာကာသထဲတွင် သိပ္ပံစမ်းသပ်မှုများ လုပ်ရန် စိတ်ဝင်စားပါလိမ့်မည်။ ယင်းလုပ်ငန်းများ လုပ်ကိုင်ရန် အလားအလာအရှိဆုံးမှာ Space-X ကုမ္ပဏီဖြစ်ပါသည်။ ဗြိတိန်စီးပွားရေးလုပ်ငန်းရှင် ရစ်ချက်ဘရန်ဆန်၏ Virgin Galactic အစီအစဉ်မှာ လူချမ်းသာများအား အာကာသအပျော်ခရီးပို့ဆောင်ရေးသာ လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ သို့သော် Space-X ကုမ္ပဏီအား အာကာသအတွင်းသို့ လူများ သယ်ယူပို့ဆောင်ခွင့်၊ စူးစမ်းလေ့လာခွင့်ပြုမပြုဆိုသည်မှာ နာဆာနှင့် လွှတ်တော်တို့အပေါ်တွင် လုံးလုံးမူတည်နေပါသည်။ နာဆာ၏အစဉ်အလာမှာ အထူးကောင်းမွန်သည်ဟု မဆိုနိုင်ပါ။

မည်သို့ပင်ဆိုစေ လူလိုက်ပါသောအာကာသ ခရီးစဉ်များ ပျံသန်းခြင်းကို နာဆာက အဆုံးသတ်လိုက်ခြင်းမှာ ကောင်းသောအလားအလာမဟုတ်ကြောင်း ပညာရှင်များက ပြောကြားကြသည်။ ပူပန်စရာတစ်ခုမှာ နာဆာ အာကာသအေဂျင်စီမှ အလုပ်နေရာပေါင်းများစွာ လျှော့ချဖြတ်တောက်ရမည့် အရေးဖြစ်သည်။ နာဆာအရာရှိဟောင်းတစ်ဦးဖြစ်သူ၊ အာကာသပေါ်လ စီကျွမ်းကျင်သူ ဂျွန်လော့စ်ဒန်ကဆိုလျှင် နာဆာ၏ အာကာသရေးရာတွင် ဦးဆောင်နိုင်မှုမှာ ယခုရက်သတ္တပတ်အတွင်း ဆုံးရှုံးသွားခဲ့ပြီ။ ထာဝရ ဆုံးရှုံးသွားခြင်းပင် ဖြစ်နိုင်သည်ဟု မစ္စတာလော့စ်ဒန်ကဆိုပါသည်။

အာကာသလေ့လာရေးနှင့် အာကာသယာဉ်မှူးများ သယ်ယူပို့ဆောင်ရေးအတွက် စီးပွားဖြစ်လုပ်ကိုင်လိုသော ကုမ္ပဏီများက အာကာသယာဉ် တစ်စီးတည်ဆောက်ပြသခြင်း မပြုလုပ်နိုင်သေးမီကပင် အာကာသယာဉ်မှူးများအား အာကာသသို့ပို့ဆောင်ရေးမှာ ပုဂ္ဂလိက ကဏ္ဍ၏ လုပ်ငန်းသာဖြစ်ရမည်ဟု အိုဘားမားအစိုးရက ဆုံးဖြတ်ချက်ချခဲ့ကြောင်းနာဆာအရာရှိဟောင်း ပါမောက္ခဂရစ်ဖင်းက ဘီဘီစီသတင်းဌာနအား ပြောကြားခဲ့ပါသည်။

ရေရှည်အနာဂတ်အစီအစဉ်များကိုမည်သို့လုပ်ဆောင်မည်ဆိုသော ပြဋ္ဌာန်းချက်မရှိ၊ လတ်တလောတွင်လည်း အစားထိုးစရာမရှိဘဲ လွန်းပျံယာဉ်အစီအစဉ်အား ရပ်စဲလိုက်ခြင်းမှာ မိမိတို့ကိုယ်မိမိတို့ မိုက်မဲသော အခြေအနေသို့ သက်ဆင်းစေခြင်းဖြစ်ကြောင်း၊ ထိတ်လန့်တုန်လှုပ်စရာကောင်းကြောင်း ဂျော့ချ်ဝါရှင်တန်တက္ကသိုလ် အာကာသပေါ်လစီအင်စတီကျူးဒ်မှ ပါမောက္ခဂရစ်ဖင်းက ပြောပါသည်။

ထို့အပြင် ၂၀၀၃ ခုနှစ် ကိုလံဘီယာ အာကာသယာဉ်ပျက်ကျမှုနောက်ပိုင်းတွင်လည်း ယင်းအဖြစ်အပျက်ကို နမူနာယူပြီး ထိလွယ်ရှလွယ်ဖြစ်လွန်းသော၊ ဈေးကြီးလွန်းသော လွန်းပျံယာဉ်များနေရာတွင် အခြားအာကာသယာဉ်များဖြင့် အစားထိုးရန် ပျက်ကွက်ခဲ့ခြင်းမှာလည်း နိုင်ငံတော်ခေါင်းဆောင်ပိုင်း၏ ကျရှုံးမှုဖြစ်ကြောင်း ပါမောက္ခလော့စ်ဒန်ကဆိုပါသည်။

နာဆာ၏ လက်ရှိအခြေအနေအတွက် ထိတ်လန့်စရာ၊ ဝမ်းနည်းစရာ အကောင်းဆုံးမှာ စွမ်းဆောင်ရည်များ ဆုံးရှုံးသွားခြင်းဖြစ်နိုင်ပါသည်။ အတ္တလန်တစ်လွန်းပျံယာဉ်အားနောက်ဆုံးအကြိမ် မလွှတ်တင်မီကပင် နာဆာမှ ပညာရှင်အများအပြားအလုပ်အကိုင် ဆုံးရှုံးခဲ့ကြပြီဖြစ်သည်။ သို့သော် ၎င်းတို့၏ အလုပ်အကိုင်အနာဂတ်အရေးထက် ပညာရှင်များနှင့် နာဆာတွင် အလုပ်လုပ်ကိုင်နေသူများ၏ အဓိကကြောင့်ကြမှုမှာ နောက်တစ်ကြိမ်တွင် အမေရိကန်နိုင်ငံသည် အာကာသအတွင်းသို့ လူလိုက်ပါမည့်ယာဉ်များ လွှတ်တင်နိုင်ပါဦးမလားဆိုသည့် အတွေးများပင်ဖြစ်ပါသည်။

*—Ref: BBC, UPI, Internet*


10% Discount
For All Store
Today-31 August 2011
DV-2010
JAMES
NIRVANA BED ROOM SET
GEO BED ROOM SET
OPERA BED ROOM SET
ALBERTO
FERMO 3 SEATER
GRACE 3 SEATER
GRACE 2 SEATER
ARMANI PLUS SOFA BED
TROPICAL PLUS 3 TIRE SHELF
VERTIO 1.40 TV STAND
PANAVISION 1.80 TV STAND
UREKA WORKING TABLE
FAVOUR-B COFFEE TABLE
SHADE 90 CM COFFEE TABLE


CHINDWIN COLLEGE
School of Engineering

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 55,545 |
| Intel P4 Core 2 Duo 2.93 GHz (E7500) (775)Processor | 91,770 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 96,600 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 153,755 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,525 |
| **Motherboard** | |
| MSI G4 1M-P33/P23 (775) Motherboard | 49,105 |
| MSI H55M-E32 (1156) Motherboard | 76,475 |
| MSI P67A-GD55 (B3) (1155) Motherboard | 122,360 |
| ASUS P5G41T-MLX (775) Motherboard | 49,910 |
| ASUS P7H55-MLX (1156) Motherboard | 72,450 |
| ASUS P7H55M/USB3 (775) Motherboard | 96,600 |
| Gigabyte G41MT-S2P (775) Motherboard | 49,910 |
| Gigabyte H55M-S2V (1156) Motherboard | 80,500 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 37,835 |
| 1 GB DDR2 (800) Kingston Memory | 14,490 |
| 2 GB DDR2 (800) Kingston Memory | 23,345 |
| 4 GB DDR3 (1333) Kingston Memory | 29,785 |
| **Harddisk** | |
| 500 GB Seagate SATA | 37,835 |
| 1.5 TB Seagate SATA | 64,400 |
| 2 TB Seagate SATA | 78,085 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,080 |
| MSI NX 8400GS 512MB PCI Express Card | 35,420 |
| MSI R5450 1GB DDR3 PCI Express Card | 44,275 |
| ASUS EAH 5750 Formula 1GB PCI Express Card | 115,115 |
| ASUS EN 430 1GB DDR3 PCI Express Card | 70,840 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,470 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,055 |
| **Memory Stick** | |
| Memory Stick Toshiba 4 GB | 9,500 |
| Memory Stick Adata 4 GB (C802) | 9,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 9,000 |
| Memory Stick Apacer 4 GB(C903) | 9,500 |
| Memory Stick Adata 8 GB (C003) | 14,000 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 14,000 |
| Memory Stick Imation 16 GB | 22,000 |
| **UPS** | |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,980 |
| LNYX (600 VA) | 22,000 |
| Numeric (600 VA) | 30,590 |
| Numeric (1KVA) | 64,400 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 24,300 |
| ASUS DVD Writer (SATA) | 24,955 |
| HP DVD Writer (SATA) | 24,955 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဇူလိုင် (၃၀) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1" | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇူလိုင် (၃၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား ကျောက်ဆူး) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၈၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၆၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၃၀) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၅,၀၀၀-၅,၅၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀- ၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇူလိုင် (၃၀) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၅၀-၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၅၀၀-၂,၇၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၆၀၀-၄,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၄,၅၀၀-၃၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၇၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၁,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

ဇူလိုင်(၃၀)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ |
| စူဇူကီး ဝက်ဂွန် R⁺ | - | ၁၀/၂၀ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဂစ/၈ဂ | ၂၂၀ |
| စူဇူကီး R- (2Way) | - | ၂ဂ | ၁၅၅ |
| တိုယိုတာ (လီမိတက်) | ၈၈ | လ/သ | ၂၃၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၉က | ၄၀၀ |
| မတ်ခ်တူး(ခါတ်ဆီ) | ၉၉ | ၄ဂ | ၇၇၅ |
| ဆပ် | ၉၇ | ၄ဂ/၅ဂ | ၁၃၀၀ |
| ပါဂျဲရို | ၉၇ | ၅ဂ | ၁,၀၂၀ |

ဇူလိုင် (၂၉) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | July (23) | July (24) | July (25) | July (26) | July (27) | July (28) | July (29) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

7DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

# ဒဂုံမြို့သစ် (အရှေ့ပိုင်း) ရပ်ကွက်အတွင်း ရေများကျပြီဟုဆို

ယခုနှစ်မိုးဦးစကာလ၌ပင် ဒဂုံမြို့သစ်(မြောက်ပိုင်း/အရှေ့ပိုင်း)မြို့နယ်များရှိရပ်ကွက်များအတွင်း၌ ရေဝပ်၊ရေတင်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရပါသည်။ အထူးသဖြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)ရပ်ကွက် (၁၊၂၊၃၊၄၊၅၊၆)များတွင် အဆိုးဆုံးဖြစ်ပြီး ရပ်ကွက်များအတွင်းရှိ အချို့မူလတန်းကျောင်းများလျှင် ကျောင်းပိတ်ရသည်အထိ ဖြစ်ခဲ့ရသည်။




ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၃) ရပ်ကွက်တွင်နေထိုင်သူ ဦးစစ်ဆိုသူက"မိုးတွင်းဆိုရင်ရေဒဏ်တော်တော်ခံရတယ်။ ဆယ်စုနှစ်ကျော်ကျော်လောက်ရှိပြီ။ ဒီနှစ်ကတော့ ပိုပြီးတော့ဆိုးတယ်။ အခုရပ်ကွက်ထဲမှာရေတွေကျကုန်ပြီ။ကျွန်တော့်အိမ်ရှေ့အဝင်ဆိုရင် မိုးတွင်းတိုင်း၊ ဝါးတံတားထိုးနေရတာ၊ အခုတံတားအောက်မှာရေလုံးဝမရှိတော့ဘူး။ ရပ်ကွက်ထဲက လူတွေ တော်တော်ပျော်နေကြတယ်။ ကျန်စစ်သားလမ်း ဘယ်/ညာ မြောင်းနှစ်ခု တူးလိုက်တဲ့ အတွက် ရေကျတာပိုပြီးမြန်သွားတယ်"ဟုပြောပါသည်။ ဆက်လက်ပြီးမဒကျေးရွာနေ ဦးထင်ဇော်ဝင်းမှ"မဒမြောင်းကြီးကောနေတာ ၁၃ နှစ်လောက်ရှိသွားပြီ။ မြို့သစ်စတည်ကတည်းကပြန်တူးတာဒါပထမဆုံးအကြိမ်ပဲ။ မြောင်းမကောအောင် သပြေခြံတွေကို ထိန်းသိမ်းရမည်" ဟု ၎င်းက ပြောသည်။

မဒမြောင်းကြီးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရပ်ကွက်များ(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆)၏ ရေထွက်ပေါက်အဓိကမြောင်းမကြီးဖြစ်ပြီး မြောင်းဝဲ/ယာတွင် သပြေခြံများ စိုက်ပျိုးလျက်ရှိရာ မိုးနည်းချိန်တွင်မြောင်းအားပိတ်၍ သပြေခြံများအတွင်းသို့ ရေများသွင်းလေ့ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်၊ လမ်း၊ တံတားဌာန၊ အထူးတည်ဆောက်ရေးအဖွဲ့(ဒဂုံမြောက်)မှ ပြီးခဲ့သည့် ဇွန် ၂၀ ရက်မှစပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း/အရှေ့ပိုင်း)ရှိငမိုးရိပ်ချောင်းထွက်ပေါက်ရေတံခါးနှင့် မြောင်းမကြီးများအား စက်ယန္တရားများဖြင့် စတင်ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။လုပ်ငန်းဆောင်ရွက်နေသူ တာဝန်ရှိသူတစ်ဦးက "အခု ကျွန်တော်တို့ ငမိုးရိပ်ချောင်းကိုထွက်တဲ့ ရေတံခါး၊ မြောင်းမကြီးတွေကို ဦးစားပေးရှင်းလင်းနေတယ်။ ဒဂုံမြောက်ဆိုရင်ရေတံခါးရှိတဲ့ မြောင်းမကြီး (၅) မြောင်းကို ရှင်းပြီးသွားပြီ။ ဒဂုံအရှေ့မှာဆိုရင် မဒမြောင်းကြီးပြီးသွားတဲ့အတွက် ဘက်ဟိုး နှစ်စီးနှင့် ပြည်ထောင်စု မြောင်းနှင့် မင်းရဲကျော်စွာ မြောင်းမှာတူးနေတယ်။ မြောင်းမကြီးတွေအားလုံးပြီးသွားရင် ရပ်ကွက်အတွင်း ရေခေါ်မြောင်းများကိုဆက်လက်ရှင်းလင်းသွားမယ်"ဟုပြောကြားခဲ့သည်။





# စာ(၄၁) မြန်မာနိုင်ငံမြောက်ပိုင်းတွင် ရှားပါးငှက်မျိုးစိတ်များ တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ မှ


"ဟူးကောင်းမှာမြန်မာနိုင်ငံမှာရှိတဲ့လင်းတသုံးမျိုးလုံးတွေ့ခဲ့ရတယ်။ အကောင်ပေါက်တွေလည်း တွေ့ခဲ့တဲ့အတွက် အဲဒီနေရာက လင်းတ ထိန်းသိမ်းရေးအတွက် အရမ်းကောင်းတဲ့နေရာပါ" ဟု ဦးသက်ဇော်နိုင်က ပြောသည်။


ငှက်မျိုးစိတ်များလေ့လာရေးကို ဟူးကောင်းဘေးမဲ့တောအပြင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများဖြစ်သောထမံသီဘေးမဲ့တော၊မြစ်ကြီးနားအနီး ဧရာဝတီမြစ်တစ်လျှောက်၊ပူတာအိုအနီးရှိမလိခမြစ်ကြောင်းတစ်လျှောက်၊ဖုန်ကန်ရာဇီဘေးမဲ့တော၊ မလိခမြစ်နှင့်နန်းရင်းမြစ်စုံ စသည့်နေရာများတွင်လည်း ငှက်မျိုးစိတ်များနှင့် ပတ်သက်၍ လေ့လာစစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ တစ်နှစ်တာကာလအတွင်း မှတ်တမ်းပြုခဲ့သည့် စာရင်းများအရ မြန်မာမြောက်ပိုင်းနေရာ ၆ နေရာတွင်ငှက်မျိုးစိတ်ပေါင်း၄၃၁ မျိုးကိုမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မြောက်ပိုင်း၌ တစ်နှစ်အတွင်း နေရာဒေသ၆ခုတွင်သာ ငှက်များနှင့်ပတ်သက်ပြီး လေ့လာမှုများပြုလုပ်ခဲ့ရပြီး ငှက်နှင့်ပတ်သက်၍ လေ့လာစရာနေရာများစွာကျန်ရှိသေးပြီးငှက်ထိန်းသိမ်းရေးလုပ်ငန်းလုပ်ဆောင်ရန် အကောင်းဆုံးနေရာများစွာကျန်ရှိသေးကြောင်း သုတေသနပြုလုပ်ခဲ့သူများထံမှ သိရသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင်ငှက်များနှင့်ပတ်သက်လျှင် ပတ်ဝန်းကျင်ကောင်းများစွာကျန်ရှိနေသေးပြီးထိန်းသိမ်းရေးနယ်မြေများ၌ ဖမ်းဆီးသတ်ဖြတ်ခြင်းများ မတွေ့ရှိခဲ့သော်လည်း ငှက်များကျက်စားရာ နေရင်းဒေသများ ပျောက်ဆုံးနိုင်သည့်အပြုအမူများဖြစ်သောရွှေကျင်ခြင်း၊ငါးဖမ်းခြင်း၊ လယ်ယာမြေဖော်ထုတ်ခြင်း၊ သစ်တောပစ္စည်း ထုတ်ယူရောင်းချခြင်းစသည်တို့ကိုမူတွေ့ရှိနေရဆဲဖြစ်သည်ဟု သိရသည်။ မြန်မာနိုင်ငံတွင်နေထိုင်ကျက်စားသောငှက်မျိုးစိတ်များမှဒေသရင်းငှက်မျိုးစိတ်အပါအဝင် ၁ဝ၉၆ မျိုးရှိသည်။










## စာ(၄၁) မြန်မာတစ်နိုင်ငံလုံးတွင် ဧရာဝတီလင်းပိုင်ကောင်ရေ ၄၀၀ ကျော်ရှိမည်ဟု ခန့်မှန်း မှ

ထိန်းသိမ်းရေး လုပ်ငန်းများ အောင်မြင်လျက်ရှိကြောင်းထိန်းသိမ်းရေး လေ့လာတွေ့ရှိချက်များက ညွှန်ပြလျက်ရှိကြောင်း ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်နေသူများက ပြောသည်။

ဧရာဝတီ မြစ်အတွင်းတွင် ဧရာဝတီ လင်းပိုင်များအဓိကရင်ဆိုင်ရသော အန္တရာယ်မှာဘက်ထရီရှော့တိုက် ငါးမျှားခြင်းများနှင့်ငါးဖမ်းပိုက်များတွင်တိုးမိကာ အသက်ဆုံးရှုံးတတ်ပြီး ကမ်းရိုးတန်းဒေသများတွင်မူ အသားအဖြစ်ရောင်းချရန် ဖမ်းဆီးသတ်ဖြတ်ခြင်းခံရသည်များက ကောင်ရေလျော့ကျခြင်း၏ အဓိက အကြောင်းအရင်းများဖြစ်နေသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနနှင့်သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

## စာ(၄၁) တောပြုန်းနေသည့် တောင်ခြေရှိရွာများတွင် ရေကြီးမှုကို နှစ်ဆက်ကြုံတွေ့လာရ မှ

သစ်တောအမျိုးအစားပေါင်းငါးမျိုးအနက် မြန်မာနိုင်ငံတွင် ပေါက်ရောက်သော တောင်ပေါ်သစ်တောဧရိယာစတုရန်းမိုင်သုံးသောင်းလေးထောင်ရှိပြီး နိုင်ငံသစ်တောဧရိယာစုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

"လွန်ကဲတဲ့ မိုးရွာသွန်းမှုတွေကို ထိန်းပေးတာကမြေပြင်မှာပေါက်နေတဲ့ သစ်ပင်တွေပဲ။ ရွာချလာတဲ့မိုးရေကို မြေအောက်မှာရှိတဲ့သစ်ပင်အမြစ်တွေက စုပ်ယူကြတယ်။ ပိုပြီး တိတိကျကျပြောရရင် မိုးရေရဲ့ ၇၀ ရာခိုင်နှုန်းကို သစ်ပင်အမြစ်ကစုပ်ပြီး မြေအောက်ရေအဖြစ် ထိန်းသိမ်းထားတယ်။ ၃၀ ရာခိုင်နှုန်းကိုတော့ မြစ်ချောင်းအနေနဲ့စီးဆင်းကြတာ။ သဘာဝအရာ blance ညီနေရင်ဘေးအန္တရာယ်မကျဘူး" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော လွန်ကဲသည့် မိုးများခြင်းကို အန္တရာယ်ထိခိုက်မှုအနည်းဆုံးဖြစ်ရေး အတွက် ရခိုင်ရိုးမတွင်ကျန်ရှိသော သစ်တောများ၁၀နှစ်အတွင်းထိန်းသိမ်းနိုင်ရေးတွင် ထိရောက်စွာလုပ်ဆောင်သင့်ကြောင်း အထက်ပါပုဂ္ဂိုလ်ကသုံးသပ်ပြသည်။

# Environment

7DAY NEWS JOURNAL

Vol.10, No.20 · AUGUST 4, 2011


## တောပြုန်းနေသည့်တောင်ခြေရှိရွာများတွင် ရေကြီးမှုကိုနှစ်ဆက်ကြုံတွေ့လာရ

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်- ၂၆**

သစ်တောပြုန်းတီးနေသော တောင်ခြေအောက်တွင် တည်ရှိသော ရခိုင်ပြည်နယ်ရှိ မြို့ရွာအချို့၌ ရေကြီး၊ ရေလွှမ်းမိုးမှုများယခုနှစ်ပိုင်းအတွင်းနှစ်ဆက်ခံစားလာရကြောင်း ကြုံတွေ့ရသော ဒေသခံများကပြောသည်။

ရေကြီးရေလျှံမှုကို နှစ်ဆက်ခံစားရသော မြို့ရွာများအနက် ခံစားလာရကြောင်း တောင်ကုတ်မြို့ခံတစ်ဦးကပြောသည်။

ရေကြီးရေလျှံမှုများနှစ်ဆက်လာခြင်းနှင့်အတူ ရေကျ၍ ကျန်ရှိခဲ့သော နုန်းတင်မြေများ၏ ထုထည်လက်မသည်လည်းများလာကြောင်းသိရသည်။ ယခုကဲ့သို့ဖြစ်ပေါ်ရခြင်းမှာ တောင်ပေါ် သစ်တောများ တဖြည်းဖြည်း ပြုန်းတီးလာခြင်းကြောင့်ဖြစ်ကြောင်း ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်

"အဲဒီတုန်းက အပြောင်အပျက်စကားတစ်ခုတောင်ပေါ်ခဲ့သေးတယ်။ ပါမစ်တစ်စောင်တစ်တောလုံးပြောင်တယ်ဆိုပြီး အဲဒါကြောင့်၁၉၉၅ခုနှစ်မှသစ်လုံးထုတ်ခွင့်တွေကို တရားဝင်ပိတ်သိမ်းလိုက်ပါတယ်။ ဒါပေမဲ့ အခုချိန်ထိတော့ ရိုးမရဲ့ တချို့နေရာတွေမှာ စက်သံတွေကြားနေရတုန်းပါပဲ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။



**ရခိုင်ပြည်နယ်တွင်း ရေလွှမ်းဒေသတစ်နေရာ** ဓာတ်ပုံ-ဥက္ကာကိုကို

သံတွဲမြို့သည် ၁၉၆၂ခုနှစ်ကတစ်ကြိမ်ရေလွှမ်းမိုးခဲ့ကြောင်း၊ ယင်းနှစ်နောက်ပိုင်းတွင် ၁၀ နှစ်တစ်ကြိမ်ရေကြီးရေတက်ကြောင်း၊ သို့သော် ၂၀၀၄ ခုနှစ်နောက်ပိုင်း၌ တစ်နှစ်တစ်ကြိမ်၊ နှစ်နှစ်တစ်ကြိမ် ရေလွှမ်းမိုးမှုကိုခံစားရကြောင်း အသက် ၆၀ အရွယ်ရှိ သံတွဲမြို့ခံ ဦးတင်လေးကပြောသည်။

သံတွဲမြို့နည်းတူ တောင်ကုတ်မြို့တွင် နှစ်စဉ်မိုးရေချိန်လက်မများသည်ဖြစ်စေ၊ မများသည်ဖြစ်စေရေလွှမ်းမိုးမှုကို နှစ်စဉ်တစ်နှစ်လျှင်တစ်ကြိမ် ပုံမှန် ဝန်းကျင် ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်သိန်းဖေကပြောသည်။

ရခိုင်ပြည်နယ်တွင် ၁၉၉၀ ခုနှစ်တွင် ပုဂ္ဂလိက သစ်ခုတ်ခွင့်ပြုခဲ့သည့် မြန်မာ့သစ်ထုတ်လုပ်ရေးဦးစီးဌာနမှ လုံးပတ် ၆ ပေရှိသော သစ်ပင်အား ခုတ်ယူရောင်းချခွင့်ရှိကြောင်း တရားဝင်သတ်မှတ်ထားသော်လည်း စီးပွားရေးသမားများ၏ စီးပွားဖြစ်ခုတ်ယူမှုကြောင့် သစ်တောပြုန်းတီးခဲ့ရကြောင်း အထက်ပါ ပုဂ္ဂိုလ်က ထပ်မံပြောသည်။

ရခိုင်ပြည်နယ်တစ်ခုလုံးတွင် တောင်ပေါ်သစ်တောဧရိယာ ဧက ၂သန်းကျော်ရှိပြီး ဒီရေတောလေးသိန်းကျော်ရှိသည်။ မြန်မာနိုင်ငံတွင် သစ်တောအများဆုံးပြုန်းတီးသည့် နေရာဒေသများတွင် ရခိုင်ပြည်နယ်ပါဝင်ပြီး နှစ်စဉ်သစ်တောပြုန်းတီးမှုမှာ ၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ၂၀၀၉ ခုနှစ်တွင် NCEA မှ သုတေသနပြုစုရေးသားထားသော Environment Performance Assessment ၌ ဖော်ပြထားသည်။

***စာ(၄၀) သို့***

## မြန်မာတစ်နိုင်ငံလုံးတွင် ဧရာဝတီလင်းပိုင်ကောင်ရေ ၄၀၀ ကျော်ရှိမည်ဟု ခန့်မှန်း

**ရန်ကုန် -ဇူလိုင် ၃၀**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့်ကမ်းရိုးတန်းဒေသများတွင် ကျက်စားလျက်ရှိသောဧရာဝတီ လင်းပိုင်ကောင်ရေမှာအားလုံးပေါင်းလျှင် ကောင်ရေ ၄၀၀ ကျော်ရှိနိုင်သည်ဟု ခန့်မှန်းကြောင်း လင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသောသားငှက်ထိန်းသိမ်းရေးအဖွဲ့မှဦးအောင်မျိုးချစ်က ပြောသည်။

"သံတွဲချောင်း၊ ဂွချောင်းနဲ့ စစ်တောင်းမြစ်တွေမှာဧရာဝတီလင်းပိုင်လေ့လာရေးတွေမလုပ်ရသေးဘူး။ အဲဒီနေရာတွေမှာလည်းရှိနိုင်သေးတယ်"ဟုဦးအောင်မျိုးချစ်ကပြောသည်။

ဧရာဝတီလင်းပိုင်များသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင်မူ ကျောက်မြောင်းနှင့် ဗန်းမော်အကြား၌ အများဆုံးတွေ့ရှိနိုင်ပြီး တံငါသည်နှင့်ပူးပေါင်းကာငါးဖမ်းဆီးသည့် အလေ့



ဓာတ်ပုံ-အောင်မျိုးချစ် (WCS)

အထကိုလည်း ဧရာဝတီမြစ်အတွင်းပင် တွေ့ရသည်။ ကမ်းရိုးတန်းဒေသများဖြစ်သော ရခိုင်ကမ်းရိုးတန်းနှင့်တနင်္သာရီကမ်းရိုးတန်းများတွင်လည်းကျက်စားသည်ကိုတွေ့ရကြောင်း သိရသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်လျှက်ရှိပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် လင်းပိုင်အကောင်ရေ ၇၀ ကျော်ရှိသည်ဟု ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်သူများထံမှသိရသည်။

***စာ(၄၀) သို့***

## မြန်မာနိုင်ငံမြောက်ပိုင်းတွင် ရှားပါးငှက်မျိုးစိတ်များ တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့

မြန်မာနိုင်ငံမြောက်ပိုင်းဒေသသည် မြန်မာနိုင်ငံတွင်ငှက်နှင့်ပတ်သက်လျှင် ငှက်မျိုးစိတ် ပေါများစွာတွေ့ရပြီး ငှက်ထိန်းသိမ်းရေးပြုလုပ်ရန် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်ဟု ငှက်ပညာရှင်များကမှတ်ချက်ပြုသည်။

**ရန်ကုန်၊ ဇူလိုင် ၃၀**


ဟူးကောင်းတောင်ကြားတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအပါအဝင် မြန်မာနိုင်ငံမြောက်ဖျားပိုင်းဒေသများတွင် နေထိုင်ကျက်စားသော ငှက်များကို လေ့လာသုတေသနပြုခဲ့ရာ အလွန်ရှားပါးသောငှက်မျိုးစိတ်များအပါအဝင် ထိန်းသိမ်းရန်အရေးတကြီးလိုအပ်သောငှက်မျိုးစိတ်များပါတွေ့ရှိခဲ့ကြောင်းထိုဒေသတွင်တစ်နှစ်တာသုတေသနပြုလုပ်ခဲ့သော သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)မှသိရသည်။

မြန်မာနိုင်ငံမြောက်ဖျားပိုင်းဒေသများတွင် ၂၀၁၀ဇူလိုင်လမှ ၂၀၁၁ခုနှစ်ဇွန်လအထိငှက်မျိုးစိတ်များကို လေ့လာမှတ်တမ်းတင်ခဲ့ရာ မြန်မာနိုင်ငံမြောက်ပိုင်း အတွက် မှတ်တမ်းအသစ်အနေဖြင့် ငှက်မျိုးစိတ်သစ် ၅ မျိုး၊ မျိုးသုဉ်းလုနီးပါး အခြေအနေရှိနေသည့် (Critical Endangered)ငှက်မျိုးစိတ်၁မျိုး၊ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ကြုံရမည့် အခြေအနေသို့ရောက်နိုင်သည့် (Vulnerable ) ငှက်မျိုးစိတ်၆မျိုး၊မျိုးသုဉ်းမည့်အန္တရာယ်နှင့် ကြုံတွေ့လုနီး (Near-Threatened)ငှက်မျိုးစိတ်၁၀ မျိုးတို့ကို လေ့လာတွေ့ရှိခဲ့ကြောင်း WCS မှ Bird Coordinator ဦးသက်ဇော်နိုင်ကပြောသည်။

ယင်းလေ့လာမှတ်တမ်းပြုစုသည့် အစီအစဉ်တွင်ထူးခြားမှုအနေနှင့် မြန်မာနိုင်ငံ၌ မျိုးသုဉ်းလုနီးပါး အန္တရာယ်နှင့်ရင်ဆိုင်နေရသော လင်းတများကိုတွေ့ရပြီး မျိုးသုဉ်းလုနီးမျိုးစိတ်စာရင်းတွင်ပါဝင်သော လင်းတကျောဖြူ ၃၇ ကောင်ကို ဟူးကောင်းဘေးမဲ့တောအတွင်း တွေ့ရှိခဲ့ရကြောင်း ဦးသက်ဇော်နိုင်က ပြောသည်။

***စာ(၄၀) သို့***

### Environment Cartoon









Tourism
7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

# မြစ်ဝကျွန်းပေါ်ပြေးဆွဲနေသော သင်္ဘောလက်မှတ်ခများ နှစ်ဆမြင့်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင်-၂၇**



ပြည်တွင်းရေကြောင်းမှမြစ်ဝကျွန်းပေါ်သို့ ပြေးဆွဲနေသော သင်္ဘောလက်မှတ်ခနှုန်းထားများကို ဩဂုတ် ၁ ရက်မှစ၍ နှစ်ဆတိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သတင်းရရှိသည်။

လက်ရှိကာလတွင် ပြည်တွင်းရေကြောင်း၏ သင်္ဘောခနှုန်းမှာ တစ်စောင်လျှင် ၅၀၀ ကျပ်မှ ဩဂုတ် ၁ ရက်မှစကာ ၁,၀၀၀ ကျပ်ဖြင့် ပြေးဆွဲပေးတော့မည် ဖြစ်သည်။ “သင်္ဘောခတက်တာက ပိုကုန်တယ်ဆိုပေမယ့် သိပ်ပြဿနာမရှိဘူး။ ဒါပေမဲ့ နှုန်းထားတက်သလို ဝန်ဆောင်မှုတွေကိုလည်း တိုးပေးသင့်တယ်။ အဓိကကတော့ အချိန်မှန်ပြေးစေလိုတယ်”ဟု မော်ကျွန်းမြို့မှ ဒေသခံတစ်ဦးကပြောသည်။ ပြည်တွင်းရေကြောင်း သင်္ဘောများမှာ ရန်ကုန်မှ ညနေ ၆ နာရီထွက်ခွာလျှင် ပုံမှန်အားဖြင့် မော်ကျွန်းမြို့သို့ နောက်နေ့ နံနက် ၁၁ နာရီတွင် ဆိုက်ကပ်ရမည့်အစား လက်ရှိ၌ ညနေ ၃ နာရီဝန်းကျင်မှသာ ဝင်ရောက်နေကြောင်း သိရသည်။

“ရေကြောင်းက သင်္ဘောခတက်တာ အရှုံးပေါ်လို့ဆိုပြီး တက်ပေမယ့် တကယ်စနစ်တကျ လုပ်ရင် အရှုံးမပေါ်နိုင်ဘူး။ လမ်းမှာ လက်မှတ်မဲ့တွေ တက်လာတာ၊ ဆီတွေထုတ်ရောင်းတာတွေကို စနစ်တကျလုပ်ရင် အဆင်ပြေနိုင်မယ်ထင်တယ်” ဟု ဒေသခံတစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။


ထို့အတူ စစ်တွေ၊ ဘူးသီးတောင်ဒေသရှိ ပြည်တွင်းရေကြောင်းသည်လည်း ပုဂ္ဂလိကသို့ လွှဲပြောင်းသော ဇူလိုင် ၁၂ ရက်မှစတင်ကာ လက်မှတ်ခ ၅၀၀ ကျပ်မှ ခြောက်ဆတိုး၍ ၃,၀၀၀ ကျပ်ဖြင့် ပြေးဆွဲပေးနေကြောင်း သိရှိရသည်။

# မြောက်ဦးရှေးဟောင်းဘုရားများ ပြုပြင်ရာတွင် သက်ဆိုင်ရာ ခွင့်ပြုချက်တောင်းခံရမည်ဆို

**မောင်သန်းဝင်း**

**မြောက်ဦး၊**
**ဇူလိုင်- ၂၀**

မြောက်ဦးမြို့ဟောင်းတွင် ပျက်စီးမှုဖြစ်ပေါ်နေသော အစိတ်အပိုင်းအချို့အား ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်လာကြရာ၌ ပန်းရန်အတတ်ပညာ၊ အသိပညာပိုင်းဆိုင်ရာလိုအပ်ချက်များကြောင့် ရှေးဟောင်းမူလအနေအထားမတူကွဲပြားခြားနားမှုများရှိလာနိုင်၍ မြောက်ဦးမြို့၊ ရှေးဟောင်းသုတေသနဌာနမှ အသိပညာပေးတားမြစ်ဆောင်ရွက်ထားလာရကြောင်း သိရသည်။ အကယ်၍ ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်လျှုဒါန်းလိုပါက အဆိုပါဌာန၏ ခွင့်ပြုချက်ရယူပြီး ဌာနမှကြီးကြပ်မှုဖြင့်သာ ပန်းရန်၊ ပန်းပုကျွမ်းကျင်သောပညာရှင်များစေလွှတ်ပြီး မွမ်းမံပြုပြင်စေမည်ဖြစ်ကြောင်းလည်း သိရသည်။



*မြောက်ဦးမြို့ရှိ ရှေးဟောင်းဘုရားတစ်ဆူအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်*

ရခိုင်ရှေးဟောင်း ဘုရင်မင်းများ ထီးနန်းစိုက်ရာ မြောက်ဦး(မြို့ဟောင်း)ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသများရှိ မြို့ပြကျေးလက်ဒေသပတ်ဝန်းကျင်များနှင့် အလှမ်းကွာဝေးသော ရှေးဟောင်း ဘုရား၊ ပုထိုး၊ စေတီများအား ခြံနွယ်များဖုံးလွှမ်းခြင်း၊ ညောင်ပင်များ ဝါးမျိုခံရခြင်းနှင့် သဘာဝ ဘေးအန္တရာယ်များကြောင့် ဘုရား၊ ပုထိုး၊ စေတီအစိတ်အပိုင်းတော်အချို့ တစ်စတစ်စထက် ယိုယွင်းပျက်စီးမှုများရှိလာကြောင်း သိရသည်။

# နိုင်ငံခြားသား ဖုန်းငှားရမ်းမှုတွင် စပေါ်ငွေမြင့်မားခြင်းကြောင့် ငှားရမ်းသူနည်း

ယုဇနကိုကို

**ရန်ကုန်၊ဇူလိုင်-၂၈**

မြန်မာနိုင်ငံသို့လာရောက်ကြသည့်နိုင်ငံခြားသားဧည့်သည်များအတွက် မိုဘိုင်းဖုန်းငှားရမ်းပေးသည့် ဝန်ဆောင်မှုသည် ပြည်ပမှဆိုက်ရောက်ဧည့်သည်အများစုအတွက်အဆင်မပြေကြောင်းစုံစမ်းသိရှိရသည်။

နိုင်ငံခြားသားများအတွက်သာ သီးသန့်ဝန်ဆောင်မှုပေးနေသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း မိုဘိုင်းဖုန်းငှားရမ်းသည့် ဝန်ဆောင်မှုသည် ယင်းကဲ့သို့ နိုင်ငံခြားဧည့်သည်များအတွက် အဆင်မပြေဖြစ်ရခြင်းမှာ ကြိုတင်ပေးသွင်းထားရသည့် စပေါ်ငွေပမာဏများပြားခြင်းကြောင့်ဖြစ်သည်ဟုလည်းသိရှိရသည်။

ငှားရမ်းခများအဖြစ် မည်သည့် ဖုန်းအမျိုးအစားကိုမဆို ဆင်းမ်ကတ် (Sim Card) ငှားရမ်းခအတွက် တစ်ရက်လျှင် အမေရိကန်ဒေါ်လာနှစ်ဒေါ်လာ၊ ဖုန်းအိမ် (Handset)အသုံးပြုခအတွက် တစ်ရက်လျှင် အမေရိကန်နှစ်ဒေါ်လာနှုန်းဖြင့် တစ်ရက်အသုံးပြုခလေးဒေါ်လာကျသင့်မည် ဖြစ်သည်။ သို့သော် မိုဘိုင်းဖုန်းငှားရမ်းလိုသည့် ပြည်ပနိုင်ငံသားကနဦးအနေဖြင့် ဆင်းမ်ကတ်အတွက် အမေရိကန်ဒေါ်လာတစ်ရာ၊ ဖုန်းအိမ်အတွက် အမေရိကန်ဒေါ်လာတစ်ရာနှုန်းဖြင့် စုစုပေါင်း ဒေါ်လာနှစ်ရာကို စပေါ်ငွေအဖြစ် ကြိုတင်ပေးဆောင်ထားရမည်ဖြစ်သည်။

ထို့နောက်တွင်မှ ကြိုတင်ပေးချေထားသော စပေါ်ငွေဒေါ်လာနှစ်ရာထဲမှ နေ့စဉ်အသုံးပြုခများကို ဖြတ်တောက်သွားမည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၄ ကမ္ဘာ့ဖလားအကြို ခြေစစ်ပွဲအတွက် မြန်မာနိုင်ငံသို့ ဧည့်သည်အသင်းအဖြစ်လာရောက်ကစားမည့် အိုမန်အသင်းမှ နည်းပြဖြစ်သူသည် လေဆိပ်အတွင်းမိုဘိုင်းဖုန်းငှားရမ်းရန် ပြုလုပ်ခဲ့သော်လည်း ယင်းကဲ့သို့ ကြိုတင်စပေါ်ငွေ အမေရိကန်ဒေါ်လာနှစ်ရာကြိုတင်တင်ရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံအတွင်း ၎င်း၏မိုဘိုင်းဖုန်းအသုံးပြုမည့် အစီအစဉ်ပျက်ပြယ်ခဲ့ရကြောင်း သိရသည်။

ဆက်လက်ပြီး အဆိုပါဧည့်လမ်းညွှန်ကပင်“စပိန်က ဧည့်သည်တွေကိုသွားကြိုတော့ သူတို့က လေဆိပ်မှာမိုဘိုင်းဖုန်းငှားတဲ့ဝန်ဆောင်မှုရှိတယ်ဆိုတာသိတော့ငှားမယ်ဆိုပြီးလုပ်ကြတယ်။ သူတို့အရင်တစ်ခေါက်လာတုန်းကအက်ဖ်အီးစီနှစ်ဆယ်ကတ်နဲ့ အဆင်ပြေတယ်။ ဒုတိယတစ်ခေါက်ကြတော့ အက်ဖ်အီးစီနှစ်ဆယ်ကတ်က ရပ်သွားတော့ ဒီမှာ ဖုန်းမသုံးဖြစ်ခဲ့ကြဘူး။ ဒီတစ်ခေါက်ကျတော့ ငှားဖို့အစီအစဉ်ရှိတာ စပေါ်ငွေတွေတင်ရမယ်ဆိုတာကြောင့် သူတို့မငှားဖြစ်ခဲ့ကြဘူး”ဟုပြောသည်။တစ်ရက်လျှင်လေးဒေါ်လာဖြင့် အသုံးပြုနိုင်သည့် ဝန်ဆောင်မှုသည် မြန်မာနိုင်ငံတွင် ရေတို(ရက်အနည်းငယ်သာ) နေထိုင်သည့် ဧည့်သည်များအတွက်ဖြစ်ပြီး တစ်လထက်ပိုမိုနေထိုင်လိုသူများအတွက်မူ ဝန်ဆောင်ခမှာ ပိုမိုသက်သာမည်ဖြစ်သည်ဟုသိရသည်။

အဆိုပါဝန်ဆောင်မှုနှင့်ပတ်သက်ပြီး မိုဘိုင်းဖုန်းနည်းပညာ နယ်ပယ်မှ ကျွမ်းကျင်သူတစ်ဦးက “ တစ်နေ့ကို လေးဒေါ်လာလောက်ကျမယ့် ဒီလိုဝန်ဆောင်မှုအစား နိုင်ငံခြားသားသီးသန့်ပဲ ရောင်းမယ့် တစ်ခါသုံးဆင်းမ်ကတ်တွေပဲ ရောင်းသင့်တယ်လို့ထင်တယ်။ ကြိုတင်ငွေချေစနစ်ဆိုတော့ နိုင်ငံခြားသားလည်းအလုပ်မရှုပ်တော့ဘူး။ ထိုင်းလိုနိုင်ငံမှာတောင် အဲ့လိုတစ်ခါသုံးကတ်လေးတွေလုပ်ပေးထားတာ သူတို့ဆီလာတဲ့ ဘယ်သူမဆိုအဆင်ပြေတယ်” ဟု သုံးသပ်ပြောကြားသည်။


လေဆိပ်အတွင်း မိုဘိုင်းဖုန်းငှားရမ်းသည့် ဝန်ဆောင်မှုကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၊ အေးရှားမီဂါလင့်ခ်နှင့် ဘလူးအိုးရှင်း (Blue Ocean)ကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။




7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011


# Cartoon






















7DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

# ဘာလီဗုံးခွဲမှု တရားခံကို ပါကစတန်မှ အင်ဒိုနီးရှားသို့ လွှဲပြောင်းပေးမည်

**ဂျကာတာ၊ ဇူလိုင် - ၂၆**

၂၀၀၂ ခုနှစ်က ဖြစ်ပွားခဲ့သည့် လူပေါင်း ၂၀၀ ကျော်သေဆုံးခဲ့ရသောဘာလီဗုံးခွဲတိုက်ခိုက်မှုများကိုစီစဉ်ခဲ့သည်ဟု သံသယရှိသူ တရားခံ အူမာပါတက်အားပါကစ္စတန်နိုင်ငံမှအင်ဒိုနီးရှားနိုင်ငံသို့လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားအမျိုးသားအကြမ်းဖက်မှုကာကွယ်ရေးအေဂျင်စီ BNPT ၏ လက်ထောက်အကြီးအကဲ တီတိုကာနတ်ဗီယန်က "ပါကစ္စတန်နိုင်ငံဟာ ဇူလိုင်လအစောပိုင်းကပဲ အူမာပါတက်ကို လွှဲပြောင်းပေးသွားမယ်လို့ အကြောင်းကြားထားပါတယ်"ဟု သတင်းထောက်များအားပြောကြားသည်။ အဆိုပါသံသယရှိသူ တရားခံအူမာကို ပြီးခဲ့သည့်မတ်လက ပါကစ္စတန်တွင်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ယင်းအေဂျင်စီ၏ လက်ထောက်အကြီးအကဲ တီတိုကလည်း ဂျကာတာရှိ နိုင်ငံခြားရေးနှင့် တရားရေးဝန်ကြီးဌာနများသည် ယခုအခါ နှစ်နိုင်ငံအကြား နိုင်ငံလွှဲပြောင်းတရားစီရင်ခြင်းအတွက် လုပ်ဆောင်နေကြောင်း ဆိုသည်။ အင်ဒိုနီးရှားရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့သည်အူမာပါတက်အားနှစ်ပေါင်းများစွာကြာအောင် ခြေရာခံခဲ့ရပြီး အမေရိကန်အစိုးရကလည်း ၎င်းကို ဖမ်းဆီးမိပါက ဒေါ်လာတစ်သန်းချီးမြှင့်မည်ဟု ဆုကြေးထုတ်ထားသည်။

အူမာပါတက်သည်အယ်လ်ကိုင်းဒါအဖွဲ့နှင့် ဆက်နွယ်နေသောအရှေ့တောင်အာရှအကြမ်းဖက်ကွန်ရက် ဂျမားအစ္စလာမ်မီးယား၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ယင်းအဖွဲ့သည်၁၉၉၉ မှစ၍ အင်ဒိုနီးရှားတွင် အနောက်တိုင်းသားများ၊ ခရစ်ယာန်များကို ပစ်မှတ်ထား ဗုံးခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။

—*Ref: AFP*






# ကမ္ဘောဒီးယားနယ်စပ်မှ တပ်ဖွဲ့များဆုတ်ခွာရေး အစိုးရသစ်အပေါ် မူတည်ဟု ထိုင်းစစ်တပ်ဆို

**ဘန်ကောက်၊ ဇူလိုင် - ၂၆**

ကမ္ဘောဒီးယားနှင့် အငြင်းပွားနေသောနယ်စပ်ဒေသမှ ထိုင်းတပ်ဖွဲ့များဆုတ်ခွာရေးမှာမကြာမီပေါ်ပေါက်လာမည့်ထိုင်းအစိုးရသစ်ပေါ်တွင်သာမူတည်နေကြောင်း ထိုင်းဒုဗိုလ်ချုပ်ကြီး တာဝပ်ချိုင်း ဆမ်မုဆာကွန်ကပြောကြားသည်။ ၎င်း၏အဆိုအရ ထိုင်းတပ်ဖွဲ့ဝင်များသည်ယခုအချိန်ထိ အရှေ့မြောက်ဒေသ နှစ်နိုင်ငံနယ်စပ်တွင် တပ်စွဲထားဆဲဖြစ်ကြောင်း သိရသည်။

ဒုဗိုလ်ချုပ်ကြီးတာဝပ်ချိုင်းက ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့များသည် ဆက်လက်၍ ငြိမ်းချမ်းစွာပူးတွဲတည်ရှိနေမည် ဖြစ်ကြောင်း၊ နယ်စပ်တစ်လျှောက်နေထိုင်သူ ပြည်သူတစ်သိန်းခန့်ကို မထိခိုက်အောင် ထိပ်တိုက်ရင်ဆိုင်မှုများ ရှောင်ကြဉ်သွားမည်ဖြစ်ကြောင်းပြောသည်။ နိုင်ငံတကာတရားရုံးတော်သည် ပြီးခဲ့သည့် ဇူလိုင် ၁၈ ရက်မှစ၍ ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့များအား အငြင်းပွားဒေသမှဆုတ်ခွာရန် အမိန့်ချမှတ်ခဲ့သည်။

—*Ref: Xinhua*

# အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်း ထပ်မံ တိုးမြှင့်

**နယူးဒေလီ၊ ဇူလိုင် - ၂၇**

ကုန်ဈေးနှုန်းမြင့်တက်မှုကို ဆက်လက်တိုက်ဖျက်ရေး ကြိုးပမ်းမှုအဖြစ်အိန္ဒိယဗဟိုဘဏ်က နိုင်ငံ၏ အခြေခံအတိုးနှုန်းကို ၇ ဒသမ ၅ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းသို့ တိုးမြှင့်လိုက်သည်။ ယင်းမှာ ၂၀၁၀ ပြည့်နှစ် မတ်လမှစ၍ တစ်ဆယ့်တစ်ကြိမ်မြောက် အတိုးနှုန်းတိုးမြှင့်ခြင်းဖြစ်ပြီး စီးပွားရေးပညာရှင်များ မျှော်လင့်ထားသည်ထက် များပြားသောနှုန်းထားဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ငွေကြေး ဖောင်းပွမှု ဆက်လက်မြင့်မားနေပြီး ဇွန်လအတွင်း ကုန်ပစ္စည်းဈေးနှုန်းမြင့်တက်မှု ၉ ဒသမ ၄၄ ရာခိုင်နှုန်း ရှိခဲ့သည်။ စားသောက်ကုန်ဈေးနှုန်းနှင့် ရေနံဈေးနှုန်းများ မြင့်တက်လာ၍ အခြားကုန်ပစ္စည်းဈေးနှုန်းများလည်း မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။

ဈေးနှုန်းမြင့်တက်မှု နှေးကွေးသွားစေရေးမှာ ဗဟိုဘဏ်၏ ထိပ်တန်းဦးစားပေးအစီအစဉ်ဖြစ်ကြောင်းဗဟိုဘဏ်က ပြောကြားသည်။

လက်ရှိဖြစ်ပေါ်နေသော ငွေကြေးဖောင်းပွမှုနှုန်းသည် မျှော်လင့်ထားသည့်ထက် မြင့်မားနေကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန် ချက်တွင်ဖော်ပြသည်။ မကြာသေးမီကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းရေနံဈေးနှုန်းမြင့်တက်မှုနှင့် စားသောက်ကုန်ဈေးနှုန်းကြီးမြင့်ခြင်းက ငွေကြေးဖောင်းပွမှုအပေါ် ဖိအားများ ရှိနေဆဲဖြစ်ကြောင်း ဘဏ်၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

—*Ref: BBC*

7 DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

### နောက်ကျောဖုံး - ဝါရှင်တန်တွင် ပညာရေးရန်ပုံငွေနှင့် ပေါ်လစီအတွက် ဆန္ဒပြ မှ

ထို့အပြင် ကျောင်းဆရာများက သမ္မတဘုရှ်လက်ထက် ၂၀၀၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မည်သည့်ကလေးမျှ နောက်ကျန်မနေစေရ (No Child Left Behind) ဥပဒေကြောင့်ပေါ်ထွက်လာသည့် ရလဒ်များအပေါ် စိတ်ပျက်နေကြပြီး စံတစ်ခုထား၍ စစ်ဆေးမှုများကိုလည်း စိတ်ပျက်နေကြသည်။

ဥပဒေကြောင့် ဆင်းရဲသောကျောင်းများအပေါ် မျှတမှုမရှိသည့် ဒဏ်ကြေးများ ပေးဆောင်စေခဲ့သလို စစ်ဆေးမှုများအတွက် ပြင်ဆင်နေရ၍ ပြဋ္ဌာန်းစာသင်ကြားမှုကျဉ်းမြောင်းလာကြောင်း သိရသည်။ စံနှုန်းတစ်ခုထားပြီး စစ်ဆေးသောစနစ်ကို အသုံးပြု၍လည်း ဆရာများ၏ အရည်အချင်းကို အကဲဖြတ်လာခဲ့ရာ မကျေနပ်မှုများ ကြီးထွားလာခဲ့သည်။

"ဥပဒေကြောင့်ဖြစ်ပေါ်လာခဲ့တဲ့ ပျက်စီးမှုတွေကို အိုဘားမားကပြောင်းပြန်လှန်ပစ်မယ်လို့ ငါတို့ယုံကြည်ပါတယ်" ဟု ပညာရေးလှုပ်ရှားသူနှင့် စာရေးဆရာဖြစ်သူဂျွန်နသန်ကိုဇိုလ်က ပြောကြားသည်။

**'ကျောင်းများကို ကယ်တင်ပါ'** ချီတက်ပွဲမှာ ဝါရှင်တန်တွင် လေးရက်ကြာ ပြုလုပ်မည့် လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ပညာရေးကျွမ်းကျင်သူများသည် အမေရိကန်တက္ကသိုလ် (American University) တွင်ပညာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများလည်း ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

*—Ref: Reuters*

### နောက်ကျောဖုံး - အမေရိကန် ကြွေးမြီပြနာ သဘောတူညီမှုရပြီဖြစ်ကြောင်း အိုဘားမားကြေညာ မှ

ယခုကိစ္စမှာ ပါတီနှစ်ရပ်စလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်သည့် သမိုင်းဝင် အပေးအယူမျှမှုဖြစ်ကြောင်းပြောကြားပြီး မည်သည့်ပါတီတစ်ခုတည်းကမှ အထက်လွှတ်တော် (သို့မဟုတ်) အောက်လွှတ်တော်တွင် သဘောတူညီမှု ရရှိအောင် လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်ကြောင်း ပြောကြားသည်။

အမေရိကန်သမ္မတအိုဘားမားကလည်း ယခုသဘောတူညီချက်မှာ ၎င်းမျှော်လင့်ထားသလောက်ဖြစ်မလာသော်လည်း ယင်းသဘောတူညီချက်ကြောင့် ကြွေးမြီများပေးဆပ်ရန်ပျက်ကွက်မှုကို ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း အိမ်ဖြူတော်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံတွင် ကြွေးမြီနှင့် ပတ်သက်၍ နှစ်ဖက် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ကြေညာချိန်သည် အာရှတစ်ဝန်းစတော့ရှယ်ယာဈေးကွက်များ စတင်ဖွင့်လှစ်ချိန်ဖြစ်ရာ ဂျပန်၊ သြစတြေးလျနှင့် တောင်ကိုရီးယားနိုင်ငံများရှိဈေးကွက်များတွင် ရှယ်ယာဈေးနှုန်းများ မြင့်တက်လာသည်။ အမေရိကန်ဒေါ်လာတန်ဖိုးလည်းတက်လာပြီး ရွှေဈေးနှုန်းများကျဆင်းကာ အမေရိကန်အစိုးရငွေချေးစာချုပ်တန်ဖိုးများလည်း အနည်းငယ်ပြန်တက်လာခဲ့သည်။

သဘောတူညီချက်အရ ၂၀၁၂ နှစ်ကုန်ပိုင်းအထိ အစိုးရ၏စရိတ်ကို တိုးမြှင့်နိုင်မည်ဖြစ်သည်။ ယခုသဘောတူညီချက်ကို လွှတ်တော်နှစ်ရပ်က မဲခွဲဆုံးဖြတ်ပြီးမှသာ အတည်ဖြစ်မည် ဖြစ်သည်။ *—Ref: Washinton post*

## နယူးယောက်တွင် လိင်တူစုံတွဲများစွာ တစ်နေ့တည်း လက်ထပ်

**နယူးယောက်၊ ဇူလိုင် - ၂၅**

ယောကျ်ားလျာနှင့်မိန်းမလျာစုံတွဲရာပေါင်းများစွာသည် နယူးယောက်ပြည်နယ် ဥပဒေက အတည်ပြုပေးခဲ့သော လိင်တူချင်းထိမ်းမြားခွင့်ဥပဒေစတင်အသက်ဝင်သည့် ဇူလိုင် ၂၄ ရက်က မြို့တော်တွင် ပျော်ရွှင်စိတ်လှုပ်ရှားစွာဖြင့် လက်ထပ်ခဲ့ကြကြောင်း သိရသည်။ မြို့တော်တာဝန်ရှိသူများ၏အဆိုအရ ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့)တွင် လက်ထပ်ထိမ်းမြားသူ စုံတွဲပေါင်း ၆၅၉ တွဲရှိခဲ့ကာ လက်ထပ်ခွင့်လိုင်စင်ရထားသည့် အခြားသူများမှာလည်း မကြာမီကာလအတွင်း ထိမ်းမြားရန်ရှိသေးကြောင်းသိရသည်။

နယူးယောက်မြို့တော်ဝန်မိုက်ကယ်ဘလွန်းဘာ့ဂ်ကလည်း "ဒီနေ့ဟာ ကျွန်တော်တို့မြို့မှာ သမိုင်းဝင်နေ့ပါပဲ။ နယူးယောက်မှာရှိတဲ့လူတိုင်းဟာ သူတို့ရဲ့ မေတ္တာတရားကို ဥပဒေရဲ့ မျက်စိရှေ့မှာ အတည်ပြုခံရတဲ့ ဒီပထမနေ့လောက် ဂုဏ်ယူစရာကောင်းတဲ့နေ့လည်းမရှိနိုင်ပါဘူး" ဟုပြောသည်။ နယူးယောက်ပြည်နယ်သည်လိင်တူချင်း ထိမ်းမြားမှုကို ဥပဒေအရ တရားဝင်ခွင့်ပြုသော ဆဋ္ဌမမြောက် အမေရိကန်ပြည်နယ်ဖြစ်သည်။ *—Ref: AFP*



Leader's Profile

## ကုလသမဂ္ဂတက္ကသိုလ်အကြီးအကဲ
# ဒေါက်တာကွန်ရက်အိုစတာဝယ်လ်ဒါ

ရဲမင်း

ဒေါက်တာကွန်ရက်အိုစတာဝယ်လ်ဒါသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်ထောက်အတွင်းရေးမှူးချုပ်တစ်ဦးဖြစ်သလို ကုလသမဂ္ဂတက္ကသိုလ် (UNU)၏ ပါမောက္ခချုပ်လည်းဖြစ်သည်။ ၂၀၀၇ ခုနှစ် မေလတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဒေါက်တာကွန်ရက်အား ၎င်းရာထူးတွင်ခန့်အပ်ခဲ့သည်။ ကုလသမဂ္ဂတက္ကသိုလ်၏ ပဉ္စမမြောက် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။

ကွန်ရက်အိုစတာဝယ်လ်ဒါအား ၁၉၄၂ ခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံ ဖရောင်ဖယ်လ်ဒေသ၌ မွေးဖွားခဲ့သည်။ ဆွစ်ဇာလန်ဖက်ဒရယ်နည်းပညာ အင်စတီကျူဒ်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် သီအိုရီအခြေပြုရူပဗေဒဘာသာရပ်အထူးပြုဖြင့် ဒီပလိုမာရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ယင်းဘာသာရပ်ဖြင့်ပင် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

ယင်းနောက် နယူးယောက်တက္ကသိုလ်တွင် တစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သောဒေါက်တာကွန်ရက်သည် ၁၉၇၁ ခုနှစ်၌ ဟားဗတ်တက္ကသိုလ်တွင် သုတေသနရာထူးကိုလက်ခံသည်။ ဟားဗတ်တက္ကသိုလ်မှာပင် ၁၉၇၃ ခုနှစ်တွင် သင်္ချာပညာအခြေပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ လက်ထောက်ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရသည်။ ၁၉၇၆ ခုနှစ်တွင် တွဲဖက်ပါမောက္ခဖြစ်လာခဲ့သည်။ ဒေါက်တာကွန်ရက်သည် ၁၉၇၇ ခုနှစ်တွင် ETH ဇူးရစ်တက္ကသိုလ်၌ ပါမောက္ခရာထူးကို လက်ခံခဲ့ပြီး မွေးရပ်မြေ ဆွစ်ဇာလန်နိုင်ငံသို့ပြန်လာခဲ့သည်။

ETH Zurich တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေစဉ် ဒေါက်တာကွန်ရက်သည် သင်္ချာဌာန၏ ပါမောက္ခဌာနမှူးအဖြစ် ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သလို တက္ကသိုလ် စီမံကိန်းများရေးဆွဲရေးကော်မတီ၏ အကြီးအကဲအဖြစ်လည်း ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး ၁၂ နှစ်ကြာလုပ်ကိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၇ ခုနှစ် ဩဂုတ်လအထိ ETH Zurich ၏ ယာယီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဒေါက်တာကွန်ရက်အိုစတာဝယ်လ်ဒါသည် ၎င်း၏ ဘဝတစ်လျှောက်လုံး ပညာရေးလုပ်ငန်းနယ်ပယ်တွင်သာ ကျင်လည်ခဲ့သူဖြစ်ပြီး ရူပဗေဒ၊ သင်္ချာပညာအခြေပြု ရူပဗေဒဘာသာရပ်များတွင် သုတေသနအများအပြား ပြုလုပ်ခဲ့ပြီး Osterwalder-Schrader Theorem ကို ဖော်ထုတ်ခဲ့သည်။ ဥရောပတစ်ဝန်း နိုင်ငံပေါင်းများစွာမှ တက္ကသိုလ်များတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သလို ဧည့်ပါမောက္ခအဖြစ်လည်း လှည့်လည်ပို့ချခဲ့သည်။ စင်ကာပူအစိုးရ နိုင်ငံတကာပညာရေးအကြံပေးဘုတ်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

ကုလသမဂ္ဂတက္ကသိုလ်(UNU)ကို ၁၉၇၃ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများနှင့်ပတ်သက်သည့် လူသားများ ရှင်သန်နေထိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပြောရေးအတွက် သုတေသနလုပ်ငန်းများ အဓိကထားလုပ်ဆောင်သည်။ ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများအတွက် မဟာဗျူဟာမြောက် စီမံပေးသည့် ဉာဏ်ကြီးရှင်အဖွဲ့ဖြစ်သလို ကုလသမဂ္ဂနှင့် နိုင်ငံတကာပညာရှင်များအသိုင်းအဝိုင်းကို ဆက်သွယ်ပေးသည့်အဖွဲ့အစည်းလည်းဖြစ်သည်။

*—Ref: Wikipedia*

### နောက်ကျောဖုံး - ဆီးရီးယား စစ်ဘက်ပစ်ခတ်မှုကြောင့် လူ ၈၀ ကျော် သေဆုံး မှ



ဟားမားမြို့မှာ ၁၉၈၂ ခုနှစ်တွင်အာဆတ်၏ဖခင် ဟာဖက်အယ်လ်အာဆတ်က ဝင်ရောက်တိုက်ခိုက်မှုကြောင့် လူအစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့်မြို့ဖြစ်သည်။ ၎င်းမြို့အား တပ်ဖွဲ့များက တစ်လကြာ ဝိုင်းရံပိတ်ဆို့ထားခဲ့ပြီးမှ ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ပြီး ဟားမားမြို့တွင်းရှိ ပြည်သူများအား အကြမ်းဖက်ပစ်ခတ်နေသောအုပ်စုများကို တွန်းလှန်ရန်စစ်ဘက်က ဟားမားမြို့ကို ဝင်ရောက်တိုက်ခိုက်ရခြင်းဖြစ်ကြောင်း အစိုးရသတင်းအေဂျင်စီက ပြောကြားသည်။

ယင်းသို့တရားဝင်ပြောကြားမှုကို အမေရိကန်သံရုံးအရာရှိတစ်ဦးက ပယ်ချခဲ့ပြီး ဟားမားမြို့ကို တိုက်ခိုက်ခြင်းဖြင့် ဆီးရီးယားအာဏာပိုင်များသည် မိမိတို့ပြည်သူများအပေါ် စစ်ပွဲစတင်လိုက်ခြင်းဖြစ်ကြောင်းပြောကြားသည်။



အာဆတ်အပေါ် လိုက်လျောညီထွေရှိခဲ့သော ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ကလည်း ယခုတိုက်ခိုက်မှုများအပေါ် ရှုတ်ချခဲ့ကြသည်။ ဆီးရီးယားလူ့အခွင့်အရေးအဖွဲ့ဆာဝါစီယာကလည်း အရပ်သားများသေဆုံးမှုမှာ အယောက် ၈၀ ကျော်လာပြီဖြစ်ကြောင်း ဆေးရုံတာဝန်ရှိသူများနှင့် မျက်မြင်သက်သေများအား ကိုးကား၍ ၎င်း၏ အစီရင်ခံစာတွင်တင်ပြသည်။

မတ်လကစတင်ဖြစ်ပေါ်ခဲ့သော မငြိမ်မသက်မှုများကြောင့် ဆီးရီးယားအာဏာပိုင်များကဂျာနယ်လစ်များအား နိုင်ငံမှ နှင်ထုတ်ထားခဲ့ရာ အကြမ်းဖက်မှုများနှင့် ထိခိုက်သေဆုံးသူများမည်မျှရှိသည်ကို အတည်ပြုရန်ခက်ခဲနေခဲ့သည်။

*—Ref: Reuters*

7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011



# နော်ဝေးလူသတ်သမား ဘရိုင်းဗစ်၏ အမေးအဖြေများ

ကျော်မျိုး

ပြီးခဲ့တဲ့ဇူလိုင် ၂၅ ရက်က နော်ဝေးနိုင်ငံ မြို့တော် အော်စလိုမှာ အန်ဒါစ်ဘာရင်း ဘရိုင်းဗစ်ဆိုသူ အသက် ၃၂ နှစ်အရွယ် သေနတ်သမားတစ်ဦးဟာ အစိုးရရုံးတွေနဲ့ အများပြည်သူတွေကို ကားဗုံးခွဲတိုက်ခိုက်မှု၊ သေနတ်နဲ့ပစ်ခတ်မှုတွေကို အကြောင်းမဲ့ပြုလုပ်ပြီး အနည်းဆုံးလူ ၉၃ ဦးသေဆုံးကာ ၁၀၀ ကျော်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့ပါတယ်။ ၎င်းရဲ့ ရူးနှမ်းပြီး လူမဆန်လှတဲ့ဒီအကြမ်းဖက်လုပ်ရပ်ဟာ နော်ဝေးနိုင်ငံကိုသာမက ကမ္ဘာ့သတင်းစာမျက်နှာတွေပေါ်မှာ တုန်လှုပ်ချောက်ချားမှုအဖြစ်စေဆုံး သတင်းတစ်ရပ်ဖြစ်လှုပ်ခတ်ခဲ့ရပါပြီ။ ရွှေရောင်ဆံပင်၊ အစိမ်းရောင်မျက်လုံးနဲ့ အရပ်ခြောက်ပေ အမြင့်ရှိတဲ့ အဆိုပါနော်ဝေးလူသတ်သမားဟာ အခုလို လူအမြောက်အမြားကို သတ်ဖြတ်ဖို့ လွန်ခဲ့တဲ့ကိုးနှစ်ကတည်းက စီမံကိန်းချခဲ့တာလို့ဆိုပါတယ်။ ဘရိုင်းဗစ်ဟာ ကိုယ့်ကိုယ်ကိုယ် လက်ယာစွန်းအမျိုးသားရေးဝါဒီတစ်ဦးအဖြစ် သတ်မှတ်ထားပြီး မွတ်ဆလင်တွေ၊ မာ့က်စ်ဝါဒီတွေနဲ့ဗဟုယဉ်ကျေးမှုဝါဒီတွေကို မုန်းတီးသူတစ်ဦးဖြစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ်ဖော်ပြထားပါတယ်။

၎င်းဟာ ပစ်ခတ်မှုများပြီးနောက်ရဲတပ်ဖွဲ့ရဲ့ ဖမ်းဆီးမှုကိုခံယူခဲ့ပြီး နော်ဝေးမီဒီယာများရဲ့ စုံစမ်းဖော်ပြချက်အရလည်း မကြာမီမှာပဲ စာမျက်နှာ ၁၅၀၀ ခန့်ရှိတဲ့ ၎င်းကိုယ်တိုင်ရေးထားတဲ့ နိုင်ငံရေးသဘောတရား ခံယူချက်စာတွေပေါ်ထွက်လာတာတွေ့ရပါပါတယ်။ ဘရိုင်းဗစ်ဟာ ၎င်းရဲ့ အရေးအသားကို ၂၀၈၃ ဥရောပလွတ်လပ်ရေးကြေညာစာတမ်း A European Declaration of Independence ရယ်လို့ ခန့်ခန့်ညားညားအမည်တပ်ထားကြောင်း တိုင်းမ်မဂ္ဂဇင်းကဖော်ပြခဲ့ပါတယ်။ အဆိုပါ အရေးအသားတွေထဲမှာ ဘရိုင်းဗစ်က ယခုဇင်းရဲ့ ရူးနှမ်းတဲ့လုပ်ရပ်တွေနဲ့ ပတ်သက်လို့ ဖော်ပြထားတဲ့ ကိုယ်တိုင်မေးဖြေ အင်တာဗျူးတစ်ခုလည်း ပါဝင်ခဲ့ပါတယ်။ အဆိုပါ ထူးခြားလှတဲ့ ကိုယ်တိုင်မေး၊ ကိုယ်တိုင်ဖြေ အင်တာဗျူးကို နော်ဝေးသတင်းစာ Bergens Tidende မှာဖော်ပြခဲ့ပြီးတိုင်းမ်မဂ္ဂဇင်းက အကျဉ်းချုံ့ကာဘာသာပြန်ဆိုဖော်ပြခဲ့တာပါ။ ဒီအင်တာဗျူးကို ဖတ်ကြည့်ခြင်းအားဖြင့် စာဖတ်သူတွေအနေနဲ့လည်း လူအများအပြားကို အကြောင်းမဲ့သတ်ဖြတ်ခဲ့တဲ့ ထိုလက်ယာစွန်းလူသတ်သမားရဲ့ စိတ်နေသဘောထား၊ နိုင်ငံရေးခံယူမှုတို့ကို သိမြင်နိုင်မှာပါ။ တိုင်းမ်မဂ္ဂဇင်းက ယင်းအင်တာဗျူးကို ပြန်လည်ဖော်ပြရခြင်းဟာ အကြမ်းဖက်သမားတစ်ယောက်ကြောင့် လူကောင်းတွေဘယ်လောက်ဒုက္ခရောက်တယ်ဆိုတဲ့ လောကဓမ္မတာတစ်ခုကို သိသာစေချင်တာဖြစ်ပါတယ်။ အများပြည်သူတွေအနေနဲ့လည်း ဒီလိုအကြမ်းဖက်သမားတွေရဲ့ အန္တရာယ်ကို ကျကျနနသိမှ ကြိုတင်ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

သူ့ရဲ့ အင်တာဗျူး အင်္ဂလိပ်ဘာသာပြန်ကို မဂ္ဂဇင်းက "အရူးတစ်ယောက်နဲ့ အင်တာဗျူး- ဘရိုင်းဗစ်က ကိုယ့်မေးခွန်းတွေကိုပဲ ကိုယ်တိုင်မေး၊ ကိုယ်တိုင်ဖြေကြား" An Interview with a Madman: Breivik Asks and Answers His Own Questions လို့ အမည်တပ်ခဲ့ပါတယ်။ ဖတ်ကြည့်ကြပါ။

**ဒီတိုက်ခိုက်မှုကို စီမံဖို့ ဘယ်အရာတွေက ခင်ဗျားကိုတွန်းအားပေးလိုက်တာလဲ။**

ကျွန်တော့်အတွက်တော့ ဒါဟာ ကျွန်တော်တို့အစိုးရ (နော်ဝေး)ရဲ့ ဆာဘီးယားကို တိုက်ခိုက်မှု (၁၉၉၉ တွင်နေတိုးက ဗုံးကြဲတိုက်ခိုက်မှု) မှာပတ်သက်ခဲ့တဲ့ကိစ္စကြောင့်ပါပဲ။ အမေရိကန်နဲ့ အနောက်တိုင်းအစိုးရတွေက ကျွန်တော်တို့ရဲ့ ဆာဘီးယန်းညီအစ်ကိုတွေကို ဒီလိုလုပ်တာ ကျွန်တော်လုံးဝလက်မခံနိုင်ပါဘူး။ ကျွန်တော့်ကိုဒီလိုလုပ်စေဖို့ အခြားကိစ္စတွေ အများကြီးလည်း ဖြစ်ခဲ့ပါတယ်။ အာရာဖတ်ကို နိုဗယ်ဆုပေးဖို့ ဆုံးဖြတ်ခဲ့ပုံတွေလည်းပါဝင်ခဲ့တယ်။ နော်ဝေးမှာ မွတ်ဆလင်ထောင်ပေါင်းများစွာဟာ ဒုက္ခသည်စခန်းတွေ၊ အဖွဲ့အစည်းတွေ၊ ဒါမှမဟုတ်ရင်လည်း မိသားစုအဆက် အသွယ်တွေနဲ့ နှစ်စဉ် ပြောင်းရွှေ့ဝင်ရောက်လာနေတယ်။

**ခင်ဗျားရဲ့ဥရောပညီအစ်ကိုမောင်နှမတွေကို ဘာများပြောချင်ပါသလဲ။**

ဒီတိုက်ပွဲမှာ ခင်ဗျားတို့ဟာ အထီးကျန်မဟုတ်ဘူးဆိုတာ သိကြပါ။ ကျုပ်တို့မှာ အပြည့်အဝထောက်ခံအားပေးနေတဲ့ ညီအစ်ကိုမောင်နှမထောင်သောင်းချီနေတာ၊ ဥရောပက ကျုပ်တို့ကို စာနာသူတွေလည်း သန်းချီရှိနေတယ်။ ဖေ့စ်ဘွတ်ခ်ဝက်ဘ်ဆိုက်ပေါ်မှာ ကွန်ရက်ဆောက်ကြပါ။ ကျွန်တော့်ရဲ့ ဒီစာအုပ်ထဲက လမ်းညွှန်ချက်တွေကို လိုက်နာကြပါ။ အောင်မြင်မှာပါ။

**ခင်ဗျားတွေ့ချင်နေတဲ့ သက်ရှိပုဂ္ဂိုလ်တစ်ဦးလောက် ပြောပြပါ။**

ပုပ်ရဟန်းမင်းကြီး၊ ဒါမှမဟုတ် ဗလာဒီယာပူတင်ပါ။ ပူတင်က တရားမျှတပြီးလေးစားထိုက်တဲ့ခေါင်းဆောင်ပဲ။ ဒါပေမဲ့ သူဟာ ကျုပ်တို့ရဲ့မိတ်ဆွေကောင်းဖြစ်လာမလား၊ အဆိုးဆုံးရန်သူဖြစ်လာမလားဆိုတာတော့ ကျုပ်လည်း မသေချာသေးဘူး။ သူ့စိတ်ကို ဆန်းစစ်နိုင်ဖို့ဆိုတာ သိပ်ခက်မယ့်သူ။ ကျွန်တော်သူ့ရန်သူမဖြစ်ချင်ပါဘူး။ ဒါတော့ သေချာတယ်။ သူဟာ ဒီတိုက်ခိုက်မှုကို ရှုတ်ချမှာပါ။ ဒါကတော့ နားလည်နိုင်ပါတယ်။

**ခင်ဗျားကိုယ်စားပြုနေတဲ့ လှုပ်ရှားမှု(သို့မဟုတ်)အတွေးအခေါ်အိုင်ဒီယိုလိုဂျီကို စကားလုံးတစ်လုံးနဲ့ ဖော်ပြရမယ်ဆိုရင် ဘာများဖြစ်မလဲ။**

ယဉ်ကျေးမှုဆိုင်ရာ ရှေးရိုးစွဲ Cultural Conservatism ပေါ့။ သို့မဟုတ်ရင်လည်း အမျိုးသားရေးဝါဒီ၊ ရှေးရိုးစွဲဝါဒီဆန်တဲ့သဘောထားအမြင်ပေါ့။ ဗီယင်နာအတွေးအခေါ်ဂိုဏ်းလို့ သိကြတယ်။ နိုင်ငံရေးလှုပ်ရှားမှုအရဆိုရင်တော့ အဲဒါကို အမျိုးသားခုခံတော်လှန်ရေးလှုပ်ရှားမှု National Resistance Movement၊ ဇာတိဒေသဆိုင်ရာ အခွင့်အရေးလှုပ်ရှားမှု Indigenous Rights Movement၊ ဒါမှမဟုတ်ရင်လည်း လက်ယာတော်လှန်ရေးလှုပ်ရှားမှုအဖြစ်ဖော်ပြချင်ပါတယ်။

**ခင်ဗျားဟာ အကောင်းမြင်သမားတစ်ဦးလား။**

ကျွန်တော်ကသိပ်အကောင်းမြင်တတ်ပါတယ်။ အထူးသဖြင့် အစ္စလာမ်နဲ့ ပေါင်းစပ်နေတဲ့ ယဉ်ကျေးမှုဆိုင်ရာ မာ့က်စ်ဝါဒ ဗဟုယဉ်ကျေးမှုဝါဒဟာ သူ့ဟာသူ ကျရှုံးသွားရမှာပါ။ ကျွန်တော်တို့ ဆွေမျိုးသားချင်းတွေနဲ့ ကျွန်တော်တို့ရဲ့လွတ်လပ်မှုအတွက် အခွင့်အရေးရသမျှ အရာရာကို ကျွန်တော်တို့ တာဝန်ယူရမယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း အချိန်ကာလတစ်ခုယူပြီး ပြင်ဆင်ခဲ့ပါတယ်။ ဥရောပညီအစ်ကိုတော်၊ နှမတော်တွေအတွက် ကျုပ်ဘဝကို စွန့်လွှတ် အနစ်နာခံချင်ပါတယ်။

**ခင်ဗျားပြောတော့ ခင်ဗျားဟာ ဆွေစဉ်မျိုးဆက် သွေးမနှောဘဲ နော်ဝေးအမျိုးစစ်တယ်ဆို။**

ကျုပ်က ကိုယ့်ရဲ့ဗိုက်ကင်း (လူမျိုး)အမွေအနှစ်ကို သိပ်ဂုဏ်ယူတာဗျ။ နာမည် ဘရိုင်းဗစ်ဆိုတာနော်ဝေမြောက်ပိုင်းက နေရာတစ်နေရာနာမည်ပါ။ ဗိုက်ကင်းခေတ် မတိုင်ခင်ကာလထက်တောင်စောပြီးရှိခဲ့တာ။ ဘာရင်းဆိုတာကတော့ ဥရောပမှာ ခရစ်ယန်ဝါဒမရောက်ခင်က ဂျာမန်နာမည် Behr ကဆင်းသက်လာတာ။ အဲဒီဂျာမန်စကားလုံးက Bearဝက်ဝံလို့ အဓိပ္ပာယ်ရသလို "ဝက်ဝံရဲ့စောင့်ရှောက်ခြင်းခံရသူတွေ"လို့ အဓိပ္ပာယ်ရတယ်။

**ခင်ဗျားကို ဘယ်အရာက တက်ကြွစေခဲ့ပါသလဲ။ ရှစ်နှစ်ကျော်ကြာအောင် အာရုံစူးစိုက်ပြီးတက်ကြွနေအောင်ကိုယ့်ကိုယ်ကိုယ်ဘယ်လိုစီမံခန့်ခွဲခဲ့သလဲ။ အဲဒါက 'ယဉ်ကျေးမှုဆိုင်ရာ မာ့က်စ်ဝါဒီ/ဗဟုယဉ်ကျေးမှု ဝါဒီ' လို့ခေါ်ကြတဲ့သူတွေကို မုန်းတီးတာမျိုး၊ ခါးသီးတာမျိုးလား။ ဒါမှမဟုတ် အစ္စလာမ်ကိုဦးတည်မုန်းတီးနေတာမျိုးလား။**

အဲဒီလိုမဟုတ်ပါဘူး။ ဒီလူတွေဟာ ဗဟုယဉ်ကျေးမှုဝါဒကို လက်လျှော့သွားရင် ပြောင်းရွှေ့အခြေချတာကို ရပ်တန့်ပစ်ပြီး အားလုံးပြန်နှင်ထုတ်မယ်ဆိုရင် သူတို့အတိတ်က ပြစ်မှုတွေကို ကျွန်တော်ခွင့်လွှတ်မှာပါ။

ကျွန်တော် မွတ်ဆလင်တွေကိုလည်း မမုန်းပါဘူး။ ဥရောပတိုက်မှာ မွတ်ဆလင်တွေရှိတယ်ဆိုတာ ကျွန်တော် အသိအမှတ်ပြုပါတယ်။ အမှန်က ကျုပ်မှာ မွတ်ဆလင်မိတ်ဆွေကောင်းတွေအများကြီးရှိဖူးပြီး တချို့ကိုဆို အခုထိ လေးစားတုန်းပါပဲ။ ကျွန်တော်ဟာ လက်ရှိဖြစ်ထွန်းနေမှုတွေကိုမကြိုက်တာဝန်ခံပါတယ်။ ကျွန်တော့်ကိုလည်း ဥရောပသားတွေ၊ ဥရောပယဉ်ကျေးမှုနဲ့ ဥရောပတိုက်ကို ချစ်တဲ့စိတ်ကမောင်းနှင်နေတာလို့ ပြောလို့ရပါတယ်။

**အခုလက်ရှိ လှုပ်ရှားမှုတွေထဲမှာ ပထမဆုံးအနေနဲ့ ခင်ဗျားဘယ်လိုပါဝင်လာခဲ့သလဲ။**

ကျွန်တော့်အသက် ၁၆-၁၇ လောက်မှာ Progressive Party ရဲ့လူငယ်အဖွဲ့ FPU ထဲဝင်ခဲ့တယ်။ အဲဒီအဖွဲ့က လွတ်လပ်တဲ့ဈေးကွက်ကို ထောက်ခံပြီး နိုင်ငံရပ်ခြားက ပြောင်းရွှေ့ဝင်ရောက်လာမှုတွေကို ဆန့်ကျင်တယ်။ ဒီတိုင်းပြည်ထဲက ဂျာနယ်လစ်တိုင်းကတော့ ကျုပ်တို့ကို လူမျိုးရေးဝါဒီတွေလို့ သတ်မှတ်ကြတယ်။ Progressive Party ဟာလူမျိုးရေးဝါဒီတွေ၊ နာဇီတွေပဲလို့ သူတို့ကခေါ်ကြပြီး ဖက်ဆစ်ဝက်တွေလို့ကင်ပွန်းတပ်ခံခဲ့ရတယ်။

၂၀၀၀ပြည့်နှစ်ပတ်ဝန်းကျင်လောက်မှာတော့ ဥရောပတိုက်မှာ ဒီမိုကရက်တစ်တိုက်ပွဲဟာ ရှုံးနိမ့်သွားပြီဆိုတာ ကျုပ်သဘောပေါက်လာခဲ့တယ်။ ဒါ့ကြောင့် အပြောင်းအလဲဖြစ်မယ့် ဆန့်ကျင်ရေးပုံစံတွေ ရှာဖွေဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ အကြီးဆုံးပြဿနာက ကျွန်တော့်အတွက် ရွေးချယ်စရာ မရှိတာပါ။



*—Ref: An Interview with a Madman , Time*

Entertainment

7DAY NEWS JOURNAL

Vol.10, No.20 • AUGUST 4, 2011

မော်ဒယ်သရုပ်ဆောင်သန္တာဗိုဟာ ရှိုးပွဲစင်မြင့်ထက်မှာ သူမရဲ့အရပ်အမြင့်ကြောင့်ရော မင်းသမီး ချောရတနာရဲ့ညီမအဖြစ်နဲ့ပါ ပရိသတ်များသတိပြုမှုကိုရရှိထားသူပါ။ သူမကို အစ်မလိုပဲ အောင်မြင်တဲ့သရုပ်ဆောင်တစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းထားကြပြီး သူမရဲ့ဂီတဘက်က လှုပ်ရှားမှုလေးတွေကိုတော့ သိရှိသူနည်းပါးနေပါသေးတယ်။ ဒီတစ်ပတ်မှာတော့ သူမဝါသနာအပါဆုံး အီလက်ထရိုဂီတအကြောင်း ပြောပြခဲ့ပါတယ်။

# သန္တာဗို ပြောပြတဲ့ အီလက်ထရိုဂီတအကြောင်း



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ချမ်းခိုက်ခိုက်

သီချင်းသီဆိုတာကို ငယ်စဉ်ကတည်းက ဝါသနာပါခဲ့တဲ့ သန္တာဗိုက အနုပညာအလုပ်တွေကို စလုပ်ကတည်းက သီချင်းဘက်ကို လုပ်ချင်ခဲ့ပေမယ့် စတင်ကမ်းလှမ်းလာတာက သရုပ်ဆောင် အလုပ်ဖြစ်နေတာမို့ သရုပ်ဆောင်ဘက်ကို စလုပ်ဖြစ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဂီတကလည်း သူမရဲ့ကနဦးဝါသနာဖြစ်တာကြောင့် သီချင်းဆိုတဲ့ဘက်ကို အခုစတင်လုပ်ကိုင်နေပြီဖြစ်ပါတယ်။


သမီးရဲ့တစ်ကိုယ်တော်အခွေလုပ်နေပါပြီ။ ခုလောလောဆယ်ကို Ar Tနဲ့သီချင်းတစ်ပုဒ်သွင်းပြီးသွားပြီ၊ ဒါပေမဲ့ဒီသီချင်းလေးကိုတခြားခွေထဲပဲထည့်ဖြစ်မလား၊ တစ်ကိုယ်တော်ထဲပဲ ထည့်ဖြစ်မလားမသိသေးဘူးလို့ပြောလာတဲ့သူမက လက်ရှိခေတ်စားနေတဲ့အီလက်ထရိုပေ့ါပ်ဂီတတွေကြိုက်နှစ်သက်တာကြောင့် Ar T နဲ့လက်တွဲလုပ်ကိုင်ခဲ့ခြင်းဖြစ်ပါသတဲ့။

ကိုAr Tနဲ့လုပ်ထားတဲ့သီချင်းဆိုရင်လည်း သူငယ်ချင်းတွေ ပျော်ပျော်ပါးပါးသွားကြလာကြတယ်။ ညဘက်ဆိုင်တစ်ဆိုင်မှာ သောင်းကျန်းကြတယ်။ သူငယ်ချင်းတွေ လူစုကြတယ်ဆိုတဲ့ အကြောင်းလေးပါ။ အဲဒီသီချင်းလေးကိုလည်း ကိုယ်တိုင် ကြိုက်ပါတယ်။ သူ့သီချင်းတွေထဲမှာဆို ခုနောက်ဆုံးထွက်ထားတဲ့ 'ရူးတော့မယ်' ကိုလည်း ကြိုက်တယ်။ To The Floor ကိုလည်းကြိုက်တယ်။ ဒီသီချင်းမျိုးတွေက နားထောင်ရင်းနားထောင်ရင်းနဲ့ စိတ်ဓာတ်က တက်ကြွလာတယ်။ ဒီသီချင်းကလည်း တော်တော်အောင်မြင်ခဲ့တာလေ။ အခု ရူးတော့မယ်ထွက်တော့ ရူးတော့မယ်ကို ပိုကြိုက်တယ်လို့ မြန်မာကိုယ်ပိုင်သံစဉ်အီလက်ထရိုသီချင်းတွေကို သူမက နားထောင်သုံးသပ်ပြပါတယ်။


သူမရဲ့အသံနဲ့ သိပ်ပြီး လိုက်ဖက်မှုမရှိလှပေမယ့် အရမ်းကြိုက်တဲ့အတွက်ကြောင့် အီလက်ထရိုပေ့ါပ်ဂီတကို ကိုယ့်စိတ်ကြိုက်ဖြစ်တာတစ်ခုတည်းနဲ့ ဇွတ်မှိတ်သီဆိုဖြစ်တဲ့သန္တာဗိုက ပရိသတ်ရဲ့ဝေဖန်မှုကိုလည်း စောင့်စားနေတယ်လို့ဆိုပါတယ်။ သီချင်းအေးအေးလေးတွေနဲ့ပဲ လိုက်ဖက်ပြီး အမြူးလေးတွေနဲ့လည်း သိပ်မလိုက်တဲ့ သူမအသံအတွက် စိတ်အနှောင့်အယှက်တော့မဖြစ်မိပါဘူးလို့ ရိုးရိုးသားသားပဲပြောပြပါတယ်။

စာ(၄၉)သို့

# အက်ဆစ်အဖွဲ့၏ အဖွဲ့လိုက်ဖျော်ဖြေမှု ပြန်လည်မြင်တွေ့ရမည်







**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်- ၂၉**

ပရိသတ်နှင့် နှစ်အတန်ကြာ အဆက်ပြတ်နေခဲ့သော အက်ဆစ်အဖွဲ့၏ အဖွဲ့လိုက်စုစည်းဖျော်ဖြေမှုအဖြစ် ဩဂုတ်လ ၆ ရက်တွင် ရန်ကုန်မြို့၊ မျော်စင်ကျွန်း၌ ပြန်လည်မြင်တွေ့ရမည်ဖြစ်ကြောင်းအက်ဆစ်အဖွဲ့ဝင်တစ်ဦးဖြစ်သူကပြောသည်။

"ဒီလို သုံးယောက်ပေါင်းသီဆိုတာကလည်းအက်ဆစ်အဖွဲ့ကို ပြန်ပြီးပေါင်းတာလည်း မဟုတ်သလို ပြန်ပြီးမပေါင်းဘူးလို့လည်း အဓိပ္ပာယ်မသက်ရောက်ပါဘူး။ သီချင်းအဟောင်းကိုပဲ ပြန်ဆိုဖြစ်ဖို့များပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အက်ဆစ်အဖွဲ့အနေနဲ့ သီချင်းအသစ်ရယ်လို့ လုပ်ထားတာလည်း မရှိဘူးလေ။ ဒီရက်ပိုင်း သုံးယောက်လုံးလည်း သိပ်မအားတဲ့အတွက် သီချင်းကြိုမတိုက်ရသေးလို့ ဘယ်သီချင်းဆိုဖြစ်မလဲတော့ မသိသေးပါဘူး" ဟု ၎င်းက ပြောသည်။


အက်ဆစ်အဖွဲ့သည် ၂၀၀၄ ခုနှစ်ဝန်းကျင်မှစ၍ အနဂ္ဂမှ တစ်ဖက်၊ ဇေယျာသော်၊ ရန်ရန်ချမ်း၊ ဟိန်းဇော်တို့မှ တစ်ဖက်ဖြင့် အဖွဲ့၏ အမှတ်တံဆိပ်၊ အမည်တို့ပိုင်ဆိုင်မှုအငြင်းပွားရာမှ ပြိုကွဲခဲ့ပြီး ဟိန်းဇော်ကွယ်လွန်ပြီးနောက်ပိုင်း ကျန်သုံးဦးအနေဖြင့် ပူးပေါင်းလှုပ်ရှားမှု မရှိခဲ့ပေ။ ယခု ဩဂုတ်လ ၆ ရက်တွင် ပရိသတ်များမျှော်လင့်ခဲ့သော အက်ဆစ်အဖွဲ့၏ အဖွဲ့လိုက်ဖျော်ဖြေမှုကို မြင်တွေ့ကြည့်ရှုနိုင်မည်ဖြစ်ပြီး အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဇေယျာသော် အပြင်လောကသို့ရောက်ရှိပြီးနောက် ပရိသတ်ရှေ့သို့ ပထမဆုံး ပြန်လည်သီဆိုတင်ဆက်မည့်ပွဲလည်းဖြစ်သည်။ ယခုဖျော်ဖြေပွဲမှာ ရန်ပုံငွေဖျော်ဖြေပွဲဖြစ်သည့်အတွက် အက်ဆစ်အဖွဲ့မှ အဖွဲ့လိုက်သီဆိုရန် လက်ခံခဲ့ခြင်းဖြစ်ပြီး ပါဝင်သည့် အဆိုတော်ဦးရေ များသည့်အတွက် သီချင်းပုဒ်ရေ အများဆုံး သုံးပုဒ်ခန့်သာသီဆိုဖွယ်ရှိကြောင်း သိရသည်။

# ချက်ပြုတ်နည်းစာအုပ်ထုတ်မယ့် ဘီယွန်စေး

**လော့စ်အိန်ဂျလိစ်၊**

**ဇူလိုင် - ၂၆**

အမေရိကန်အဆိုတော် ဘီယွန်စေးသည် အချက်အပြုတ်ဝါသနာပါသည့်အတွက် ချက်ပြုတ်နည်းစာအုပ်တစ်အုပ် ထုတ်ဝေရန် ပြင်ဆင်နေကြောင်း ဗြိတိန်ဒေးလ်လီးမေးရာ သတင်းစာ၌ဖော်ပြသည်။ ဘီယွန်စေးသည် ထိုသို့ စာအုပ်ထုတ်ဝေရန် မင်းသမီး ဂွင်းနတ်သ်ပါထရိုလ်၏ အားပေးမှုကို ရခဲ့ခြင်းဖြစ်ကြောင်း နီးစပ်သူတစ်ဦးကဆိုသည်။ အဆိုပါပုဂ္ဂိုလ်က "ဘီယွန်စေးရဲ့အမေတီနာက သူတို့ကမ္ဘာ့ဘယ်နေရာမှာပဲ ရှိနေပါစေ၊ ပြောင်းဖူးပေါင်မုန့်၊ ဟင်းသီးဟင်းရွက်တွေ၊ ချိစ်နဲ့ ကြက်ကြော်တို့ပါဝင်တဲ့ ဟင်းချက်နည်း အစဉ်အလာကို လုပ်လေ့ရှိပါတယ်။ ဘီယွန်စေးဟာလည်း ဒီလိုမိသားစုအစားအစာချက်ပြုတ်နည်းတွေကို စာအုပ်ထဲ ထည့်ရေးချင်နေပါတယ်"ဟုပြောသည်။ ဘီယွန်စေးသည်ချက်ပြုတ်နည်းစာအုပ်ထုတ်ဝေရန်ဂွင်းနက်ပါထရိုလ်နှင့် တိုင်ပင်ခဲ့ပြီး အမြန်ထုတ်ဝေနိုင်ရန် ပြင်ဆင်နေကြောင်းသိရသည်။



—Ref: Showbizspy

# ၂၀၁၀ အကယ်ဒမီအတွက်မြန်မာရုပ်ရှင်ဇာတ်ကား ၁၅ကားစတင်အကဲဖြတ်ကြည့်ရှု

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် ၂၂**

၂၀၁၀ ပြည့်နှစ်အတွက် ချီးမြှင့်မည့် မြန်မာ့ရုပ်ရှင်ထူးချွန် ဆုအကယ်ဒမီအတွက်မြန်မာရုပ်ရှင်ဇာတ်ကား ၁၅ ကားကိုစတင် အကဲဖြတ်ကြည့်ရှုနေပြီဖြစ်ကြောင်း ပဏာမဆုရွေးချယ်ရေးအဖွဲ့တွင် ပါဝင်သည့် အကဲဖြတ်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

စာ(၄၉)သို့



၂၀၁၀ အကယ်ဒမီစာရင်းဝင်"အာဒံရယ်၊ ဧဝရယ်၊ ဒသရယ်"ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း

7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

# စင်ကာပူနှစ်ပါးခွင်မှာ ဖိုးချစ်ကြောင့် အဆင်ပြေခဲ့တဲ့ ချောရတနာ

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်- ၂၇**

စင်ကာပူနိုင်ငံတွင် ဖိုးချစ်နှင့်အတူ နှစ်ပါးသွားနှင့် အငြိမ့်များ တစ်ပတ်ကြာ သွားရောက်ဖျော်ဖြေခဲ့သောချောရတနာသည်စင်ကာပူ ဖျော်ဖြေပွဲအတွက် နှစ်ပါးခွင်ကို ကြိုတင်ဇာတ်တိုက်ချိန် မရခဲ့ခြင်းကြောင့် စိုးရိမ်ပူပန်မှုများရှိခဲ့သော်လည်း အဆင်ပြေပြေနှင့် ကပြနိုင်ခဲ့ကြောင်း အဆိုပါဖျော်ဖြေပွဲအတွေ့အကြုံကို ပြောပြသည်။

"စင်ကာပူကနေ ဇူလိုင် ၁၉ ရက်က ပြန်ရောက်ပါတယ်။ နှစ်ပါးခွင်က အသေချာမတိုက်လိုက်ရတဲ့အတွက်ကမှကနိုင်ပါ့မလားလို့စိတ်ပူတာတွေ၊ စိတ်လှုပ်ရှားတာ တွေဖြစ်တယ်။ ဒါပေမဲ့ ကိုယ်နဲ့တွဲကရတဲ့ဖိုးချစ်ကတော့တကယ့်ကိုပရော်ဖက်ရှင်နယ်ကနိုင်တဲ့လူတစ်ယောက်၊ တကယ်လည်း တော်တဲ့လူတစ်ယောက်ဆိုတော့ ကိုယ်တွေကိုခေါ် ကလေး ကပေးသွားတာပေါ့နော်။ ဖိုးချစ်ကလည်း ခေါ်ကကတာ တော်တဲ့အတွက် အဆင်ပြေသွားတယ်။ ဖျော်ဖြေပွဲမှာ နှစ်ပါးအပြင် ရှေ့ပိုင်းမှာ သီချင်းဆိုတယ်။ အငြိမ့်ကတယ်။ အငြိမ့်ကတော့ နောက်ဆုံးပေါ့။ နှစ်ပါးကို အလယ်မှာထည့်ထားတာပေါ့။ ကျန်တာကတော့ အဆင်ပြေပါတယ်" ဟု ချောရတနာက ပြောသည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စင်ကာပူသို့ မြန်မာအကဖြင့် ဖျော်ဖြေပွဲများ သွားရောက်ဖျော်ဖြေရသည်မှာ ယခုတစ်ကြိမ်နှင့်ဆိုပါက သုံးကြိမ်ရှိပြီဖြစ်ပြီး "ပထမဆုံးတစ်ခေါက်ကတော့ ပေါ်ချောအငြိမ့်နဲ့သွားတာပေါ့နော်။ ဒုတိယတစ်ခေါက်ကတော့ မဆင့်(မေသန်းနု)ဦးဆောင်တဲ့ ပါရမီရှင်အငြိမ့်ဖျော်ဖြေရေး အတွက်သွားတာပါ။ ဒီတစ်ခေါက်နဲ့ဆို သုံးကြိမ်ပေါ့"ဟု ပြောပြသည်။

အငြိမ့်ခွေများ ဗီဒီယိုဈေးကွက်တွင်ခေတ်စားစဉ်က အငြိမ့်မင်းသမီးတစ်လက်အဖြစ် မြန်မာအကပိုင်နိုင်ခဲ့သောသူမကို လက်ရှိ အငြိမ့်ခွေများထွက်ရှိမှု နည်းပါးလာခြင်းအပေါ် မေးမြန်းရာ

"ဈေးကွက်ကတော့ ချောလည်းသိပ်မသိပါဘူး။ ဒါပေမဲ့ချောကတယ်ဆိုတာက ပရော်ဖက်ရှင်နယ်ကြီးလည်း မဟုတ်ဘူး။ ပရိသတ်တွေက မင်းသမီးတွေ အငြိမ့်ကတာကိုကြည့်ချင်ကြတဲ့အတွက် အတတ်နိုင်ဆုံးကြိုးစားပြီး ကလိုက်တာပဲရှိတယ်။ ကိုယ်ကအငြိမ့်မင်းသမီးလည်းမဟုတ်တော့သရုပ်ဆောင် တစ်ယောက်အနေနဲ့ အတတ်နိုင်ဆုံး ပရိသတ်ကိုဖျော်ဖြေတာပါ"ဟုဖြေကြားခဲ့သည်။

ချောရတနာသည် '၁၂ နာရီသတို့သား' ရုပ်ရှင်ကားတွင်နေတိုး၊ သက်မွန်မြင့်တို့နှင့် ရိုက်ကူးထားပြီး ယခုတစ်လလုံး ဗီဒီယို ဇာတ်ကားများ ရိုက်ကူးရန်ရှိ လက်ခံထားကြောင်း၊ ယခုတစ်ခေါက်စင်ကာပူခရီးစဉ်တွင် ဖိနပ်နှင့်အိတ်ကို အများဆုံးဝယ်ဖြစ်ကြောင်း ပြောပါသည်။








7 DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

## စာ – ၄၇၊ ၂၀၁၀အကယ်ဒမီအတွက်မြန်မာရုပ်ရှင်ဇာတ်ကား၁၅ကားစတင်အကဲဖြတ်ကြည့်ရှု မှ

“၂၀၁၀ အတွက် အကယ်ဒမီကားတွေတော့ စပြီးကြည့်နေပါပြီ။ ပဏာမ ဆုရွေးချယ်ရေးအဖွဲ့ထဲမှာပါပါတယ်။ ပဏာမအတွက်ကြည့်ရတဲ့အထဲမှာတော့ ဇာတ်ကား အားလုံးကိုကြိုက်ပါတယ်။ သူ့ဟာနဲ့သူ ရသတစ်မျိုးစီနဲ့ကောင်းကြပါတယ်။ ဘယ်ကားကိုပိုကြိုက်တယ်ဆိုတာတော့ပြောလို့မရသေးပါဘူး” ဟု အထက်ပါအကဲဖြတ်အဖွဲ့ဝင်က ပြောသည်။

၂၀၁၀ ပြည့်နှစ် အကယ်ဒမီအတွက်စာရင်းဝင်သောဇာတ်ကား ၁၅ ကားမှာ လပ်ကီးဆဲဗင်းထုတ်လုပ်ရေးအတွက် ဒါရိုက်တာညွန့်မြန်မာညီညီအောင် ရိုက်ကူးပြီး သူထူးစံ၊ မိုးအောင်ရင်၊ ရန်အောင်၊ ရဲအောင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် သင်ဇာဝင့်ကျော်တို့သရုပ်ဆောင်ထားသော ‘ဟတ်ထိတယ်’၊ ရွှေတောင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) ရိုက်ကူးပြီး ကျော်ရဲအောင်၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်တို့ သရုပ်ဆောင်ထားသော‘ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်’၊ လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးပြီး ခန့်စည်သူ၊ မင်းမော်ကွန်း၊ ကျော်ကျော်ဗို၊ မိုးအောင်ရင်၊ အိန္ဒြာကျော်ဇင်၊ မယ်လိုဒီ၊ ခိုင်သင်းကြည်၊ စိုးပြည့်သဇင်တို့သရုပ်ဆောင်ထားသော‘အချစ်လား လာထား’၊ လူစွမ်းကောင်းထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးပြီး ရန်အောင်၊ ရဲအောင်၊ နေတိုး၊ ကျော်ကျော်ဗို၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်၊ မိုးဟေကို၊ စိုးပြည့်သဇင်တို့ သရုပ်ဆောင်ထားသော ‘ဂွတ်ရှယ် သမက်’၊ စိန်ငွေးထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) ရိုက်ကူးပြီး ပြေတီဦး၊ ညီနန္ဒ၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် သက်မွန်မြင့်တို့ သရုပ်ဆောင်ထားသော ‘နတ်ဖက်တဲ့ စုံတွဲများ’၊ သင်္ကေတထုတ်လုပ်ရေး အတွက် ဒါရိုက်တာညွန့်မြန်မာညီညီအောင် ရိုက်ကူးပြီးရန်အောင်၊ နေတိုး၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ သင်ဇာ ဝင့်ကျော်၊ သဇင်-တို့ သရုပ်ဆောင် ထားသော‘နယူးမော်ဒယ်’၊ ဝါဝါဝင်းရွှေထုတ်လုပ်ရေးအတွက် ဒါရိုက်တာဝါဝါဝင်း ရွှေရိုက်ကူးပြီး ညွန့်ဝင်း၊ ရန်အောင်၊ ပြေတီဦး၊ သားထူး၊ ဝါဝါဝင်းရွှေနှင့်မိုးဟေကိုတို့ သရုပ်ဆောင်ထားသော ‘ရင်ဘတ်ကြီးနဲ့ ချစ်လိုက်မယ်’၊ သုခမိန်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာညွန့်မြန်မာညီညီအောင်ရိုက်ကူးပြီး ရန်အောင်၊ ထွန်းထွန်း၊ စိုးမြတ်သူဇာနှင့် အေးမြတ်သူတို့ သရုပ်ဆောင်ထားသော ‘နတ်ဖြစ်ရတဲ့ဒုက္ခ’၊စိမ်းဝါနီထုတ်လုပ်ရေးအတွက် ဒါရိုက်တာမီးပွားရိုက်ကူးပြီး ခန့်စည်သူ၊ ပြေတီဦး၊ မြင့်မြင့်ခိုင်၊ ချိုပြုံး၊ ခိုင်သင်းကြည်နှင့် ခိုင်နှင်းဝေတို့ သရုပ်ဆောင်ထားသော ‘ဆွေတစ်ရာမောင်တစ်ကျိပ်’၊ ကမ်းထရီးစတားထုတ်လုပ်ရေးအတွက် ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးပြီး ရန်အောင်၊ နေတိုး၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်တို့သရုပ် ဆောင်ထားသော ‘ဘာမီတွန်’၊ ဒါရိုက်တာဝိုင်းရိုက်ကူးပြီး ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်တို့ သရုပ်ဆောင်ထားသော ‘အာဒမ်ရယ် ဧဝရယ် ဒသရယ်’၊ ဒါရိုက်တာခင်စောမျိုးရိုက်ကူးပြီး ပြေတီဦး၊ မေသန်းနု၊ သက်မွန်မြင့်၊ လှအဥ္စလီတင့်တို့ သရုပ်ဆောင်ထားသော‘အမေ့ကျေးဇူးဆပ်ဖူးချင်တယ်’၊ ဒါရိုက်တာမင်းအုပ်စိုးရိုက်ကူးပြီး မင်းအုပ်စိုး၊ လင်းဇာနည်ဇော်တို့ သရုပ်ဆောင်ထားသော ‘အငိုမျက်လုံး အပြုံးမျက်နှာ’၊ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ရိုက်ကူးပြီးနေတိုး၊ဝေဠုကျော်၊ သက် မွန်မြင့်တို့ သရုပ်ဆောင်ထားသော ‘လာထားအာဘွား’၊ ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးပြီး လူမင်း၊ ဝေဠုကျော်၊ဟန်လေးတို့သရုပ်ဆောင်ထားသော ‘ပင်လယ်ထက်ကနေဝန်းနီ’ ဇာတ်ကားများဖြစ်ကြသည်။

ဒရာမာဇာတ်ကား လေးကားသာပါဝင်ပြီး ဟာသဇာတ်ကားအများစုမှာ ရုံတင်ပြသခဲ့ပြီးဖြစ်သည်။ ယင်း ၁၅ ကားအနက် အမေ့ကျေးဇူးဆပ်ဖူးချင်တယ်နှင့် အငိုမျက်လုံးအပြုံးမျက်နှာဇာတ်ကားတို့မှာ နယ်မြို့များတွင်သာ ရုံတင်ပြသခဲ့ပြီး ရန်ကုန်မြို့တွင် ရုံတင်ပြသခဲ့ခြင်း မရှိသေးပေ။



## စာ-၄၇၊ သနာပိုနှင့် တွေ့ဆုံခြင်း မှ

ပြည်ပက ထွက်သမျှသီချင်း တော်တော်များများကလည်း အီလက်ထရိုပေါ့ပ်တွေ တော်တော်များလာနေပြီး အရမ်းလည်းမိုက်တယ်၊ ဆန်းသစ်တယ်လို့လေ့လာမိတဲ့သန္တာဗိုရဲ့အကြိုက်ဆုံး ပြည်ပအဖွဲ့ကတော့ FarEast Movement တို့ဖြစ်ပါတယ်။ အီလက်ထရိုပေါ့ပ် ကိုအများဆုံးလုပ်ဖြစ်နေကြတဲ့ ဘရစ်တနေစပီးယားတို့၊ လေဒီဂါဂါတို့ကိုလည်း နားထောင်ဖြစ်ပေမယ့် အကြိုက်ဆုံးထဲမှာတော့မပါပါဘူး။ နောက်ထပ် သူမအကြိုက်ကတော့ ရီဟားနားဖြစ်ပြီး သူ့သီချင်းတွေအကုန်လုံးက အမိုက်စားတွေချည်းပဲဖြစ်ပြီး ခေတ်လည်းအရမ်းမီလို့ လေ့လာစရာလည်း ကောင်းတယ်လို့ဆိုပါတယ်။

အီလက်ထရိုပေါ့ပ်ကို ပြည် တွင်းမှာတော့ ယခင်က ကလပ်မြူးဇစ်လို့ ထင်မြင်ခဲ့ကြပေမယ့် ခုချိန်မှာ ဒီဂီတအရှိန်က စကောင်းနေပြီဖြစ်ပါတယ်။

သရုပ်ဆောင်ဘက်ကို လည်း လုပ်ကိုင်သွားဖို့ရှိပြီး၊ မော်ဒယ်သင်တန်းကို ဆရာဂျွန်လွင်ဆီမှာတက်ဖြစ်တဲ့သန္တာဗိုဟာ ရှိုးပွဲစင်မြင့်ထက်မှာ ငါးပေဆယ့်တစ်လက်မအရပ်ကြောင့် လူသိများတဲ့မော်ဒယ်တစ်ဦးလည်း ဖြစ်ပါတယ်။

တစ်ကိုယ်တော်ခွေ ကို တစ်ယောက်တည်းပဲစိတ်ကြိုက် စီစဥ်နေသလို ကိုယ်တိုင်ထုတ်လုပ်မယ့် သန္တာဗိုကသူမရဲ့ပထမဆုံးရုပ်ရှင်ကားကြီးဖြစ်တဲ့ ‘အဖြူရောင်ရဲတိုက်’ရိုက်ကူးနေပြီး မမကြီး (ချောရတနာ)နဲ့တွဲရိုက်ရမယ်ဆိုရင် ညီအစ်မနှစ်ယောက်၊ တစ်ယောက်က စပ်စလူးစိန်ပုံစံနဲ့ တစ်ယောက်က ခပ်အေးအေးပုံစံမျိုး သရုပ်ဆောင်ချင်ပါတယ်တဲ့။ ဒီနှစ်ကုန်ဒါမှမဟုတ် နောက်နှစ်ဆန်းလောက်မှာ တစ်ကိုယ်တော်ခွေကိုပရိသတ်လက်ထဲထည့်ပေးဖို့ရှိတဲ့သန္တာဗိုက လတ်တလောမှာတော့ ဓာတ်ပုံရိုက်ဖို့၊ ရှိုးလျှောက်ဖို့တွေရှိပါတယ်လို့သတင်းပေးပြောကြားသွားပါတယ်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Captain America: The First Avenger | Paramount Pic: | ၆၅,၀၅၈,၅၂၄ | ၁ |
| ၂။ | Harry Potter and Deathly Hallows: PartII | Warner Bros: | ၂၇၃,၅၃၉,၂၈၁ | ၂ |
| ၃။ | Friends With Benefits | Screen Gems | ၁၈,၆၂၂,၁၅၀ | ၁ |
| ၄။ | Transformers3: Dark of the Moon | Paramount Pic: | ၃၂၅,၈၄၁,၁၈၅ | ၄ |
| ၅။ | Horrible Bosses | New Line Cinema | ၈၂,၅၆၆,၇၀၃ | ၃ |
| ၆။ | Zookeeper | Columbia Tristar | ၅၉,၂၀၆,၂၅၅ | ၃ |
| ၇။ | Car 2 | Walt Disney | ၁၇၆,၃၇၅,၂၉၅ | ၅ |
| ၈။ | Winnie the Pooh | Walt Disney | ၁၇,၅၉၄,၂၉၇ | ၂ |
| ၉။ | Bad Teacher | N/A | ၉၄,၃၆၅,၆၈၈ | ၅ |
| ၁၀။ | Midnight in Paris | Sony Pictures | ၄၄,၇၈၃,၂၀၆ | ၁၀ |

## Movie Review

### Conan the Barbarian



ကိုနန်သည် တိုက်ခိုက်ရေးကျွမ်းကျင်သူ သူရဲကောင်းတစ်ဦးဖြစ်သည်။ ၎င်း၏ ပုဂ္ဂိုလ်ရေးအား စော်ကားသူ ရန်သူအား အနိုင်မခံ အရှုံးမပေး တိုက်ခိုက်ခဲ့ရာတွင် ရန်သူမှာ ၎င်းကိုသာမက ၎င်းတို့၏လူမျိုးနှင့် နိုင်ငံတော်ကိုပါ အပြုတ်နှံ့ရန်ကြိုးစားနေသူဖြစ်ကြောင်းသိလာရသည်။ ကိုနန်တစ်ယောက် မိမိ၏ဂုဏ်သိက္ခာအတွက်သာမက လူမျိုးနှင့် တိုင်းပြည်အတွက်ပါ ရက်စက်ကြမ်းကြုတ်ကောက်ကျစ်သောရန်သူကို အနိုင် တိုက်ခိုက်နိုင်မည်လားဆိုတာ. . . .

စွန့်စားမှု၊ အက်ရှင်၊ စိတ်ကူးယဥ်ပေါင်းစပ်ထားသော ဇာတ်ကားအား ဒါရိုက်တာ Marcus Nispel က ရိုက်ကူးထားပြီး Jason Mo Moa ၊ Stephan Lang၊ Said Taghmaoui၊ Rachel Nicholsတို့ပါဝင်သရုပ်ဆောင်ထားသည်။ Lionsgate ကုမ္ပဏီက ဩဂုတ်လ ၁၉ ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011

★★★အားကစားကြယ်ပွင့်★★★



# ဥရုဂွေးရဲ့ရတနာတစ်ပွင့် လူးဝစ်ဆွာရက်ဇ်

ကိုထိုက်

တောင်အမေရိကတိုက်ရဲ့ အဆင့်မြင့်ဆုံးဘောလုံးပြိုင်ပွဲကြီးဖြစ်တဲ့ ကိုပါအမေရိကဖလားပွဲကြီးကတော့ မကြာသေးမီကပြီးဆုံးသွားခဲ့ပါပြီ။ ဒီပွဲမှာ ဥရုဂွေးအသင်းဟာ ပြိုင်ပွဲသမိုင်းမှာ (၁၆) ကြိမ်မြောက်ဗိုလ်စွဲနိုင်ခဲ့သလို မြန်မာပရိသတ်များအကြိုက် ပရီးမီးယားလိဂ်ရဲ့ လီဗာပူးအသင်း တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကလည်း ပြိုင်ပွဲရဲ့ အကောင်းဆုံး ဘောလုံးသမားဆုကိုရခဲ့ပါတယ်။ ဒါကြောင့် ဆွာရက်ဇ်ဟာ ၂၀၁၁ ရဲ့ တောင်အမေရိက အကောင်းဆုံးဘောလုံးသမားပဲဖြစ်ပါတော့တယ်။

**ကစားသမားဘဝ**

လူးဝစ်ဆွာရက်ဇ်ဟာ ၁၉၈၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်နေ့ဖွား တစ်ဦးမို့ ယခုမှ ၂၄ နှစ်အရွယ်သာရှိသေးတဲ့ လူငယ်ဘောလုံးသမားတစ်ဦးပါပဲ။ ဆွာရက်ဇ်ဟာ ငယ်စဉ်ကတည်းက ဘောလုံးကစားခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝကိုတော့ ၂၀၀၅ ခုနှစ် ၁၈ နှစ်အရွယ်မှာပဲ ဥရုဂွေးက နေစီယွန်နယ်ကလပ်မှာစတင်ခဲ့ပါတယ်။ ၎င်းဟာ နေစီယွန်နယ်မှာ ပထမရာသီမှာပဲ ၁၆ ပွဲပဲကစားရပေမယ့် ၁၃ ဂိုးသွင်းကာ ငယ်ငယ်ရွယ်ရွယ်နဲ့ တိုက်စစ်စွမ်းရည်ပြသနိုင်ခဲ့ပါတယ်။ ဒီနောက် နေစီယွန်နယ်ကနေ နယ်သာလန် ပထမတန်း ဂရိုနင်ဂျန်အသင်းကို ယူရိုရှစ်သိန်းနဲ့ရောင်းချခြင်းခံခဲ့ရပြီး၊ ဥရောပကို ပထမဆုံးရောက်တဲ့ ရာသီသစ်မှာပဲ အသင်းအတွက် ၂၉ ပွဲကစားကာ ၁၀ ဂိုးသွင်းပေးခဲ့ပြီး ဥရောပထိပ်တန်းကလပ်တွေရဲ့ စောင့်ကြည့်ခြင်းခံလာရပါတော့တယ်။ ဒီလိုနဲ့ ပထမရာသီအပြီး ၂၀၀၇-၀၈ ရာသီမှာတော့ ဂရိုနင်ဂျန်ကနေ နယ်သာလန် ကလပ် အေဂျက်ကို ယူရို ၇ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့ခဲ့ပါတယ်။ **စာ(၅၁)သို့**

စာ(၅၁)သို့

## နိုင်ငံတကာပွဲများ အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့်သက်တမ်းတစ်လျှောက် မြန်မာ-အိုမန်ပွဲမျိုးဖြစ်ရပ်က ပထမဆုံးအကြိမ်ဖြစ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် - ၃၀**



မြန်မာ-အိုမန်ဘောလုံးပွဲစဉ်ကဲ့သို့ ပရိသတ်ကိုမထိန်းနိုင်သဖြင့် ပွဲချိန်မပြီးဆုံးခင် ရပ်နားခဲ့ရသောဖြစ်ရပ်မှာ နိုင်ငံတကာပွဲစဉ် လက်ခံကျင်းပသည့် သက်တမ်းတစ် လျှောက် ပထမဆုံးအကြိမ်ပွဲစဉ်ဖြစ်ကြောင်းသတင်းရရှိသည်။

"ဦးတို့ သိသလောက်တော့ ဒါပထမဆုံးအကြိမ်ဖြစ်တာပါ"ဟု ရွှေခေတ်မြန်မာ့လက်ရွေးစင်ဂိုးသမားဟောင်းနှင့် ယခု ဆောက်သမ်းမြန်မာအသင်းစီအီးအို ဦးတင်အောင်ကပြောသည်။

"ကျွန်တော့်အတွေ့အကြုံအရမြန်မာနိုင်ငံမှာလုပ်တဲ့နိုင်ငံတကာဘောလုံးပွဲမှာ ဒီလိုမျိုးဖြစ်တာ ဒါပထမဆုံးအကြိမ်ပါ။ ပြည်တွင်းပွဲစဉ်အနေနဲ့တော့ ၁၉၇၂ မန္တလေးမှာလုပ်တဲ့ ပြည်နယ်နှင့် တိုင်းပြိုင်ပွဲ ရန်ကုန်နဲ့ မန္တလေး အကြိုဗိုလ်လုပွဲစဉ် နောက်ဆုံးပင်နယ်တီ အဆုံးအဖြတ်ခံယူနေချိန်မှာ ပရိ သတ်တွေက ခဲနဲ့ပစ်လို့ပွဲပျက်ဖူးတယ်။ အဲဒီပွဲကို မော်လမြိုင်မှာနေရာပြောင်းကျင်းပလိုက်ရတယ်။ မန္တလေးတိုင်းအသင်းကိုလည်း ဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲဝင်ခွင့်တစ်နှစ် ပိတ်ပင်အရေးယူလိုက်တယ်"ဟု ဥဿာအသင်းအုပ်ချုပ်သူဦးထွန်းထွန်းလင်းကပြောသည်။ **စာ(၅၁)သို့**





မြန်မာ-အိုမန်ပွဲစဉ်ရပ်နားလိုက်ရပြီးနောက် ကွင်းပြင်ပြန်ထွက်လာသော ကစားသမားများကို လုံခြုံရေးတာဝန်ရှိသူများက လုံခြုံရေးပေးနေစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## စာ(၅၀) - နိုင်ငံတကာပွဲများ အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့်သက်တမ်းတစ်လျှောက် မြန်မာ-အိုမန်ပွဲမျိုးဖြစ်ရပ်က ပထမဆုံးအကြိမ်ဖြစ် မှ

ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန် ဒုတိယအဆင့် (ဒုတိယအကျော့)ပွဲစဉ်အဖြစ် ဇူလိုင်လ ၂၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သည့်မြန်မာနှင့်အိုမန်ပွဲစဉ်တွင် ပထမပိုင်းပြီးခါနီး အိုမန်အသင်းမှ ဦးဆောင်ဂိုးနှစ်ဂိုးရရှိထားချိန်၌ ပရိသတ်အချို့မှ ကွင်းအတွင်းသို့ ပစ္စည်းပေါင်းစုံဖြင့် ပစ်ပေါက်ခဲ့သောကြောင့် ပွဲရပ်နားခဲ့ရသည်။

တာဝန်ရှိသူများက ပွဲပြန်လည်စတင်ရန် ကြိုးစားခဲ့သော်လည်း အရာမထင်ခဲ့ဘဲ ပရိသတ်ကြားမှ ပစ်ပေါက်လိုက်သော အရာဝတ္ထုထိမှန်ကာ အိုမန်အသင်းနည်းပြအဖွဲ့ဝင်တစ်ဦး ဦးခေါင်း၌ဒဏ်ရာရရှိခဲ့သည်။ ပွဲကိုဆက်လက်ရပ်နားထားရာမှ နှစ်နာရီကြာမြင့်သွားသဖြင့် ဖီဖာ၏ စည်းမျဉ်းစည်းကမ်းများအရ ပွဲဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

ယခုဖြစ်ရပ်များကြောင့်မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အား ဖီဖာနှင့် အေအက်ဖ်စီတို့မှ အရေးယူမှုများပြုလုပ်နိုင်ဖွယ်ရှိပြီး နိုင်ငံတကာဘောလုံးပွဲစဉ်များကိုလက်ခံကျင်းပခွင့် ပိတ်ပင်နိုင်ကြောင်းသိရသည်။

ဘောလုံးအဖွဲ့ချုပ်သည် အဆိုပါပွဲစဉ်တွင် ရိုးရိုးတန်း ဝင်ပေါက်များအား အခမဲ့ဝင်ရောက်ခွင့်ပေးခဲ့ပြီး ပုံမှန် ပရိသတ်နှစ်သောင်းဝန်းကျင်ဝင်ဆံ့သည့်သုဝဏ္ဏကွင်းမှာပရိသတ်လေးသောင်းဝန်းကျင်အထိဝင်ရောက်ခဲ့သည်။

## စာ(၅၀) - အားကစားကြယ်ပွင့် မှ

ဆွာရက်ဇ်ဟာ အေဂျက်မှာလည်း ကစားပုံပိုမိုတိုးတက်လာခဲ့ပြီး ကလပ်နဲ့အတူ ချန်ပီယံလိဂ်အတွေ့အကြုံရခဲ့ကာ ရာသီဆုံးတော့ အသင်းအတွက် ပွဲ ၄၀ ကစားပေးခဲ့ရာမှာဂိုး ၂၀သွင်းခဲ့ပါတယ်။ ဆွာရက်ဇ်ဟာ ကစားပုံအနေနဲ့ အင်အားသုံးကစားတတ်တာမို့ ဝေဖန်မှုတွေလည်းခံခဲ့ရပါတယ်။ ၎င်းဟာ ၂၀၀၈-၀၉ ရာသီမှာလည်း အသင်းအတွက် ပြည်တွင်းလိဂ်ပွဲ ၃၁ ပွဲကစားကာ ၂၂ ဂိုးသွင်းပေးခဲ့ပြီး ဂိုးသွင်းဘုရင်စာရင်းမှာ အေဂျက်တိုက်စစ်မှူး မော်နီယာအယ်လ်ဟမ်ဒေါင်အီနောက်က တစ်ဂိုးအကွာနဲ့ ဒုတိယနေရာရခဲ့ပါတယ်။ အဲဒီရာသီကတော့ သူ့အတွက် အဝါကတ်ခုနစ်ကြိမ်ထိခဲ့တာမို့ ကစားပုံကြမ်းတမ်းမှုအပေါ် ကျွမ်းကျင်သူတွေရဲ့ဝေဖန်ခြင်းလည်းခံခဲ့ရပါတယ်။ ဆွာရက်ဇ်ဟာ ၂၀၀၉-၂၀၁၀ ရာသီမှာတော့ လိဂ်ဂိုး ၃၅ ဂိုးသွင်းကာ နယ်သာလန်ရဲ့ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို စတင်ရရှိခဲ့ပါတယ်။

### အေဂျက်မှ လီဗာပူးသို့

ဆွာရက်ဇ်ဟာ အေဂျက်နဲ့အတူ ဘောလုံးရာသီလေးရာသီ ကစားခဲ့ပြီးနောက် ဥရောပရဲ့ အလားအလာအရှိဆုံး ကစားသမားများစာရင်းမှာ ပါဝင်လာခဲ့တာမို့ ၂၀၁၁ မှာတော့ အင်္ဂလန်ကလပ် လီဗာပူးရဲ့ ကမ်းလှမ်းခြင်းခံခဲ့ရပြီး ကလပ်ရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၂၂ ဒသမ ၈ သန်း (ယူရို ၂၆ ဒသမ ၅သန်း) နဲ့ ငါးနှစ်ခွဲစာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ဖြစ်ခဲ့ပါတယ်။ ဆွာရက်ဇ်ဟာ လီဗာပူးမှာလည်း စတင်ပါဝင်ခဲ့ရတဲ့ စတုတ်စီးတီးနဲ့ပွဲမှာ ပထမဆုံး ဂိုးသွင်းခဲ့ပြီး ပရီးမီးယားလိဂ်နဲ့ထိုက်တန်တဲ့ခြေစွမ်းကိုပြခဲ့ပါတယ်။ အခုတော့ ဆွာရက်ဇ်ဟာ လီဗာပူးမှာ ထိပ်တန်းလေးဦးလို့ သတ်မှတ်ခံရတဲ့ 'ကာရိုးလ်၊ ဆွာရက်ဇ်၊ မိုင်ရဲလက်စ်၊ ဂျရတ်'တို့စာရင်းမှာ တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး ၂၀၁၁ ရာသီမှာ ၁၃ ပွဲကစား လေးဂိုးသွင်းထားပါတယ်။

### နိုင်ငံတကာကစားသမားဘဝ

ဆွာရက်ဇ်ဟာ ဥရုဂွေးလက်ရွေးစင်အဖြစ် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှာ ကိုလံဘီယာကို ၃-၁ ဂိုးနဲ့နိုင်တဲ့ပွဲမှာ ပါဝင်ခဲ့ပြီး ၈၅ မိနစ်မှာ နှစ်ဝါ တစ်နီနဲ့ထုတ်ပယ်ခံခဲ့ရပါတယ်။ ဒီနောက် ၎င်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေမှာ ဥရုဂွေးအတွက် လေးပွဲကစား နှစ်ဂိုးသွင်းနိုင်ခဲ့ပြီး ကစားဖော်တိုက်စစ်မှူး ဒီယေဂိုဖော်လန်နဲ့အတူ တွဲဖက်ညီခဲ့ပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားမှာတော့ ဆွာရက်ဇ်ဟာ အသင်းရဲ့ပထမကစားသမားဖြစ်လာခဲ့ပြီး မက္ကဆီကိုနဲ့ပွဲမှာ ပထမဆုံး ဂိုးသွင်းကာ အုပ်စုမှတက်ခဲ့ပြီးနောက် ၁၆ သင်းအဆင့်ရှုံးထွက်မှာ တောင်ကိုရီးယားကို ၂-၁ နဲ့ နိုင်ရာမှာ နှစ်ဂိုးစလုံးကို သူပဲသွင်းယူပေးခဲ့ပါတယ်။ ဆွာရက်ဇ်ဟာ ကမ္ဘာ့ဖလားမှာ ခြောက်ပွဲကစား သုံးဂိုးသွင်းခဲ့ပြီး ခြေစွမ်းပြခဲ့ပေမယ့် ဂါနာနဲ့ ကွာတားဖိုင်နယ်ပွဲစဉ်မှာ ဘောလုံးကို လက်နဲ့ပုတ်ခဲ့တာကြောင့် ထုတ်ပယ်ခံခဲ့ရတာမို့ နယ်သာလန်နဲ့ ဆီမီးဖိုင်နယ်ပွဲကိုတော့ လွဲချော်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ကိုပါအမေရိက ဖလားမှာတော့ ဆွာရက်ဇ်ဟာ ထိပ်တန်းဂိုးသွင်းဘုရင်မဖြစ်ခဲ့ပေမယ့် ပီရူးနဲ့ အရေးကြီးတဲ့ဆီမီးဖိုင်နယ်မှာတစ်ဂိုး၊ ပါရာဂွေးနဲ့ ဖိုင်နယ်မှာ တစ်ဂိုးသွင်းကာ ဥရုဂွေးကို ချန်ပီယံဖြစ်အောင် ကူညီပေးခဲ့ပါတယ်။ ပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမားဆုလည်းရခဲ့ပါတယ်။

ဒါကြောင့် ပရိသတ်တွေအနေနဲ့တောင်အမေရိကအကောင်းဆုံးကစားသမားဖြစ်လာတဲ့ ဆွာရက်ဇ်ကို မကြာမီစတင်မယ့် ပရီးမီးယားလိဂ်မှာ ပြန်လည်ကြည့်ရှုရတော့မှာဖြစ်ပြီးကလပ်အတွက်လည်း ဂိုးသွင်းဘုရင်ဖြစ်လာနိုင်မလား မျှော်လင့်ရဦးမှာပါ။

လူးဝစ်ဆွာရက်ဇ်ဟာ အသက် ၂၂ နှစ်အရွယ် ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်ကပဲ ၎င်းရဲ့ ငယ်ဘဝချစ်သူ ဆိုဖီယာဘယ်လ်ဘီနဲ့လက်ထပ်ခဲ့ပြီး ဒယ်လ်ဖီနာအမည်ရှိ ပထမဆုံး သမီးဦးလေးဖွားမြင်ထားပါတယ်။ ၎င်းရဲ့အစ်ကို ပေါ်လိုဆွာရက်ဇ်ဟာလည်း အယ်လ်ဆာဗေးဒိုးမှ အီဆီဒရိုမတ်တာပန်ကလပ်အတွက် ကစားနေသူ ပရော်ဖက်ရှင်နယ်ကစားသမားတစ်ဦးဖြစ်ပါတယ်။

## မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ကမာ့အဆင့်သတ်မှတ်ချက် နှစ်ဆင့်တက်လာ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် - ၂၇**

ဇူလိုင်လကုန်ပိုင်းက ထုတ်ပြန်ခဲ့သည့်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယခင်လထက် အဆင့်သတ်မှတ်ချက် နှစ်ဆင့်တက်သွားကြောင်း သတင်းရရှိသည်။

ဇူလိုင်လ ၂၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် ၎င်းအဆင့်သတ်မှတ်ချက်တွင် ယခင်လက အဆင့် ၁၆၇ ရှိခဲ့သော မြန်မာအသင်းသည် ယခုလတွင် ရမှတ် ၉၉ မှတ်ဖြင့် အဆင့် ၁၆၅ သို့ ရောက်ရှိလာသည်။

အာဆီယံနိုင်ငံများတွင် ထိုင်းအသင်းက အဆင့် ၁၁၉ ဖြင့် ဦးဆောင်ထားပြီး စင်ကာပူအသင်းက အဆင့် ၁၃၁၊ အင်ဒိုနီးရှားအသင်းက အဆင့် ၁၃၇၊ ဗီယက်နမ်အသင်းက အဆင့် ၁၄၄၊ မလေးရှားအသင်းက အဆင့် ၁၄၆၊ ဖိလစ်ပိုင်အသင်းက အဆင့် ၁၆၂၊ ကမ္ဘောဒီးယားအသင်းက အဆင့် ၁၇၄၊ လာအိုအသင်းက အဆင့် ၁၇၇၊ ဘရူးနိုင်းအသင်းက အဆင့် ၁၉၈ ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် စပိန်အသင်းက အဆင့် ၁ ၌ဆက်လက်ရပ်တည်လျက်ရှိပြီး ၎င်း၏ နောက်တွင် နယ်သာလန်၊ ဂျာမနီနှင့် ဘရာဇီးအသင်းတို့မှာ အစဉ်အတိုင်းရပ်တည်လျက်ရှိသည်။ ပြီးခဲ့သည့်ကိုပါအမေရိကဖလားပြိုင်ပွဲတွင်ဗိုလ်စွဲခဲ့သည့် ဥရုဂွေးအသင်းမှာ ယခင်လထက် အဆင့် ၁၃ ဆင့်မြင့်တက်ကာ ကမ္ဘာ့အဆင့် ၅ သို့ ရောက်ရှိလာသည်။

အင်္ဂလန်အသင်းမှာ အဆင့် ၆ တွင်ရပ်တည်နေပြီး ဂျပန်အသင်းမှာ အဆင့် ၁၆ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံးမှဦးဆောင်ထားသည်။

## မြန်မာလိဂ် ဒုတိယအကျော့ပွဲစဉ်များမှ ပွဲစဉ် ၁၇ ပွဲကို ရုပ်မြင်သံကြားမှ တိုက်ရိုက်လွှင့်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် - ၂၈**

၂၀၁၁ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ပြိုင်ပွဲ ပွဲစဉ် ၆၆ ပွဲရှိသည့်အနက် ပွဲစဉ် ၁၇ ပွဲအား မြန်မာ့ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပလျက်ရှိသည့် ၎င်းပြိုင်ပွဲ၏ ဒုတိယအကျော့ပွဲစဉ်များကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မုံရွာနှင့် နေပြည်တော်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ မြို့ကြီးငါးမြို့တွင် ကျင်းပသွားမည့် ပွဲစဉ်များအနက် အကြိတ်အနယ်ဖြစ်မည့် ပွဲကောင်းများကို ရွေးချယ်၍ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားရန်ရှိကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပွဲစဉ်ဇယားအရ အကြိတ်အနယ်ရှိနိုင်တဲ့ ပွဲစဉ် ၁၇ ပွဲကို တစ်နိုင်ငံလုံးက ပရိသတ်တွေ တိုက်ရိုက်ကြည့်ရှုနိုင်အောင် ရုပ်မြင့်သံကြားက တိုက်ရိုက်ထုတ်လွှင့်ပေးမှာပါ။ ပွဲစဉ် ၈ ပွဲကိုလည်းနောက်ကျ (delay) ထုတ်လွှင့်ပေးသွားမှာပါ" ဟုအဆိုပါတာဝန်ရှိသူက ပြောသည်။

ဘောလုံးအဖွဲ့ချုပ်သည် ဩဂုတ်လ ၁ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ကျင်းပမည့် ဒုတိယအကျော့ပွဲစဉ် ၆၆ ပွဲအနက် သုဝဏ္ဏကွင်းတွင် ၁၈ ပွဲ၊ အောင်ဆန်းကွင်းတွင် ၁၉ ပွဲ၊ ဗထူးကွင်းတွင် ၆ ပွဲ၊ တောင်ကြီးကွင်းတွင် ၆ ပွဲ၊ မုံရွာကွင်းတွင် ၆ ပွဲ၊ ပေါင်းလောင်းကွင်း (နေပြည်တော်) တွင် ၅ ပွဲနှင့် ရန်ကုန်မြက်ခင်းတုကွင်းတွင် ၆ ပွဲကျင်းပသွားမည်ဖြစ်သည်။

## အလေးမပြိုင်ပွဲဝင်အားကစားသမားများကို တားမြစ်ဆေးသုံးစွဲခြင်း ရှိမရှိစစ်ဆေးမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင်- ၂၇**

(၄၃)ကြိမ်မြောက်တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲနှင့် ၂၀၁၁ အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲဝင် အားကစားသမားများအား လိုအပ်ပါက တားမြစ်ဆေးသုံးစွဲခြင်း ရှိမရှိ စစ်ဆေးသွားမည်ဖြစ်ပြီး တားမြစ်ဆေးသုံးစွဲသည့် အားကစားသမားအား ပြိုင်ပွဲဝင်ခွင့်တစ်နှစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"သုံးစွဲကြောင်းတွေ့ရှိရင်တော့ အားကစားသမားကို ပြိုင်ပွဲဝင်ခွင့် တစ်နှစ်ပိတ်ပင်မှာဖြစ်ပြီး သက်ဆိုင်ရာအားကစားသမားရဲ့ အသင်းက ကုန်ကျစရိတ်ပြန်လည်ပေးသွင်းရမှာပါ။ ပြိုင်ပွဲဝင်အသင်းတစ်သင်းတည်းက တားမြစ်ဆေးသုံးစွဲကြောင်း သုံးဦးနှင့်အထက်စစ်ဆေးတွေ့ရှိရင်လည်း အဲဒီအသင်းကို ပြိုင်ပွဲဝင်ခွင့် တစ်နှစ်တားမြစ်သွားမှာဖြစ်ပါတယ်" ဟုမြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ပြိုင်ပွဲများအား ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသားကိုယ်အလေးချိန်တန်းခြောက်တန်းနှင့် အမျိုးသမီးကိုယ်အလေးချိန်တန်း ငါးတန်းထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသော ဒုတိယတန်းအဆင့်နှင့် တတိယတန်းအဆင့်ရှိ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အမျိုးသားတံခွန်စိုက်ပြိုင်ပွဲသို့ ပထမတန်းအဆင့်ရှိ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.20 • AUGUST 4, 2011

# ဥရောပအကောင်းဆုံးဆုရရန် မက်ဆီနှင့် ရော်နယ်ဒို ရေပန်းစားနေ

**လန်ဒန်၊ ဇူလိုင် - ၃၀**

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)သည် ၂၀၁၁အတွက် ဥရောပအကောင်းဆုံးဘောလုံးသမားဆု ဆန်ခါတင် ၁၀ ဦး စာရင်းကို ကြေညာလိုက်ရာ ဘာစီလိုနာကစားသမား မက်ဆီနှင့် ရီးရဲလ်မက်ဒရစ်ကစားသမား ရော်နယ်ဒိုတို့က ထိပ်ဆုံးမှ ဦးဆောင်နေကြောင်းသိရသည်။



စာရင်းတွင်ဥရောပချန်ပီယံ ဘာစီလိုနာမှ ကွင်းလယ်လူ ဇာဗီနှင့်အင်နီယေစတာ၊မန်ယူနောက်ခံလူ နီမန်ဂျာဗီဒစ်နှင့် ရှေ့တန်းလူ ရွန်နီတို့လည်းပါဝင်နေသည်။ ဘာစီလိုနာနှင့် အာဂျင်တီးနားကွင်းလယ်လူ မက်ဆီမှာမူ လက်ရှိ၌ ဖီဖာကမ္ဘာ့အကောင်းဆုံးကစားသမားဆု ရထားသူဖြစ်သည်။ ယူအီးအက်ဖ်အေ၏ ဥရောပအကောင်းဆုံးဆုရ ကစားသမားအမည်ကို လာမည့် ဩဂုတ်လ ၂၅ ရက်တွင် ရွေးချယ်ကြေညာသွားမည်ဖြစ်ကာ အများစုကလည်း မက်ဆီရရှိနိုင်သည်ဟုယုံကြည်ထားသည်။ သို့သော် ရော်နယ်ဒိုမှာ အသင်းနှင့် အောင်မြင်မှုမရရှိသေးသော်လည်း ပြီးခဲ့သည့်ရာသီတွင် ကလပ်အတွက် သွင်းဂိုး ၄၀သွင်းကာ စံချိန်သစ်တစ်ခုရရှိထား၍ ၎င်းလည်း ဆုရနိုင်သည်ဟု ရေပန်းစားနေသည်။

ယူအီးအက်ဖ်အေ၏ ဥရောပအကောင်းဆုံးဆုကို ဆန်ခါတင် ၁၀ ဦးစာရင်းမှ ဂျာနယ်လစ်များကမဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဂျာနယ်လစ်များသည် ၎င်းတို့အကြိုက်ဆုံးကစားသမားသုံးဦးကို ပထမအကြိုက်ဆုံးအတွက် ငါးမှတ်၊ ဒုတိယအတွက် သုံးမှတ်နှင့် တတိယအတွက် တစ်မှတ်စီပေးအပ်ခြင်းခံရမည်ဖြစ်ကာ အမှတ်စုစုပေါင်း အများဆုံးရရှိသောကစားသမားကိုဥရောပအကောင်းဆုံးအဖြစ်ရွေးချယ်မည်ဖြစ်သည်။

ဥရောပအကောင်းဆုံးဆု ရွေးချယ်ရာတွင် သက်ဆိုင်ရာကစားသမား၏ ပြီးခဲ့သော ရာသီအတွင်း ကလပ်အသင်းနှင့် နိုင်ငံ့လက်ရွေးစင်အဆင့်များ၌ စွမ်းဆောင်ခဲ့မှုကိုအခြေခံကာ သတ်မှတ်ခြင်းဖြစ်သည်။

*—Ref: Sport.Yahoo.com*

## ၂၀၁၄ ကမ္ဘာ့ဖလားဗိုလ်လုပွဲ မာရာကာနာကွင်းကြီးတွင် ကျင်းပဖွယ်ရှိ

**ရီယိုဒီဂျနေးရိုး၊ ဇူလိုင် - ၂၉**

လာမည့် ၂၀၁၄ ကမ္ဘာ့ဖလား၏ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ရီယိုဒီဂျနေးရိုးမြို့တော်ရှိ မာရာကာနာအားကစားကွင်းကြီးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဖီဖာအထွေထွေအတွင်းရေးမှူးချုပ် ဂျေရုမ်းဗယ်လ်ကီကပြောကြားသည်။

သို့သော် အတွင်းရေးမှူးချုပ်၏ပြောဆိုချက်မှာအတည်မဟုတ်သေးဘဲ ဗိုလ်လုပွဲကျင်းပမည့်ကွင်းကို လာမည့်အောက်တိုဘာလတွင်ပြုလုပ်မည့် ဖီဖာအမှုဆောင်ကော်မတီ၏ အစည်းအဝေးတွင်မှ ဆုံးဖြတ်အတည်ပြုသွားမည်ဟုသိရသည်။

ဘရာဇီးမြို့တော်ရှိအဆိုပါမာရာကာနာအားကစားကွင်းကြီးမှာ ယခင်ကလည်း ၁၉၅၀ ကမ္ဘာ့ဖလားဗိုလ်လုပွဲကိုလက်ခံကျင်းပခဲ့ဖူးသည်။ အတွင်းရေးမှူးချုပ်ဗယ်လ်ကီက "ဗိုလ်လုပွဲကျင်းပမယ့်နေရာက သေချာသလောက်ရှိနေပါပြီ။ ဒါပေမဲ့ အခြားမြို့တွေကလည်း ဒီပွဲကို လက်ခံကျင်းပနိုင်စွမ်းရှိမယ်လို့ ကျွန်တော်တို့ထင်ထားပါတယ်"ဟုပြောသည်။ ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားပွဲကို ယင်းနှစ်ဇွန်လ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကာ ဇူလိုင်လ ၁၃ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

*—Ref: AP*





# အာဖဂန်နစ္စတန်က အမေရိကန်နှင့် အနာဂတ် ဆက်ဆံရေးတွင် သတ်မှတ်ချက်များ ချမှတ်

**ကဘူးလ်၊ ဇူလိုင် - ၂၇**

သမ္မတနန်းတော်တွင် လုံခြုံရေးအကြီးအကဲများနှင့် တွေ့ဆုံရာ၌ အာဖဂန်နစ္စတန် သမ္မတဟာမစ်ကာဇိုင်းက အနာဂတ်ကာလတွင် အမေရိကန်နိုင်ငံနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေး ညှိနှိုင်းမှုများအတွက်သတ်မှတ်ချက်များ ချပြခဲ့ကြောင်း သိရသည်။



ယင်းမတိုင်မီတွင် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အသစ် ရိုင်ယန်ခရော့ကာကလည်း အမေရိကန်သည် အာဖဂန်နစ္စတန်နိုင်ငံတွင် အမြဲတမ်း စစ်စခန်းများ ထားရှိရန် ဆန္ဒမရှိကြောင်းပြောကြားခဲ့သည်။ သို့သော် ၂၀၁၄ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များ အားလုံးရုပ်သိမ်းသွားချိန်မှာပင် နိုင်ငံတွင်း၌ အမေရိကန်တပ်ဖွဲ့များ ဆက်လက်တပ်စွဲနေမည်ကို အာဖဂန်လူမျိုးများ ကစိုးရိမ်နေကြသည်။

အာဖဂန်နစ္စတန် ဥပဒေများအတိုင်းနိုင်ငံခြားတပ်ဖွဲ့များလိုက်နာရမည့် စည်းကမ်းများတွင် အမေရိကန်တပ်ဖွဲ့များအနေဖြင့် အကျဉ်းသားများ မဖမ်းဆီးရေး၊ အကျဉ်းထောင်များအား မစောင့်ရှောက်ရေးနှင့် အထူးကွန်မန်ဒိုများက ညဘက်စီးနင်းမှုများမပြုလုပ်ရေးစသည့်အချက်များ ပါဝင်ကြောင်းဟာမစ်ကာဇိုင်းက ပြောကြားသည်။

နိုင်ငံခြားတပ်ဖွဲ့များက ဒေသခံတပ်ဖွဲ့များထံသို့ လုံခြုံရေးထိန်းသိမ်းမှု လွှဲပြောင်းခြင်း ပထမအဆင့်ပြီးဆုံးခြင်း အထိမ်းအမှတ်အဖြစ် စစ်ဘက်၊ ရဲဘက်နှင့် ထောက်လှမ်းရေးတပ်ဖွဲ့များအား မိန့်ခွန်းပြောကြားရာတွင် ဟာမစ်ကာဇိုင်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ သို့သော် ယင်းသတ်မှတ်ချက်များကြောင့် ဆွေးနွေးညှိနှိုင်းမှုများအပေါ် သက်ရောက်မှု မည်သို့ရှိမည်ကို အသေးစိတ်မပြောကြားခဲ့ပေ။

*—Ref: AFP*

# ကိုယ်ပိုင် ဂျီပီအက်စ်စနစ်အတွက် ဂြိုဟ်တုအသစ်တစ်လုံး တရုတ် ထပ်မံလွှတ်တင်

**ဘေဂျင်း၊ ဇူလိုင် - ၂၇**

အမေရိကန်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာတည်နေရာရှာဖွေရေးစနစ် (GPS)အပေါ် အားကိုးမှုလျှော့ချနိုင်ရန် ကိုယ်ပိုင် GPS စနစ်တစ်ရပ် ထူထောင်နေသည့် တရုတ်နိုင်ငံသည် ဂြိုဟ်တုအသစ်တစ်လုံးကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာလွှတ်တင်လိုက်ကြောင်းသိရသည်။

၎င်းဂြိုဟ်တုအား နိုင်ငံအနောက်တောင်ပိုင်း ဆီချွမ်ပြည်နယ် ဆီချန်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှနေ၍ လောင်းမတ် ၃ အေ ဒုံးပျံအသုံးပြု၍ လွှတ်တင်လိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည်ဘေဒေါင်းဟုခေါ်ဝေါ်သော၎င်း၏ကိုယ်ပိုင်ဂြိုဟ်တုစနစ်မှတစ်ဆင့် လမ်းကြောင်းပြသရေးနှင့် တည်နေရာရှာဖွေရေးစနစ်ကို ထူထောင်ရန်ကြိုးပမ်းခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အတွင်း ဂြိုဟ်တုသုံးလုံး စတင်လွှတ်တင်ခြင်းဖြင့် ကိုယ်ပိုင်ဂျီပီအက်စ်စနစ်ကိုစတင်ခဲ့သည်။

ဘေဒေါင်း ၁ ဟုခေါ်သောယင်းစနစ်ကို အသုံးပြု၍ ၂၀၀၈ ခုနှစ်က ဝမ်ချွမ်းပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သည့် မြေငလျင်ဘေးဒုက္ခအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်းသိရသည်။

ဘေဒေါင်း ၂ စနစ်အတွက် ၂၀၀၇ ခုနှစ်ဧပြီလမှ ၂၀၁၁ ခုနှစ်ဧပြီလအတွင်း တရုတ်နိုင်ငံက ဂြိုဟ်တုရှစ်လုံး ထပ်မံလွှတ်တင်ခဲ့သည်။ နောက်ပိုင်းတွင် ဂြိုဟ်တုပေါင်း ၃၅ လုံးအထိရှိလာမည့် တရုတ်နိုင်ငံဂျီပီအက်စ်စနစ်ကို ၂၀၁၂ ခုနှစ်အရောက်တွင် အာရှပစိဖိတ်ဒေသ၌ စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

*—Ref: PTI*



7 DAY NEWS JOURNAL
Vol.10, No.20 · AUGUST 4, 2011




# သိပ္ပံပညာရှင် သေဆုံးခြင်းကို စုံစမ်းစစ်ဆေးပေးရန် အီရန်က ကုလသမဂ္ဂအား တောင်းဆို





**တီဟီရန်၊ ဇူလိုင် - ၂၈**

ယခင်ရက်သတ္တပတ်အတွင်း အီရန်သိပ္ပံပညာရှင်တစ်ဦး အသတ်ခံရခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးပေးရန် အီရန်နိုင်ငံက ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်သို့စာတစ်စောင် ရေးသားပေးပို့လိုက်ကြောင်း သိရသည်။

အသက် ၃၅ နှစ်ရွယ် ဘွဲ့လွန်ကျောင်းသား ရီဇာယီနီဂျက်သည် ၎င်း၏အိမ်ရှေ့တွင် သေနတ်နှင့်ပစ်သတ်၍ လုပ်ကြံခံရခြင်းအတွက် အစ္စရေးနိုင်ငံအား အပြစ်တင်ကြောင်း အီရန်လူ့အခွင့်အရေးကောင်စီ အထွေထွေအတွင်းရေးမှူး ဂျာဗက်လာရီဂျာနီက ပြောကြားသည်။

မစ္စတာရီဇာယီနီဂျက် လုပ်ကြံခံရခြင်းမှာ ၎င်းတို့အီရန်နိုင်ငံအပေါ် ရန်လိုသော ပေါ်လစီရှိနေသည် ဆိုခြင်းကိုပြသနေကြောင်း၊ ယင်းကိစ္စတွင် ဇီယွန်ဝါဒီများ၊ အမေရိကန်နှင့် အချို့ဥရောပအစိုးရများ အပြည့်အဝပါဝင်ပတ်သက်နေကြောင်း လာရီဂျီနီက ဖားစ်သတင်းအေဂျင်စီအားပြောကြားသည်။

သိပ္ပံပညာရှင် သေဆုံးခြင်းမှာလူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်ဟု လာရီဂျီနီက ပြောကြားပြီး ယင်းကိစ္စကို ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်အကြီးအကဲ မစ္စနာဗီပီလေးထံသို့တင်ပြထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ အီရန်သိပ္ပံပညာရှင်များစာရင်းကိုပြုစုထားကြောင်း၊ ယင်းနောက် စီအိုင်အေနှင့် မော့ဆက် (အစ္စရေးထောက်လှမ်းရေး) အဖွဲ့ထံမှ ငွေကြေးရယူထားသည့် အကြမ်းဖက်သမားများက ၎င်းသိပ္ပံပညာရှင်များအားသတ်ဖြတ်ကြခဲ့ကြောင်း ယင်းအတွက် အရေးယူသင့်ကြောင်း အီရန်လူ့အခွင့်အရေးကောင်စီအကြီးအကဲက ၎င်း၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

*—Ref: UPI*






## အငြင်းပွားနေသောကျွန်းစုသို့ ဂျပန်အမတ်များ လည်ပတ်မှုကို တောင်ကိုရီးယား သတိပေး



**ဆိုးလ်၊ ဇူလိုင် – ၂၈**
နှစ်နိုင်ငံစလုံးက ၎င်းတို့ ပိုင်ဆိုင်သည်ဟု အငြင်းပွားနေသောကျွန်းစုများသို့ ဂျပန်ပါလီမန်အမတ်များ သွားရောက်လည်ပတ်မည့်ကိစ္စကို တောင်ကိုရီးယား သမ္မတလီမြောင်ဘတ်က သတိပေးပြောကြားပြီး ဂျပန်အမတ်များ၏ လုံခြုံရေးကို အာမမခံနိုင်ကြောင်းပြောသည်ဟု အရာရှိတစ်ဦးအားကိုးကား၍ အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။


ဂျပန်ပင်လယ် (အရှေ့ပင်လယ်)တွင် တောင်ကိုရီးယားက ထိန်းချုပ်ထားသည့် ဒေါ့ဒိုကျွန်းများအနီး နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ပိုင်နက်အငြင်းပွားမှု အသစ်တစ်ဖန် အရှိန်မြင့်လာခြင်းဖြစ်သည်။ ၎င်းကျွန်းစုကို တာကေရှီးမားဟု ဂျပန်က ခေါ်ဝေါ်သည်။

တောင်ကိုရီးယားနိုင်ငံပိုင် လေကြောင်းလိုင်းဖြစ်သော ကိုရီးယားလေကြောင်းက ၎င်း၏ လေယာဉ်သစ် A380 အား ဒေါ့ဒိုကျွန်းပေါ်တွင် ဇွန်လအတွင်း စမ်းသပ်ပျံသန်းခဲ့ပြီးနောက် ယခုနောက်ဆုံးအငြင်းပွားမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းအတွက် ဂျပန်အစိုးရ ဝန်ထမ်းများအနေဖြင့် ကိုရီးယားလေကြောင်းအား တစ်လတာ အသုံးမပြုရန် ဂျပန်က အမိန့်ထုတ်ပြန်ခဲ့သည်။

ထိုအတောအတွင်း ဂျပန်ကွန်ဆာဗေးတစ် အတိုက်အခံပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ ပါလီမန်အမတ်လေးဦးကလည်းတောင်ကိုရီးယားပိုင် ဒေါ့ဒိုကျွန်းနှင့် အနီးကပ်ဆုံး အူလန်းကျွန်းသို့သွားရောက်လည်ပတ်ရန်ကြေညာခဲ့ရာ တောင်ကိုရီးယားအရာရှိများနှင့် နိုင်ငံရေးလှုပ်ရှားသူများ ဒေါသထွက်ခဲ့ကြသည်။

ဆိုးလ်အနေဖြင့် ဂျပန်ပါလီမန်အမတ်များ၏ လုံခြုံရေးကို အာမမခံနိုင်ကြောင်း တိုကျိုအား အကြံပေးရန် တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်က ဝန်ကြီးအစည်းအဝေးပွဲတစ်ခုတွင် အရာရှိများအား ပြောကြားခဲ့ကြောင်း သိရသည်။ *—Ref: AFP*

## စံချိန်တင်ကမာ့ရွှေဈေးနှုန်း ပြန်လည်ကျဆင်း



**နယူးယောက်၊ ဇူလိုင် – ၂၈**
နယူးယောက်မြို့တွင်ပေါက်သည့် ရွှေဈေးနှုန်းမှာ စံချိန်တင်ဈေးနှုန်းမြင့်တက်မှုမှ ပြန်ကျလာပြီး ဒေါ်လာတန်ဖိုးပြန်တက်လာကြောင်းသိရသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာ့အဓိက ငွေကြေးခြောက်မျိုးနှင့်နှိုင်းယှဉ်တိုင်းတာသည့် အမေရိကန်ဒေါ်လာ ညွှန်းကိန်းမှာ ၀ ဒသမ ၇၆ ရာခိုင်နှုန်းမြင့်တက်လာသည်။

နယူးယောက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရှယ်ယာဈေးကွက်တွင်လည်း ရွှေဈေးမှာ ဇူလိုင်လ ၂၆ ရက်တွင် စံချိန်တင်ဈေးနှုန်း တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၆၂၂ ဒသမ ၂၀ မှရောက်ရှိခဲ့ရာ ပြန်လည်ကျဆင်းလာပြီး ၁၆၁၆ ဒသမ ၂၀ ဒေါ်လာသို့ ကျဆင်းလာခဲ့သည်။

အမေရိကန်အစိုးရသည် ဩဂုတ်လ ၂ ရက် နောက်ဆုံးရက်သတ်မှတ်ချက်မတိုင်မီ ဖက်ဒရယ်ကြွေးမြီပမာဏကိုတိုးမြှင့်ရန် ပျက်ကွက်နိုင်သည်ဟူသော စိုးရိမ်မှုများကြောင့်လည်း ဈေးနှုန်းများမြင့်တက်ခဲ့ခြင်းဖြစ်သည်။ ယင်းနေ့မတိုင်မီ ကြွေးမြီကန့်သတ်ချက်ကို မတိုးမြှင့်ပါက အမေရိကန်အစိုးရအနေဖြင့် ပေးဆပ်စရာရှိသည့် အချို့ကြွေးမြီများကို ပျက်ကွက်နိုင်ဖွယ်ရှိကြောင်း ကန်ဘဏ္ဍာရေးဝန်ကြီးဌာနက သတိပေးထားသည်။

ရေနံစိမ်းဈေးနှုန်းမှာလည်း တစ်စည်လျှင် ၉၉ ဒသမ ၅၉ ဒေါ်လာမှ ၉၇ ဒသမ ၂၃ ဒေါ်လာသို့ကျဆင်းလာသည်။ ဥရောပငွေကြေး ယူရိုနှင့် ဂျပန်နိုင်ငံသုံး ငွေယန်းတို့နှင့် နှိုင်းယှဉ်လျှင်လည်း အမေရိကန်ဒေါ်လာတန်ဖိုးအနည်းငယ်ပြန်တက်လာခဲ့ကြောင်းသိရသည်။

*—Ref: UPI*



7 DAY NEWS JOURNAL

# International

Vol.10, No.20 • AUGUST 4, 2011

Interview



နော်ဝေးလူသတ်သမား ဘရိုင်းဗစ်၏ အမေးအဖြေများ စာ-၄၆

News Analysis



နှစ် ၃၀ အာကာသ ပျားရည်ဆမ်းခရီး တစ်ခန်းရပ်ချိန် စာ-၃၆

## အမေရိကန် ကြွေးမြီပြဿနာ သဘောတူညီမှုရပြီဖြစ်ကြောင်း အိုဘားမားကြေညာ



**ဝါရှင်တန်၊ ဩဂုတ် - ၁**

အမေရိကန်နိုင်ငံ၏ ကြွေးမြီကန့်သတ်ချက်နှင့် ပတ်သက်၍ လပေါင်းများစွာကြာမြင့်ခဲ့သည့်လိပ်ခဲတည်းလည်း အခြေအနေကို ဖြေရှင်းနိုင်ရန် သဘောတူညီမှုတစ်ရပ်ရရှိခဲ့ပြီဖြစ်ကြောင်း အမေရိကန်သမ္မတအိုဘားမားနှင့် လွှတ်တော်ခေါင်းဆောင်များက ပြောကြားသည်။

သဘောတူညီချက်အရ ရှေ့လာမည့် ၁၀ နှစ်အတွင်း ဖယ်ဒရယ်အစိုးရ၏ အသုံးစရိတ်ကို ကန်ဒေါ်လာ ၂ဒသမ၄ ထရီလီယံ လျှော့ချရမည်ဖြစ်သည်။

နိုင်ငံ၏ကြွေးမြီ ကန်ဒေါ်လာ ၁၄ ဒသမ ၃ ထရီလီယံကန့်သတ်ချက်ကို အဆင့်နှစ်ဆင့်ဖြင့် တိုးမြှင့်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ယင်းကိစ္စနှင့် ပတ်သက်၍ ထပ်မံငြင်းခုံဆွေးနွေးရေးဆိုသည့် ၎င်းတို့၏ မူလက အခိုင်အမာပြောဆိုမှုကို ရီပက်ဘလေကန်များဘက်က အလျှော့ပေးခဲ့ပြီးနောက် ယခုသဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လိုငွေလျှော့ချရေး သဘောတူညီချက်တွင် အစိုးရ၏ အချို့ဝင်ငွေများတိုးတက်ရရှိရေးကိစ္စလည်း ပါဝင်ရမည်ဟု ၎င်း၏ မူလတောင်းဆိုချက်ကိုလည်း သမ္မတအိုဘားမားက အလျှော့ပေးခဲ့သည်။

ယခုသဘောတူညီချက်တွင် ၎င်းတို့၏ ရပ်တည်ချက်များကို ချိုးဖောက်သည့် အကြောင်းအရာများမပါဝင်ဟု အတိုက်အခံ ရီပက်ဘလေကန်ခေါင်းဆောင်လည်းဖြစ်၊ အောက်လွှတ်တော်ဥက္ကဋ္ဌလည်းဖြစ်သူ ဂျွန်ဘိုးနာကပြောကြားသည်။

အထက်လွှတ်တော် လူများစုခေါင်းဆောင် ဒီမိုကရက်တစ်ပါတီအမတ် ဟယ်ရီရိဒ်ကလည်း စာ(၄၅)သို့

## ဆီးရီးယား စစ်ဘက်ပစ်ခတ်မှုကြောင့် လူ ၈၀ ကျော် သေဆုံး

**အမန်၊ ဩဂုတ် - ၁**

သမ္မတဘာရှားအယ်လ်အာဆတ်၏အုပ်ချုပ်မှုကို ဆန့်ကျင်ဆန္ဒပြသူများအား နှိမ်နင်းရန်ကြိုးပမ်းမှုတစ်ခုအဖြစ် ဆီးရီးယားနိုင်ငံ ဟားမားမြို့တွင် ဆီးရီးယားစစ်ဘက်က သံချပ်ကာယာဉ်များ၊ စက်သေနတ်များဖြင့် တိုက်ခိုက်ခဲ့ရာ လူပေါင်း ၈၀ ကျော် သေဆုံးသွားကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ဒေသခံများကပြောကြားသည်။ စာ(၄၅)သို့

## တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် သောက်သုံးရေပြတ်လပ်အောင် မိုးခေါင်နေ



**ဂွေ့ယန်း၊ ဩဂုတ် - ၁**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတောင်တန်းထူထပ်ရာ ဂွေ့ဇောင်းပြည်နယ်တွင် ဖြစ်ပေါ်နေသည့် မိုးခေါင်ရေရှားမှုကြောင့် လူပေါင်း ၁ ဒသမ ၈၂ သန်းမှာ သောက်သုံးရေပြတ်လပ်မှုနှင့်ကြုံတွေ့နေရကြောင်း ပြည်နယ်အရပ်ဘက်ရေးရာ ဗျူရိုက ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

ဇွန်လမှ စတင်ခဲ့သည့် မိုးခေါင်ရေရှားမှုကြောင့် သီးနှံစိုက်ပျိုးမြေ ၅၅၀,၂၀၀ ဟက်တာ ပျက်စီးခဲ့ပြီဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။ ယင်းကြောင့် စီးပွားရေးအရ ယွမ်ငွေ ၁ ဒသမ ၈၂ ဘီလီယံဆုံးရှုံးခဲ့ကြောင်း အစီရင်ခံစာတွင်ဆက်လက်ဖော်ပြသည်။

ဂွေ့ဇောင်းပြည်နယ်အနောက်ပိုင်းခရိုင်နှင့် စီရင်စု ၁၂ ခုတွင် မိုးခေါင်ရေရှားမှုဒဏ်ကို အကြီးအကျယ်ခံစားနေရပြီး အခြားဒေသ ၂၄ ခုတွင် ဆိုးဆိုးဝါးဝါးမဟုတ်သော်လည်း မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရသည်သာဖြစ်သည်။

၎င်းပြည်နယ်တွင် ရှေ့လာမည့် ရက်သတ္တပတ်အတွင်း မိုးရွာမည်ဟု ပြည်နယ်မိုးလေသဝဌာနကခန့်မှန်းထားရာ မိုးခေါင်ရေရှားမှုဒဏ်မှသက်သာရဖွယ်ရှိကြောင်း မိုးဇလဌာနက ပြောကြားသည်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ယင်းသို့ မိုးခေါင်ရေရှားမှုဒဏ် ခံစားနေရချိန်တွင် နိုင်ငံတောင်ပိုင်း၌မုတ်သုံမိုး ရွာသွန်းမှုများပြားပြီး ရေဘေးဒုက္ခများကြုံတွေ့နေရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

—*Ref: Xinhua*



## ဝါရှင်တန်တွင် ပညာရေးရန်ပုံငွေနှင့် ပေါ်လစီအတွက် ဆန္ဒပြ

**ဝါရှင်တန်၊ ဇူလိုင် - ၃၁**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် နိုင်ငံတစ်ဝန်းမှ ကျောင်းဆရာ၊ ဆရာမများ ရောက်ရှိဆန္ဒပြနေကြောင်း သိရသည်။ အိမ်ဖြူတော်ရှေ့တွင်ပါ ဖြတ်သန်းဆန္ဒပြမှု၌ ကျောင်းဆရာများက ဆင်းရဲသောကျောင်းများအတွက် ရန်ပုံငွေအလုံအလောက်ရရှိရေးနှင့် ပညာရေးပေါ်လစီများတွင် ပြောရေးဆိုခွင့်ပိုမိုရှိရေးတို့ကို အလိုရှိနေကြသည်။ စာ(၄၅)သို့

